# ဓနုကျေးလက်တေးကဗျာ
# ကျူးရင့်သံများ

(၁) ချိုးချင်းမာယာ ကဗျာများ (ကြီးချင်းများ)

(၂) မီးဝင်ပွဲနှင့်တာတက်ပွဲ ချိုးချင်းမာယာ ကဗျာများ(ကြီးချင်းများ)

(၃) တောင်ယာကျေးလက်တေး ကဗျာများ

(၄) နွားဝန်တင်တေး ကဗျာများ

(၅) ဓနုတိုင်းရင်းသားတို့၏သစ္စာထား ကဗျာများ

(၆) ခေတ်ပေါ် ဓနုကဗျာများနှင့်

(၇) ခေတ်ပေါ် ဓနုသံချပ်များ

သိန်းသန်းထွန်း (သမိုင်းသုတေသီ)

ဦးမြမောင် (ပါမောက္ခ-ငြိမ်း)(ပင်းတယ)

ဒေါက်တာကျော်လွင်ထူး(ရွှေပဒေ)

ဝင်းအောင်(အောင်ပန်း)

နေစိုးအောင်(တောင်ကြီး)

( ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိပင်းတယရွှေဥမင်ဘုရားပွဲတော်ကြီး
တွင်မြတ်စွာဘုရားအားဦးခိုက်ရှိခိုးသော ဓမ္မဒါန၊ စာပေဒါနစာစောင်ဖြစ်ပါသည်။)

## အ မှာ စာ

## ရှေးနှစ်ပေါင်း ၅၀၀ ၊ ၃၅၇ ၊ ၂၂၆ ၊ ၁၇၁ နှစ်အကြာက

## ဓနု – ဓနုစာဆိုနှင့် ဓနုအနုပညာသည်များ

ဦးစိုးအောင်(နေစိုးအောင်)၏ ဓနုအမျိုးသားသမိုင်း၊ဝေလေ့၊ယဉ်ကျေးမှုဆိုင်ရာစာမူကိုဖတ်ကြည့်ရပါ၏။အလွန်ကြိုးပမ်း အားထုတ် ပြုစု ထား သည်ကိုတွေ့ရ၏။ စာကောင်းစာမွန်တစ်အုပ်ဖြစ်ပါ၏။ သူ့ပြုစုမှုကိုဂုဏ်ပြုသဘောကျပြီးဓနုနှင့်ပတ်သက်၍ ကျွန်တော်လေ့လာမှတ်သားခဲ့ရပုံကို ဤသို့ပြန်တွေးလာမိ၏။

(၂)

ကျွန်တော်မန္တလေးတွင်နေထိုင်ခဲ့ဖူး၏။ ဟံသာဝတီ(မန္တလေး)သတင်းစာတွင်၁၉၇၂ခုနှစ်ခန့်ကဆောင်းပါးတစ်ပုဒ်ကျွန်တော်ရေးဖူး၏။ ထိုဆောင်းပါးကိုမြန်မာ့အသံမှနေ့ခင်းဘက်အသံလွှင့်ပေးဖူး၏။ကျွန်တော်မန္တလေးတက္ကသိုလ်သမိုင်းဌာနတွင်ဆရာလုပ်နေစဉ်ကဖြစ်ပါ၏။ပါဠိစာပေကိုသင်ကြားပို့ချနေခြင်းသာမကဘဲ မြန်မာ့တိုင်းရင်းသား စာပေများကိုလည်း တက္ကသိုလ်များတွင်ဌာနဖွင့်ပြီး၊ သင်ကြားပို့ချသင့်ပြီဖြစ်ကြောင်း ဆောင်းပါးဖြစ်၏။ မနု၊ ပအိုဝ်၊ ရှမ်း၊ အင်းသား စသော စာပေများကို သင်ကြားပို့ချစေချင်၍ ဖြစ်၏။

(၃)

ကျွန်တော်အင်းလေးဟဲယာရွာမတွင်နေထိုင်ခဲ့ဖူး၏။ထိုရွာတည်ထောင်သောသမိုင်းပေစာရရှိပြီးဖတ်ရ၏။ ပေစာအမည်မှာ "ဟဲယာမော်ကွန်း"ဖြစ်၏။ ၈၇၂ တပို့တွဲလပြည့်ကျော် (၅)ရက်၊ ဗုဒ္ဓဟူးနေ့ (18 January 1511)တွင်၊ဟဲယာရွာစတင်တည်ဆောက်ပုံအကြောင်းသမိုင်းမှတ်တမ်းဖြစ်၏။ လွန်ခဲ့သော နှစ်ပေါင်း ၅၀၀ ကျော်က ရွာတည်ပုံ သမိုင်းဖြစ်၏။ ဟဲယာရွာတည်စအကြောင်းတွင်--ထားဝယ်၊ ဓနု၊ ပုဂံသားနှင့် ရှမ်း --တိုင်းရင်းသားလူမျိုးလေးမျိုး အမည်များတွေ့ရ၏။

\+ အလောင်းစည်သူမင်းနှင့် လိုက်ပါလာပြီး ကျန်ရစ်နေထိုင်ခဲ့သော ပုဂံသား များစွာ

\+ ထားဝယ်ပျက်၍ ပြေးလာသော သုံးဖသား ထားဝယ် ၂၇ ယောက်

\+ ဘိုးမာဟုခေါ်သော ဓနုလူကြီးနှင့် ဓနုအပေါင် (၇)ယောက်

\+ မောင်ယွန်းဟုခေါ်သော ရှမ်းလူကြီးအပါအဝင် ရှမ်း (၇)ယောက်

ထားဝယ်ပျက်၍ထွက်ပြေးရောက်ရှိလာသည်ဆိုသော ထားဝယ် (၂၇)ယောက်ကို ဘယ်ရွာ၌နေသူများဟု ပေစာတွင် ဖော်ပြထားခြင်း မတွေ့ရပါ။ ဓနုဘိုးမာနှင့်ရှမ်းမောင်ယွန်းတို့ကား --ဘမ့်ပုံရွာတွင် နေထိုင်သူများဟုရေးထားခြင်း။ ရေးပုံဤသို့ရေးခြင်း။

ဘမ့်ပုံနေ ဘိုးမာ နှင့် မောင်ယွန်းဘိုးမာသည် ဓနုတည်း၊ မောင်ယွန်းမှာ အထက်ဘိုးဘွားမှာ ရှမ်းမျိုးတည်း။

ဟဲယာတည်ထောင်သည့်ကာလ (ဓနု နှင့် ရှမ်းတို့က )သွေးသောက်ဘက်ပြု၍ တည်ကြသည်ကို မှတ်သားထားသည့် စာမော်ကွန်းတည်း။

ဟူ၍ ပေစာမှတ်တမ်းတွင် ရေးထားပုံတွေ့ပါ။

ပုဂံသားတို့ ဟဲယာတည်စဉ်၊ထားဝယ်၊ ဓနု ၊ရှမ်းတို့က ပါဝင်သူ၊ ကူညီသူများ ဖြစ်ခဲ့ကြ၏။ အထူးသဖြင့် ဓနု အကြောင်းကို ဦးစားပေး၍ မှတ်သားလျှင် ဘမ့်ပုံရွာ (=ရွာကြီးရွာ)တွင် နေထိုင်ကြသည် -- ဟူ၍ ဖြစ်ပါ၏။

(၄)

ကျွန်တော် ရပ်စောက်မြို့တွင်နေထိုင်ခဲ့ဖူး၏။ ဇနီးဖြစ်သူ စာပေဗိမာန် စာမူဆုရ ဒေါ်ခင်ညွန့်(အင်းလေး သန္တာခင်)က ဗထူး အ.ထ.ကတွင်အထက်တန်းပြဆရာမနှင့် ရတနာပုံရွာ အလယ်တန်းကျောင်း၊ကျောင်းအုပ် ဖြစ်ခဲ့၏။ ရပ်စောက်မြို့နယ် ပါတီယူနစ်ဥက္ကဋ္ဌ ဓနုအမျိုးသား ဦးထွန်းဦးက၊ ရပ်စောက် စာပေအဖွဲ့ တိုးတက်ဖွံ့ဖြိုးအောင်၊ စာပေလုပ်သားအဖွဲ့ဝင်ဦးရေနည်းပါးသည်ကို များလာအောင် ကြိုးပမ်းပေးပါဟု အထူးတိုက်တွန်း၏။ စာဆိုတော်နေ့

လက်ကမ်းစာစောင်များ ထုတ်ပေးခြင်း။ ဝတ္ထုကဗျာ ရေးသားလေ့ကျင့်ပုံ ပြောပေးခြင်း။ ရဿဝတီဟုခေါ်သော ရပ်စောက်မြို့နယ် မဂ္ဂဇင်း ထုတ်ပေးခြင်း။

ရပ်စောက်တွင် ကျွန်တော်စိုက်ပျိုးခဲ့သော စာပေပန်းပင်များကား- ကမ္ဘောဇလှသန်း၊ငွေလှိုင်းဖြူ၊စိုးနေ၊ဇော်ဝင်းထွန်း(ရပ်စောက်)၊ ရပ်စောက်ဇော်အောင်၊ရဿဝတီ ညီညီမောင်၊ တင်စိုးအောင် (ဘဏ်)၊ သတင်းထောက်တင်ထွေး၊ ဦးထွန်းညွန့် (အလက-၁)၊ နိုင်သောင်းထွဋ်၊ မောင်မောင်စိုး (မန်းတက္ကသိုလ်)၊ကွင်မောင်မောင်စိန်၊မြသဲအောင်(ကောင်းဘို့)၊ ရွှေမန်းသား၊ ဝင်းနိုင်မွန်၊သရဖီ(ရပ်စောက်)၊ သန်းဝင်းဆွေ၊ အတွေး (မြေလတ်) တို့ဖြစ်ကြ၏။ မြို့နယ်တွင်း၌သာ ပွင့်သူပွင့်၊ တစ်နိုင်ငံလုံး စာပေပန်းခင်းတွင် ပွင့်သူပွင့် ရှိနေကြပါ၏။

(၅)

ကျွန်တော်သည်ဓနုစာပေရှာဖွေဖော်ထုတ်၊စုဆောင်းရေးကို ရပ်စောက်မြို့တွင်စီစဉ်ခဲ့၏။ပါတီယူနစ်ဥက္ကဋ္ဌ ဦးထွန်းဦး၏ ဆန္ဒကို ဖြည့်စွမ်းခြင်း လည်းဖြစ်၏။စာပေလုပ်သား အတွင်းရေးမှူး ဦးတင့်ဆွေ၏ အကြံပြု မှုများလည်း ပါဝင်၏။စုဆောင်းရရှိလာမည့် ဓနုရိုးရာစာပေကုန်ကြမ်းများကို မြို့နယ်စာပေဝါသနာရှင်များက ကူးယူကြ၊ လေ့လာကြ၊ ဆောင်းပါးရေးကြ၊ စာတမ်းဖတ်ကြ၊စာအုပ်ထုတ်ကြဖြင့်ရပ်စောက်နယ် ဓနုရိုးရာ စာပေမှတ်တမ်း စာအုပ်ပင်ဖြစ်လာနိုင်၏။ ကျေးရွာများတွင် လိုက်လံစုဆောင်းရေးကို နိုင်သောင်းထွဋ်က ဆောင်ရွက်ချင်၍တာဝန်ပေးလိုက်၏။ပါတီကောင်စီကလည်းရောက်ရာကျေးရွာတာဝန်ရှိသူများထံ စားရေး/နေရေးစုဆောင်းမှုကူညီရေးအတွက်စာထွက်ပေးခြင်း၊ သုတေသနပုံစံဖြင့် မှတ်တမ်းတင်နည်းကိုလည်း သင်ပေးရခြင်း၊

နိုင်သောင်းထွန်း၏ကြိုးပမ်းမှုကြောင့် ဓနုရိုးရာကျေးလက်တေးများ၊ ပုံပြင်များ ရရှိလာပေ၏။ ဓနုတေးနှင့် ပုံပြင်များသည် ရပ်စောက်မြို့နယ်စာပေအဖွဲ့ပိုင် စာပေရတနာများဖြစ်လာပေ၏။လေ့လာရေး သားချင်းသူတိုင်း အတွက်လည်း စာပေအဖွဲ့ထံတွင်ဖတ်နိုင်ကူးနိုင်ပေ၏။ ကျွန်တော် ဘော်ဆိုင်းမြို့သို့ပြောင်း ရွှေ့နေထိုင်ရသောအခါမြို့နယ်စာပေဝါသနာရှင်များ၏ဆောင်းပါးများ၊စာတမ်း များဖြစ်လာအောင် ဆက်လက် မလုပ်နိုင်တော့ပေ။

(၆)

ရပ်စောက်မြို့နယ် ပါတီယူနစ်၏ ဆန္ဒဖြင့် ရပ်စောက်မြို့နယ် ဖြစ်စဉ် မှတ်တမ်းဆန်သောရသဝတီမဂ္ဂဇင်းကိုလည်း ကျွန်တော်တာဝန်ခံ အယ်ဒီတာ ပြုလျှက်တစ်အုပ်လုံးနီးပါးရေး၍ ထုတ်ဝေခဲ့ပါ၏။ ကိုယ်တိုင် ဓနု ရွာများလှည့်ပြီး ဓာတ်ပုံဆောင်း၏။ ဓနုဝေါဟာရ၊ ဓနုစကားထာ၊ ဓနုစကားပုံ၊ ဓနုချော့တေး၊ ဓနု[illegible]ဟာ၊သံပေါက်၊ လက်ာများ ထည့်သွင်း၏။ ပုံပြင်အနည်းငယ်လည်း ပါ၏။ ကုန်းဘောင်ခေတ်နှောင်း ရပ်စောက် ဓနု စာဆိုတော် ဆရာတော် မဏိဓဇကိုလည်းပေတာသုတေသနဖြင့် တွေ့ရှိထည့်သွင်းပုံနှိပ်၏။ ဆရာတော် မဏိဓဇသည် ဓမ္မရာသီဟော ဝတ္ထုပေါင်းကျမ်းကို ၁၂၀၁ တပေါင်းလဆန်း ၁ (3 March 1840)ရေးသား ပြုစုထားခဲ့၏။ရှေးနှစ်ပေါင်း ၁၇၁ နှစ်အကြာက ဓနုစာဆိုတော်ဖြစ်ပါ၏။ ရသဝတီမဂ္ဂဇင်းသည် ရပ်စောက် သမိုင်းသာမက၊ ရှမ်းပြည်နယ်တစ်ခွင်လုံးရှိမြို့များ၊ရွာများသမိုင်းလည်းပါဝင်သောရှမ်းပြည်နယ် ၏ သုတပဒေသာ မဂ္ဂဇင်းမျိုးဖြစ်ပေ၏။

(၇)

ကျွန်တော်တို့ ဖနီးမောင်နှံသည် ကုန်းဘောင်ခေတ်ဦး ဓနုစာဆိုတော် တစ်ဦးကိုလည်းရှာဖွေဖော်ထုတ် ခဲ့ပါ၏။ ယခုကလောမြို့နယ်ရှိ ကျောက်ထပ်

ရှာသား ဓနုစာဆိုတော် ဦးရွှဲဖြစ်၏။ ဦးရွှဲသည်AD 1147- 1785 တွင် ပဥ္စသီပျို့ကိုရေးခဲ့၏။ လွန်ခဲ့သော နှစ်ပါင်း ၂၆၆နှစ်အကြာ ကျောက်ထပ်ရွာတွင် နေထိုင်ခဲ့သော ဓနုစာဆိုတော် ဖြစ်၏။ ဦးရွှဲနှင့် ပဥ္စသီပျို့အကြောင်းကို ဒေါ်ခင်ညွန့် (အင်းလေးသန္တာခင်)က လုပ်သားပြည်သူ နေ့စဉ် တနင်္ဂနွေနေ့ စာပေကဏ္ဍတွင် တနင်္ဂနွေနေ့တိုင်း ၁၃ကြိမ် ဆက်တိုက်ရေးသား ဖော်ထုတ်ခဲ့ပါ၏။

(၈)

လွန်ခဲ့သော နှစ်ပေါင်း ၃၅၇ နှစ်အကြာက ရှေးဓနု အနုပညာသည်များအကြောင်းကို ဖတ်ရသမျှထဲမှဖော်ပြပေးစရာရှိပါ၏။ ညောင်ရမ်းမင်းဆက်၏ စတုတ္ထမင်းဖြစ်သော ပင်းတလဲမင်း (AD 1648 - 1661)လက်ထက်က ဓနုများဖြစ်ကြ၏။ပင်းတလဲမင်းသည် စစ်ကိုင်းမြို့ဘက်ကမ်း ထူပါရုံ စေတီတော်အနီးတွင် ဘုံသာတုလွတ် ရွှေကျောင်း တော်ကြီး ဆောက်လုပ်လှူဒါန်း၏။ ၁၀၁၅ တပေါင်းလဆန်း (၇)ရက် (12 February 1654)တွင် နိုင်ငံတွင်း၌ နေထိုင်သော လူမျိုး ကိုးမျိုးတို့၏ အတီးအကများပါဝင်သော လှူပွဲ သဘင်တော်ကြီးကျင်းပခဲ့၏။ဆီမီးပွင့်ပေါင်းတစ်သိန်းငါးသောင်း (၁၅၀၀၀၀) ထွန်းညှိလျက်ကျင်းပသောအခါဓနုအတီးအကလည်း ပါဝင်၏။ မင်းပွဲ စိုးပွဲ နိုင်ငံတော်အဆင့်ပွဲတော်ကြီးတွင်လွန်ခဲ့သော နှစ်ပေါင်း ၃၅၇နှစ်အကြာက ဓနုအနုပညာသည်များအရေးပါခဲ့ပုံကို သိရှိရပါ၏။

(၉)

ကျွန်တော် တောင်ကြီးမြို့တွင်ယခုနေ၏။ဓနုစာပေ၊ဓလေ့၊ယဉ်ကျေးမှုများမှသိသမျှ၏ အစိတ်အပိုင်းကလေးများကိုဖော်ပြအပ်ပါ၏။ ဓနုရိုးရာကျေးလက်သံချပ်တေးထဲမှရွှင်ရွှင်လန်းလန်းအရေးအဆိုတစ်ပုဒ်ဖြင့်နိဂုံးချုပ်ပါ၏။

အလွန်လှပကြော့ရှင်းသောခနေအပျိုလှလှလေးကိုတေးကဗျာစိတ်ကြိုက်
ဖြင့်ငေးကြည့်စမ်းပါ။အိုးစည်သံဝါးလက်ခုပ်သံသွက်သွက်နှင့်ရွှင်လန်းလှပအက
လေးကိုမြင်နိုင်ပါမည်။ ရွှင်နိုင်ပါမည်။

+ မကာင်လဲကော့ ကာင်လဲကော့

အမြီးနှိနဲ့ ဖော်ဂျီပါး။

+ မဆာင်လဲကြော့ ဆာင်လဲကြော့

ပါးအို့နှိနဲ့ ရှုတ်ခမ်းပါး ။ ။

ဦးသိန်းသန်းထွန်း

ဟရေးဆရာ၊ သမိုင်းသုတေသီ

လူမှုလူးချွန်တတိယ၊ တောင်ကြီး၊

# ဓနုကျေးလက်တေးကဗျာ ကျူးရင့်သံများ

သိန်းသန်းထွန်း (သမိုင်းသုတေသီ)
ဦးမြမောင်(ပါမောက္ခ–ငြိမ်း)(ပင်းတယ)
ဒေါက်တာကျော်လွင်ထူး (ရှုပဗေဒ)
ဝင်းအောင်(အောင်ပန်း)
နေစိုးအောင် (တောင်ကြီး)

နိဒါန်း

ဓနုရိုးရာကျေးလက်တေးကဗျာများတွင်–

(၁) ချိုးချင်းမာယာ ကဗျာများ (ကြိုးချင်းများ)

(၂) မီးဝင်ပွဲနှင့်တာတက်ပွဲ ချိုးချင်းမာယာ ကဗျာများ (ကြိုးချင်းများ)

(၃) တောင်ယာကျေးလက်တေး ကဗျာများ

(၄) ခွားဝန်တင်တေးကဗျာများ

(၅) ဓနုတိုင်းရင်းသားတို့၏သစ္စာထားကဗျာများ

(၆) ခေတ်ပေါ်ဓနုကဗျာများနှင့်

(၇) ခေတ်ပေါ်ဓနုသံချပ်များ ဟူ၍ပါဝင်ပါသည်။

**ချိုးချင်းမာယာကဗျာ(ကြိုးချင်းတေးကဗျာ)**ဆိုသည်မှာဓနုလူပျို များ လူပျိုလှည့်တေးကဗျာ ဖြစ်ပြီး လူပျိုအပျို အပြန်အလှန်မာယာချင်းပြိုင်၍ သီဆိုကြသည့်တေးဖြစ်သည်။

**မီးဝင်ပွဲနှင့်တာတက်ပွဲချိုးချင်းမာယာ (ကြိုးချင်း) တေးကဗျာ** များကို ရှမ်းပြည်မြေလတ်ပိုင်း ဓနုတို့ဒေသတွင် နှစ်စဉ်နှစ်တိုင်း၊ နှစ်သစ်ကူးပြီး နှစ်ဆန်း (၁)ရက်နေ့မှစပြီး ကဆုန်လပြည့်နေ့အထိ အတာတက်ဘုရားပွဲတော်များရှိရာ ထိုအတာတက်ပွဲများတွင် ဓနုလူပျိုအပျိုများသည် တစ်ဦး နှင့်တစ်ဦး စောင်းချိတ် သီဆိုကြ သည့် မာယာများသည့် တေးကဗျာများဖြစ်သည်။သီတင်းကျွတ်လနှင့်တန်ဆောင် မုန်းလများတွင် ပြုလုပ်သော

မီးဝင်ပွဲများနှင့်မီးပဒေသာပွဲများတွင်လည်းအော်ဟစ်သီဆိုကြသောတေးကဗျာ များဖြစ်ပါသည်။

**တောင်ယာကျေးလက်တေးကဗျာ**ဟုဆိုရာတွင်ကျွဲနွားတို့ဖြင့် ထွန်တုံးကိုသုံးပြီး လယ်ယာလုပ်ငန်းလုပ်ကိုင်ချိန်တို့တွင် လယ်ယာ လုပ်ရင်း ကိုင်ရင်း မိုးအေးအေးတွင် အိမ်သူ သက်ထားများ ချစ်သူများကို လွမ်းဆွတ် သတိရ တ,သပုံကို တပ်မက်စွဲညှိဖွယ် ဖွဲ့ဆိုထားသည့် တေးကဗျာများ ဖြစ်ပ သည်။

**နွားဝန်တင်တေးကဗျာများ**ဆိုသည်မှာရှေးဘိုးဘီဘင်လက်ထက် ကာလမ်းပန်းဆက်သွယ်ရေးခက်ခဲ၍ တောင်ပေါ်လမ်းဖြင့် ပစ္စည်းများကို တင်၍ သယ်ယူသည့် နွားများကို နွားဝန်တင်ဟု ခေါ်သည်။ ၎င်းနွားဝန်တင်ဖြင့် တစ်ဒေသမှ တစ်ဒေသသို့ သွားကြရာတွင် နွားများ၌ နွားခလောက် ဆွဲ ထားကြသည်။ထိုနွားခလောက်သံကိုပင် စည်းဝါးအဖြစ် အသုံးပြုပြီး လွမ်းမော ဖွယ်ရာတေးကဗျာများ စပ်ဆိုသီဆိုသည်။ ၎င်းတေးကဗျာများကို နွားဝန်တင် တေးကဗျာများဟု ခေါ်ကြသည်။

အပျိုလှူပျိုလှည့်ရာမှသမီးရည်းစားဘဝရောက်ရှိလာချိန်တွင်တဦး နှင့်တဦးသစ္စာထားသစ္စာနှံကြသော ရိုးရာကျေးလက်တေးကဗျာများ ကိုလည်း တွေ့ရှိရပါသည်။ ဤစာအုပ်တွင် **မနုတိုင်းရင်းသားတို့၏သစ္စာထားကဗျာ များ** အဖြစ်သီးခြားထုတ်နှုတ်တင်ပြထားပါကြောင်း။

# ဓနုကျေးလက်တေးကဗျာ ကျူးရင့်သံများ
# ဓနုမှတ်စုမှ

သိန်းသန်းထွန်း(သမိုင်းသုတေသီ)

**ဓနုကျေးလက်တေးသံ(၁)**

ကျွန်းဆား(သား)ခလောက်၊ဝါးတုတ်ကောက်နှင့်ခေါက်ကြေ့မယ်၊
မယ်တို့အိမ်ရောက်၊ရေမှုတ်ကောက်နှင့်၊ရေဆောက်(သောက်)ကြေ့မယ်၊
တွင်းမာခပ်ညအိုက်ရေပဲလော၊ကန်မာခပ်ကန်စပ်ရေပဲလော။

**ဓနုကျေးလက်တေးသံ(၂)**

ဆေးလဲမခပ်ဝါးမခတ်၊မပြည့်မလတ်၊တွင်းကဆန်ကန်မာခပ်၊
ချိုရှင်လဲဆောက်(သောက်)ခါးရှင်လဲဆောက်၊ကြောက်ရှင်လဲပြေး၊အိုးနားစိုင်းနှင့်ပျိုပြိုင်းရေ။

ရှင်းလင်းချက်

အိုးနားစိုင်းနှင့်=အိုးအနားအစိမ်းနှင့်

**ဓနုကျေးလက်တေးသံ(၃)**

ချောင်းထဲကူးလဲ၊ချောင်းတထား(တံတား)၊ရေမဲနှစ်ဆေဆစ်ဆား။
တထားလက်ကိုန်၊ဆေးပြုတိမ်၊အိမ်အောန်မောန်ကဆောက်မယ်ပ၊

ရှင်းလင်းချက်

ရေမဲနှစ်ဆေဆစ်ဆား=အဆစ်ပါသောရေမဲသားအနှစ်

**ဓနုကျေးလက်တေးသံ(၄)**

မြစ်ထဲကူးလဲလေမစီး၊ဆင်းပေါ်ကြီးနှင့်တင်၍ကူးမယ်ပ၊
ဆင်းပေါ်ဆင်းခါဆင်နှင့်မတင်ဝေါနှင့်တင်ဆင်နှင့်ထမ်း၊ဆွေလမ်းကပြန်မယ်ပ။

ရှင်းလင်းချက်

ဆွေလမ်း=ရွှေလမ်း

**ဓနုကျေးလက်တေးသံ(၅)**

ဆင်နှင့်တင်လဲ၊ဆင်ကျောကြီးလို့ညည်းမစိုးပ၊

မြင်းနှင့်တင်လဲဒွါလုံးဆေးနှင့်မြင်းပြေးမစိုးပ၊

လဲနှင့်တင်လဲ လဲဆောနှ့်လို့အောန့်မစိုးပ၊

ဝေါနှင့်တင်ဆင်နှင့်ထမ်း၊ဆွေ(ရွှေ)လမ်းကပြန်စမ်းမယ်ပ။

**ဓနုကျေးလက်တေးသံ(၆)**

ဆွေခရူလေးမာ၊အာပေါ်စုံလို့၊ဆွေယုံမာတကောင်ထဲ၊ဆုံးရစမြဲ။

**ဓနုကျေးလက်တေးသံ(၇)**

တောန်ထရုံကြေ့လဲ၊ငါးပိစင်နှင့်ဆားစင်နှင့်၊

မြောက်ထရုံကြေ့လဲ၊ငါးပိစင်နှင့်ဆားစင်ချဲ၊

တောင်ကုန်းမြေနီ၊စလူချို၊ညီအောန်မောန်ကပေါက်မယ်ပ။

**ဓနုကျေးလက်တေးသံ(၈)**

ချောန်းပုံဆီလာ၊ ချောန်းကျူးထလား၊ ရေမဲဆေဆစ်အား၊ တထားလက်ကိန်၊

အနောက်တောန်ကဝါးပြူတိမ်၊ ခိုင်အောန်မောန်ကဆောက်မယ်ပ။

လမ်းမကောန်းရင်၊ ကထိုးမုန့်နှင့်ခေတ်မုန့်ချ၊ ဘဂ်လားထီးနီကြယ်လေးစီ၊

ကြယ်စီဆယ့်ငါးချောန်း၊ ထားပေါင်းတရာအနားကာ၊ လံပေါင်းအစိတ်နောက်ကလိတ်၊

ဆေနပ်ဆာထိုး၊ဆော့ကရိုးမယ်ပ၊ ဦးကိုရိုးစေမယ်၊ ပြောန်စာမျက်တော၊ထူလေနှင့်၊

ဒွေးရူးကျားလေမို့နှင့်။

**ဓနုကျေးလက်တေးသံ(၉)**

နားတောန်းနားတောန်း၊မြနားတောန်း၊ခုဆေးဝယ်မ၊နောက်ဆေးမရ။

ရှင်းလင်းချက်

ခုဆေး=ယခုဈေး၊နောက်ဆေး=နောက်လာမည့်ဈေး

**ဓနုကျေးလက်တေးသံ(၁၀)**

ငယ်ချစ်အပေဟာန်း၊ကြီးမပေါင်း၊တစောန်းမြင်မ၊နာခေါ်န်းမြင်နဲ့မျက်ရည်ကျ၊

နာခေါ်န်းရေနဲ့မျက်ရည်ကျ၊

တော်ဆလင်းနှင့်ဆီတင်းကျွတ်မိုးလိုတဖွဲဖွဲ။

**ဓနုကျေးလက်တေးသံ(၁၁)**

ဘယ်ဖက်ကြေ့လဲ၊အစေခံနှင့်၊အခြွေရံနှင့်၊ညာဖက်ကြေ့လဲ၊ကြက်ဆွန်ခင်းနှင့်၊ရေတွင်းနှင့်၊

ကြက်ဆွန်ခြံနှင့်၊ရေခြံနှင့်၊အိုင်ပေါ်တက်လဲ၊ဆွေအိုးနှင့်ချက်၊ဆွေခွက်နှင့်စားလို့ထားမယ်ပ၊

ချစ်ဆူကလျာနမ။

ရှင်းလင်းချက်

ဆွေအိုး=ရွှေအိုး၊ဆွေခွက်=ရွှေခွက်

**ဓနုကျေးလက်တေးသံ(၁၂)**

မောန်ကလွမ်းမ၊ လွမ်းဆဲညာ၊ ဇော်ဂျီကိုးကွေ့၊ ချောန်းကိုးကွေ့၊ သဲကိုးပုံ၊

ရေဟုန်တိုး၊ မကုန်လေဆေး(သေး)၊ မောန့်လွမ်းရေး။

မောန့်မျက်ရည်နှင့်မောန့်လွမ်းရေးကျွဲပေါက်ကိုးကောင်၊ စီးလောက်အောန်၊

ဆင်ပြောင်ကိုးစီး၊ နာမောန်းကောက်နှင့်ရေဆောက်လို့မပြီး၊ မကုန်လေသေး၊

မောန့်မျက်ရည်နှင့်၊ မောန့်လွမ်းရေး၊ မောန့်မျက်ရည်တပွေးပွေး။

စလောက်ကာန်၊ လယ်ရှန်ထွင်လို့၊ မကုန်လေဆေး(သေး)၊ မောန့်လွမ်းရေး၊

မောန်မျက်ရည်တပွေးပွေး၊ မယ်တို့အိုင်တွင်လေကားဆင်း၊ ရေဆွင်း(သွင်း)ကွက်က၊

ရေလောက်မက၊ စီးတဲ့ရေလဲမောန့်လွမ်းရေး၊ မောန့်မျက်ရည် တပွေးပွေး။

မယ်တို့လယ်ကခွက်ငါးရာ၊ မယ်တို့လယ်တွင်၊ လယ်ကိုးခွင်၊ ဆွင်း(သွင်း)တဲ့ရေက

မောန့်မျက်ရည်။

မယ်တို့လယ်ဆာ(သာ)ခွက်ငါးရာ၊ စီးလို့လာတာမောန့်မျက်ရေးအလွမ်းဆယ်ကမ္ဘာပြေပွးပ၊

မောန့်မျက်ရေကြီးချောင်းလိုစီးလဲ၊တထား(တံတား)ဆွယ်လို့ခေါ်မယ်ပ၊

ဆမ်းတောင်းကိုလဲတဖက်လှယ်မယ်ပညာဖက်လက်နှင့်မယ်ကိုဆွယ်၊
ဘယ်ဖက်လက်နှင့်ဆူးခက်ဖယ်မယ်ပ။

**ဓနုကျေးလက်တေးသံ(၁၃)**

ဆစ်ဥပန်းကာနီရဲရဲတောမာပွင့်စမြဲအပျိုစင်ပါးမိုးနီဆဲဆဲမောန်နမ်းလို့ကဲ။

**ဓနုကျေးလက်တေးသံ(၁၄)**

အလယ်ခန်းဆွေနန်း(ရွှေနန်း)နှင့်၊အလယ်တိုင်ဆွေအိုင်(ရွှေအိမ်)နှင့်၊အိုင်ပေါ်ဆင်းလဲ
မြေနင်းနှင့်၊အိုင်ပေါ်တက်လဲ မြပုခက်နှင့်၊လမ်းပုဲဆောက်(လျောက်)လဲ၊
အမြွေအရံအစောန့်ထားလို့၊ ထားပေါ်န်းတရာအနားကာ၊ လံပေါင်းအစိတ်၊
နောက်ကာလိတ်၍၊ စောင့်ဆောက်မယ်ပ။

ရှင်းလင်းချက်

ထားပေါ်န်းတရာ=မါးပေါင်းတရာ

**ဓနုကျေးလက်တေးသံ(၁၅)**

အိုင့်မက်အိုင့်မက်၊တညဥ့်ထဲနှင့် ဆုံးဒါမက်၊ ညဥ့်ဦးမက်ဒါ၊ဆွေဥမင်ဖရားအတူဆွားလို့၊
ဖရားပူးတယ်၊ မက်ရတယ်၊ ညလယ်မက်တာအိုင့်မက်တာ၊ ရပ်စောက်နယ်ထဲဆွေပိန္နဲ၊
ဆွဲလဲအတူတီးရတယ်လို့မက်ခဲ့တယ်၊ မိုးဆောက်လင်းဒါမက်ဆောဒါ၊ တို့လယ်ဆယ်ခွက်၊
ရေအိုင်နက်၊ လည်ပင်းအတူဖက်၊ ရေပက်တမ်း၊ အတူကစားရတယ်လို့မက်ရတယ်။

**ဓနုကျေးလက်တေးသံ(၁၆)**

ကစော့ပင်ကုပ်ပိုးယားထုပ်မလုပ်လေနှင့်ကြေလိပ်မယ်၊ဆူ့ဆမီးငတ်တုပ်၊အပြောပုပ်၊
မပြောလေနှင့် ငိုလိပ်မယ်။
ကစော့ပင်ကုပ်ပိုးယားထုပ်မလုပ်လေနှင့်ကြေလိပ်မယ်၊ဆူ့ဆမီးငတ်တုပ်၊အပြောပုပ်၊
မချော့လေနှင့် ငိုလိပ်မယ်။
ကစော့ပင်ကုပ်ပိုးယားထုပ်မလုပ်လေနှင့်ကြေလိပ်မယ်၊ဆူ့ဆမီးငတ်တုပ်၊အပြောပုပ်၊
မလုပ်လေနှင့် ငိုလိပ်မယ်။

**ဓနုကျေးလက်တေးသံ(၁၇)**

ကနေပေါ့ရှိုးပိုးထိုးလိုက်မှာလား၊ကျုပ်တို့လူမျိုးလူရုပ်ဆိုးခိုးရာလိုက်မှာလား။

**ဓနုကျေးလက်တေးသံ(၁၈)**

ကနိမ်ထထား၊ရေမဲနစ်ဆေဆစ်ဆား၊တာထားလက်ကိန်၊ဆေးပြူတိမ်၊

ဒိမ်အောန်မောန်ကဆောက်မယ်ပ၊မယ်တို့စကားတခွန်းကြား၊မေတ္တာစကားမို့တည်တယ်ပ။

**ဓနုကျေးလက်တေးသံ(၁၉)**

ကနိမ်ထထား(တံတား)၊ရေမဲဆား(ရေမဲသား)၊ထထားလိုင်ဖယ်၊ဆောက်ခက်တယ်။

ကိုရင့်စကားတခွန်းကြား၊ နားကြားခက်တယ်၊အာကိုရယ်။

**ဓနုကျေးလက်တေးသံ(၂၀)**

ကနိမ်ထထား(တံတား)၊ရေမဲဆား(ရေမဲသား)၊ထထားလိုင်ဖယ်၊ဆောက်ခက်တယ်။

မယ်တို့စကားတခွန်းကြား၊စကားလိုင်လယ်၊ပြောခက်တယ်။

**ဓနုကျေးလက်တေးသံ(၂၁)**

ကနိမ်ထဲကပန်းဆွဲလဲ၊ပန်ဆူနဲ့လို့ပန်းဆင်းရဲ၊မချစ်ရဘဲမောန်ကံနဲ့၊မိဖဆဲလို့လွဲခဲ့ပြီ။

**ဓနုကျေးလက်တေးသံ(၂၂)**

ကနိမ်ထဲကပန်းဆွဲပြူ၊ပန်မဲ့လူဆား၊မောန်လိုလူမွဲ၊ချစ်မဲ့လူဆား။

**ဓနုကျေးလက်တေးသံ(၂၃)**

ကနိမ်ထဲကပန်းဆွဲပြူ၊ပန်လူများလို့ပန်းဆားတယ်၊

မောန်လဲလူပျိုမယ်အပျို၊ချစ်ဆူဆားလို့စိမ်းကားတယ်။

**ဓနုကျေးလက်တေးသံ(၂၄)**

ကနိမ်ထဲကဆစ်ခေါန်းတို၊ဆာတာယ်ဆိုလဲမတီးနင့်၊

မယ်လဲအပျိုမောန်လူပျို၊အို့မယ်ဆိုလဲမညည်းနင့်။

**ဓနုကျေးလက်တေးသံ(၂၅)**

ကနိမ်ထင်းဆွေးမီးမငြှေး၊ထင်းသာကုန်ပြာပုံမလာ၊
တရွာတကျေး၊ခရီးဝေး၊အမေးဆုံလို့မောန်မရ။

**ဓနုကျေးလက်တေးသံ(၂၆)**

ကင်းပုံကင်းပုံဆွေကင်းပုံ၊ကင်းပုံညောက်နှံ၊ဆွမ်းချက်လှူမယ်ပ၊
မယ်တို့ချစ်ပုံ၊မောန်ချစ်ပုံ၊ဆေ့ကိုဆက်လို့ချစ် မယ်ပ။

**ဓနုကျေးလက်တေးသံ(၂၇)**

ကင်းပုံကင်းပုံဆွေကင်းပုံ၊ကင်းပုံအနွယ်မို့၊ဆစ်ပင်ထက်တက်သည်လော၊
မယ်တို့ချစ်ပုံ၊မောန်ချစ်မကုန်၊သူများပျက်လို့ပျက်ပြီလော။

**ဓနုကျေးလက်တေးသံ(၂၈)**

ကင်းပုံကင်းပုံဆွေကင်းပုံ၊ကင်းပုံအနွယ်မို့၊ဆစ်ပင်ထက်တက်ပူးပ၊
မယ်တို့ချစ်ပုံ၊မောန်ချစ်မကုန်၊သူများပျက်လို့ပျက်ပူးပ။

**ဓနုကျေးလက်တေးသံ(၂၉)**

ကင်းပုံကင်းပုံဆွေကင်းပုံ၊ကင်းပုံနဲ့နောင်း၊ဆင်နာမောန်း၊
မယ်တို့စကားမောန်မယုံ၊ဆူ့ချစ်ဆူနှင့်ဆူ့လှူပောာန်း(သူ့လှူပောင်း)

**ဓနုကျေးလက်တေးသံ(၃၀)**

ကန်စွန်းကန်စွန်း၊လမ်းမာလယ်လို့ဖြမာလွှမ်း၊ကန်စွန်းနွယ်လဆွေ့တာယ်ပ၊
ငယ်ကချစ်ကျွမ်းကြီးမှ၊လွှမ်း၊ အလွှမ်းပြေလို့ပြေဘူးပ။

**ဓနုကျေးလက်တေးသံ(၃၁)**

ကုန်းပေါ်သွား၊ကုန်းချင့်ဥလို့ထင်ခဲ့တာယ်၊ရေထဲဆင်းချယားမို့၊စူးလိုက်တာယ်။

**ဓနုကျေးလက်တေးသံ(၃၂)**

လူထက်မကာ၊နတ်ထက်မြလို့၊လလိုက်တာယ်၊မြင်သူတိမ်းရှူးလိုက်မယ်။

**ခနကျေးလက်တေးသံ(၃၃)**

ကျွဲပေါက်ချိုကားလယ်လုပ်ဆားရေမရောက်တဲ့လယ်ခွက်ကောက်၊
ဓလောက်ကန်းလယ်ရန်းတွင်၊ တီလယ်ခွင် ပြုနိမ့်တယ်လော၊
တရွာထဲနေ၊တာမြေထဲဆား၊လယက်ကမ်းလို့ဆွေမျိုးတော်၊
တို့ဆူငါကိုအုပ်ချုပ်နိမ့် တယ်လော

**ခနကျေးလက်တေးသံ(၃၄)**

ကျွဲမပိန်ဆိုးလယ်ရန်းထိုး၊ထယ်ထူးကျိုးမယ်၊ကျွဲမငယ်၊
ကျုပ်တို့လူမျိုးလူရုပ်ဆိုးရုပ်ဆိုးကူးမယ်ညီမငယ်။

**ခနကျေးလက်တေးသံ(၃၅)**

ကျွန်းဆားခလောက်၊ကျွန်းတာက်ခေါက်၊တောက်ကြေ့မယ်၊မြည်ဆလား၊
နေ့မှာဆုံးခေါက်၊ညဆုံးခေါက်၊ ရောက်လိုက်တယ်၊မြင်ဆလား။

**ခနကျေးလက်တေးသံ(၃၆)**

ကြိုးကြာဖိုမ၊ ခြေပေါ်ဝဲချိုထဲကျ ၊ခြေစစူးလို့ဆေ(သေ)ပူးတာယ်၊
မယ်လည်းအလ မောန်မရ၊ ချာချာရူးလို့ဆေဦးမယ်။

**ခနကျေးလက်တေးသံ(၃၇)**

ကြိုးတို့ကြိုးတို၊မဆိုနဲ့၊ကြိုးစလိမ်၊ကြိမ်စဖွဲ၊ကြိုးစတားခလက်တာယ်၊
လူအိုလူအို၊မဆိုနဲ့၊လူပျိုနားမို့ ကြားခလက်တာယ်။

**ခနကျေးလက်တေးသံ(၃၈)**

ကြိုးတို့ကြိုးတို၊မဆိုနဲ့၊ကြိုးစဖွဲ၊တော့တားခလက်တာယ်၊
ဖိုးအိုဖိုးအို၊မဆိုနဲ့၊ဆိုပါများတော့ကြားခလက်တာယ်။

**ခနကျေးလက်တေးသံ(၃၉)**

ကြက်ဆူရိုးနီ၊ပိုးကြီးစိပ္ပင့်ချိန်လွန်လို့မိုးကိုမျော်ရော်ချေပြီ၊
မောန်လဲချစ်ဆူ မယ်ချစ်ဆူ၊ ချစ်ဆူဆိုလဲမရဘဲ၊ ရွာထဲစိုးစီကျော်လေပြီ။

**ခနကျေးလက်တေးသံ(၄၀)**

ကျပ်ခိုးစင်တင်တဲ့ငါးအိုး နှင့်ခွက်နှင့်ထား။ ဟင်းခါးရေမဆောက်(သောက်)ရ

မောန်တို့ချစ်ကြွားငယ်ရေးစား၊ စကားတောင်မပါ့၊ ကုန်အောန်မပြောခဲ့ရမယ်တို့အအိုစောတယ်ပ။

**ခနကျေးလက်တေးသံ(၄၁)**

ကျပ်ခိုးစင်ရေပူးတင်သလောမယ်တို့ခင်အပျိုစင်သလော၊

ကျပ်ခိုးစင်ရေပူးတင်တယ်ပမယ်တို့ခင်အပျိုစင်တယ်ပ။

**ခနကျေးလက်တေးသံ(၄၂)**

ခမောက်ဦးတိုမဆောန်းလိုထုပ်စင်မာဆွဲမယ်လဲအပျိုမောန်အပျိုချစ်မလိုနင့်လွဲ။

**ခနကျေးလက်တေးသံ(၄၃)**

ခမောက်ဦးတိုမဆောန်းလိုထပ်တိုမာဆွဲမယ်လဲအပျိုမချစ်လိုလူအိုကံမို့လွဲ။

**ခနကျေးလက်တေးသံ(၄၄)**

ငွေးသေးပန်းမို့မွေးလွှန်းတယ်ပန်ချင်ဆူလဲခူးခက်တယ်၊

ဆူငွေးဆမိးမို့ဟန်ကြီးတယ်ချစ်ခင်ဆူလဲရခဲတယ်။

**ခနကျေးလက်တေးသံ(၄၅)**

ချိုးမလင်းပြာခါမလင်းပြောက်တောထားအောက်ရေဆောက်(သောက်)လာရေမာဘယ်မရှိ၊

မယ်တို့ဆိရာမောန်တို့လာဆယ်ခါမယ်မသိ။

**ခနကျေးလက်တေးသံ(၄၆)**

ခေါ်န်းတလုံးရေအိုးနေလုံးရှက်အကျက်လည်နိုင်မလား၊

ရေးစားနေယောက်တပြိုမ်ထဲထားအကျက်လည်နိုင်မလား။

**ခနကျေးလက်တေးသံ(၄၇)**

ငက်ပျောဆင်အံ မိုးရေခံပန်တယ်ဆိုလဲမထွေးနင့်၊

အချစ်ရယ်ကြုံ တကာယ်မန် အကြံမာလည်းမနေးနင့်။

**ဓနုကျေးလက်တေးသံ(၄၈)**

ငှက်ပျောဆင်အံ့ နှင်းရေခဲပန်တယ်ဆိုလဲမတွေ့နှင့်။
မယ်တို့အကြံမောန်အကြံ အကြံတူလည်းမနေးနှင့်။

**ဓနုကျေးလက်တေးသံ(၄၉)**

ငှက်ပျောပင်လယ် ပင်သုံးဆယ် ပင်ငယ်ငှက်ပျော အမည့်တော၊
ဆမီး(သမီး)နုနယ်အိုတော့မယ်၊ ဖယ်လလေလော၊ ခုလလော။

**ဓနုကျေးလက်တေးသံ(၅၀)**

ငှက်ပျောလုံးစီ အခိမ်ကြီး အဆီးခေလို့(အသီးရှည်လို့)အမည့်တော၊
တားမယ်ဆိုလည်းအစေ့များလို့အဆားမသိ(အသားမရှိ)၊
ဆူ့ဆမီးအပျိုချော ဆူ့ထက်ဆာလို့ရလိုတောသပေါ်တူလဲ ချစ်ဆူမန်လို့ဆီးတားမသိ။

**ဓနုကျေးလက်တေးသံ(၅၁)**

ငှက်ပျောလုံးစီအပင်ကြီးလို့အဆီးတော ငှက်ပျောဆင်ခြေတိုင်၊
ဆူ့ဆမီးအပျိုချောဆူ့ထက်ရလိုတော ဆပေါ်တူလားလို့မိဖတိုင်။

**ဓနုကျေးလက်တေးသံ(၅၂)**

စကားပန်းပင်၊ ဆံအိုးတင်တာပင်နှိမ့်မြင့်၊ မိုးနှင့်မြေ မြဆက်ကပွင့်၊
ပွင့်မယ်ဆုံးမျိုး ချိုးထားလို့မိုးသားအုံ့တယ်လား။
မောန်တို့အကြံ မယ်လက်မခံ၊ ဆူများစရံပေးထားလို့စကားတုံ့တယ်လား။

**ဓနုကျေးလက်တေးသံ(၅၃)**

စပယ်တခက်ပန်းပွင့်ဆက်စပယ်ခက်မို့အမွှေးယဉ်တယ်ပ၊
မယ်တို့လလေး စတောက်ကျွေးနှင့်၊ နဘေးကြေလဲယဉ်တယ်ပ။

**ဓနုကျေးလက်တေးသံ(၅၄)**

စအယ်ပင်ထက်ညောန်နုထွက်၊ စအယ်ညောက်နုအစိုင်းဆုတ်တားလို့ အယ်တယ်လော၊
မယ်တို့တဆက်၊ မောန်တသက်ချစ်လျက်နှင့်လဲ၊ ဆူများယျက်လို့ ပယ်ပြီလော။

**မနုကျေးလက်တေးသံ(၅၅)**

စအယ်ပင်ထက် ရွက်နုထွက်သွက်သွက်ခါ လေနှင့်မိုး၊

ဆူ့ဆမီးချစ်ရက် မောန်ချစ်ရက်ပျက်ရက်ပေတဲ့ဆွေနှင့်မျိုး။

**မနုကျေးလက်တေးသံ(၅၆)**

စအယ်ပင်ထက် ရွက်လထွက်သွက်သွက်ခါခါ နေနှင့်လ၊

ဆူ့ဆမီးချစ်ရက် မောန်ချစ်ရက်ပျက်ရက်ပေရဲ့မိနှင့်ဖ။

**မနုကျေးလက်တေးသံ(၅၇)**

စအယ်ပင်ထက် ရွက်လထွက်သွက်သွက်ခါခါ လေနှင့်မိုး၊

မောန်လဲချစ်ရက် မယ်ချစ်ရက် ပျက်ရက်ပေတဲ့ဆွေနှင့်မျိုး။

**မနုကျေးလက်တေးသံ(၅၈)**

စောန်ဖြူစောန်ကြားခြုံလို့ထားစောန်ပါးခကာခြုံဦးပ၊

အမေ့ရေးစား ပုတ်နှင့်မားလို့နောက်မာထား၊ စကားခကာပြောဦးပ။

**မနုကျေးလက်တေးသံ(၅၉)**

ဆွေကြာအင်း၊ ဝင်းဝင်းဝါ ဆွေကြာကြက် ၊ ဥမကွဲလော။

မယ်တို့အိမ်ယာ မောန်တို့လာမယ်တို့မိဖ မသဲလော။

**မနုကျေးလက်တေးသံ(၆၀)**

ဆွေနီကက်ပျောအပင်ကြီးလို့အဆီးစောကက်ပျောဆင်အံမိုးနင်းခံ၊

အခါလည်ဆီးမို့(အခါလည်သီးမို့)ကြုံလိုစုပ်လဲ ချိုပွးပ။

မယ်တို့ဆပေါ် အထင်ကြီးလို့ ချိုးမွှန်းစောရချင်စောနင့်အကြုံထုတ်လဲ အောန်ပွးပ။

**မနုကျေးလက်တေးသံ(၆၀)**

ဆောက်ပင်(ရှောက်ပင်)ကုပ်ကွ ဆောက်ဆီး(ရှောက်သီး)စ၊

ဆီးစ(သီးစ)တခိမ်၊ တညာထဲနှင့်ကိုးလုံးပြိမ်၊

မယ်တို့အလ မောင်မရ၊ တညထဲနှင့်ရေးစားထားလို့၊ သုံးယောက်ပြိုင်။

**ဓနုကျေးလက်တေးသံ(၆၁)**

ဆောက်ပင်(ရှောက်ပင်)ကုပ်ကွ ဆောက်ဆီး(ရှောက်သီး)စ၊
ဆီးလုံး(သီးလုံး)လလဲ ချဉ်တယ်ပ။
ဆူ့ဆမီးမယ်လ ဆေ့ကချော၊ ကျောကလ နဘေးကြေလဲ ယဉ်တယ်ပ။

**ဓနုကျေးလက်တေးသံ(၆၂)**

ညှာန်ပင်ကြီးထက် အကိန်းထွက် ညှာန်ရိပ်ကြီးလို့ခိုအုံးမယ်၊
ဆူ့ဆမီးအပျိုဆက်၊ တအုံလုံးခလက်(ချစ်)၊ ဆမီးအငယ်မို့စောနဲ့အုံးကွယ်။

**ဓနုကျေးလက်တေးသံ(၆၃)**

ညှာန်ပင်ကြီးထက်အရိပ်ထွက်၊ညှာန်သီးချိုလို့ခိုအောန်းတယ်။
ဆူ့ဆမီးအပျိုဆက် အိုင်ထဲကမဘွက် အဆက်ကြီးလို့ ပုန်းအောန်းတယ်။

**ဓနုကျေးလက်တေးသံ(၆၄)**

ညှာန်ပင်ရှက္ခစိုး အဖိုးလေးတန်ပါတယ်၊ ရေထဲကကျောက်ပဒ္ဒဲ ပွင့်တုံးလို့ဆန်းတယ်ပ၊
ဆူ့ဆမီးအပျိုစင် မောန်ချစ်ကျွမ်းဝင် တကာယ်ဆိုမ(တကာယ်ဆိုမှ) ဆူများနှင့်ညားတယ်ပ။

**ဓနုကျေးလက်တေးသံ(၆၅)**

တကုံးဆင်းလဲဝင်းဝင်းဝါ တတောန်တက်လဲ တလက်လက်
မောန်သွားရာမယ်မပါလို့မောန်စိုက်မျက်။
တတောန်ဆင်းလဲ ဝင်းဝင်းဝါ မယ်မပါလို့ မျက်စေ့ဆာ။

**ဓနုကျေးလက်တေးသံ(၆၆)**

တခွန်ကုဏ္ဏား မုလေးပွီး လေးပွီးခြသေ့်ကျွေးတယ်လေ့၊
မယ်တို့စကားတခွန်းကြား ဆဲပျား(သဲပျား)ထိအောန်အေးတယ်လေ့။

**ဓနုကျေးလက်တေးသံ(၆၇)**

တခွန်ကုဏ္ဏား မုလေးပွီး လေးပွီးဆေ့ညှာန် ပိတုံးရောန်၊
မယ်တို့စကားတခွန်းကြား ဆဲပျားထိအောန်မီးလိုလောန်။

**ဓနုကျေးလက်တေးသံ(၆၈)**

တခေါ်န်းခင်လုံး မိုးဆားပုံး၊ တလုံးကြယ်မ မမြင်ရ၊
ဆူ့ဆမီး အလဆုံး အိုင်တွင်းပုန်း အပြုံးမျက်နာမမြင်ရ။

**ဓနုကျေးလက်တေးသံ(၆၉)**
တခေါင်းခင်လုံး မိုးသားလိုင်လို့တိုင်ခဲသားပုံး၊ တလုံးကြယ်မ မမြင်ရ၊
အမမျက်လုံး မျက်ရိပ်ပုံး ပြုံးကာရယ်ကာမမြင်ရ။

**ဓနုကျေးလက်တေးသံ(၇၀)**
တပက်မြိတ်ခေး နှင်းပေါ်တင် ရေပေါ်မေး လေးတယ်ဆိုလဲမခါနှင့်၊
ခရီးဘယ်လောက်ဝေးဝေး မလာဘဲလဲမနေနှင့်။

**ဓနုကျေးလက်တေးသံ(၇၁)**
တပက်မြိတ်ခေး နှင်းရေခဲ မိုးရေလေး လေးတယ်ဆိုလဲမညစ်နှင့်၊
မောန်တို့ချစ်ရေး မယ်လလေး တရွာခြားမို့၊ ဝေးတယ်ဆိုလဲမပစ်နှင့်။

**ဓနုကျေးလက်တေးသံ(၇၂)**
တပက်ပြုံစရေထဲကျ ချေစချောလို့ နမျောပ၊
မယ်တို့အလ မောန်မရ မယ်လချောလို့ နမျောပ။

**ဓနုကျေးလက်တေးသံ(၇၃)**
တလပွင့်ပြု ပွင့်စယူ ချိုချိုစားမိုးခါးမထိစေနဲ့နော၊
မောန်နှင့်မယ်တူ သစ်ဆာယူ ဆိုဝက်ထား(သိုဂုက်ထား)ဆူများမသိစေနဲ့နော။

**ဓနုကျေးလက်တေးသံ(၇၄)**
တောကိုခွားလဲ တောကကြီးလို့ ခြသေ့်မင်းမို့အုပ်စိုးတယ်
မယ်ဆီခွားလဲ မယ်စကားမပြောလို့ မောန်စိတ်ညှိုးငယ်။

**ဓနုကျေးလက်တေးသံ(၇၅)**
တောတချုန်းချုန်း ပိတုံးစော်ကာနီ လမ်းမာဝဲလို့အိုင်ထဲဝင်ချေပြီ၊
မယ့်မျက်နှာ တပြုံးပြုံးကာမဆုံပဲအချိန်ဆွဲလို့ ဆုံးနှစ်ကျော်(ဆုံးနှစ်ကျော်)၊ တော်သ

**ဓနုကျေးလက်တေးသံ(၇၆)**
တောနက်ကနိမ်၊ စိုင်တွေပျော်ရဲ့လား၊ မောန်တို့အိုင်ကို မယ်တို့လိုက်လဲပျော်မယ်

**ဓနုကျေးလက်တေးသံ(၇၇)**
တောပဲကြီးလို့တောဆုံးတောန်၊ တောတောန်ကြီးလို့ ကျားကြောက်တယ်၊
ခွေလဲမကြီး မျိုးမကြီး၊ နာမယ်ကြီးလို့ မောန်တယောက် ပူလောက်တယ်။

**ဓနုကျေးလက်တေးသံ(၇၈)**

ထထားဦး ထိမ်ခဲ့သလော ရေးစားဦး တိမ်ခဲ့သလော
ယွန်းတုံးကြောန်ဆောက် ခလောက်ဆွဲ လွမ်းတုန်းမောန်ရောက် တယောက်ထဲလော။

**ဓနုကျေးလက်တေးသံ(၇၉)**

ရှားစေးစား ခါးတာယ်လား ရေးစားထား မားတာယ်လား
ကွမ်းသီးစားပန်တာယ်လား ရေးစားထား မန်တာယ်လား။

**ဓနုကျေးလက်တေးသံ(၈၀)**

ဆွေလာသာတော့ဝါပန်တာယ် လူလာလာတော့လက်ခံတာယ်။
ရေနက်မာလဲ အေးတာယ်၊ လူနက်မာလဲမွေးတာယ်။
လေကားကိုးထစ် ဖယ်အာထစ်နင်းတာက်လာဆလဲ စုံမက်လို့ခုန်တာက်လာရပါတာယ်။
ပါထဲထုတ်၊ အရှုပ်ချောဆလား။ စိုက်ထဲထုတ်၊ အဟုတ်ပြောဆလား။
လဲပဒေါ်နီး ရေလောင်းလာဆလော၊ ရေးစားယောင်း ခွင့်တောင်းလာဆလော။
လဲခွက်ရေပက်မလို့လာပါတာယ်၊ မိုးချိုထဲမိုးခါးမလောန်းစေနနော
ရေးစားဖြစ်တာဆူများမသိစေန(မသိစေနှင့်)နော။
ဆပန်းရွက်နှချေဆား(ချေသား)ချက်စားလာတာယ်၊ လွမ်းရက်န ပြန်သွားရတာယ်။
ဆန်ကောနပြာ ဆန်ကာနချ၊ အိုခါနီးမ စကားလ။
ဆန်ကောနပြာ ဆန်ကာနတောန်း အိုခါနီးမှ စကားကောန်း။
ဆန်ကောစုပ်န စပါးပြာ အိုခါနီးမ စကားသာ၊
စပွေ့တိုန စပါးထောန်း အိုခါနီးမှ စကားကောန်း။

**ဓနုကျေးလက်တေးသံ(၈၂)**

တစ်တာယ်တူး လယ်ပင်းကြား ထထားအောက်ရေဆောက်လာ၊ ဘယ်ခါရေမဆိ(ရေမရှိ)
ဆူ့ဆပီးဆိရာ မောန်တို့လာ ဆယ်ခါမယ်မဆိ။
တစ်တာယ်တူးလ မြဲပေါ်ဝဲ မြဲစဝူးလို့ဆေ(သေ)ရုံပ၊
မယ်ရဲ့အလ မောန်မရ မောန့်မာရူးလို့နေရုံပ။

**ဓနုကျေးလက်တေးသံ(၈၃)**
တောတန်းကုက္ကို၊ မနုလိုရေချိုမောန်ကဖျန်းမယ်ပ။
မယ်လဲအပျို မောန်လူပျို စာတိုမောန်ကကမ်းမယ်ပ။

**ဓနုကျေးလက်တေးသံ(၈၄)**
တောန်ကုန်းကဆူးလေ၊ ပွင့်လွှန်းလို့ဆူးသုံးခွ၊
မယ်လဲအလှ၊ မောန်မရ ဆူများ(သူများ)တွန်းလို့ မုန်းလိုက်ကြ။
တောန်ကုန်းကဆူးလေ ပွင့်တန်ကြူးလို့ ဖူးတန်ဆေ၊ ပေပဲဖြစ်လဲဖူးဆန်နင့်၊
မယ်တို့အလ မောန်မရ အိုပေမဲ့လဲ မမုန်းနင့်။

**ဓနုကျေးလက်တေးသံ(၈၅)**
တောန်ကုန်းကဟင်းနုနွယ်၊ အပွင့်လွှန်လို့ ဆူးဖြစ်လွယ်
မောန်လဲအငယ်မယ်အငယ် အချစ်လွှန်လို့ ရူးတော့မယ်။

**ဓနုကျေးလက်တေးသံ(၈၆)**
တောန်ကုန်းထလက် ဆီးချင်းဆိုင်(သီးချင်းဆိုင်) အိမ်ချင်းဆက် အပွင့်ဆက်ပဲကြွေစေတော
မောန်ကတရက် မယ်တရက်သာ မြင်စေလော့ အလွှမ်းပြေတယ်ပေါ့။

**ဓနုကျေးလက်တေးသံ(၈၇)**
တောန်ကုန်းပေါက် လက်ချောက် တပေါက်မိုးနင့်စိုသလား။
တခေးခြား ငါးရက်ပျေက် တယောက်ဆူနင့် အိုပြီလား။

**ဓနုကျေးလက်တေးသံ(၈၈)**
တောန်ကုန်းသနပ် ကျွန်းတာက်ခတ် တီးတာက်မှို့လဲ ဆာ(သာ)တယ်ပ၊
မောန်တို့တရပ် မယ်တရပ် လွှမ်းတယ်မှို့လဲလာတယ်ပ။

**ဓနုကျေးလက်တေးသံ(၈၉)**
တောင်ငူကွမ်းသီး ကွမ်းရွက်ကြီး ဆားစေးတင်လို့ ထုံးနင့်ရေ ကွမ်းသီးများလို့ ဖန်တယ်
မောန်တို့အပျိုကြီး အိုင်ချင်းနီး ရေးစားခေါ်လို့ တော်ဝူးပ စရုံပေးလဲပြန်ပေးမယ်။

**ဓနုကျေးလက်တေးသံ(၉၀)**
တောင်တန်းပြာရိုး မိုးတိုင်ဒိုး တောန်ကိုပုံးလို့ မိုးဆားတင်(မိုးသားတင်)၊
အိုင်ဆူထား အိုင်ဆားထင်(အိမ်သားထင်)ကျွန်ခံစားလို့၊ ဆားလိုင်းဝင်(သားလိုင်းဝင်)။

**ခနဲကျေးလက်တေးသံ(၉၁)**
တောန်ပေါ်တက် ကတိုးနွယ် တောန်အောက်ဆင်းလဲ လမ်းမာခင်းလို့ ဆင်းခက်မယ်။
ညဥ့်နက်ဆန်းခေါင်ကျော်ကျိုး မောန်လာခိုးမယ် ချစ်ကြိုးနွယ်။

**ခနဲကျေးလက်တေးသံ(၉၂)**
တောန်ပို့ဆိရာ ခါကျလာ ခါတကျေးဦးပ၊
မယ်တို့ဆိရာမောန်တို့လာ စကားခကာပြောဦးပ။

**ခနဲကျေးလက်တေးသံ(၉၃)**
တောန်ပို့ဆိရာ ခါကျလာ ဒွိရာ တကုတ်ကုတ်၊
မယ်တို့ဆိရာမောန်တို့လာ မျက်နှာ တပုပ်ပုပ်။

**ခနဲကျေးလက်တေးသံ(၉၄)**
တောန်ပို့ဆိရာ ခါတောန်လာ ပိုက်ကွန်ချစမ်း ခါဖမ်းမယ်
မယ်တို့ဆိရာ မောန်တို့လာ၊ ရေးစားငြား
ပုတ်နှင့်မောက်၊ နောက်မာထား စကားခကာပြောဦးပ။

**ခနဲကျေးလက်တေးသံ(၉၅)**
တောန်ပို့ပတ်လယ် ချားတိမ်တယ် ချားတယ်မဟုတ်လော
မယ်တို့အိုမယ် ကြားလိုက်တယ်ဆန်းမယ့်လလော ခုလလော။

**ခနဲကျေးလက်တေးသံ(၉၆)**
တောန်ယာစပါးကြီလို့ထား ချိုးနှင့်ငက် ကောက်လို့စား
စပါးပင်ပါးလို့ ပေါင်နှံကြားထူတယ်ပ
မယ်တို့စကား တခွန်းကြား ပြောရယ်လို့ထား စကားပို နှုတ်ချိုတယ်ပ။

**ခနဲကျေးလက်တေးသံ(၉၇)**
တောင်ယာစပါး နွားနှင့်တင်လို့ ကျိုမာထား စပါးလုံးလ ဆန်လုံးလ စားလို့ဝဖူးပ
တရွာသူတရွာသား ချစ်ကျွမ်းဝင် ကြင်ယာထား ရေးစားဆိုလို့ ယုံလို့မရ။

**ခနဲကျေးလက်တေးသံ(၉၈)**
တောင်ယာဆင်္ချိုး အစိုင်းစား ဆွေးဆားဖြစ်တယ်လော
မောန်တို့စကား တခွန်းကြား ရေးစားဖြစ်မယ်လော။

**ဓနုကျေးလက်တေးသံ(၉၉)**
တောန်ယာလုပ်လဲ ယာပေါင်းထူ ပေါင်းငယ်ပေါင်းပျ ကောက်မရ
ပေါင်းကြားတွင် စင်ပူးပ
မယ်တို့ဆီမှာ ချစ်ဆဲညာ ချစ်ခါလွယ်လို့ ချစ်ကြိုက်ကြ ပြုံးကာရယ်ကာပ။

**ဓနုကျေးလက်တေးသံ(၁၀၀)**
တောန်ပေါ်ဝါးမို့ မတ်သလော လူပျိုနားမို့ ဆတ်သလော
တောန်ပေါ်ဝါးမို့ ငိမ်းသလော(ငိုင်းသလော) လူအိုနားမို့ ထိန်းသလော။

**ဓနုကျေးလက်တေးသံ(၁၀၁)**
တုံးပျားနင်း တုံးရင်းမငေါ်စေနင့် တုံချော်ရှဲလဲတာတ်တယ်
သန်းခေါင်ကျော်ခြင်း မောင်လဲသတင်း မကျော်စေနင့် နံနက်လင်းမယ် မိဆဲတာတ်တယ်။

**ဓနုကျေးလက်တေးသံ(၁၀၂)**
တုံးအောက်ကာခါ အစာရှာလို့ဝေး အတောန်ခါရှဲ မပြေးနင့်
ဖုန်းတောက်တဲ့ မယ်ဟာမောန်လာလို့ ဆောန်ကာမပြေးနင့်(ရှောင်ကာမပြေးနင့်)။

**ဓနုကျေးလက်တေးသံ(၁၀၃)**
တုံးအောက်ကာဖါး ပြားတာယ်လို့ မထင်နင့်
မယ်တို့စကားတာစ်ခွန်းကြား မားတာယ်လို့လဲ မထင်နင့်။

**ဓနုကျေးလက်တေးသံ(၁၀၄)**
ထလက်ပင်ကြီး လမ်းနားနီး အဆီချွေမို့ မောန်လာတာယ်
ဆွေလဲမနီး မျိုးမနီး အိုင်ကြီးဒိုမို့ မောန်လာတာယ်။

**ဓနုကျေးလက်တေးသံ(၁၀၅)**
ထလက်ပင်ကြီး လမ်းနားနီး အဆီးခါမို့ မောန်လာတာယ်
ဆွေလဲမနီး မျိုးမနီး ဆွေမျိုးဆာမို့ မောန်လာတာယ်။

**ဓနုကျေးလက်တေးသံ(၁၀၆)**
ထလက်ပင်ကြီး လမ်းနားနီ တာကိမ်းထဲနင့် ငါးရာဆီး
ကျီးလဲမစား ငက်မစား အဆီးချိုမယ် ခါးသလား
မယ်တို့အပျို မောန်လူပျိုမို့ ရေးစားထားလို့ မားတာယ်လား။

**နေကျေးလက်တေးသံ(၁၀၇)**

ထလက်ပင်ကြီး လမ်းနားနီး ဆွေကျိုးအလို့ သာယာတယ်
မယ်လဲအပျို မောန်အပျို ဆတင်းဆာလို့ မောန်လာတယ်။

**နေကျေးလက်တေးသံ(၁၀၈)**

ထလက်ပင်ကြီး လမ်းနားနီး တကိမ်းထဲနှင့် ငါးရာဆီး
ဆီးချင်ဆိမ် ဒိမ်ချင်းဆက် အပွင့်ဆက်က ယော်ချေပြီ
မယ်တို့ချစ်ရက် မောန်ချစ်ရက် အိုင်မက်တင်ပဲ မြင်စေတော့။

**နေကျေးလက်တေးသံ(၁၀၉)**

ထလက်ပင်ထက် ရွက်လထွက် ဆီးချင်းဆိမ် ဒိမ်ချင်းဆက်
အပွင့်ဆက်က မိုးကိုမျှော်လို့ ယော်ချေပြီ
မယ်ကတဆက်(တသက်) မောန်တဆက် မယ်တို့အချစ်ကိုယုံလို့ မောန်ရဲ့အလွမ်း
တောန်လိုပုံ၍ ကျန်ခဲ့ပြီ။
ထလက်ပင်ထက် ကျောက်ပန်းတက် မိုးပက်လို့ စိုပူးပ
မောန်လဲချစ်ရက် မယ်ချစ်ရက် မောန်ထက်စောလို့ အိုပူးပ။

**နေကျေးလက်တေးသံ(၁၁၀)**

ထနောန်းပင်ပျို မိုးမစို အတူဒိုဖို့မကောန်းလော
မယ်လဲအပျို မောန်လူပျို အတူနေလို့ မကောန်းလော။

**နေကျေးလက်တေးသံ(၁၁၁)**

ထထာဦးက ဘိလူးပြူ အစွယ်ဆောလို့ကျိုး
ရေးစာဦးမို့ ချစ်ဦးဆူ ညားမလိုနှင့် ဆူမျာဦး။

**နေကျေးလက်တေးသံ(၁၁၂)**

ထထာဦးက ညောင်ပင်ဖြူ ပွင့်ချင်လို့ပူး
ဆူ့ဆမီးအပျိုစင် အလှဆင် မြင်ရရုံနှင့် ရူး။

**နေကျေးလက်တေးသံ(၁၁၃)**

ထရှုးပင်ရင်း ဝက်လူးအင်း လူးအင်းဆာလို့ ဝက်လာတယ်
မယ်တို့ဆတင်း ရွာကိုပတ်ရပ်ကိုထွင်း ဆတင်းဆာလို့ မောန်လာတယ်။

**ဓနုကျေးလက်တေးသံ(၁၁၄)**
ထမင်းခြောက်ပျာ ကြွက်ခြေရာ ကြောင်လာတင်ခိုက် ပြေးခုတ်လိုက်
မယ်တို့ဆီမှာ နို့ဆီတာ မောန်လာတင်ခိုက် ပေးဆုပ်လိုက်။
ရှင်းလင်းချက်
ကြောင်လာတင်ခိုက်=ကြောင်လာတဲ့အခိုက်
မောန်လာတင်ခိုက်= မောင်လာတဲ့အခိုက်

**ဓနုကျေးလက်တေးသံ(၁၁၅)**
ထုံးဖြူပုရား တယ်လို့ထား စိန်ကားပန်းနှင့် ညောင်အိုးတင် ဆခင်(သခင်)ဖယ်သူလဲ
တရှာဆူတရှာဆား ရေးစားထားတော့ အိုင်ပါဖယ်သူ(ဘယ်သူ)ခေါ်မှာလဲ။

**ဓနုကျေးလက်တေးသံ(၁၁၆)**
နားငှောင်းနားငှောင်း ဆေးမှာထိမ် ဆိမ်မှာရောန်း နားငှောင်းပေါ်စ ဖါထဲက
ဆူ့ဆမီးအကောန်း အိုင်တွင်းအောန်း အကြောင်းပေါ်စ ခုနေ့ည။

**ဓနုကျေးလက်တေးသံ(၁၁၇)**
နွားကုပ် နွားကျား ရှာလယ်ခေါ်န်မှာ တွန်လို့ဆွား  နွားကျားသခင်ဖယ်သူလဲ
စောင်းဆံ(စောင်းသံ)နှင့် ဖနပ်ဆံ (ဖနပ်သံ)ကြား အိုင်ဆားလို့ ဖယ်သူခေါ်မှာလဲ။

**ဓနုကျေးလက်တေးသံ(၁၁၈)**
ပိတုန်းကိုးကောန် အိုးနှင့်လောန် အတောန်ဖယ်လို ခတ်ဆလဲ
လူနေယောက်နှင့် အပျိုလည့် ဘယ်တယောက်ကို စကားပြောမလဲ။

**ဓနုကျေးလက်တေးသံ(၁၁၉)**
ပိတုန်းကိုးကောန် အိုးနှင့်လောန် အကောင်ဖယ် ညါခတ်တယ်ပ
ဆော့နေယောက်စလုံး ပြောမယ်ပ။

**ဓနုကျေးလက်တေးသံ(၁၂၀)**
ပိတောက်ပန်းမို့ ပန်းဆွဝါ နှမ်းတိမ်း မွှေးလိုက်ဒါ
မယ်တို့ပါးကို တကာယ်တန်း မောန့်ပေးနမ်းပါ(မောင့်ကိုပေးနမ်းပါ)။

**ဓနုကျေးလက်တေးသံ(၁၂၁)**
ပိတုံး ပိတုံး ပျားပိတုံး ဗိုမ ရင်းတိုက်ပင်မှာ စုပ်နေကျ
ဒါတိမ်းစုပ်မြဲ မစုပ်ပဲ နတ်များဖယ်လို ပေါထားလဲ
ဒါတိမ်းလာမြဲ မလာပဲ ရေးစားဖယ်လို ပြောထားပဲ။

**ဓနုကျေးလက်တေးသံ(၁၂၂)**

ပုစင်းပုစင်း ရှေ့ရှေ့ရင်း ပုစင်းဖိုမ အင်ကြင်းပင်မှာ စုပ်နေကျ
စုပ်ခါမြဲတိမ်း မစုပ်ပဲ ဖယ်များရောက်နေလဲ
မောန်တို့ချစ်ခြင်းဆွေမျိုးရင်း အကြောန်းဆိုလို့ ရပူးပ။

**ဓနုကျေးလက်တေးသံ(၁၂၃)**

ပုဆိုးပြာကွက် ပိုးချေဆက် အင်းကထွက် စက်ယက္ကန်း
ပုဆိုးရောင်ညို တိမ်မီးခိုး ညိုးတယ်ပ
မယ်တို့အလမျိုး မောန်ရနိုး အကြောန်းမဆိလို့ စိုက်ညိုးပော်တယ်ပ။

**ဓနုကျေးလက်တေးသံ(၁၂၄)**

ပုတီးလုံးနီ ပိုးကြိုးသီ မဆီဆင့်လော(မသီသင့်လော) ဆီဆင့်လော(သီသင့်လော)
ဆန်းခေါန်ကျော်ပြီ ကျောချင်းမိ မမိဆင့်လော မိဆင့်လော
မဆီဆေးနဲ့ ကြိုးဆွေးတယ် မမိဆေးနဲ့ ကျောအေးတယ်။

**ဓနုကျေးလက်တေးသံ(၁၂၅)**

ပိတ်အင်္ကျီပြူစ မဝတ်ရ ချေစချော နမျောပ
မယ်လဲအလ မောန်မရ ပြန်ရမှာလဲ စကားကောန်းလို့ နမျောရ။

**ဓနုကျေးလက်တေးသံ(၁၂၆)**

ဖရားငှတ်တို မပူးလို ဆွဲလဲဆံကြားမ ဖရားကြောန်းဆိလို့ ပူးမိတယ်
မယ်တို့အပျို မချစ်လို တယောက်ဆူနှင့် အိုဆံကြားလို့(အိုသံကြားလို့) ရှူးလိုက်မယ်။

**ဓနုကျေးလက်တေးသံ(၁၂၇)**

ပူးလဲလခြင်း ပူးလယ်စင်း တွင်းမှာဆန် ကန်မှာခတ်လို့ယူမယ်ပ
မယ်တို့လခြင်း ရှာကိုပတ် ရပ်ကိုထွင်း မင်းကိုဆက်လဲ ဖုန်းကံချင်း တူပူးပ။

**ဓနုကျေးလက်တေးသံ(၁၂၈)**

ပူးပဲ့လခြင်း ပူးလယ်စင်း ရေတွင်းမှာ ခတ်လို့ရပူးပ မယ်တို့လခြင်း ရှာကိုပတ်
ရပ်ကိုထွင်း မင်းကိုဆက်လောက် မတန်ပူးပ။

**ဓနုကျေးလက်တေးသံ(၁၂၉)**

ပူးလဲလခြင်း ပူးတိမ်ညင်း မင်းအိုင်တာက်၍ ဆက်မယ်ပ၊
မယ်တို့လခြင်း ရှာကိုပတ် ရပ်ကိုထွင်း မင်းကိုဆက်လောက် မယ်တယောက်။

**ခနေကျေးလက်တေးသံ(၁၃၀)**

ပူးလဲလခြင်း ပူးတိမ်ညှင်း ဆွမ်းဟင်းချက်လောက် ပူးတရုံနှင့် မြို့တညောက်
မယ်တို့လခြင်း ရွာကိုပတ် ရပ်ကိုထွင်း မင်းကိုဆက်လောက် မယ်တယောက်။

**ခနေကျေးလက်တေးသံ(၁၃၁)**

ပူးလပန်တုံ ထိပ်ကဖေါက် ဆောက်ရရုံ
မယ်တို့ချစ်ပုံ မောန်ချစ်ပုံ မယ်လချောလို့ ပြောရယ်ရရုံ။

**ခနေကျေးလက်တေးသံ(၁၃၂)**

ပူးလ အင်တွဲ ပူးကွဲလို့ ရေယိုတယ်
အမိမဆဲ ဖမဆဲ ဝမ်းနည်းမိလို့ မယ်ငိုတယ်။

**ခနေကျေးလက်တေးသံ(၁၃၃)**

ပျောက်ဆိတ် ပျောက်ဆိတ် တခေါန်းခင်လုံး ရှိုးရှိုးရိတ်
ပျောက်ဆိတ်ညင်းမွှန် ကြယ်မင်းခွန် ကြယ်မွှန်တစု လကိုလွှန်လို့ ဝင်စပြူ
မျက်နှာညိုးငယ် ပန်းတကုံးနှင့် ဆွေကုန်းဆူမှာ ကျန်ခဲ့တယ်။

**ခနေကျေးလက်တေးသံ(၁၃၄)**

ကျား။ ။ မတူမတူ အိုင်ချိုဖြူ(အိမ်ချိုဖြူ)
အိုင်ချိုဖြူကားလား လက်သမား လုပ်ထားပြီးပြီလား။

**ခနေကျေးလက်တေးသံ(၁၃၅)**

မ ။ ။ မတူမတူ အိုင်ချိုဖြူ
အိုင်ချိုဖြူကားလား အိမ်ထဲဆား(အိမ်ထဲသား) လုပ်မယ့်သူများ မရှိဆေး(မရှိသေး)။

**ခနေကျေးလက်တေးသံ(၁၃၆)**

မပန်ရဆာ ပန်းယင်းမှာ ယင်းမှာပင်ရင်း ချောလေခြင်း
မချစ်ရဆာ(မချစ်ရသာ) ကံမပါ ဆေးကကြောန်း(ရွေးကကြောင်း) နည်းလေခြင်း။

**ခနေကျေးလက်တေးသံ(၁၃၇)**

မရွာလေပဲ မိုးဟာန့်နဲ့ ရွာမယ့်ယိုးယောန် တိုင်ဖြူဆဲတိုင်မဲမောန်
မချစ်လေပဲ ချစ်မယ့်ယိုးယောန် စကားရှိုးနဲ့ နှုတ်ရှိုးပေါန်
မောန့်ကိုလွှမ်းအောန်ကြဲလေလော။

**ဧနကျေးလက်တေးသံ(၁၃၈)**

မိုးပဲ့ချုန်းလဲ မိုးလုံးညှို့ တိုင်သားပုံးလို့ မိုးချုန်းသံ(မိုးချုန်းသံ)
မယ်ပါးမို့မို့ ပေးနမ်းလဲ ပန်းပွင့်ဦးမို့ တန်ဖိုးမနဲ။

**ဧနကျေးလက်တေးသံ(၁၃၉)**

မိုးလိုရွာလို့ လလိုဝင်း မြင်ကွင်းကျယ်၍ ဆာတာယ်ပ
အမတို့လမြင်း လလိုဝင်း ချစ်ခြင်းလွယ်လို့ လာတာယ်ပ။

**ဧနကျေးလက်တေးသံ(၁၄၀)**

မိုးပေါ်ကြေ့လဲ ကြယ်တာဆိန်း(ကြယ်တာသိန်း)နှင့်ကြယ်တာဆောင်း(ကြယ်တာသောင်း)
စန္ဒလမင်းတာလုံးကြွင်းကို တူပူးပ။
ပြည်ကိုကြေ့လဲ လူတာဆိန်းနှင့်လူတာဆောင်း
ပေါ်နီးလို့ကြေ့လဲ မယ်တာယောက်ကို မီပူးပ။

**ဧနကျေးလက်တေးသံ(၁၄၁)**

မိုးပေါ်ကြေ့လဲ မိုးဆားလိုင်လို့ တိုင်ဆားပုံး လမင်းကိုမ မမြင်ရ၊
တောန်ကိုကြေ့လဲနှင်းခိုးပုံးလို့ မြူခိုးကျ တောန်တန်းကိုမ မမြင်ရ။
မယ့်ကိုကြေ့လဲ လဖက်တာရှိုးနှင့် ဆွေမျိုးတော်ချင်ပ၊
မောန်တို့ကြေ့လဲလူရုပ်ဆိုး ဆူခိုးထင်မစိုးပ။

**ဧနကျေးလက်တေးသံ(၁၄၂)**

မိုးပေါ်လမင်း တာလုံးချင်းထွန်းလင်းတောက်ပ
ဆာယာကြယ်ပေါင်း(တာရာကြယ်ပေါင်း) ဝိုင်းရံ့ခ။
ကိုယ်တို့ချစ်ကြောန်း အခွင့်တောန်း ရေးစားပေါင်းမို့ အကြောန်းဆုံတာယ်ပ။

**ဧနကျေးလက်တေးသံ(၁၄၃)**

မင်ရေဆုံးဆင့် စလဲပွင့် ပွင့်တဲ့စလဲ အဆီးတာလုံးထဲ၊
တားသွဲတင် မင်ရေကြီရုံးပေါ်တင်လို့ မင်းစော်ဖွါး ပွဲသွားအိုင်နေ လလွန်းပေ
လူလယ်မာရဲ ပွဲလယ်မာတင့်ကြင်ဆူဖက်ငြား သခင်လားလို့ မင်းဆားထင် ပျိုမေမကြင်ရဲ။

**ဧနကျေးလက်တေးသံ(၁၄၄)**

မန်ကျည်းပင်ထက် ရွက်နုထွက် မန်ကျည်းတောန့်ကျွေး ဟင်းထဲခပ်လို့ ချဉ်တာယ်ပ
မျက်တောန်ကောက့်ကျွေး ဆံထောက်ကျွေးနှင့် ဆေးပေါန်းအဆင်မို့(ရွှေးပေါင်းအဆင်မို့)
ယဉ်တာယ်ပ။

**ဓနုကျေးလက်တေးသံ(၁၄၅)**
မယ်ကလှမ်းမ လှမ်းဆာဆာ(လှမ်းသာသာ)
မုံ့ညင်းစေ့လောက် နှမ်းစေ့လောက် ထရှင်းထိုင်ရှင်းပျောက်
မောန်ကလှမ်းမ လှမ်းဆဲညှာ အနောက်တောင်လောက် ဆင်ခါးလောက်။

**ဓနုကျေးလက်တေးသံ(၁၄၆)**
မြေမှာ ထထား ကျားမှာ ဆစ်ငုတ်အပေါ်လှုပ် ကျောက်မှာ ဆင်ဖြူး ဆူးမှာမွေ့ယာ
ပုလွေလုံးလပဒူမကိုက်လို့ခါ မကျလေလော ကျလေလော
မယ်တို့ဆိကြိုက်လို့လာ မရလေလော ရလေလော။

**ဓနုကျေးလက်တေးသံ(၁၄၇)**
ယက္ကန်းခတ်လို့ ပိုးချေကိုဆင် ချောင်ဖယ့်ကရသလဲ
နားဆိလိုဘာ ကြားလိတ်တယ် မက်လာဆောန်မှာ ဖယ်ခါလဲ။

**ဓနုကျေးလက်တေးသံ(၁၄၈)**
ယက္ကန်းခတ်လို့ လွန်းတင်ခက် လက်ရာကောန်းလို့ ပိတ်ကောန်းရ ပိတ်စထူတယ်ပ၊
ခေါ်န်းခင်တလပ် ဘုံပြတ်သတ် နတ်နင့်တူတယ်ပ မယ်လချောလို့ ပြောလိုက်ကြ။

**ဓနုကျေးလက်တေးသံ(၁၄၉)**
လက်ဖက်ပလောန် စားရအောန်၊ ပလောန်လဖက် ကောန်းဆလော
ညဉ့်နက်သန်းခေါ်န် လယ်တဲ့မောန်၊ မိုးမောန်ကျအောန် ဆုတောင်းဆလော။

**ဓနုကျေးလက်တေးသံ(၁၅၀)**
လင်းယုန် လင်းယုန် ခွေလင်းယုန်၊ လင်းယုန်အစာရှိုးနိုး။
ခေါ်န်းခင်ထက်မှာ တိုင်တန်းထိုး၊ လင်းယုန်အစာမရ ဝဲလာ မိဘထံပြန်ရုံပ။

**ဓနုကျေးလက်တေးသံ(၁၅၁)**
လက်ပံဆား ထထားခင်းမိ၊ ချောယိယိ
ဆူများရေးစား စကားပြောမိ၊ ငရဲထိ

**ဓနုကျေးလက်တေးသံ(၁၅၂)**
လမ်းနားတဆောက်အင်ဖက်ချောက်၊ ကောက်ကြေ့မိတယ်နေ့လဲဆုံးခေါက် ညဉ့်ဆုံးခေါ
မောန်ရောက်လာသလားလို့ တဖက်ခေါက် မောက်ကြေ့မိတယ် ချစ်ဆူရယ်။

**နေကျေးလက်တေးသံ(၁၅၃)**
ဒီလိုမပြောနဲ့ ညီမရဲ့ရေအိုင်ဝိုင်းထိ ရေချိုးမိမော်ယိစွဲရုံ ကိုယ်မောရုံ။
စကားဆာလို့မျက်စေ့ဆာရုံ စိုက်ပါရုံ၊ မျက်စေ့စွဲရုံ ဝမ်းနဲ့ရုံ။

**နေကျေးလက်တေးသံ(၁၅၄)**
လမ်းနား သစ်ထိုက်ပဒူဝဲလို့ ပျားမွဲလိုက်။
မောန်လဲအကြိုက် မယ်အကြိုက်၊ ဆူများခွဲလို့ စိုင်းကားလိုက်။

**နေကျေးလက်တေးသံ(၁၅၅)**
ဝါးရုံပင်ခေါန်ပျား စာဝဲနား၊ ဝါးပျား အဆာငိတ်တယ်လော(အသာငိုက်တယ်လော)။
ပနုပ်ဆံနှင့် ခြေဆံကြားတခါးအဆာ(တခါးအသာ) ပိတ်သလော။

**နေကျေးလက်တေးသံ(၁၅၆)**
ဝါးရုံပင်ခေါန်ပျားစာဝဲနားဝါးပျား အဆာငိတ်ပူးပ။
ပနုပ်ဆံနှင့်ခြေဆံကြား၊ တခါးအဆာပိတ်ပူးပ။

**နေကျေးလက်တေးသံ(၁၅၇)**
ဆဗွါးဆီးလုံးကြောန် ခုနစ်ကောန်၊ တောန်က အရွက်ပုံးဆလော။
ညွှ်နက် ဆန်းခေါန် လည်တဲ့မောန်၊ မကြာခင်ပဲ မုန်းတော့မလော။

**နေကျေးလက်တေးသံ(၁၅၈)**
သာယာကြည်ပေါ်ပါန်း ဆိန်းဆန်းလောန်း၊ ကြယ်ပေါ်ပါန်းချင်းညီ လုံးချင်းစိ
ရေထွက်မရ၊ သာယာနက္ခက်ကြယ်ပေါ်ပါန်းပ။
စိုက်ချင်းဆိလို့ ကျော်ခင်းမိ၊ ပြူးချင်းဆုံလို့ နလုံးတုန်
ရှန်ခုန်တယ်ပ၊ မယ်နှင့်မောန်ဆုံအောန်ကြံဦးပ။

**နေကျေးလက်တေးသံ(၁၅၉)**
သောကြာကြယ်မင်းတလုံးချင်း၊ လမင်းကိုတု အရောန်ထွန်းကွန့်မြူးတယ်။
မယ်တို့ချစ်ခြင်း တယောက်ချင်း၊ ပျိုလေးငယ်လို့၊ ချစ်ဆူများလို့ ကျိုတားတယ်။

**ခနေကျေးလက်တေးသံ(၁၆၀)**

ဆံကျွန်း ဆံကျွန်း ဖက်ဆံကျွန်း၊ ဆံကျွန်းရွက်လ ကြွေပူးပ
ငယ်ခါမကျွမ်း ကြီးမကျွမ်း၊ အလွမ်းမောန်က ပြေပူးပ

**ခနေကျေးလက်တေးသံ(၁၆၁)**

ဆံနှင့်ပြဒါး ဆေးပေါ်စား၊ ပြဒါးမသေ သံမသေ၊ မီးအိုးကုန်လို့ လုံးအိုးကွဲချေပြီ။
တရွာသူ တရွာသား ရေးစားထားတော့၊ ချစ်အားပိုလို့ ငိုခဲ့ရပြီ။

**ခနေကျေးလက်တေးသံ(၁၆၂)**

သက္ကလပ် အင်္ကျီ စာလုံးစီကိုယ်ကိုချုပ အသာကြွ ထပ်ဥကြွ ဆပေါ်ညီမျှ
ကိုယ့်ချစ်သူကို နောက်မှာထား၊ အိုင်ခြေလယ်ငြား ချစ်သူရှိလို့ ပြန်ချင်လဲ
တားလို့မရ ဆီးမရ။

ဆစ်ခွပန်းပင် ရေမလောန်း၊ ပေါင်းမဆင် မစင်ပူးလေ
ငယ်ခါမဆင် ကြီးမဆင်၊ မကျင်လယ်ပူးလေ။

**ခနေကျေးလက်တေးသံ(၁၆၃)**

ဆစ်ပင်လလဲ သစ်ပိုးထိုး၊ ပျဉ်ပဲ့လုပ်လဲ၊အောက်မှာထားလို့ ချစားပြန်။
မယ်တို့လူမျိုး အဆဲဆိုး၊ မင်းကတော် လုပ်လဲ၊ အဆဲဆိုးလို့ အဖိုးမတန်။

**ခနေကျေးလက်တေးသံ(၁၆၄)**

ဆစ်ပင်လလဲ သစ်သံကျွန်း၊ဆစ်ကျွန်းဖိုမ တုံးလုပ်လို့ရ၊ ခွဲမရ
မယ်တို့လလွှန် မုဲမစွန်း၊ လူပြည်တကျွန်း၊ မီးထွန်းဆာလို့ တုမဆိ။

**ခနေကျေးလက်တေးသံ(၁၆၅)**

အဆော့ကဖွေးဖွေး အတောနေမြင်ညောန်ဖြူပြင်ကြားက၊ ပတ္တမြားနှင့် စိန်ဆားတင်
မယ်တို့စကား ယုံမိမှားအတား၊ သဌေးသားမ သူချစ်ခင်တာယ်ပ

**ခနေကျေးလက်တေးသံ(၁၆၆)**

အဆော့တရိုး နေပြောက်ထိုး၊ ပဆိုးဗယ်သူ ကာမလဲ၊
မောန်တို့လူမျိုး အရုပ်ဆိုး၊ ဆွေမျိုးဗယ်သူ တော်မလဲ။

**ဧနကျေးလက်တေးသံ(၁၆၇)**

အဆော့တခွင် မီးလောင်ပြင်၊ ဆာမင်မိဆား မြက်နုပေါက် မြက်နုစား။

ကလားဆူငယ် လေးနဲ့ရှယ်၊ တကာယ်ပစ်ရဲလား။

မယ်တို့ကအဖော် မောန်အဖော်၊ တကာယ်ချစ်ရဲ့လား။

**ဧနကျေးလက်တေးသံ(၁၆၈)**

အဆော့တောန်ရိုး နေပြောက်ထိုး၊ ပဆိုးခကာ ခြုံဦးပ။

တို့လိုလူမျိုး လူရုပ်ဆိုး၊ အကျိုးမရ မောရုံပ။

**ဧနကျေးလက်တေးသံ(၁၆၉)**

အဆော့မွှေးမွှေး အဝေးကနေမြင်၊ ရေကာန်ထဲကပါး နကားထင်တယ်ပ၊

မယ်တို့ချစ်ငြား တရားဝင်၊ ကြင်ရာထား စံထားချင်တယ်ပ။

**ဧနကျေးလက်တေးသံ(၁၇၀)**

အမတို့မှာတော့ကက်ပျောပင်ငယ် ပင်သုံးဆယ်၊ အခိမ်လနှင့် အကျေတော။

အမတို့နုနယ် ချစ်ချင်ပွယ်၊ အိုမယ့်ဆပေါ် မောန်ထက်တော။

**ဧနကျေးလက်တေးသံ(၁၇၁)**

အသီးတရာ အညှာတခု၊ ဆီးချင်ဆိမ် ခိမ်ချင်းစု၊ သလဲဆီးမို့ အထဲနီတယ်ပ။

ဆူ့သမီးမယ်ပု၊ ချစ်ချင်းပြိုင်လို့ အနိုင်လု၊

ဆူငွေးဆမီးမို့ ဂုဏ်ရှိတယ်၊ ပျိုတိုင်းကြိုက်လိတ်တယ်။

**ဧနကျေးလက်တေးသံ(၁၇၂)**

အထုံးဆိတဲ့ချောင်၊ ဆခင်ဆိတဲ့ နွားပြူကျား၊ ကြိုးထုံးခွာကြား ချပ်တယ်ပ။

မုန်းလို့မရတဲ့ ပျိုပြူခင်၊ မျက်နှာမြင်မ ဆတိရ၊ ရေးစားမတ်တယ်ပ။

ရေးစားမတ်တယ်ပ=ရည်းစားမှတ်တယ်ပ

**ဧနကျေးလက်တေးသံ(၁၇၃)**

အထုံးမဆိတဲ့ချောင်၊ ဆခင်မဆိတဲ့နွား၊ ရှာလယ်ခေါ်နီမှာ ကြိုးစတများများ။

ပြုံးလို့ရယ်လို့ ပျိုချစ်ခင်၊ ရှာလယ်ခေါ်နီတွင် ရေးစားတပွားပွား။

**ဓနုကျေးလက်တေးသံ(၁၇၄)**

အာလူး အာလူး မြေမာယူလို့၊ ပြာမာလူး အာလူပုတ်က စားမဝ

မချစ်ဝပူး ပြောစဦးချစ်ဦးသူမို့ ခွဲမရ။

**ဓနုကျေးလက်တေးသံ(၁၇၅)**

အင်္ကျီပြူစ ဝတ်မဝ၊ ချေစချောလို့ နပျော်တယ်။

မယ်တို့အလ မောန်မရ၊ မယ်အိုစောလို့ နပျော်တယ်။

**ဓနုကျေးလက်တေးသံ(၁၇၆)**

အင်ကြင်းရိုးနီ ဖူးပွင့်စီ၊ ခါတော်မီ၊ ပွင့်လိပ်ကြ တကုန်လုံး၊ အမွှေးယဉ်တယ်ပ။

မယ်တို့ချစ်ဆည် ကျောချင်းမီချစ်ချင်းညီလို့ ဆွေရင်းအေးတယ်ပ။

**ဓနုကျေးလက်တေးသံ(၁၇၇)**

အင်ကြင်းငှတ်တို မနုလို့၊ ဝါဆိုမိုးမှဲ့ မိုးလုံးကြ၊ မိုးဖွဲခဲလို့ နုပြီလော။

မောန်တို့လူပျို မချစ်လို့၊ ဆူများပျင်လို့ အကြံရ၊ တယောက်ဆူနှင့် အိုပြီလော။

**ဓနုကျေးလက်တေးသံ(၁၇၈)**

အင်ကြင်းငှတ်တို မနုလို့၊ ဝါဆိုမိုးကို ငံ့သလော။

မယ်လဲအပျို မောနလူပျို၊ မုဆိုးဖိုကို ငံ့သလော။

**ဓနုကျေးလက်တေးသံ(၁၇၉)**

အိုင်ကာလဲ နေဆောန်ပြမ်၊ ဒိမ်အောန် ဆောက်ထားတယ်။

ခင်တို့ကြော့လဲ ဗယောန်းတိမ်နယ်၊ ငေးမိမ်လောက်အောန် လလိတ်တယ်။

**ဓနုကျေးလက်တေးသံ(၁၈၀)**

အိုင်တိမ် ဆစ်နု၊ ကျစ်ပြောက်ထု၊ ဆစ်နုအိုင်တိမ် ဒိမ်ဆလော။

မယ်လဲအနု မောန်အနု၊ အမှုကြီးငယ် နိမ်ဆလော။

**ဓနုကျေးလက်တေးသံ(၁၈၁)**

ကိုးမြို့ဇော်ဖွား လယ်လုပ်သား၊ ကိုးမြို့ဆခင် ဆင်ပေါ်ဆင်းလို့ မြင်းပေါ်တင်

ဆွေပင်ဖွားလို့ ဆွေဆားထင်။

မောင်တို့စကားယုံမိမား၊ မောင်တို့ကြင်ရာ တို့ကိုထား။

တခြားမှာ ပေါ်တင်ချော၊ အပြောကောင်းစိတ်ထဲပါ၊ တကယ်ကျတော့ ဟိုးလို့ဟားလား။

**နေကျေးလက်တေးသံ(၁၈၂)**

ကော်စော မိုက်ခေါ်း၊ မြင်းပေါ်တင်လို့ ပွဲမှာခင်း၊ ပွဲတွင်းကျလေ လလေလေ။

မယ်တို့အလလေး မောင့်ချစ်ရေး၊ ဝါရေးကျလေ လလေလေ။

**နေကျေးလက်တေးသံ ကြီးချင်း (၁)**

ကကြီးလျှင် ခကွေး၊ စလုံးလူပျိုပေါက်ကာမ၊ ဂငယ်ဝင်လို့ နောက်ကာမ၊

ထပါဦးကွယ် မစာလုံးရယ်။

**နေကျေးလက်တေးသံ ကြီးချင်း (၂)**

ကြက်ဖမြူရယ် တောင်ပံရိုက်ပါလို့၊ မငိုက်တန်း ခွေကုန်းဆူ၊ လင်းစို့အတူ

အိုက်ငိုက်သူ ပြာပူနဲ့ပက်တမ်း၊ (မကြီးရယ်) လင်းမ ပြန်စတမ်း။

**နေကျေးလက်တေးသံ ကြီးချင်း (၃)**

ခါချဉ်ရယ်ဆို မာန်ဟုန်ကြီးပါလို့၊ ဆင်ကြီးကိုတဲ့ မျိုမယ့်ကြံ၊ ခါးနင့်မတန်။

ခါနင့်မတန်၊ မာန်ဟုန်ကဆော့စမြဲ။

ပျိုလေးခင် အိုင်လယ်အောက်မှာလ၊ (မောင်ကြီးမာဇာ) ဒူးထောက်လို့လဲ။

**နေကျေးလက်တေးသံ ကြီးချင်း (၄)**

ခင်တို့မှာ ပိုက်ပြုလေးတွေနဲ့က၊ မြင်သူငေးအောင်ပ လဆာတယ်။

မိုးအချုပ်မှာ နမပျို၊ ဆံတောက်ကလေး မတိုမဆေနဲ့၊ အိုင်လမ်းကို တမ်းပြန်ကြတယ်။

လွမ်းသွဲ့ဌာနီ၊ ဟိုအဆော့ဆို ရေမြှာန်တဝိုက်မှာ၊ ပျိုတို့မောင်ဆွေယောန် ငိုတ်ရက်နဲ့

ကျဲရိုတ် ကာညံစီစီ၊ အပြန်မိအောန်ပ ညနေစောင်း။

ထွန်တပက်မှာ၊ ဆွံ့ပွက်တွေ တပေပေနဲ့၊ ညာမေပြု ပျိုတခိုက်ကို ရွာဆီကို

အမိလိုက်ရအောန်၊ ပျိုတို့မောန်မှာ၊ ကျဲရိုတ်လို့မောန်း။

**မနုကျေးလက်တေးသံ ကြိုးချင်း (၅)**

ချစ်လို့ရှယ်တုန်၊ မီးတယ်ပုံ ပျိုလုံလို့မနွေး။

ချစ်တဲ့ဆူ စောင်ယူလို့ပေးကာမ၊ မီးလုံထက်နွေး။

**မနုကျေးလက်တေးသံ ကြိုးချင်း (၆)**

ခေါ်န်းလောန်းလေးရှယ်တဲ့ ဒိုးဒုံ၊ ပျိုလေးမောန် လယ်လုပ်ဆင်းတယ်ကွဲ့မိုးထွက်နှင့်ကြုံ

တခူးရှယ်ကုန် ကဆုန်လဆန်း။ပျိုတို့မောန် အိုင်တောက်လင်ကို ဆွေမိုးညိုဝဆန်ကုန်ခါ

ပြန်ခဲ့ပါ့ ကိုယ်ချစ်ဦးထူးတဲ့မာတမ်း။

**မနုကျေးလက်တေးသံ ကြိုးချင်း (၇)**

ခေါ်န်းလောင်းလေးရှယ်တဲ့ ဒိုးဒုံ။မလေးမောင် အောက်ပြည်ဆင်းပါလို့၊ မိုးထွက်နဲ့ကြုံ

မိုးကုန်ရင် ပြန်လာပါအုံး။ခေါ်န်းပေါန်းရှယ် ဆွေဟော့လုံးရှယ်နဲ့၊ ပြောစမဆုံး။

**မနုကျေးလက်တေးသံ ကြိုးချင်း (၈)**

ချေဆမင် စိုင် ဆတ်၊ ရေငတ်လို့ တလည်လည်။နတ်ထားသည့် ရေကန်နားကို

ဆွားမိပြန်တယ်။ချေဆငယ်လေးရှယ် မလိမ္မာလို့၊မုဆိုးဆို ဆွေစိန်ပြောန်းရှယ်နဲ့၊

ချေန်းပစ်မိမှား။

**မနုကျေးလက်တေးသံ ကြိုးချင်း (၉)**

စပယ်ပူးလေးရှယ်တဲ့ ပူးတံဆင်၊ ပန်ချင်ဆူပျိုမောန်က၊ လက်လမ်းလို့ငင်၊

ပန်းဆဇင် မြိုင်ယံတောမာလ၊ ပန်းမြတ်ဝေဆာ၊ ပင်ထက်ယံ အမြင့်မာလ

ဆွတ်ချူရန် ခက်ထာမို့၊ ပျို့တိုမောန် မပန်ထိတ်ထာမို့၊ ဆေးဗဝ အကြောန်းကံကနဲ၊

**မနုကျေးလက်တေးသံ ကြိုးချင်း (၁၀)**

စပယ်လေးရှယ်တဲ့ မြတ်လေးရုံ၊ ပန်ချင်ဆူ မောန်ခူးလို့ ပေးမယ်ပ၊ ပန်းမြတ်သည်ရုံ၊

အပွင့်ရှယ်ကုန်၊ ပန်းစုံတဲ့ ဆေတော၊ မောန်တို့မယ် မပန်ထိတ်တယ်ကွဲ့၊ပန်းမက်ဆူ

**မနုကျေးလက်တေးသံ ကြိုးချင်း (၁၁)**

တဆငယ် အခိုကောန်း၊ လှိုင်ခေါန်းတဲ့ ဆွေဥမင်၊ ကြိုးချက်ကယာဉ်

ဆွေဥမင်၊ လေးတင်လို့ရှယ်မိ။ဆွေလောက်တ အဟာန့်ဆေး၊ ဝေးကာမမိ။

**နေကျေးလက်တေးသံ ကြိုးချင်း (၁၂)**

တဆငယ် အခိုကောင်းပါလို့၊ လှိုန်ခေါင်းရယ်တဲ့ ဆွေဥမင်၊ နားတဲ့ ငက်မင်းစင်။
လေလာရင် ကျူပြင်ပျားမာလ၊ တောန်လေလာ မြောက်လေငြိမ်းတယ်ကွဲ့.
(မကြီးရယ်) စိုင်းတော့မာလား။

**နေကျေးလက်တေးသံ ကြိုးချင်း (၁၃)**

စူးစူးရယ်တခါ စာစာရယ်တလည့်။ မောန်ကြီးထံ မာယာနင့်၊ ပြားယောင်းတယ်ကွဲ့။
ဦးကောက်နင့်ဥာဏ်၊ မောန်မလာ မယ်ပာကကျော့တင်း၊ နောက်နောန်ခါ မောန်လာရင်ပ
မလေးခင် ဆွေပေါန်တွင်းကို၊ (မောန်ကြီးရယ်) ပေးပေ့ါချက်ချင်း။

**နေကျေးလက်တေးသံ ကြိုးချင်း (၁၄)**

စိုင်တမော့ ဆည်ယာအုပ်ဆီက၊ သမုဒ်လေ ရေပြင်ကျယ်၊ ကျူးလို့လာတယ်။
မောန်လာဆို ချစ်ဆူကာဟန့်တား၊ အကြောန်းရှန်မဖန် ကံမဆုံလို့
မမကြီးရယ်၊ မောန်ကြီးမှာ ဆမုဒ္ဒရာရေပြင်ကြောမာလ၊ တုံးလုပ်လို့မျော။

**နေကျေးလက်တေးသံ ကြိုးချင်း (၁၅)**

ဆေးလိပ်လေးရယ်တဲ့ မြနန်းတိမ်၊ မောန်ကယူ မယ်ကပေးတယ်ကွဲ့၊ အေးမြမြကြိမ်
ဆေးရှိုးရယ်ကြိမ်၊ ကိုယ်တိုင်ပဲလာရ၊ ဆောက်ချင်ဆို မယ်ကပေးတယ်၊
ဆေးလိပ်လက်ပောန်း။

**နေကျေးလက်တေးသံ ကြိုးချင်း (၁၆)**

မောန်ကြီးမာကွယ်၊ ဆေးသောက်လို့ကောန်း။ဆေးလိပ်လေး မြနန်းတိမ်၊
ဆောက်စေချင် ပျိုကပေး၊ အေးမြမြကြိမ်။ မြနန်းတိမ်ရယ်ချို၊ ဒွေယိမ်လို့ ပျော့ပျောန်း။
သောက်စေချင် ပျိုကပေး၊ ဆေးလိပ်လက်ပောန်း။

**နေကျေးလက်တေးသံ ကြိုးချင်း (၁၇)**

ဆွေမှိုးညို မောန်မောန်မဲပါလို့၊ ငယ်တကဲကမောန်တို့မာ၊ ထားတဲသစ်ဆာ။
ကျုံသစ်ဆာမန်ပါရဲ့လား။ နောက်နောန်ခါ မောန်လာ၍တောန်းမယ်ကွဲ့.
မောန့်သစ်ဆာကျိုင်စာ များကို၊ မလေးခင် ဆွေရင်ကြားမာ၊ ပုံးဖိလို့ထား။

**ခနေကျေးလက်တေးသံ ကြိုးချင်း (၁၈)**

ဆွေကုန်းသူ ရွာမြောက်နားမှာလ၊ ပရားလေးတဲ့ ဆုံးဆူပြီမ်၊ ပူးမယ်လို့တိမ်
ကြက်ဆာတိမ်၊ မဒိမ်လို့ယိမ်လဲ။ မယ်နှင့်မောန် နေကိုယ်ထဲ၊ ပူးရထိုက်ပဲ။

**ခနေကျေးလက်တေးသံ ကြိုးချင်း (၁၉)**

ဆွေမိုးညို တောန်ကမဲပါလို့၊ အုန်းမြိမ့်မြိမ့်ညံ၊ မလေးထံ၊ စာပြန်တဲ့ ဆက်ဆား။
ပျိုလေးမှာ ငယ်ပါသေးတယ်၊ မောန်ကြီးရယ် လွမ်းစိတ်တွေနောက်ထား။

**ခနေကျေးလက်တေးသံ ကြိုးချင်း (၂၀)**

ဆွေလလို ရောန့်ဝါဝင်းပါလို့၊ မယ့်သတင်းကောင်းရယ်တဲ့ မိုးလိုရွာ
မောန်တို့မှာ အဆပြာငွေကြေးနှင့်၊ တင်ခါပေးမယ်ပ ပျိုကညာ။
မောန်တရွာ မယ်တရေးပေမို့၊ အားခဲလို့ လာခဲ့မှာ၊ မယ်တို့အိုင် မောန်ရောက်ခါမ
နွားရက်ဆို ကြာစုံကြားရယ်နှင့်၊ ကုန်တင်ခါ ဆာလို့ကျွေးမယ်ပ၊တိုးလို့ကြံအုံး။
ပျိုတို့မောန် အိုင်ထောန်ဦးမှာ၊ စောစိတ်ဆွင်မြူး။

**ခနေကျေးလက်တေးသံ ကြိုးချင်း (၂၁)**

ဆွေလရယ် မံလိုဝိမ်းပါလို့၊ ဒါတိမ်းရယ်တဲ့ မယ်မတူ။
အချစ်များသူ ခင်တမ္ဘူရယ်နှင့် ၊မမကြီးရယ်၊ စိုင်းတော့မှာလား။

**ခနေကျေးလက်တေးသံ ကြိုးချင်း (၂၂)**

ဆံပင်တွေ ဆိမြောက်၊ ပင်ကောက်နဲ့ဒါးလိုင်။ မျက်ခုံးတွေ ပလပ္ပေနဲ့
လူပျိုတွေအမြင်ကပ်တယ်၊ လင်ငတ်မကြီး။

**ခနေကျေးလက်တေးသံ ကြိုးချင်း (၂၃)**

ဆံပင်လေ ကြက်တောန်စဲ၊ ငယ်ကတဲ မင်းနဲ့ငါ၊ ထားတဲ့သစ်ဆာ။
ဆံကောသာ၊ ဆေပါပေါ့ ကျော့ဆုံး၊ မင်းနဲ့ငါ့သစ်ဆာထား၊ မြဲပါ့သက်ဆုံး။

**ဓနုကျေးလက်တေးသံ ကြိုးချင်း (၂၄)**

မူးလိတ်တဲ့အနီရေ တကျုပ်တန်ဖူးပိတ်။ ဖန်ခွက်ကို ကိုင်ကာဆွဲ
ယိမ်းလဲအောင် မောင်သောက်မယ်၊
အပဲခြောက်ကင်ကာ မြန်မြန်ယူလာခဲ့လေ၊ ကောင်းတဲ့အရက်ပာ၊
လူမှန်းမသိအောင် မူးရက်လေတော့တာ။

**ဓနုကျေးလက်တေးသံ ကြိုးချင်း (၂၅)**

တလိုင်လေးရယ်နေလိုင်၊ မလေးခင် ဆွေဥာဏ်များတယ်ကွဲ့၊
ဒါးထောက်လို့မိမ်းပန်းနေဒိမ်၊ ငွေယိမ်လို့ပန်ထား။ နောက်နောန်ခါဥာဏ်မများနှင့်၊
မကြီးရယ်၊ ပြောမယ့်စကား။

**ဓနုကျေးလက်တေးသံ ကြိုးချင်း (၂၆)**

တပြုံးပြုံးလေးရယ်တဲ့၊ ပုခုန်းရယ်လက်တင်ကာ၊ ပါးကင်လို့မာ။စူးစူးရယ်တခါ၊
တတရယ်တခွန်း။ ချစ်တဲ့ဆု မောင့်စကားကိုလ၊ မမကြီးမာ၊ တွေးဆလို့လွန်း။

**ဓနုကျေးလက်တေးသံ ကြိုးချင်း (၂၇)**

ထက်ခေါင်းခင် ဝတိုင်ပျားဆီကာ၊ နတ်စကားလေးရယ်တဲ့ မာခဲ့မယ်
သုံးနှစ်ရယ် ပညာဆင်ဆွား၊ ဝေးတမြေရပ်ခြား၊ ပညာတွေစုံအောင်တက်ခါမ၊
မမလေးထံ ပြန်လာမယ့်ယောက်ကျား။ ပျိုးလေးမောင် အိုင်ပြန်ရောက်ခါမ၊
လူကြီးမိဗများနှင့် တောင်းပို့မယ်၊ ငက်ပျောအုပ်ရယ်က ဖီးဆိမ်းတင်လို့
ပျိုလေးအိုင်ဌာနေလမ်းကို၊ မန်းဆရွယ်စူး။

**ဓနုကျေးလက်တေးသံ ကြိုးချင်း (၂၈)**

ပထဝီမြေညွတ်ပါလို့၊ မလွတ်ပူး မောင်သစ်ဆာ၊ မြဲစောန့်လျက်ပါ။
မောင့်သစ်ဆာ၊ မန်ပါရဲ့အထူး။ မယ်ထက်သာ ဆွေပင်တွေ့သော်လဲ
မလွဲပါသစ်ဆာထူး၊ မေ့နိုင်ပါပူး။

**ဓနုကျေးလက်တေးသံ ကြိုးချင်း (၂၉)**

ပတောက်ပန်းမို့ ပန်းဆွတ်ဝါ၊ နမ်းတဲ့မှ မမွှေးပါ။နမ်းမိသူ ပျိုမောင်က
ပိုးကိုက်လိုက်မှာ။ မယ်တို့အပျို မောင်လူပျို၊ ပေးလို့နမ်းလဲ လူပုံလယ်မှာ
အဆက်ကွဲလို့ အကျိုးနဲ့။

**ဓနုကျေးလက်တေးသံ ကြိုးချင်း (၃၀)**

ပုဆိုးလေ ဆေတာထယ်၊ ပွဲပေါ်ရင် ဆွားရလွှန်းတော့၊ နွန်းကုန်ခဲ့တယ်။
ခါးမှာတာထည်၊ အိမ်ဝယ်မဆိ။ ဘယ်တော့ခါ ဝါဆိုဦး၊ ကျူးတယ်မဆိ။

**ဓနုကျေးလက်တေးသံ ကြိုးချင်း (၃၁)**

ပဆိုးရယ်ဆို ကွက်ပြာဆေး၊ မောင်မောင်လေး ဆိုလိုက်တာ၊ အဆဲထိအောင်နာ။
ဆိုပါစေ ခံမယ်ပ မယ်အများ။ နောက်နောန်ခါ မောင်အိုဆွားခါမ၊ ပြောပေါ့စကား။

**ဓနုကျေးလက်တေးသံ ကြိုးချင်း (၃၂)**

ပုတိုလေးရယ်တဲ့ ပုတို၊ ခံ့ဖိနပ်ကို ဆယ်ရုံခင်းပါလို့၊ တိုးမမြင့်လို မမြင့်စေလို၊
မမြင်စေလို၊ မြေတောန်ဆွက်ခါမ၊ မမကြီးရယ်၊ နမ်းစေ့လောက်တိုး။

**ဓနုကျေးလက်တေးသံ ကြိုးချင်း (၃၃)**

ပလွေလေးရယ်တဲ့ ထိုးထိုးထောင်၊ ကစင်းပေါ်ဆောက်ကာသွားတယ်။ကွဲပျောက်လို့ယော
အိုင်ဆားရယ်ယောန်။ယာန်ဆောန်လို့ပျိုခိမ်း။မောင်ကြီးရယ်၊ ဆွားပေါ့နေ့တိမ်း။

**ဓနုကျေးလက်တေးသံ ကြိုးချင်း (၃၄)**

ပလွေသံရယ်တဲ့ တပြောင်ပြောင်၊ ခေါန်းပေါန်းရယ်တဲ့လိုက်ပြာတောန်။
လယ်ကစင်းပေါန်၊ ဆောက်ကာသွားတဲ့မောန်။ အိုင်ဆားရယ်မမယ်
ကျွန်ရယ်ကတာပိမ်း၊ မောင်ကြီးရယ်၊ ဆွားပေါ့နေ့တိမ်း။

**နေကျေးလက်တေးသံ ကြီးချင်း (၃၅)**

ကျား။ ပေးပါလဲ့ပေးပါ၊ မလေးခင် ရင်ခွင်ဦး၊ ပွေ့ပိုက်ပူးလေးသာ

မ။ ခုနေခါမဆိုင်သေး၊ ပေးလို့မရသေး။

**နေကျေးလက်တေးသံ ကြီးချင်း (၃၆)**

ကျား။ ပျိုလေးခင်ဆွေရင်ဦးက၊ စပယ်ပူးဟာ ပေးလို့ခူးပါ။

မ။ ပျိုလေးခင် ဆွေရင်ဦး၊ ထူးမြတ်တဲ့ စပယ်ဟာ၊ ခူးချွမရပါ။

ခူးမိတဲ့ပျို့မောင်မှာ၊ အဆပြာငွေကြေး၊ ပေးလျော်ရမှာ။

**နေကျေးလက်တေးသံ ကြီးချင်း (၃၇)**

ကျား။ ပျိုလေးခင်ဆွေရင်ကြားက၊ ထပ်မနားရယ်တဲ့ မောင်ခူးချင်။

ပျိုလေးခင် ဥစ္စာရင်းမို့၊ ပေးထိတ်တယ်ထင်။

မ။ ခုနေခါ မောင်မဆိုင်သေး၊ နောက်နောင်ခါမောင်ဆိုင်ခါမ

ပျိုလေးခင်စပယ်ပူးကို၊ မြူးဆော့ပါလေး။

**နေကျေးလက်တေးသံ ကြီးချင်း (၃၈)**

ပျိုလေးခင် မာတဲ့စကားကိုလ၊ နားစိတ်လို့ထောန်၊ ငွေမိုက်ကိုဆောန်၊ ဆုယောင်ကိုလွဲ

မပန်သာ၊ ကံမှာဆုံရအောန်လို့၊ ပျိုလေးခင်အိမ်ထောင်ဦးမောင်ကြီးရယ်၊ ဆေးကာရွယ်စူး။

**နေကျေးလက်တေးသံ ကြီးချင်း (၃၉)**

ပိုးခါန်းပေါန်းရယ်နှင့်ပိုက်စဆင်၊ ပျိုးလေးခင်အိုင်အောက်နားဆီက၊ သွားခဲ့လို့မြင်။

ပျိုလေးမောန် ဟန်ဆောင်ထားတယ်၊ မုန်းမယ်လို့ထင်။

နောက်ဆိုရင် မယ်ကမေးမယ်၊ မောင်ကြီးရယ်၊ ပြောပေါ့စကား။

**နေကျေးလက်တေးသံ ကြီးချင်း (၄၀)**

မြန်ရအုံးမယ်ကွဲ့ မပုန်းကြွယ်။ပယ်ပက်ဆို ညာပခုန်းကိုလ

မောန့်လက်ရုံးကို အဆာတင်၍၊ မြန်ရဆုခန္ဓာ ပြတ်တော့မယ်၊ လမ်းတလပ်ရောက်ပူး။

**ဓနုကျေးလက်တေးသံ ကြိုးချင်း (၄၁)**

ပဂုံးလေးရယ်တဲ့ကိုးဆူဖူးမယ်ဆိုပျို့မောင်နှင့်အတူသွားတယ်ကွဲ၊ လမ်းပျောက်ခဲ့သူ၊
အချစ်ရယ်ဆို ခင်တာမူနှင့်၊ မကြည့်ဖြူ မယ့်စိတ်ထဲက၊ မမကြိုးရယ် လမ်းခွဲလို့သွား။

**ဓနုကျေးလက်တေးသံ ကြိုးချင်း (၄၂)**

ပွေးပွေးဖြူဖြူ မလေးမယ် လယ်ကစင်းနား၊ သွားနေတဲ့လူ။
တနေ့ဆို မဆိုထားနဲ့၊ တအားလဲမောင်မကူ၊ တအားဆို ကူဖို့ကောင်းတယ်
မောင်ကြိုးရယ်၊ ငယ်ပေါင်းလေချဲ့။

**ဓနုကျေးလက်တေးသံ ကြိုးချင်း (၄၃)**

မနေရ၊ သေရမယ့်အတူတူ။ လက်ပံပင်ဆာတဲ့ ကိမ်းကိုလ၊ ပျဉ်တိမ်းကိုယူ။
အပုံးရယ်ဆို ငါးဆယ်တန်၊ အခံကို ရာကျော်ပေးမယ်ပ၊ ကြက်ဆာတိမ်ငြိမ်ငြိမ်စိတ်ပါလို့၊
ရေကုန်ရာဖေါ်နိတော်ဆိတ်အောင်ပ၊ မကြိုးရယ်၊ ဦးတိုတ်လို့ပျော။

**ဓနုကျေးလက်တေးသံ ကြိုးချင်း (၄၄)**

မနေရ သေရမယ့်အတူတူ၊ လက်ပံပင်ဆာတဲ့ကိမ်းကိုလ၊ ပျဉ်တိမ်းကိုယူ။
အပုံးရယ်ဆိုငါးဆယ်တန်၊ အခံကိုရာကျော်ပေးမယ်ပ၊ မောင်သေရင်လေ၊
ပန်ယံဆမားတို့ရယ် သေးလလရေး မောင်သေရင်မြေမဖို့၊ မီးမဆို့မြစ်ပင်လယ်။
ပျောချလိတ်ကွယ်။
ဆိပ်မီးရယ်ဆို ခုနစ်တိမ်နဲ့၊ ကြက်ဆာတိမ်ငြိမ်ငြိမ်စိတ်ပါလို့၊
ရေကုန်ရာဖေါ်နိတော်ဆိုက်အောင်ပ၊ မမကြိုးရယ်၊ ဦးတိုတ်လို့ပျော။

**ဓနုကျေးလက်တေးသံ ကြိုးချင်း (၄၅)**

မပျားရယ်ဆို မနာပဲရယ်နဲ့၊ အိုက်ခန်းထဲ အငွေငွေ၊ သွေးတောန့်လိုသေ။
မယ်သေရင်မြေမဆားပါပ၊ ဆစ်ခေါင်းရယ်ဆိုပျာတာလားရယ်နဲ့
မကြိုးရယ်၊ သွားပေါ့ ညုံပျား။

**နေကျေးလက်တေးသံ ကြီးချင်း (၄၆)**

မလိုဆူ ညိုးဆူက၊ မောန့်မာများ၊ ဆွေနားတော်မထောန်လိုက်ပါနှင့်
ဆူပျက်ရယ်တဲ့စကား၊ လူမျက်ဆောန်ဆူယောန်ကိုလွဲ
မောန်မမားအောန် ခင်ပျိုမာခဲ့မယ်ကွဲ့၊ လူလိမ်မာဆူတော်ကောန်းကိုလ၊
ပျို့မောန်ကြီးရယ်၊ ရွေးချယ်လို့ပေါန်း။

**နေကျေးလက်တေးသံ ကြီးချင်း (၄၇)**

မယ်တို့ရွာ ရေတွေဝန်းတာယ်၊ ဆုတိမ်းလေ ဆာသလေလေ၊ ဖုန်းတောက်တဲ့ရွာနေ။
အိုင်တန်းရယ်ဆော၊ ရွာနေတဲ့ဆာသလား။မယ်တို့မောန်ရွာရောက်တဲ့ခါ့
မမကြီးရယ်၊ ဖုန်းတောက်မယ့်အာလား။

**နေကျေးလက်တေးသံ ကြီးချင်း (၄၈)**

မယ့်မျက်နာဖြူဖြူလွှ၊ မမျော်ရ ခါလယ်ကျော်၊ စိုင်းပါနှင့်နော်။
ဆွေမျိုးရယ်မတော်၊ မျော်ပေတဲ့ နေ့တိမ်း။
မယ့်မျက်နာဖြူဖြူဝိန်းကိုလ၊ မမကြီးရယ်၊ လွမ်းပေါ့နေတိမ်း။

**နေကျေးလက်တေးသံ ကြီးချင်း (၄၉)**

မိုးမိုးနဲ့နွေနွေ။ ခမောက်တွေ ပိလန်ဆောန်း၊ ကွဲကျောန်းလို့နေ၊
ကွဲတာကောန်ဆာယ်လိနဲ့တာမူး၊ ကွဲကျောန်းဆားကိုလင်လှုပ်လို့၊ စုပ်ရနိုင်ပူး။

**နေကျေးလက်တေးသံ ကြီးချင်း (၅၀)**

မှတ်ဆိုက်ကာယ်ဖြူ၊ ပြာထွေကာလူး၊ ညဦးကာလာပြန်ပြီ၊ ကျောန်းကာကပွဲ။
ကျောန်းကာပွဲလာကာထဲ၊ ဆွမ်းအာယုနဲ့၊

**နေကျေးလက်တေးသံ ကြီးချင်း (၅၁)**

မြတ်ပန်းလေးရယ် စိစဝါ၊ မလေးခင် ဆွေအိုင်ဦးက၊ ပူးပွင့်ဝေဆာ။
ပန်းစိစဝါ၊ ပွင့်ပုံကမွေး။ ပျိုတို့မောန်မပန်ထိတ်တာမို့၊ ပန်းမြမြမွေး။

**မနုကျေးလက်တေးသံ ကြီးချင်း (၅၂)**

မြတ်ဘုရားရယ်တဲ့ စေတီဂုံ၊ ကံဆုံရအောင်လို့ ခင်လေးမောင်၊ အတူသွားတယ်ကွယ့်
ဘုရားပွဲတဲ့ ဆန်တန်ဆောင်း၊ ပျိုတို့မောင် ကံမဆုံးသေးရင်လ၊
နောင်ဘဝမှာ ကံဆုံရအောင်လို့ကွယ်၊ ပန်းသပြေညှောင်ရေလောင်းလို့
မြတ်စေတီဂုံ ဘုရားမှာလ၊ ဆုတောင်းလို့သွား။

**မနုကျေးလက်တေးသံ ကြီးချင်း (၅၃)**

ရထားလေးရယ်တဲ့ ကြိုးလေးမှာ၊ ကြိုးစရယ်ကိုင်ကာ။ မောင်အနိုင်ယူကာဆွဲ
မောင်ကြီးရယ်၊ ကြိုးပြတ်လို့လဲ။

**မနုကျေးလက်တေးသံ ကြီးချင်း (၅၄)**

လှမ်းတယ်လေးရယ်တဲ့ လှမ်းတယ်၊ မောင့်တိုင်းပြည်နေတဲ့ကျွန်းကိုလ၊ လှမ်းမိခဲ့တယ်
မယ်တရွာမောင်တကျေးရယ်ကြောင့်၊ လှမ်းတွေ့ရယ်မပြေ၊ တခွေတဲ့ မောင်မပါး။
ပျိုလေးမှာ လှမ်းစိတ်တွေဆပွါး။

**မနုကျေးလက်တေးသံ ကြီးချင်း (၅၅)**

ဝါးခမောက်ကို လန်အောင်ဆောင်းပါလို့၊ ကွဲကျောန်းလို့နေ။
အိုင်ဆားရယ်မမယ်၊ ကျွန်ရယ်တဲ့တာပိမ်း။ မောင်ကြီးရယ်၊ ဆွားပေါ့နေ့တိမ်း။

**မနုကျေးလက်တေးသံ ကြီးချင်း (၅၆)**

သူ့အမေ တောက်ဟန်ကြီးပါလို့၊ သူးဆမိးရယ်တဲ့ ခပ်ထယ်ထယ်၊ အရှုးတောင်မ မလှ
လှယ်တော့လှယ် လှယ်လူတော့မဆား။ မကြီးရယ်၊ ဗိုးအိုနှင့်ညား။

**မနုကျေးလက်တေးသံ ကြီးချင်း (၅၇)**

ဆက်ကြီးရယ်တဲ့ ရှယ်အို၊ မောင်တို့ကိုကြေ့ရင်တော့ကွဲ၊ အရွယ်တဲ့တော်တုန်း။
ခေါင်းတုံးရယ်က မယ်မမြင်၊ လပြည့်ရယ်ဆို လက္ကယ်ထားပါလို့၊ တရားကိုတဲ့ မဆ
ပျို့နားမှာတဲ့နေ့စဉ်။

ချစ်တယ်ဆို ပျိုမယ်ကိုဆွဲညှာထား၊ မျက်နှာကို ဂရုပိုးအောက်နှိမ့်ပြီးမှ ဆောက်ကြီးရယ်တဲ့ရွှယ်အို
ဒေါ်နှံပျဉ်ကိုဆွဲမှာထား၊ ဆွဲပေါ့လှသမား။

**ခနဲ့ကျေးလက်တေးသံ ကြိုးချင်း (၅၈)**

သစ်သာလေးရယ်တဲ့ မေတ္တာ၊ ပျိုးလေးခင် ပန်မယ်လို့ငမ်းတယ်ကွဲ့၊ ကိမ်းပျော့မမန်။
ချက်ချင်းရယ်လန့်၊ ထိုပန်းကို ပန်မယ်လို့ပျိုခဲ့။ မောင်ကြီးခင် ပင်မြင့်ပန်း၊ လမ်းလို့မှီပဲ။

**ခနဲ့ကျေးလက်တေးသံ ကြိုးချင်း (၅၉)**

အကိုလေးရယ်တဲ့ တိပ်ဆင်၊ ပျိုလေးခင် မက်မောမိတယ်ကွဲ့၊ ပြုံးရယ်တဲ့ဆွင်
လူပျိုဆင်၊ ဟန်ယဉ်ကျော့ကျော့မို့၊ ပျိုလေးခင်မြင်ရုံနှင့်၊ ရှူးလှောက်တယ်ကွဲ့။
မောင်ကြီးရယ်၊ ထူးတဲ့ယောက်ျား။

**ခနဲ့ကျေးလက်တေးသံ ကြိုးချင်း (၆၀)**

အကြောင်းရယ်တဲ့ ကံမဆုံ၊ ပျိုတို့မောင် ဟန်ဆောင်ချစ်တယ်ကွဲ့၊ ပြောရယ်ရရှုံ။
ပြောစရယ်မကုန်၊ ဟန်ဆောင်တဲ့ ဥာဏ်များ၊ ပျိုလေးမောင်လှူယှဉ်ပါးစကားကိုလ
နားထောင်မိချင်။ စိတ်ကူးနှင့်ပင် မောင်ရင်ရဲ့စကား၊ နောက်နောင်ကို ပယ်ခါမထားနှင့်၊
မောင်ကြီးရယ်၊ ပြောတဲ့စကား။

**ခနဲ့ကျေးလက်တေးသံ ကြိုးချင်း (၆၁)**

အကြောင်းလေးရယ်တဲ့မယ်မမြင်၊ မခင်တွယ်တဲ့ မောင့်စကား။
မလေးခင်နေယောက်ကြားမှာ၊ ပြောတဲ့စကား။ ခါးတယ်လို့ထင်၊ မဆင်ခြင်တဲ့ဥာဏ်များ။
ပျိုလေးခင် ဒုက္ခများအောန်၊ ထူးတဲ့စကား။

**ခနဲ့ကျေးလက်တေးသံ ကြိုးချင်း (၆၂)**

အချစ်ရယ်ဆို ရင်ဆိုင်ပြောပါလို့၊ တိုးတိုးလေးရယ်တဲ့ မှာခဲ့မယ်။
ဆူများရယ်ဆို ပျက်စကားကိုလ၊ နားထောင်နှင့်ကွယ်။
လူပျက်ရယ်ဆို၊ ပြိမ်တူပြောတာတ်ပါလို့၊ မယ့်စိတ်ဆပေါ်ရယ်က ဆူ့ပက်ပါ

မယ်နားယောင်လိုက်မှာ၊ မယ်ချစ်သူ လူယုံတော်မို့မောင်စကားကိုလ
မမခင်လေးရယ်၊ ရွေးချယ်လို့ပေါင်း။

**ဓနုကျေးလက်တေးသံ ကြိုးချင်း (၆၃)**

အချစ်ရယ်ဆို ဆာဆာနိုးပါလို့၊ စကားတိုးတိုးလေးရယ်တဲ့မှာခဲ့မယ်။
သူများရယ်ဆို ဖျက်စကားကိုလ၊ နားထောင်နင့်ကွယ်။
လူဖျက်ရယ်ဆို ခင်တာသွယ်နင့်၊ မကြင်နာ မာယာနင့်ဉာဏ်များ၊
မောင်ကြီးရယ်၊ ကုန်းတိုက်တဲ့စကား

**ဓနုကျေးလက်တေးသံ ကြိုးချင်း (၆၄)**

အစဦး၊ မချစ်ပူးရယ်တဲ့ဆိုပါရင်၊ ဝေးဝေးကဆောင်ချင်။
ဆောင်တောင်ဆောင်၊ မယ်ဆောင်တောင်မောင်မဆား၊ မယ့်ထက်သာ မောင်ဆာပြမယ်
မမကြီးရယ်၊ သုံးညမချား။

**ဓနုကျေးလက်တေးသံ ကြိုးချင်း (၆၅)**

အဆော့ရယ်ဆို ညောင်ပင်ပျားမာလ၊ နားပေတဲ့ ငှက်မင်းစင်
ပြေးမယ်လို့ရင်။မိုးမမြင်လေမမြင်တဲ့နတ်ဆား။မောင်ကြီးကိုနောက်ဖယ်ထားပါလို့.
မမကြီးရယ်၊ စိုင်းရက်လေအား။

**ဓနုကျေးလက်တေးသံ ကြိုးချင်း (၆၆)**

အထင်ရယ် မကုန်ပါတယ်လေ၊ ဖဲလေးပုံ မောင်ဝင်ရိုက်ဆော်လဲ
စုံတိုက်လေချင်း။ဆမ်းပက်ကို မောင်မထင်လို့ကုတင်ပုံ မောင်ချဆွဲတယ်
မကြီးရယ်၊ ဆုံးပေါက်ကျယ်ဖဲ။

**ခနဲကျေးလက်တေးသံ ကြိုးချင်း (၆၇)**

အပြာပြာရယ်လေ ပုံးကာမဖိလိတ်ပါနှင့်၊ မယ်လိုင်တာဆုံးခါဆိပ်ပါပေါ့

ဆုံးစာတိရယ်တဲ့ ပေါ်တော့မယ်။မယ်ချစ်တာ သစ်ဆာစကားရယ်က၊

နေယောက်ဆားအတူ၊ ချစ်ခါနေရအောင်လို့၊

မမကြီးရယ်၊ ပြောတဲ့စကား။

**ခနဲကျေးလက်တေးသံ ကြိုးချင်း (၆၈)**

အလှမ်းရယ်ဆို တောန်လိုပုံလို့၊ ပျိုတို့မောန်ယုံအောန်ပြောတာယ်ကွဲ့၊ ယုံစားမိတာယ်။

နှစ်တာရာ ဆုံလာဖို့အရေး၊ ဆေ့ဆက်လို့မယ်အတွေးခဲ့တာယ်၊ မကြင်နာပျို့မောန်ရဲ့စကား။

လှမ်းစေဖို့ဗန်၊ မလေးခင်ဆွေရင်ကြားမှာ၊ စောစိတ်ပူနွေး။

**ခနဲကျေးလက်တေးသံ ကြိုးချင်း (၆၉)**

အဝေးကြေ့ရင်တော်ပါတာယ်လေ၊ နီးနီးကြေ့ရင် မယ့်မျက်နှာ၊ ကြောန်ဆာဆီးလိုပ

မမကြီးရယ်၊ မဲနက်နက်ကြီး။

**ခနဲကျေးလက်တေးသံ ကြိုးချင်း (၇၀)**

အိုင်မိုးခေါန် ဆက်ကာယ်ကြား၊ စံစားနေတဲ့ ဆွေအိုင်မြောန်၊ ကြီးတဲ့ဝင့်ကောန်။

ပိုးစုန်းမီးကို၊ မီးရောင်ပဲပျိုထင်မိ၊ မှားတဲ့မျက်စိ။

## ခနုခေတ်ပေါ်ကဗျာများနှင့်ခနုခေတ်ပေါ်သံချပ်များ

**ဒေါက်တာကျော်လွင်ထူး**
**စုစည်းတင်ပြသည်၊**

ကဗျာခေါင်းစဉ်–ပန်းတိုင်ပွန်လုပီ

ဒေါက်တာကျော်လွင်ထူး ဒေသကောလိပ်(တောင်ကြီး) တွင်တာဝန်ထမ်း
ဆောင်ရင်း ခနုတိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌတာဝ
ယူဆောင်ရွက်ခဲ့သည်။ ပြည်ထောင်စုနေ့အခမ်းအနားများတွင်ရိုးရာယ
ကျေးမှုများကိုဖေါ်ထုတ်ခွင့်ရခဲ့သည်။

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုရေးသားထားသည်။

ကဗျာ– ခနုခေတ်ပေါ်ကဗျာ

(၁၉၈၀–၈၁၊ဒေသကောလိပ်နှစ်လည်မဂ္ဂဇင်း)ဖေါ်ပြပါရှိပြီး။

### (၁)ပန်းတိုင်ပွန်လုပီ

တို့ပလေနေ့မှာ ပလော်မို့လာ
ပလော်ဝူးလော–ပလော်ဝူးလော ရော– ရော– ရော– ရော
ထင်းတချောင်းထဲဆွဲချိုးလိုက်–နွားများကွဲရင် ကျားကကိုက်
ထင်းတစည်းလုံးဆွဲလို့ချိုး–တို့စည်းလုံးတာခံနိုင်ရိုး။
အစိမ်းစားလဲ–ပဲစာဥ၊ တို့လက်တွဲလဲကြာပြီဒု၊
တောင်ထရံမှာဆီပူးဆွဲ–မြောက်ထရံမှာဆီပူးဆွဲ
တို့များကြားထဲပြည်ပဲ့
တောင်ထရံမှာဆီပူးငြိ–မြောက်ထရံမှာဆီပူးငြိ
တို့များကြားမှာလောက်ကောင်ဆိ
သတိဆိဆိဆော့ကိုလမ်း–တွဲတဲ့လက်မပြုတ်တမ်း။
ပင်စိမ်းသီးလောင်လို့နီ၊တို့များမန်းတဲ့ပန်းတိုင်ပွန်လုပီ
မက်မန်းသီးယို့ထိုး၊မန်မန်ဆွေ့လို့ဆော့ကိုတိုး
တို့ပလေနေ့မှာ ပလော်မို့လာ
ပလော်ဝူးလော–ပလော်ဝူးလော ရော– ရော– ရော– ရော။

ရှင်းလင်းချက် တို့ပလေနေ့=ပြည်ထောင်စုနေ့၊ပလော်ဝူးလော=ပျော်ဘူးလား
မန်မန်ဆွေ့လို့ဆော့ကိုတိုး=မှန်မှန်ရွေ့လို့ရွှေ့ကိုတိုး။ ပွန်လုပီ=ရောက်လုပြီ။

ကဗျာခေါင်းစဉ်–ဓနုရိုးရာမီးဝင်လာ
ဒေါက်တာကျော်လွင်ထူးရေးသားသည်ပင်းတယမြို့သီတင်းကျွတ်လနှင့်
တန်ဆောင်မုန်းလ မီးထွန်းပွဲများ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်
မီးပဒေသာပွဲများကိုသတိတရရေးစပ်ခဲ့သည်။
ကဗျာ– ဓနုခေတ်ပေါ်ကဗျာ
တောင်ကြီးကောလိပ်နှစ်လည်မဂ္ဂဇင်းဖေါ်ပြပါရှိပြီး။

## (၂)ဓနုရိုးရာမီးဝင်လာ

ဓနုအိုးစည်၊ တဗီဗီနှင့်စာဆိလဲမေး၊ မီးထွန်းပွဲနားကိုတဲ့ဝေး။
သီတင်းကျွတ်ပ၊ ဆောင်မုန်းလနှင့် ဖိတ်ညလပြေ့၊ ခါတော်နေ့မာ၊
မမေ့ပူဇာ၊ မြတ်ဗုဒ္ဓါကို၊ မီးစာမီးပုံး၊ မီးပန်းကုံးနှင့်၊ တို့လေစုရုံးကြိုနေဆဲ။
ရပ်တိုင်းရွာတိုင်း၊ အိုးစယ်ဆိုင်းနှ၊ စုဝိုင်းအော်ဆို၊ သံချပ်တိုနှင့်၊
ဇန်တိုဇန်ဆောမြဲးသိုင်းလေလဲကာဘဲစတင်နေမို့လော။
ကြေ့ရမ်းကြေ့ရမ်းလူအုပ်တန်းနှင့်၊ အပျိုတမ်းရ၊ အေးလမ်းပဲ့မာ၊
တိုးမရအောင်ရမ်းဆရမ်းဆဆောပလူး။
ဓနုရိုးရာအစဉ်လာကို၊ ပေါမာတင်ပ၊ နှစ်စဉ်ညတိုင်း၊ ကျင်းပဆဲဘယ်၊ မီးဝင်တဲ့ခါ၊
မြင်ခဲ့ဇာတ်လမ်း၊ ဆီမီးတန်းနှ၊ မီးပန်းမီးဆူး၊ ဖေါက်လို့မြူးတယ်၊
ဆောင်းဦးပွဲမို့၊ လူတိုင်းပ–ပျော်ချက်နဲ့ယို။
ဘုရားလဲမျော်မီးပူဇော်လို့၊ ကောက်ရော်ဆိမ့်း၊ သုံးပတ်ချီးပြီး
မြို့ရိုးမမေ့၊ ညာဘက်ဝေ့တယ်၊ ဓလေ့စုံစွာ၊ ဓနုမာလည်း၊ ကြည်မွေ့စရာလေးများနော၊
တနေ့ကြုံလာ၊ တို့ဆီရွာလည်း၊ ပွဲတွေ့အမာဘိတ်ထားပြောါ။
ရှင်းလင်းချက် စာဆိလဲမေး=ဘယ်ဆိကိုလဲမေး။ ပေါမာတင်ပ=ဒီအရပ်ဒီဒေသမှာ
ပျော်ချက်နဲ့ယို=အလွန်ပျော်သည်။

ကဗျာခေါင်းစဉ်=ရမ်းဆဆုတောင်း

ဒေါက်တာကျော်လွင်ထူးရေးစပ်သည်။ တောင်ကြီးဒေသကောလိပ်မနေ့မိတ်ဆုံနှုတ်ဆက်ပွဲလက်ကမ်းစာစောင်နှင့်ဖိတ်စာတို့တွင်အသုံးပြုရန်ရေးစပ်ခဲ့သည်။

ကဗျာ– မနေ့ခေတ်ပေါ်ကဗျာ

၂၉–၇–၇၈ ရက်နေ့ရေးစပ်သီကုံးသည်။

## (၃)ရမ်းဆဆုတောင်း

တို့မောင်မယ်နှုတ်ဆက်ပွဲ၊ ဆင်နွဲစို့ခုတခါ။ဝန်းနဲ့ဝန်းသာ။

တို့ကျောင်းတော်မှာ။ကျွင်မောင်မယ်လာဆုံကြ၊ ဝမ်းသာလို့ပါ။

လကုန်လို့နှစ်ကူးတာယ်၊ ကျွင်မောင်မယ်တို့ရင်ထဲ၊ ခွဲတော့မယ်မို့၊ ဝမ်းနဲ့လှတာယ်

ကျွင်ကြီးနှင့်မငယ်။ကျွင်ငယ်နှင့်မကြီး။ နောင်များကျွယ်ဆုံရင်ပါ၊

ထိမ်းကြမယ်စဉ်လာကောင်းကို၊ တာသက်မြဲစေကြောင်းရယ်လို့ ရမ်းဆဆုတောင်း။

ကဗျာခေါင်းစဉ်= မနေ့သစ်လွင်များသို့

ကဗျာပင်ရင်း= ဒေါက်တာကျော်လွင်ထူးရေးစပ်သည်။ တောင်ကြီးဒေသကောလိပ်မနေ့မိတ်ဆုံစားပွဲလက်ကမ်းစာစောင်နှင့်ဖိတ်စာတို့တွင် အသုံးပြုရန်ရေးစပ်ခဲ့သည်။

ကဗျာအမျိုးအစား= မနေ့ခေတ်ပေါ်ကဗျာ

၁၉၇၉–ခု ရေးစပ်သီကုံးသည်။

## (၄)မနေ့သစ်လွင်များသို့

မနေ့သစ်လွင်ပွဲ၊ဆင်နွဲစို့အတူနော်၊ တို့များပျော်ပျော်။ တို့ပွဲမို့နော်၊ ပျော်ဝူးလောလှပဲ၊

တို့ပွဲတဲ့နော်၊ပျော်ဝူးလောမိနီရဲ့၊ လာမှာဟဲ့ကျွင်ငယ်၊ လာမှာဟဲ့မိနီငယ်

ကျွင်မောင်မယ်မမများ။ ကြိုလျက်ပါ့ကျွယ် ဝက်သားနှင့်ဟင်းနယ်၊လုပ်အားမယ်ညီညီညာန

တာတ်တိုင်းထုတ်တာယ်။ ဆွေဟင်းထုတ်မန်း၊ရမ်းဆချုပ္ပယ် သိကြားပါ့နေနိုင်ပေါင်ကျွယ်၊

ဌန်းကိုင်လို့ဆင်းလိမ့်မယ်။ တို့ချင်းတူယှဉ်ကါပါ့ မိတ်ဆုံမာ၊အတူလွှေးရအောင်

ကလိုက်စေလာခဲ့မာ၊

မနုကိစ္စအတူပါ့-ဝိုင်းဝန်းကြမယ်လေ့ပ်ကြမယ်၊
တိုင်းရင်းသားကိစ္စအတူပါ့-ကြိုးပမ်းကြမယ်လုပ်ကြမယ်၊
ပြည်ထောင်စုကိစ္စကျရာက-ထမ်းဆောင်ကြမယ်လုပ်ကြမယ်။
ရှင်းလင်းချက် ကလိုက်စေ=မြန်မြန်ဆန်ဆန်

ကဗျာခေါင်းစဉ်= ကံကြုံရင်ပြန်ဆုံမယ်

ဒေါက်တာကျော်လွင်ထူးရေးစပ်သည်။ တောင်ကြီးကောလိပ်ဓနုမိတ်ဆုံ စားပွဲလက်ကမ်းစာစောင်နှင့်ဖိတ်စာတို့တွင်အသုံးပြုရန် ရေးစပ်ခဲ့သည်။

ကဗျာ–ဓနုခေတ်ပေါ်ကဗျာ

၁၁–၈–၈၀ ရက်နေ့ရေးစပ်သီကုံးသည်

## (၅)ကံကြုံရင်ပြန်ဆုံမယ်

မနုမိတ်ဆုံပွဲ ဆင်နွဲလို့ပျော်ကြမယ်၊ တို့ပွဲမာကွယ်ဆုံမယ်နောလူပဲ့၊
တို့ပွဲမာကွယ်ဆုံမယ်အောမိနိရဲ့၊ ဟာ–ဒါတို့ပွဲပဲ့လာပါ့ဟဲ့။
ကွင်နှင့်မမောင်နှင့်မယ်ခွဲအုန်းမယ်မို့၊ စိတ်ထဲဆာတယ်။
ကံကြုံရင်တာကယ်ပြန်ဆုံမယ်စိတ်ကလှမ်း
မိသားစုအရေးကိုလကြိုးပမ်းဆတိုးထမ်းမယ်၊
ထင်းရှူးရယ်ချယ်ရီသက်သေပြုပါလို့၊ တောင်းဆုစိတ်မှန်း။

သံချပ်ခေါင်းစဉ်= အဖြူရောင်သံစဉ်များ(သီချင်းမှ)

လွမ်းလေချင်း ဓနုကက်ဆက်ခွေအတွက် အောင်ပန်းမြို့မှတေးရေးသူ ခွန်ရာဇာနှင့်သက်နိုင်ဦးတို့မှရေးစပ်ခဲ့သည်။

ကဗျာ(သံချပ်)– ဓနုခေတ်ပေါ်သံချပ်

၁၉၇၉–၈၀ ခုနှစ်ခန့်ကထွက်ရှိခဲ့သည်။

## (၆)အဖြူရောင်သံစဉ်များ

ပင်စိမ်းသီးပိုးထိုး၊ တောင်ကြီးသူ့မရအောင်ပိုး(ရအောင်ပိုးပေ့၊ ရအောင်ပိုး)
ပင်စိမ်းသီး နေဆာလောင် မိန်းမလက်ဆောင်ပေးရအောင်(ပေးရအောင်ပေ့ပေးရအောင်)

ဘိလပ်ရည် အမြှုပ်ထ ငါယူမှာက ဓနုမ(ဓနုမ ဟေ့ ၊ ဓနုမ)
ဘိလပ်ရည် ချိုချိုလေး ၊ ငါယူမှာက အပျိုလေး(အပျိုလေးဟေ့၊ အပျိုလေး)
သပြေပန်း ဘုရားမှာလှူ တောင်ကြီးသူမ ရအောင်ယူ ( I Love You ... I Love You)
ငယ်ခါနို့ဗူး ကျောကုန်းပူအောင် ဒို့ဗူး (ဒို့ဗူးဟေ့၊ ဒို့ဗ ဗူး )
ကြီးလာခါ သူများဗိုး မိန်းသငယ် ရည်းစားထားတယ်(သူများဗိုးဟေ့၊ သူများဗိုး)
တောင်ကြီးသမပန်ရေးလုပ် ယောက်ျားရှမှ ဝတုတ်တုတ် (မှန်လာထုပ်၊ မှန်လာထုပ်)
ထမင်းစားပြီးတစ်မျိုးလို အိပ်ယာဝင်လည်း တစ်မျိုးလို(ဒေသလိပ်တို့ဒေသလိပ်တို့
ပင်စိမ်းသီး အညှာငွေချ တောင်ကြီးသူမ ငါနဲ့ရ(ငါနဲ့ရ ဟေ့ ငါနဲ့ရ)
တနှစ်လာလဲလူပျိုသိုးနေနှစ်လာလဲလူပျိုသိုး၊မယ်တို့ရွာတောင်ညောင်ပင်ရင်းမှ
ထမင်းထုတ် နှင့်လူပျိုသိုး(လူပျိုသိုးဟေ့ လူပျိုသိုး)
တနှစ်လာလဲမဖြစ်စပ်၊နေနှစ်လာလဲမဖြစ်စပ်၊ မောင်တို့ရွာမှာအပျိုရှားတယ်
တခုလပ်(တခုလပ်ဟေ့ တခုလပ်)
ခမောက်ပြုံးဆိုးနှင်းရေဝင်၊လူပုံစုပ်လူရုပ်ဆိုးလို့အိုနိုးထင်(အိုနိုးထင်ဟေ့အိုနိုးထ
ခမောက်မဆိုးနှင့်ရေနုပ်၊အပျိုမြင်ရင်ပါတ်ပါတ်တွားတယ်၊တခုလတ်
(တခုလတ်ဟေ့ တခုလတ်)
အဝသားကျယ်အလယ်ပု၊ အပုလဲတို့ အသဲအို၊ မယ်တို့အိမ်မှာအပိုင်ထားမယ်
အိုးစယ်တို့ အိုးစယ်တို့။
ရတဲ့အငွေစုခွက်ဆွဲ၊ ယောင်ပေစုနှင့်အသဲပဲ၊ မယ်တို့အိမ်မှာမောင်ငယ်များတ
လင်းခွင်းကွဲ၊ လင်းခွင်းကွဲ။
ဒေသပလွေခေါင်ထိုးငါး၊အိမ်ခေါင်းမိုးမှာပန်းဆွဲထား၊အောင်ပန်းသား၊အောင်ပန်းသ
နှင့်ပလွေအများခုပ်ပြြတောင်ရင်းမှာတိုင်ငုတ်လုပ်အောင်ပန်းသားဟာမဖြစ်စုပ်၊
မဖြစ်စုပ်ဟေ့ မဖြစ်စုပ်။

တောင်ကြီးသမသုံးပန်လ၊ယောက်ကျားရမ၊ချမ်းအင်သီး(ချမ်းအင်သီး၊ချမ်းအင်သီး)။
မိနီရီးစားတဆယ့်ငါး၊ရှိဘူးလို့ဆို၊သုံးဆယ်ပို၊(သုံးဆယ်၊ပိုသုံးဆယ်ပို)။
တဈေးတခါ၊အောင်ပန်းလာ၊ဓါတ်ရှင်ရုံမှာမိနီချိန်းတယ်ကျော်ဟိန်းလာ၊
အောင်နီနာမယ်ကိုကျော်ဟိန်း၊မိနီခေါ်တယ်၊အကိုဟိန်း
(အကိုဟိန်းဟေ့အကိုဟိန်း)

သံချပ်ခေါင်းစဉ်= တောင်ကြီးတန်ဆောင်တိုင်ည(သီချင်းမှ)
တောင်ကြီးတန်ဆောင်တိုင်ညသီချင်းအတွက် တောင်ကြီးမြို့မှ
တေးရေးသူ အောင်မင်းသန့်မှ ရေးစပ်ခဲ့သည်။
ကဗျာ(သံချပ်)- ခေတ်ပေါ်သံချပ်
၂၀၀၉-၂၀၁၀ခုနှစ် ကပေါ်ထွက်ခဲ့သည်။

## (၇)တောင်ကြီးတန်ဆောင်တိုင်ည(သီချင်းမှ)

ရွှေဥမင်ဂူကလောသူစောစောအိပ်ပြီးစောင်ထူထူ(ကျောက်ခေတ်လူ၊ ကျောက်ခေတ်လူ)
ပင်းတယသူ၊လဲ၊စကားဝဲ၊ပုန်းတလုပ်ကန်ထဲဒူးတုပ်လဲ၊(ရေအိုးကွဲ၊ရေအိုးကွဲ)
ပင်လောင်းနောင်တရား၊လဖက်ဥူးထား၊မိုးရှမ်းဆက်များ၊မီးလျော်ထား(ရောင်းကောင်းလား)၂
အငွေးထည်ပါးပါး၊အောင်ပန်းသား၊ဝိစကိန္ဒင့်ငွေးထွေးသွား၊ကြားပွဲတား ကြားပွဲတား။
မြေသလုံးတုတ်တုတ်မိုးဝရုပ်၊ဟဲဟိုးသမငါနှင့်ရှုပ်၊(အာလူးပြုတ်၊အာလူးပြုပ်)၊
ဆိုက်ကားစီးသွား၊ရွှေညောင်သား၊ရထားချိန်မှား၊နောက်ကျသွား(တန်းစီထား၊တန်းစီထား)
ဖေါင်တော်ဦးဘုရား၊ရွှေအင်းသား၊ငါးရှဥ့်ခေါင်းခါးများများစား
(သောက်ရေကြား၊သောက်ရေကြား) .
တင်းတိပ်ထူထူ၊တောင်ကြီးသူ၊ကက္ကူဘုရားမှာတောင်းဆုယူ(ကြက်သွန်ဖြူ၊ကြက်သွန်ဖြူ)
ဟိုပုံးရေထွက်၊ကုန်ကားပျက်၊သနပ်ဖက်ပွဲရုံဖုံးဆက်ခက်၊(လမ်းလျောက်တက်၊
လမ်းလျောက်တက်)
ကျောက်တလုံးသားကြီးထော်လာရိုစီး၊ဘောင်းဘီခါးစီး၊ကျုလုနီး(လိမ္မော်သီး၊ လိမ္မော်သီး)

သံချပ်ခေါင်းစဉ်= ချစ်စရာမနေ့မြေ(သီချင်းမှ)
ချစ်စရာမနေ့မြေသီချင်းအတွက် တောင်ကြီးမြို့မှ တေးရေးသူသားငယ်(ခေါ်) စိန်မြမွေးမှရေးစပ်ခဲ့သည်။
ကဗျာ(သံချပ်)– မနေ့ခေတ်ပေါ်သံချပ်
၂၀၀၉–၂၀၁၀ခုနှစ် ကထွက်ပေါ်ခဲ့သည်။

## (ဂ)ချစ်စရာမနေ့မြေ(သီချင်းမှ)

တာတာကပွဲမှာပျော်မို့လာမပျော်ဘူးလားပျော်ဘူးလား(ပျော်တယ်ပေါ့ပျော်တယ်ပေါ့)
ရွှင်သမအပျိုကြီးရိုးစားထားတော့စပ်ပြီးပြီး(စပ်ပြီးပြီးပေါ့စပ်ပြီးပြီး)
ပင်းတာယသမဝေတုတ်တုတ်ယောက်ကျားယူဖို့ဟာနှင့်ရေးလုပ်၊(မုံလာထုတ်မုံလာထုတ်)
နခမ်းပါးပြီးအသားဖြူနောင်ချိုသမရအောင်ယူ(I Love You ... I Love You)
ဟဲဟိုးသမပါးပြင်နုနေ့ယူပျိုလာရင်ရှုက်သွေးစု(အာလူးဥအာလူးဥ)
ဆေးပုလွေခေါင်ထိုးဝါးလူနာမယ်အောင်ပန်းသား(အောင်ပန်းသားပေါ့အောင်ပန်းသား)
တောင်ကြီးသမမိနီငယ်ရိုးစားထားတော့ငယ်သေးတယ်(ငယ်သေးတယ်ပေါ့ငယ်သေးတယ်
စပ်သီးစားချင်အပင်စိုက်မနေ့မရချင်ငါ့နောက်လိုက်(ငါ့နောက်လိုက်ပေါ့ငါ့နောက်လိုက်)
တနှစ်လာလဲပေါတိုင်းတိုင်းနေနှစ်လာလဲပေါတိုင်းတိုင်းမနေ့မငယ်အပျိုဟိုင်း
(အပျိုဟိုင်းပေါ့အပျိုဟိုင်း)
ပေါတို့ဌာနေမနေ့မြေမနေ့မြေကလူပျိုတွေအပျိုချောနှင့်ညားပါစေ(ညားပါစေပေါ ညားပါစေ

သံချပ်ခေါင်းစဉ်= ရိုးရာပွဲ(သီချင်းမှ)
ရိုးရာပွဲသီချင်းအတွက် တောင်ကြီးမြို့မှတေးရေးသူသားငယ်(ခေါ်)
စိန်မြမွေးမှရေးစပ်ခဲ့သည်။
ကဗျာ(သံချပ်)– ခေတ်ပေါ်သံချပ်
၂၀၁၀–၂၀၁၁ခုနှစ် ကထွက်ပေါ်ခဲ့သည်။

## (၉)ရိုးရာပွဲ(သီချင်းမှ)

တို့မျှားရိုးရာပွဲတော်လာ၊ အပျိုလဲပါ ၊အိုလဲပါ၊ အပျိုနဲ့နဲ့၊ အိုချဲချဲ (အိုချဲချဲ၊အိုချဲချဲ)
ချိုမှိုမှိုသဲသဲ၊ တောင်ပေါ်ပွဲ၊ ဆောင်းနှင်းမြူမြူတောင်ပါသူ၊ ချစ်ရင်ခေါ်ထား
တောင်ကြီးသား (တောင်ကြီးသား၊တောင်ကြီးသား)
မပြင်လဲလှပြင်လဲလှ၊ ပါးအို့နီနီအသားဖြူ၊ ပင်းတာယသူ (ပင်းတာယသူ၊ ပင်းတာယသူ)
ကောက်တိုတိုအကျီပါး မော်ဒယ်ဆိုတာ၊ ဒီလိုလား (အိုနားထား၊အိုနားထား)
ယောက်ကျားကျတော့လိုချင်တယ်၊ ထမင်းကျတော့ချက်တတ်ပူး(ဟင်းအိုးတူး၊ဟင်းအိုးတူး)
တောင်ကြီးမြို့သူနှုတ်ခမ်းစူ၊ ရိုးစားများလို့တို့မယူ (ပန်းဆွဲဖြူ၊ပန်းဆွဲဖြူ)
ပင်စိမ်းသီး နေဆာလောင် ချစ်သူလက်ဆောင်ပေးရအောင်(ပေးရအောင်ဟေ့၊
ပေးရအောင်)
ပင်စိမ်းသီးညှာချွေချ၊ ရှင်ငသမ၊ ရမ်းဆလ (ရမ်းဆလှရိုးရမ်းဆလှ)
ရေထွက်နဂါးရေပ်စောက်သား၊ တောင်ကြီးသူနှင့်ရိုးစားထား (မုံ့လင်မယား၊မုံ့လင်မယား)
အမေ့ချွေးမလှလှလေး၊ ပွဲခင်းထဲမှာလျောက်လို့ငေး (အိုကြာကွေး၊အိုကြာကွေး)
စိမ်းလန်းစိုပြေတို့ဌာနေ ညစဉ်ဘုရားမှာတောင်းဆုချွေ (ကောင်းမှုတွေ၊ကောင်းမှုတွေ)

## မီးဝင်ပွဲနှင့်တာတက်ပွဲများတွင်ရွတ်ဆိုသော သံချပ်များ

ဒေါက်တာကျော်လွင်ထူး
စုစည်းတင်ပြသည်၊

သံချပ်ခေါင်းစဉ်=မီးဝင်ပွဲများနှင့်တာတက်ပွဲများတွင်
ရွတ်ဆိုသောသံချပ်များ

ပင်းတယမြို့ဆူးဗိုလ်ကုန်းရပ်ကွက်မှပန်းတိမ် လုပ်ငန်းဖြင့် အသက်မွေး သူ ဦးအောင်ပေါမှာကျေးလက်ဓနု သံချပ်နှင့် ခေတ်ပေါ် ဓနုသံချပ် များကိုလက်တန်းရွတ်ဆိုပြနိုင်သူဖြစ်ပြီး၊ ဦးအောင်ပေါ ရွတ်ဆို ပြခဲ့ သောသံချပ်များနှင့်ပင်းတယနယ်၊ အောင်ပန်းနယ်ကျေး ရွာများမှ သံချပ်များကိုစုစည်းဖေါ်ပြပါသည်။

ကဗျာ(သံချပ်)–ကျေးလက်ဓနုသံချပ်နှင့်ဓနုခေတ်ပေါ် သံချပ်များ

### မီးဝင်ပွဲနှင့်တာတက်ပွဲတေးသံ(၁)

"ဟေ့ အပျို၊ ဟေ့ အပျို၊ လိုချင်ဘူးဟေ့၊ လိုချင်ဘူး"

### မီးဝင်ပွဲနှင့်တာတက်ပွဲတေးသံ (၂)

"တပွဲဝင်လည်းလင်ရနိုး၊နေပွဲဝင်လည်းလင်ရနိုး
ပါးစပ်ခေါင်းကို ဆေးနီဆိုး၊ ဆေးနီဆိုးဟေ့ ဆေးနီဆိုး "
တပွဲဝင်လည်းလင်မရ၊နေပွဲဝင်လည်းလင်မရ
ဆေးနီပိုးရှိုးဆုံးရှုံပ ဆုံးရှုံပဟေ့ ဆုံးရှုံပ။

### မီးဝင်ပွဲနှင့်တာတက်ပွဲတေးသံ (၃)

"ကလျှား (ကျွဲ) ဖို့ လက်ဆောင်၊ မြက်နုကောင်း
မ,ဖို့လက်ဆောင် ကောက်ညှင်းပေါင်း ကောက်ညှင်းပေါင်းဟေ့ကောက်ညှင်းပေါ

**မီးဝင်ပွဲနှင့်တာတက်ပွဲတေးသံ (၄)**

ပေါက်ပေါက် ကြံကာ၊ တပေါင်းပွဲမှာဝယ်ပေးပါ၊ ဝယ်ပေးပါဟေ့ ဝယ်ပေးပါ။

**မီးဝင်ပွဲနှင့်တာတက်ပွဲတေးသံ (၅)**

မိုးဦးလေဦး၊ ဝမ်းထဲမှာဝမ်းနာမစိုးလို့၊ ဝယ်မပေးဘူး ဝယ်မပေးဘူးဟေ့ ဝယ်မပေးဘူး

**မီးဝင်ပွဲနှင့်တာတက်ပွဲတေးသံ (၆)**

စကောသစ်နဲ့၊ စပါးပြာ၊ အိုခါနီးမှ၊ စကားသာ

ဆန်တွေ့သစ်နဲ့၊ စပါးထောင်း၊ အိုခါနီးမှ၊ စကားကောင်း

**မီးဝင်ပွဲနှင့်တာတက်ပွဲတေးသံ (၇)**

ထမင်းစားမှ၊ ကလင်(ဒေါင်းလန်း)ချ မျက်နှာမြင်မှ၊ သဘောကျ။

**မီးဝင်ပွဲနှင့်တာတက်ပွဲတေးသံ (၈)**

သူ့ရဲ့ပေါင်မှာငါ့ကြောင်ရုပ် သူ့ရဲ့ခါးမှာငါ့ကျားရုပ် ငါသနားလို့ငါးထားတယ်

(ငါးထားတယ်ဟေ့ ငါးထားတယ်)

**မီးဝင်ပွဲနှင့်တာတက်ပွဲတေးသံ (၉)**

ထမင်းစားလည်း၊ ပဲတောင့်နဲ့၊ စကားပြောလည်း၊ အပြောင့်နဲ့။

**မီးဝင်ပွဲနှင့်တာတက်ပွဲတေးသံ (၁၀)**

ထမင်းစားလည်း၊ ငါးပိနဲ့၊ စကားပြောလည်း၊ ပါဠိနဲ့။

**မီးဝင်ပွဲနှင့်တာတက်ပွဲတေးသံ (၁၁)**

ဆံပင်ထားလည်း၊ ငှက်တဆစ်၊ အပျိုလုပ်လည်း၊ ခုတနှစ်။

**မီးဝင်ပွဲနှင့်တာတက်ပွဲတေးသံ (၁၂)**

ဆံပင်ထားလည်း၊ လက်တဝါး။ အပျိုလုပ်လည်း၊ ခုတလှား။

**မီးဝင်ပွဲနှင့်တာတက်ပွဲတေးသံ (၁၃)**

ပင်စိမ်းသီးဆားတို့စားတို့ကိုချစ်ရင်အိမ်ခေါ်ထား အိမ်ခေါ်ထားဟေ့ အိမ်ခေါ်ထား

**မီးဝင်ပွဲနှင့်တာတက်ပွဲတေးသံ (၁၄)**

သပြေပန်း နားမှာထိုး ကလေးသမ ရအောင်ပိုး ရအောင်ပိုးဟေ့ ရအောင်ပိုး

**မီးဝင်ပွဲနှင့်တာတက်ပွဲတေးသံ (၁၅)**

ပင်မာကုန်းရွာက၊ လူပျို တော်တော်ယုံ၊ သမီးတပြုံ သားတပြုံပေါ့။

**မီးဝင်ပွဲနှင့်တာတက်ပွဲတေးသံ (၁၆)**

အောင်ပန်းသားပေါ့ အောင်ပန်းသား အောင်ပန်းသားကို မတုနဲ့ ပေါင်းတွင်းထဲမှာ ခရုနဲ့။

**မီးဝင်ပွဲနှင့်တာတက်ပွဲတေးသံ (၁၇)**

တခုလယ်ပေါ့ တခုလယ်၊ အိမ်မှာတခု ကွာလုလု။

**မီးဝင်ပွဲနှင့်တာတက်ပွဲတေးသံ (၁၈)**

ပန်းကိုလိုချင်၊ အပင်စိုက် လူပျိုလိုချင်၊ ဒို့နဲ့လိုက် ဒို့နဲ့လိုက်ပေါ့ ဒို့နဲ့လိုက်

**မီးဝင်ပွဲနှင့်တာတက်ပွဲတေးသံ (၁၉)**

တောင်နားရုပ်တဲ့ မိန်းမပျို၊ အပျိုလားပေါ့ အိုလားပေါ့။

မြောက်နားရုပ်တဲ့ မိန်းမပျို၊ အအိုလားပေါ့ ပျိုလားပေါ့။

**မီးဝင်ပွဲနှင့်တာတက်ပွဲတေးသံ (၂၀)**

မီးနံ့မယ် တောင်ထဲဝါး၊ လူနံ့မယ် တောင်ကျွဲသား။

**မီးဝင်ပွဲနှင့်တာတက်ပွဲတေးသံ (၂၁)**

ပွဲသွားကြော့ ပေါ့ပေါ့နဲ့၊ ဒို့ပေါင်သမီး နားဆွဲနဲ့။

**မီးဝင်ပွဲနှင့်တာတက်ပွဲတေးသံ (၂၂)**

ပင်စိမ်းပင်မှာပင်စိမ်းသီးမျက်တောင်ကော့နှင့်ကျော့သမီး၊
ကျော့သမီးပေါ့ ကျော့သမီး
ပင်စိမ်းပင်မှာပင်စိမ်းရွက်မျက်တောင်ကော့နှင့်ကျော့သမက်၊
ကျော့သမက်ပေါ့ ကျော့သမက်

**မီးဝင်ပွဲနှင့်တာတက်ပွဲတေးသံ (၂၃)**

အသက်ဖြဲလူပျိုငယ်၊ ၈၀ပြေ့မ လူပျိုလ၊ ၁၀၀ပြေ့မ၊ မိန်းမရ။

**မီးဝင်ပွဲနှင့်တာတက်ပွဲတေးသံ (၂၄)**

မိန်းမပိန်ရှည်၊ မယူလောက်လို့၊ ကုန်းလှင်လမ်းမှာ၊ လှူလိုက်မယ်
လှူလိုက်မယ်ဟေ့ လှူလိုက်မယ်။

**မီးဝင်ပွဲနှင့်တာတက်ပွဲတေးသံ (၂၅)**

ဆူးချုပ်တရုံ၊ တောင်တထောင့်နဲ့ မြောက်တရုံ
မောင်ရှာလာလို့ စုံစုံလာပြီ စုံလာပြီ။

**မီးဝင်ပွဲနှင့်တာတက်ပွဲတေးသံ (၂၆)**

မိန်းမပုလု အိပ်ယာလု၊ အမှုရှုပ်တယ်၊ ကွာလိုက်မယ်ကွာလိုက်မယ်။
မိန်းမပိန်သေးအိပ်မငွေးအလေးကိုက်တယ်၊ ကွာလိုက်မယ်ကွာလိုက်မယ်။

**မီးဝင်ပွဲနှင့်တာတက်ပွဲတေးသံ (၂၇)**

တအိုးထဲချက် တအိုးထဲစား ပန်းကန်ခွက်ပြောက် ငှန်းရိုးကောက်
ငါးခြောက်ဟင်းနဲ့ ပေးစားမယ်ဟေ့ ပေးစားမယ်။

**မီးဝင်ပွဲနှင့်တာတက်ပွဲတေးသံ (၂၈)**

အင်္ကျီ လက်လုံး၊ ပဝါး လက်ကျ ဒို့မချော ဒို့ဖအိမ်မှာ မဝတ်ရ။
ဒို့ချစ်သူ ဒို့လူအိမ်မှာ၊ ပြန်ဝတ်မယ်ဟေ့ ပြန်ဝတ်မယ်။

**မီးဝင်ပွဲနှင့်တာတက်ပွဲတေးသံ (၂၉)**

ခွေးခေါ် ယောက်ဖ၊ တွန်သံကြီးနဲ့ ရွှေကြီးကအော်၊ ငှက်ကဆော်
ပျော်တယ် ဒို့မယ် ပျော်တယ်ကွယ်။

**မီးဝင်ပွဲနှင့်တာတက်ပွဲတေးသံ(၃၀)**

ဝါးပင်ပေါ်မှာ ငှက်ကြားနား၊ အင်္ကျီစိမ်းနှင့် ငါ့ရည်းစား။
ငါ့ရည်းစားဟေ့၊ ငါ့ရည်းစား

**မီးဝင်ပွဲနှင့်တာတက်ပွဲတေးသံ(၃၁)**

ထမင်းစားလည်းစားပွဲနဲ့၊ မိန်းမယူလည်း နားဆွဲနဲ့၊ နားဆွဲနှင့် ဟေ့ နားဆွဲနှင့်

**မီးဝင်ပွဲနှင့်တာတက်ပွဲတေးသံ(၃၂)**

ဝါးပင်မှာလဲဝါးကပ်နှင့်၊ မိန်းမမှာလဲဆံညှပ်နှင့်၊ ဆံညှပ်နှင့်ဟေ့ဆံညှပ်နှင့်

**မီးဝင်ပွဲနှင့်တာတက်ပွဲတေးသံ(၃၃)**

ဝါးပင်ထိပ်များငှက်ကြာဥ၊ ကိုယ်ရင်နေပါးရီးစားလု ရီးစားလုဟေ့ရီးစားလု

**မီးဝင်ပွဲနှင့်တာတက်ပွဲတေးသံ(၃၄)**

ထမင်းစားလည်းဟင်းချိုရေ–မိန်းမမာလည်းသုံးဆင့်ကော

သုံးဆင့်ကောဟေ့– သုံးဆင့်ကော

**မီးဝင်ပွဲနှင့်တာတက်ပွဲတေးသံ(၃၅)**

ထမင်းစားလည်းဘဲဥချက်–မိန်းမမာလည်းthree steps

three steps နှင့်ဟေ့ three steps

**မီးဝင်ပွဲနှင့်တာတက်ပွဲတေးသံ(၃၆)**

သစ်ပင်ခါးရှည်တက်ခက်တယ်၊ မိန်းမခါးရှည်ပက်ခက်တယ်။

**မီးဝင်ပွဲနှင့်တာတက်ပွဲတေးသံ(၃၇)**

အိုးစည်ခေါင်းဗွဲတီးလို့လာဟောယ်ရွာကတုံးဆူးဗိုလ်ကုန်း၊

**မီးဝင်ပွဲနှင့်တာတက်ပွဲတေးသံ(၃၈)**

လူပျိုသိုးဟေ့လူပျိုသိုး၊ လူပျိုသိုးကိုမတုနှင့် သိုင်းကွက်နှင်းလာဓါးချက်နှင့်။

**မီးဝင်ပွဲနှင့်တာတက်ပွဲတေးသံ(၃၉)**

အစိမ်းစားလဲပဲစာဥ၊ အပြောကောင်းလဲမိန်းမပု မိန်းမပုဟေ့မိန်းမပု

**မီးဝင်ပွဲနှင့်တာတက်ပွဲတေးသံ(၄၀)**

မိန်းမရှုပ်ဆိုးပွဲဦးရိုး ရိုးလေလေရိုးလေလေ

**မီးဝင်ပွဲနှင့်တာတက်ပွဲတေးသံ(၄၁)**

အကျီစိမ်းနှင့်ပွဲတိုင်းလာငေါမပါတောင်ကြေ့မြောက်ကြေ့။

**မီးဝင်ပွဲနှင့်တာတက်ပွဲတေးသံ(၄၂)**

အိုးစယ်ဝိုင်းနှင့်လက်သိုင်းကာဓနအမျိုးသားထုံးစံပ

အိုးစယ်ဝိုင်းနှင့်လက္ခင်းသံမိုးပြိုလို့ကြွက်ကြွက်ညံ့

မတီးလဲကျတီးလဲကျ မကျလဲတီးကျလဲတီး ရောပေး....ရောပေး....ရောပေး..

အိုးစည်ဝိုင်းအတွင်းသံချပ်အော်ဆိုကခုန်ရင်းမြူးတူးတက်ကြွလာချိန်ဈာန်ဝင်လာချိန်တွင်၊သံချပ်ဆိုစရာမကျန်ရှိတော့ပါကအိုးစည်၏စည်းချက်ကျအလိုက်ရောပေးရောပေးဟုအိုးစည်သံကိုလိုက်တုပဆိုကြပါသည်။ရုံဖန်ရုံခါ ရောပေးရောပေးထုံဟု အိုးစည်သံကိုပင်လိုက်ဆိုတတ်ကြပါသည်။

* * * * * * * *

# စနေတိုင်းရင်းသားတို့၏ချိုးချင်းမာယာကဗျာများ

ဝင်းအောင်(အောင်ပန်း
စုစည်းတင်ပြသည်၊

ကဗျာခေါင်းစဉ်= အပျိုလူပျိုများအနုပညာဖြင့်တေးပြိုင်သော တေးချိုး
သောကဗျာများ
ကဗျာ(ချိုးချင်းမာယာ)ပင်ရင်း=ရှာင်မြို့နယ်၊ရေဦးမြို့-ရေချမ်းပြင်ရွာ
အပျိုလူပျိုများတေးပြိုင်တေးချိုးကဗျာများဖြစ်သည်။
ကဗျာအမျိုးအစား= ချိုးချင်းမာယာကဗျာများ
ကာလ=(ခန့်မှန်း) မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးခေတ်နောက်ပိုင်း။

### ချိုးချင်းမာယာကဗျာ(၁)

ကျား။ ။ချိုးမယ်တဲ့ ချိုးမယ်၊ ချိုးမယ်ဆို ဉာဏ်ပိုရဲ့လား။
မောင့်ထက်သာ တဉာဏ်ပွားရင်၊ ချိုးစမ်းပါလား။

### ချိုးချင်းမာယာကဗျာ(၂)

မ။ ။မတတ်ဖူးတဲ့ မတတ်ပါ။ မတတ်ရင် သင်ပြပါမောင်တို့.
မလေးမှာ ငယ်ကတည်းက၊ နဲတဲ့ဉာဏ်မို့။

### ချိုးချင်းမာယာကဗျာ(၃)

မ။ ။အချိုးတဲ့ မာယာ၊ သင်ပါကွဲ့ မောင်တို့၊
မလေးမှာ ငယ်ကတည်းက၊ နဲတဲ့ဉာဏ်မို့။

### ချိုးချင်းမာယာကဗျာ(၄)

မ။ ။"မောင်ရင်လာ ပျာမရှို၊ ရောအောက်ထိုင်တုံး၊ ရောထိုင်တုံး။ "

### ချိုးချင်းမာယာကဗျာ(၅)

မ။ ။အချိုးတဲ့မာယာ၊ သာလိကာ ရွှေညို
ပေါ်ဘိမောင့်မှာ၊ အချိုးတဲ့မာယာ၊ မကြီးမယ်ငယ်ကတဲက၊ ဖွဲ့စိတ်မသွင်း။

## ချိုးချင်းမာယာကဗျာ(၆)

မ။ ။ကြက်ဖမြူ တောင်ပံရိုက်၊ မအိပ်တမ်း ရွှေချမ်းသူ၊ လင်းသို့အတူ။
အိပ်တဲ့သူပြာပူနဲ့ပက်တမ်း ။မျက်ခုန်းမွေးကုန်အောင်နှုတ်မယ်ပ ပြိုင်လာကြစမ်း။

## ချိုးချင်းမာယာကဗျာ(၇)

ကျား။ ။နှုတ်သံတော် ချိုပြအေး၊ နှမလေး နေတဲ့ရွာ၊ မေးချင်လှတာ။
မေးချင်တာဘယ်ရွာကတုန်း၊ မိန့်ခွန်းတော် ရွှေနှုတ်ဖျားကကွယ် ညွှန်းခဲ့ပါအုံး။

## ချိုးချင်းမာယာကဗျာ(၈)

ကျား။ ။ပတုံမ ဝါ၊ တဆစ်ခြား၊ တင်း ဝါး ဖြစ်မယ် ထင်မိတယ်။
မယ်တို့စကား၊ တခွန်းကြား၊ ဒိမ်သားဖြစ်မယ် ထင်မိတယ်။

## ချိုးချင်းမာယာကဗျာ(၉)

ကျား။ ။တိုင်တူပေါက်တူ၊ သုံးခေါက်ချိုး ပုဆိုးမြူ
ချေ(ချည်) မတူလို့ မချောလား၊ ဒို့လိုလူ လူမတူလို့ မပြောလား။

## ချိုးချင်းမာယာကဗျာ(၁၀)

မ။ ။အို့အို့ရယ်ခေါ်၊ ပျော်ရာလိုက်တဲ့ငွေး။
ပွဲအပြန် ရွာဘုံငွေးလိုပ၊ ထမိန်(ထမင်း)ရေကျွေး မွေးခက်လှသေး။

## ချိုးချင်းမာယာကဗျာ(၁၁)

ကျား။ ။မယ်ဇလီပင်ပျိုအောက်၊ ပေါက်လာတဲ့ ရွှေတမာ၊
ခါးချက်ကနာ၊ ရေစီးရယ်တခါ၊ ရေသာရယ်တလှည့်၊
သူများလို ဒို့မရှိုင်းတယ်၊ တိုင်းသိပါရဲ့။

## ချိုးချင်းမာယာကဗျာ(၁၂)

မ။ ။အချစ်ပန်းပင် မြင်ရက်သား၊ သက်ကြားက ပန်ချင်တာ၊ အားမျှမနာ။
အားမနာ ပန်ပါတော့ခဏ၊ အပြီးကွယ် မပေးရက်ဘူး
ဈေးမှာကွယ် ဝယ်တဲ့ပန်းကိုလနမ်းတော့ခဏ။

## ချိုးချင်းမာယာကဗျာ(၂၀)

ကျား။ ။"ရောင်နီဝါ၊ ထွက်လို့လာ၊ နှမထိုင်တုံး သိမ်းပါအုံး" ။

## ချိုးချင်းမာယာကဗျာ(၁၃)

ကျား။ ။ရွှေမြင့်မို့ တောင်အောက်၊ ပဌာမြားရယ်တဲ့ကျောက်
မကောက်ပူးလို့ မောင်ပယ်တယ်၊ လွဲလိုက်လေတယ်၊ ကောက်တော့မယ်ကွယ
ဒီတခါရွှယ်မိ၊ အနားတင် ရွှေသိမ်ချောင်း၊ ချောင်းလို့မကြည့်။

## ချိုးချင်းမာယာကဗျာ(၁၄)

မ။ ။အောအောရယ် အာအာ၊ ရွှေကျိုးညို သစ်ပင်ပျား နားမယ်လို့လာ၊
နားမယ်လာ၊ သစ်ပင်ကငယ်သေး၊ ရွှေကျိုးညို အလာစောတယ်၊ မောင်ရှုံပလေး

## ချိုးချင်းမာယာကဗျာ(၁၅)

ကျား။ ။"တောင်ကုန်းငုံးနဲ့ခါ၊ အစာမရှိ. ထောင်တိုင်းမိ။
မယ်တို့ပညာ၊ ဗဟင့်ထက်သာ၊ ပညာမရှိ ပြောတိုင်းမိ"

## ချိုးချင်းမာယာကဗျာ(၁၆)

ကျား။ ။ထင်းရှူးပင်ခွ၊ သံမယ်နှ၊ မယ်နကြိုးသိ ဆိုင်းမိ၊
မယ်တို့အလှ၊ ကြယ်ကြွေကျ၊ မျက်ရည်မိုးသို့ ဝိုင်းချေပြီ။

## ချိုးချင်းမာယာကဗျာ(၁၇)

မ။ ။ခုနှစ်စဉ် ကြယ်ပြောင်ကြီး၊ အမြီးလေးကွဲ့ ထောင်ပြန်ပြီ၊
လင်းကြက်ကယ်ချို၊ လင်းကြက်ချို ရောင်နီတွေ လာပါပေါ့၊
မယ်တို့အိမ် လူယဉ်ကြော၊ ဆင်းပြန်ပါတော့။

## ချိုးချင်းမာယာကဗျာ(၁၈)

ကျား။ ။ခုနှစ်စဉ် ကြယ်ပြောင်ကြီး၊ အမြီးလေးကွဲ့ ထောင်ပြန်ပြီ၊
လင်းကြက်ကယ်ချို၊ လင်းကြက်ချို ရောင်နီတွေ လာပါပေါ့၊
မောင်လေးခင် အပြန်ငြိမ်းအောင်၊ သိမ်းပိုက်ပါတော့။

## ချိုးချင်းမာယာကဗျာ(၁၉)

ကျား။ ။ပြန်အုံးမယ်ကွဲ့ မလေးရယ်၊ ဘယ်မက ညှာလက်ညှိုး
လမ်းထိုးလို့ပြကွယ်၊ တောခြားလို့တောင်ကွယ် မယ်နှင့်မောင် ဝေးရပြန်တယ်

## ချိုးချင်းမာယာကဗျာ(၂၁)

ကျား။ ။အရှေ့ဆို မြို့တရိုးမှာလေ၊ သုံးလနဲ့ ရက်ကိုးဆယ်
ပြန်မယ်လို့ မောင်ပြော၊ ရွှေချမ်းသူ မမလေးတို့ရယ်
အမလေး ပြောပေးကြအုံး။ ။

## ချိုးချင်းမာယာကဗျာ(၂၂)

ကျား။ ။မနေသာ ပြန်ရအုံးမယ်၊ မမပုန်း ကပိုကရို၊
ထားမျက်စချို၊ ကပိုကရိုသိုကာလေ ပြန်ရ၊ မ မျက်နှာရိုချိုပြုံး၊ မုန်းလို့မရ။

## ချိုးချင်းမာယာကဗျာ(၂၃)

မ။ ။ချိုးမဲ့လည်ပြာ၊ ခါပဲ့လည်ပြောက်၊ တံတားအောက်။
ရေသောက်လာလဲ ရေရှိရက်၊ မယ်တို့ရှိရာ၊ မောင်တို့လာ
မောင်တို့လာလဲ မယ်ရှိရက်။

## ချိုးချင်းမာယာကဗျာ(၂၄)

ကျား။ ။ရေချောင်းကောက်ကွေ့၊ပုစွန်တွေ့၊ မရွှေတမ်း ဖမ်းကြမယ်။
ငယ်ခါမတွေ့၊ ကြီးခါတွေ့၊ မမေ့တမ်း လွမ်းကြမယ်။

## ချိုးချင်းမာယာကဗျာ(၂၅)

ကျား။ ။"ဗူးပဲ့လှခြင်း၊ တည်တိုင်ရှင်း၊ ဆွမ်းဟင်းချက်လောက် ဗူးတညှောက်
နှမလှခြင်း၊ လည်တိုင်ရှင်း၊ ရုပ်ကိုကျော်လို့ ပြေကိုနင်း
မင်းကိုဆက်လောက် မ တယောက်"။

## ချိုးချင်းမာယာကဗျာ(၂၆)

မ။ ။"နှုတ်ထိပ်ကကျူး၊ ရှိဘူးတဲ့မောင့်အပြင်၊ ရှမ်းမြို့ကိုးခွင်
ရှမ်းကိုးခွင် မောင့်အပြင်မရှိ၊ တပြေထောင် တကောင်ပေါက်တယ်
ထွန်းပြောက်ပါဘိ"။

## ချိုးချင်းမာယာကဗျာ(၂၇)

မ။ ။"မပန်ရလောက်၊ ပန်းကြက်မောက်၊ ပင်အောက်ကသာ မျှော်ရတယ်။
မကြင်ရလောက်၊ မ တယောက်၊ အိမ်အောက်ကသာ မျှော်ရတယ်"။

ချိုးချင်းမာယာကဗျာ(၂၈)

ကျား။ ။"လက်ပံပင်ဦး၊ ရေတွင်းတူး၊ တူးတူးပါရက် ရေမထွက် ရေမြစ်နဂါး ခံလို့လား။
နို့မောင် ပြောရက်၊ နှုတ်မဆက်၊ မှာရက်စကား ခံလို့လား"။

ချိုးချင်းမာယာကဗျာ(၂၉)

ကျား။ ။" ပိတုန်းမြူ ပတူကိုက်လို့၊ ခါသရော- ခါသရော။
အမျိုးမတူ မယူနဲ့လို့၊ မှာသရော- မှာသရော"။

ချိုးချင်းမာယာကဗျာ(၃၀)

မ။ ။"ပိတုန်းမြူ ပတူကိုက်လို့၊ ခါဘူးပ- ခါဘူးပ။
အမျိုးမတူ မယူနဲ့လို့၊ မှာဘူးပ- မှာဘူးပ"

ချိုးချင်းမာယာကဗျာ(၃၁)

ကျား။ ။"အရှေ့တောင်ထဲ၊ ပန်းအာမဲ၊ အာမဲရိုးနီ ယော်ချေပြီ။
မယ်တို့ကန်နှင့် ကန်ဆင်းရဲ၊ ရွာထဲစိုးစိ ကျော်ချေပြီ။"

ချိုးချင်းမာယာကဗျာ(၃၂)

ကျား။ ။"ငှက်ပျော်ဆင်အုံ၊ ပက်စိမ်းခုံ၊ ဖူးတုံပါလို့သေးရတုန်း။
ချစ်ရိုးကောန် တကာယ်မန်၊ အကြံဘာလို့ နေ့းရတုန်း။"

ချိုးချင်းမာယာကဗျာ(၃၃)

မ။ ။"အရှေ့တောင်ဘက်ကထွက်လှတဲ့နေစကြာပျို့လေးယူမရ၊ မိန်းမပို့ပါ။
စပယ်သီး ရွှေရောင်ကြီးတို့၊ ယောက်ျားပါနေစကြာ ယူလို့ရရင် တောင်းလာတော့လေး"

## ချိုးချင်းမာယာကဗျာ(၃၄)

ကျူး။ ။စပ့်စပ့်တောစပ့်။ စပ့်ရွက်ဖျားတောသမင်နှင့်တောဆင်စား

ရွက်ဖျားအလိုတုံးပြီလား၊တုံးပြီလား။

နှမဒိမ်နားသတင်းသာလို့မောင်လာကြွား၊လာဖန်များလို့မုန်းပြီလားမုန်းပြီလား။

## ချိုးချင်းမာယာကဗျာ(၃၅)

ကျူး။ ။စပ့်စပ့်တောစပ့်၊ စပ့်ရွက်ဖျားတောသမင်နှင့်တောဆင်စား

ရွက်ဖျားအလိုပွါးပြီထင်၊ ပွါးပြီထင်။ နှမဒိမ်နားသတင်းသာလို့မောင်လာကြွား၊

လာဖန်များလို့ချစ်စိတ်ဝင်ချစ်စိတ်ဝင်။

## ချိုးချင်းမာယာကဗျာ(၃၆)

ကျူး။ ။ရေတွင်းတူးရာရေမထွက်၊ ရေမြက်စတင်လွဲနေရောလွဲနေရော

မောင်လဲကြိုက်ရက်မယ်ကြိုက်ရက်၊ ရွှေးကံပေါင်းရွှေးကြောင်းမျက်လို့

ရေစက်စတင်၊လွဲလေရော။လွဲလေရော။

## ချိုးချင်းမာယာကဗျာ(၃၇)

ကျူး။ ။ခုစားပြီးလဲ၊ခုနားဆာတုံ၊ ပင်းတာယရေးမာဆပ်ဍ္ဍါတုံ၊ ဆပ်ဍ္ဍါတုံ။

ခုကြေပြီးလဲ၊ခုနားကြေချင်၊ ရုပ်လုံးကျယ်ရွှာလယ်ထဲမာ

မျက်နှာပါးနှင့်သွေးသားမုံ၊ သွေးသားမုံ။

## ချိုးချင်းမာယာကဗျာ(၃၈)

မ။ ။လင်းယုန်လင်းယုန်၊ဆွေလင်းယုန်၊ ဆွေယုံရန်း၊ကောင်းကင်ထက်မာဍ္ဍါစုံထိုး၊

မောင်လူဆိုး မောင်လူဆိုး

မယ်ကိုရန်း၊အိမ်ပေါက်ကျူးလို့၊ အိမ်ဦးဝမာ၊ညစဉ်တိုး၊ ညစဉ်တိုး။

## ချိုးချင်းမာယာကဗျာ(၃၉)

မ။ ။ပလောင်ကြက်ကြီးရင်ကိုလန်လို့အတောင်တီးကြက်ကြီးသုံးချိ၊
တွန်လေပြီတွန်လေပြီ။ ပန်းပွးစ၊ လူလပြန်ချိန်၊တန်လေပြီတန်လေပြီ။

## ချိုးချင်းမာယာကဗျာ(၄၀)

ကျား။ ။ပလောင်ကြက်ကြီးခြင်းထဲလောင်လို့အတောင်ကျကြက်ကြီးသုံးချိ၊
တွန်သေးဝူးတွန်သေးဝူး။တာပင်ထန်း၊လူဟာန်းပြန်ချိန်၊တန်သေးဝူးတန်သေးဝူး

## ချိုးချင်းမာယာကဗျာ(၄၁)

မ။ ။တောင်ပို့ဆိဂူခါကျလာ၊ ခါတ်ပြုရှမ်းခါပပ်းမယ်။
မယ်တို့ရှိဂူမောန်ရောက်လာ၊ မျက်နှာပြုရှမ်းကြေ့အုံးမယ်။

## ချိုးချင်းမာယာကဗျာ(၄၂)

ကျား။ ။ထလက်ပင်ကြီးလမ်းနားနီး၊ အသီးချေ့ဖို့မောန်လာတယ်
ချွေလဲပနီးမျိုးမနီး၊ အိုင်ကြီးခုံဖို့မောင်လာတယ်။

## ချိုးချင်းမာယာကဗျာ(၄၃)

ကျား။ ။ကော်ပျောရွက်လ ရွက်ယောင်ကျ၊ ထမန်းထုပ်ရှံ ဟင်းထုပ်ရှံ
မယ်ရဲ့အလ မောင်မရ၊ မျက်ရည်သုတ်ရှံ ဖီးမှတ်ရှံ။

## ချိုးချင်းမာယာကဗျာ(၄၄)

ကျား။ ။ထလပွင့်ဖြူ ပွင့်စယူ၊ လဲလူပွင့်စ တောန်ကုန်းက၊
မယ်လဲအပျို မောန်အပျို၊ ရည်းစားဖြစ်ကြ ခုနေ့ည။

## ချိုးချင်းမာယာကဗျာ(၄၅)

ကျား။ ။စပယ်လေးရယ်တဲ့ မြတ်လေးရှံ၊ ပန်ချင်သူမောန်ဒူးလို့ပေးမယ်ပ
ပန်းမြတ်သည့်ရှံ၊ အပွင့်ရယ်ကုန်ပန်းစုံတဲ့သည်တော
မောန်တို့မယ် မပန်ထိက်တယ်ကွဲ၊ ပန်းမက်သူမော။

# ဓနုတိုင်းရင်းသားတို့၏ နွားဝန်တင်ကဗျာ

ဝင်းအောင်(အောင်ပန်း)
စုစည်းတင်ပြသည်။

## နွားဝန်တင်ကဗျာ(၁)

" ဒိုးဒုံ ဒိုးဒုံ၊ မနှင်းငုံ၊ ရန်ကုန်သွားမယ် စောစောထ"

## နွားဝန်တင်ကဗျာ(၂)

"ဘောက်ကယ်တီးရိုး၊ ထမင်းချိုး၊ ဒို့ပိုးကုန်သည် လာလိမ့်မယ်။
ဘာဟင်းချက်မလဲ၊ ဒေါင်းလန်းမောက်ခုံ၊ ဗုံလုံသီးဟင်း ချက်ထားမယ်"

## နွားဝန်တင်ကဗျာ(၃)

"ဒိုးဒိုး ဒေါင်ဒေါင်၊ ကိုမင်းခင် နွားကိုကျောင်း
နွားတပေါင်းတထောင်၊ နွားနက်ကလေးရယ် ညိုပြာပြာနဲ့
ဆီးချိုပင် သာတဲ့ကုန်းမှာ၊ ကိုမင်းခင် နွားပျောက်လို့ချုန်း"

## နွားဝန်တင်ကဗျာ(၄)

" နွားတွေက များသနဲ့၊ ဆီးတားလို့ မနိုင်။
မောင်လေး ဟိုစခန်းမှာ၊ ပန်းတာယ်လို့ ငိုင်။
မငိုင်နဲ့လေ ဆံလေးကို၊ ငါအပျို ချေကိုင်ထိအောင်၊ ဆီးပို့မယ်လေး"

## နွားဝန်တင်ကဗျာ(၅)

" နွားဖြစ်သော်လဲ၊ နွားဖော်ကနဲ၊ ပုပ္ပားတောင်ခြေ၊ နှင်းဝေဝေမှာ တကောင်ထဲ
ငှက်ဖြစ်သော်လဲ၊ ငှက်ဖော်ကနဲ၊ ကျူးကော်ကျူးကော်ငှက်ဆန်လျှော်၊ ဆန်လျှော်ခေါင်မဲ။
သစ်မျိုးမြိုင်လို့ဂနိုင်ရုပ်ပန်းဆိပ်ပြားမှာ၊ တကောင်ထဲပန်းဖြစ်သော်လည်း၊ ပန်းဖော်ကံနဲ။
သစ်မျိုးမြိုင်လို့၊ ဂနိုင်ရုပ် သစ်ကိုင်းပေါ်မှာ၊ တပွင့်ထဲ
လူဖြစ်သော်လဲ၊ လူဖော်ကံနဲ၊ ရွာလုံးလည်နဲ့က၊ ရွာလယ်ထဲမှာ
ဒို့မောင်ကြီးမှာ တယောက်ထဲ"

## နွားဝန်တင်ကဗျာ(၆)

" နွားလှဘဲ့ ကြန်စုံ၊ တင်ခါကောင်းလို့ မောင်းခါခုန်။
ကြန်စုံနွားလှ၊ တင်ခါကောင်းလို့ မောင်းမရ။
တခွန်းမောင်းလည်း၊ ကူးမယ်လိုလို၊ နှခွန်းမောင်းလည်း၊ ကူးမယ်လိုလို။
သုံးခွန်းလည်းစေ့၊ ဆယ်ခွန်းလည်းပွန်၊ ဒို့ မ,နားမှာ ချွန်းချွန်းတွန်"

## နွားဝန်တင်ကဗျာ(၇)

"နွားအုပ်ကျူးလို့၊ နွားခိုးလှန့်ရင်၊ ဟိုးကုန်းအဆင်း၊ ဟိုးကျင်းအထက်
တုတ်တို၊ ခါးမှာချပ်လို့၊ ပလွေတို လက်မှာပိုက်လို့
လိုက်လို့ဆီးရင်၊ ရသေးအုံးတယ်။ လူအုပ်ကျူးလို့၊ လူခိုးလှန့်ရင်၊
ငွေနဲ့ဆယ်သေး၊ ကြေးနဲ့ ဆယ်ဆပ်၊ လိုက်လို့နှတ်လဲ နင်မရ"။

## နွားဝန်တင်ကဗျာ(၈)

"သခင်မဲ့နွား၊ ပုပ္ပားတောင်ခြေ၊ မြက်ခါးအင်းမှာ၊ ကြိုးနဲ့လှန်လို့ ခြံနဲ့ထား
ကြိုးများနင်းမိ၊ မဆုပ်သိ၊ နင့်ချစ်သူ နင့်လူရှိမှန်း၊ ဒို့မသိ။"

## နွားဝန်တင်ကဗျာ(၉)

" ဒို့များလိုက်လို့ပြန်ရင်၊ စအယ်ခက်နဲ့ ရိုက်ဘူးလား
တံမြက်စည်းနဲ့ လှဲဘူးလား၊ ခွေးတအုပ်နဲ့ ချောက်ဘူးလား
ခွေးတကောင်နဲ့ ဟောင်ဘူးလား။"

## နွားဝန်တင်ကဗျာ(၁၀)

"နင်များလိုက်လို့ပြန်ရင်၊ တံခါးဦးမှာ ကွမ်းရွက်ချ
တက်လာ တက်လာ၊ မိမကာဘူ ဗ ကျွေးမယ်
တံခါးဦးမှာ ကွမ်းယာထွေး၊ မိမကာဘူး မ သမီး
စအယ်ခက်လဲ ချိုးစေမယ် ၊ အထဲခန်း တနန်းနတ်လို စိုးစေမယ်။"
စအယ်ရွက်ကို ဖျင်စေမယ်၊ အထဲခန်း တနန်းနတ်လို တင်စေမယ်။

## ဓနုတိုင်းရင်းသားတို့၏ တောင်ယာတေး

ဝင်းအောင်(အောင်ပန်း)
စုစည်းတင်ပြသည်။

### တောင်ယာတေးကဗျာ(၁)

မိုးတစိမ့်စိမ့်လေး၊ ကိုတောင်သူ ထယ်တလုံးရယ်နဲ့ လုပ်ငန်းရှာ၊
ကုန်းသာယာမြေပေါ်မှာ၊ ကျွဲအိုကြီး နောက်ကလိုက်ပါလို့၊
တက်ခေါက်သံ တဖောင်ဖောင်မြင့်၊ ခေါ်ဆန်မြူ ရွှေပျံ့ပျောင်းရယ်နှင့်၊
အိမ်နေသူ ဖြူပြာနှင်းကိုလ၊ လှမ်းလိုက်လေခြင်း။ ။

### တောင်ယာတေးကဗျာ(၂)

လက်သည်းကွဲနဲ့ပေါင်းပွဲက ထူပလေ၊ လူအင်က ပျိုမှာနဲ့။
မကြီးမယ် ဒီယာထဲက၊ ထွက်ရပ်နိုင်ဘဲ။ ။

### တောင်ယာတေးကဗျာ(၃)

ယာပေါင်းရယ်ထူ၊ ကူလူမှ ရှိဘဲ၊ ယာသခင်ဝင်လို့ ကူခါမှ၊
ပေါင်းပေါက်က မစဲ။

### တောင်ယာတေးကဗျာ(၄)

ယာနားနီးပါလို့၊ ကျွဲစီးရယ်တဲ့၊ မောင်မခေါ်။
ကျွဲပေါ် ချော်လို့ကျခါမှ၊ ခုံကမယ်လေး။ ။

### တောင်ယာတေးကဗျာ(၅)

ပျိုလေးတို့ ယာနား၊ ရိပ်များတဲ့ရိပ်ယောင်၊ လိပ်ပြာကောင်
ထင်ရဲ့မောင်လေး။
ကန်သင်းတင် မတင်ခဲ့နဲ့၊ နားဝင်ခဲ့လေး။ ။

### တောင်ယာတေးကဗျာ(၆)

ဖြူးလစ်လစ်ဖြူးလစ်လစ်ဖြူးလစ်လစ်၊
တောင်တွင်တောင်တွင်း၊ ရမည်းသင်း၊ လူချင်းပေါင်းများ
ကုလားရခိုင်၊ တရုတ်ပိုင်သည်၊ ဂျပန်ပြည်နှင့်၊ ဇော်ဂျီရေရှိုး၊

လုပ်စားမျိုးနှင့်၊ မြေမှိုးတာသွယ်၊ လယ်ယာချောင်းမြောင်း
လွှန်ကောင်းစပါး၊ ရကြွားတာသွယ်။ ။

## တောင်ယာတေးကဗျာ(၇)

လူမိုက်အထူး၊ စိတ်ကူးအကုန်၊ မြောက်တာဟုန်
အကုန်မကြွင်း၊ အရှင်မင်းတို့၊ ခေါ်ခြင်းတာသွယ်၊
ခွေးပင်တောင်ဦး၊ ရှေဦးရေင်၊ ဆပ်ခြံမြောင်ကျပ်၊
မြေလတ်ခေါ်ပါ၊ ရွှေပါစပါး၊ ပေါများဆန်ရေ၊
တိုးပါစေ၊ ပွားပါစေ။ ။

## နေတိုင်းရင်းသားတို့၏သစ္စာထားကဗျာများ

ဝင်းအောင်(အောင်ပန်း)
စုစည်းတင်ပြသည်။

### ကဗျာ(၁)

မယ်ဖို့ထမ်းထား၊ ဆစ်ဆားဖလူနှဆစ်ဖလူဆား
မယ်ဖို့လက်ကိုင်၊ ဆစ်ဆားဖလူနှဆစ်ဖလူတိုင်
လမ်းမဆာဘူး၊ ကတိုးမွှံနှာမွှံဖလူး၊ နေပူမစိုး
ထီးစက္ကူနှထီးဖလူမိုး၊ အရိုးဒို့မောင်ကိုင်ပါ့မယ်
အပွင့်မယ့်ကို စံစေမယ်။

### ကဗျာ(၂)

" မြတ်နိုးယုယလွှန်းလို့၊ နှမငယ် မြတ်လျှောက်သွားဖို့
လက်ကိုင်နဲ့ တံတားတခုကို၊ မောင်တည်ဆောက်ပေးမယ်
ဒီခရီး ဒီလမ်း၊ မပြောင့်ဖြူးသေးရင်၊ အမွှေးနံ့သာတွေ ခင်းပေးပါ့မယ်
နေပူတာတွေလဲကြောက်စရာ မလို၊ ထီးဖြူရိပ်မှာ နားခိုလှဲ့ကွယ်"

### ကဗျာ(၃)

" ကနိန်ယင်းပြား၊ နွားမတား၊ ယင်းပြားအလိုခြုံနေပြီ
ဒို့မယ်စကား၊ မောင်မကြား၊ စကားအလို ပုံနေပြီ"

### ကဗျာ(၄)

"ငှက်ပျောပင်ရင်း၊ ပန်းကုံးကင်း၊ ခြေရင်းမရှုပ်စေနဲ့နော
ဒို့မောင်သတင်း၊ မိုးလိုဝါလို့ ဖျာလိုခင်း၊ သတင်းမပုပ်စေနနော"

### ကဗျာ(၅)

"ပုဆိုးကွက်သေး၊ မိုးရေတင်လို့ နှင်းရည်မြေး
လေးတယ်ဆိုလို့ မညစ်နဲ့၊ မောင်လဲတကျေး
မယ်တကျေး၊ ဝေးတယ်ဆိုလို့ မပစ်နဲ့"

ကဗျာ(၆)

" ကန်နီပက်ဝန်း၊ ပက်လှကျွန်း၊ ပက်ဝန်းငယ်ဒါ ကြွေဘူးပ
ကြီးကာမကျွန်း (ကျွမ်း)၊ ငယ်ကာကျွန်း (ကျွမ်း)၊ အလှန်းပြေဘူးပ။

ကဗျာ(၇)

"ရေချမ်းရွာမြောက်နား၊ ဘုရားတဲ့ သုံးဆယ့်ငါးဆူ
အလယ်ဆူရွှေဂူနဲ့ထား၊ မယ်နဲ့မောင်သဗ္ဗာထား၊ မြနိုင်ပါ့မလား"

ကဗျာ(၈)

"လမအိမ်နား၊ ပန်းညို ပင်ကို၊ ရှင်မဲ့အကြောင်း
ရေပေါင်းပက်လို့ ရေသစ်လောင်း၊ မယ်နမောင်လဲ
ဆုံမဲ့အကြောင်း၊ ဆုပေါင်းပစ်လို့ ဆုသစ်တောင်း"

ကဗျာ(၉)

"တလပွင့်မြူ ၊ ပွင့်လားလူ၊ မိုးမြူထမ်း မိုးခါးမပိစေနဲ့နော
မိုးခါးပိရင် ယော်တတ်တယ်
လမခရိုက်ဆူ၊ ခရိုက်ဆူထား၊ ရွာလုံလယ်န ရွာလယ်ထားမှာ
ကျော်တတ်တယ်။"

ကဗျာ(၁၀)

" အင်းတိမ်ခေါင်းလောင်း၊ အသံကောင်း၊ ခေါင်းလောင်းအညှာ
ဇာမြစ်လို့ကား၊ အလိုလိုပိုးစားရာ
နှမမျက်နှာ၊ ရွာသစ်ကြီးလို့၊ ရွာကြီးလယ်မှာ
အလိုလိုနဲ့များ ညှိုးလေရာ"

ကဗျာ(၁၁)

"ပင်းအိုးပက်စက်၊ ငွေရောင်ထွန်းလို့၊ အောင်ပန်းဈေးမှာ
ဝယ်လို့ချက်၊ တွက်တွက်တွက်တွက် ဆူစေရော့

မယ့်ကိုထား တခြားရှိရင်၊ ဒို့မောင်ပါးကက် သမင်ယက်

စုကျွက်စုကျွက် နူစေရော”

## ကဗျာ(၁၂)

မောင်လဲအပျို မယ်အပျိုမယ်လဲအပျို မောင်အပျို
တပေါင်းကျူး တံခူးကုန်၊ ကဆုန်ကြရင် သစ္စာဆိုလို့
အိုကြမယ်ဟေ့ အိုကြမယ်

## ကဗျာ(၁၃)

ပထဝီမြေညွှတ်ပါလို့၊ မလွှတ်ဖူးမောန်သစ္စာ၊ မြဲစောင့်လက်ပါ
မောန်သစ္စာမနိုပေရဲ့အထူး၊ ပယ်ထက်သာဆွေပင်တွေ့သော်လည်း
ကျွန်တော့မှာ မေ့နိုင်ပါဘူး။

## ကဗျာ(၁၄)

အလွမ်းရယ်ဆို တောင်လိုပုံလို့ ပျိုတို့မောန် ယုံအောင်ပြောတယ်ကွဲ့
ယုံစားမိတယ်၊ နှစ်တရာဆုံလာဖို့အရေး ဆေ့ဆက်လို့မယ်တွေးခဲ့တယ်
မကြင်နာပျို့မောင်ရဲ့စကား၊ လွမ်းစေဖို့ပန်။ မလေးခင်ဆွေရင်ကြားမှာ
စောစိတ်ပူနွေး။

## ကဗျာ(၁၅)

အရှေ့ရယ်ဆိုညောင်ပင်ပျားမှာလ၊ နားပေတဲ့ကက်မင်းစင်ပြေးမယ်လို့ရင်၊
မိုးမမြင်လေမမြင်တဲ့နတ်သား၊ မောန်ကြီးကိုနောက်ဖယ်ထားပါလို့
မကြီးရယ် စိမ်းရက်လေအား။

## ကဗျာ(၁၆)

မ။ ။အချစ်ရယ်ဆိုသာသာနိုးပါလို့၊ စကားတိုးတိုးလေးဂုယ်တဲ့မှာခဲ့မယ်
သူများရယ်ဆိုဖျက်တဲ့စကားကိုလ၊ နားထောင်နဲ့ကွယ်။
လူဖျက်ရယ်ဆိုခင်တသွယ်နှင့်၊ မကြင်နာမာယာနှင့်ဥာဏ်များ၊
မောန်ကြီးရယ် ကုံးတိတ်တဲ့စကား။

## ဓနုလူပျိုလှည့် ကျေးလက်တေးကဗျာများ

နေစိုးအောင် (တောင်ကြီး)

### ဓနုလူပျိုလှည့်ချိုးချင်းမာယာ (ကြိုးချင်း)တေးသံသာ

ရှမ်းပြည်မြေလတ်ပိုင်း ဓနုတိုင်းရင်းသားတို့ဒေသ၊ ဓနုလူမျိုးတို့ ကျေးလက်အရပ်များတွင် ပြည်ပန်းညို ချိုချင်လျက် ဆားကဖျက်သည့် အဖြစ် မျိုးမကြားမိခဲ့ပေ။ လူပျိုအပျိုငယ်ရွယ်သူတို့ဘဝ သမီးရည်းစားလှည့်၍သမီး ရည်းစား ဖြစ်နေသည့်အချိန်တွင်ဖြစ်စေ၊ သမီးရည်းစားမှ တစ်ဆင့်တက်၍ အိမ်ထောင်ရှင်အိမ်ထောင်သည်ဘဝကူးလိုသည့်အခါမျိုးတွင်ဖြစ်စေ ဓနုလူငယ် မောင်မယ်တို့သည် များစွာ လွတ်လပ်လျက် ရှိကြသည်။

ငယ်ရာမှကြီးလာကြသော ဓနုလူကြီးမိဘများကလည်းမိမိတို့ရင် ခွင်မှ၊မိမိတို့အရိပ်အာဝါသအောက် မှ အရိပ်သစ်ရှာ၊ ရင်ခွင်သစ်ရှာ ထွက်ခွာ စပြုနေကြသော သားသမီးလူငယ် တို့၏ချစ်ရေးကြိုက်ရေးအိမ်ထောင်ရေးမျိုး တွင်ဝင်ရောက်စွက်ဖက်သည်ဟု မရှိပါ။

ဓနုလူမျိုးတို့၏ဘိုးစဉ်ဘောင်ဆက်က အစဉ်အလာ ဓလေ့ထုံး အရဓနုလူပျိုလှည့်ချိန်ကားအကာလညအခါဖြစ်သည်။နေ့ခင်းပိုင်းတွင် မိမိတို့ ရိုးရာသက်မွေးကျောင်းဖြစ်သော တောင်ယာ စိုက်ခင်း များ၌ ဝမ်းတစ်ထွာ အတွက်တစ်နေကုန်တစ်နေခန်းပင်ပန်းကြီးစွာအလုပ်လုပ်နေကြရသည့်အချိန် က များသည်ဟုဆိုနိုင်ပါသည်။

ဓနုလူပျိုတစ်ယောက် အပျိုရှိသောအိမ်သို့ လူပျိုလှည့်လည် ပတ်သည့်အချိန်မှာပင် ဓနုကိုလူပျိုသည် လက်ဖက်ရည်ကြမ်း (အခါးရည်)နှင့် မီးဖိုကြီးဘေးတွင်ဝိုင်းဖွဲ့ကာစကားပြောနေတတ်ကြသောဓနုအပျို၏ မိဘမောင် ဘွားအစ်ကိုညီမများနှင့်ပက်ပင်းတွေ့တတ်ကြသည်။ တွေ့လည်း အကြောင်း မဟုတ်ပေ။လူပျိုလှည့်လာသောကိုလူပျို၏အရိပ်အခြေကိုကြည့်၍မိဘမောင်

ဘွားအစ်ကိုညီမများကအစ အိမ်သားအားလုံးကပါ အလျှိုအလျှိုအကြောင်းပြ ရှောင်ထွက်သွားတတ်သည်။

ထိုအခါကျမှကိုလူပျိုသည် မီးဖိုအနီးတွင်မျက်နှာချင်း ဆိုင်ထိုင်ကျန်ရစ်ခဲ့သော ခနအပျို၏မျက်နှာ ကို မဝံ့မရဲရဲ ဝံ့ရဲရဲဟန်ဖြင့် ကြည့်၍ မိမိပြောဆိုလိုသည့်စကားကိုအကြောင်းရှာစတင်လိုက်ပါတော့သည်။

ခနကိုလူပျိုက

" ကြက်ဆူရိုးနီ၊ ပိုးကြိုးသီ၊ မသိရလော သိရလော"

ဟူ၍၄င်း

"လဲချားအစ်နီ၊ ကတိုးရုပ်နဲ့၊ ငုံးရုပ်စီ၊ မသိရလော၊ သိရလော"

ဟူသော စကားဝှက်မျိုးဖြင့်၄င်း မေးတတ်သည်။

ထိုအခါခနအပျိုကသူနှစ်သက်သူဖြစ်လျှင်"သိရတယ်ကိုရင်" ဟုဖြေ၍၊ မနှစ်သက်သူဆိုလျှင် "မသိမသိရ" ဟုဖြေတတ်ကြသည်။

လူပျိုကတစ်ဆင့်တက်၍–

"ငှက်ပျောပင်ရင်း၊ ဝက်လူးအင်း၊ လူးအင်းသာလို့ ဝက်လာတယ်"

ဟု မြှောက်ကာပင့်ကာ မေးလိုက်သည်။

အပျိုက

"မတို့သတင်း၊ ရုပ်ကိုကျော်လို့ ရွာကိုနင်း၊ သတင်းသာလို့ လာခဲ့တယ်"

ဟုဖြေကာ ကိုယ့်ကိုလည်း အမွှမ်းတင်လိုက်လေသည်။

ထိုအခါ လူပျိုက ဟန်ကျပြီအထင်ဖြင့်–

"မိလဲအိုက်ပီ၊ ဖအိုက်ပီ၊ ကျောချင်းကပ်ပီ မမိရလော၊ မိရလော"

ဟု တရင်းတနှီး အကဲစမ်းမေးလိုက် ပြန်သည်။

အပျိုက တော်တော်နှင့်မဖြေ၍ လူပျိုကထပ်မံပြီး

"ငှက်ပျောပင်ငယ်၊ ပင်လုံးသွယ်၊ ပင်ငယ်ငှက်ပျော၊ ချောလှတယ်"

လူပျိုက တင်စားစကား ဆိုလိုက်ပြန်သည်။

ဤအခါအပျိုက လူပျိုစကားတွင် နည်းနည်းအတင့်ရဲလာမှန်း ရိပ်မိသဖြင့် -

"မယ်လဲအငယ်၊ မောန်အငယ်"

အိုပဲ့သဘော၊ စောလှတယ်"

ဖြေကာ အကြောင်းပြငြင်းဆိုလိုက်ပေသည်။

သို့တိုင်အောင် လူပျိုကမလျှော့။ ဤတစ်ည၊ ဤတစ်ကြိ
ဤစကားထာ၊ ဤစကားဝှက်များနှင့် အပျိုက လက်ခံခြင်းမရှိသေးလျှ
နောက်တစ်ည နောက်တစ်ကြိမ်တွင် စကားပုံ စကားထာသစ်များဖြင့် ဖွဲ့န
ကြီးစွာ အပျိုလက်ခံလာသည်အထိ အကြိမ်ကြိမ်ပြောလေ့ရှိကြသည်။

ပြောပုံကလည်း အနက်အဓိပ္ပာယ်ရှိလှ၍ ရိုးရိုးလေးနှင့် စကား
အသုံးအနှုန်းများကြွယ်ဝလေသည်။

လူပျိုက–" ထနောင်းပင်ပျို၊ မိုးမယို၊ အတူခိုရ ကောင်းဝူးလော၊ ကောင်းဝူးလော"
မယ်လဲအပျို၊ မောင်အပျို၊ အတူအိုကြ ကောင်းဝူးလော၊ ကောင်းဝူးလော–ဟုမေးလျှ
အပျိုက–

"မဒိုဝူး" (မအိုဘူး) ပြောလာလျှင်

လူပျိုက–

"မကျည်းပင်ပျို၊ မနုလို၊ ဝါဆိုမိုးကို ငံ့သလား"

ကျုပ်တို့အပျို၊ မပြောလို၊ မုဆိုးဖိုကို စောင့်သလား

အကယ်၍ အပျိုကပြန်မပြောလျှင် လူပျိုကပင်–

"လက်ပံပင်ဦး၊ ရေတွင်းတူး၊ တူး၊ တူးပါလျက် ရေမထွက်၊ ရေဖျက်နဂါးခံလို့လား"
တို့မောင်ပြောလျက်၊ နှုတ်မဆက်၊ မာလျက် စကားခံလို့လား

အပျိုတွင် ချစ်ဦးသူမရှိမှန်းသိပြီး အပြောရခက်နေမှန်းလည်
သိလျှင်

လူပျိုက–

" ငှက်ပျောဆင်အံ၊ ဖက်စိမ်းခံ၊ ဖူးတံဘာလို့ သေးရတုံး"

ချစ်ရိုးကေန်၊ တကယ်မှန်၊ အကြံဘာလို့ နှေးရတုံး

ဟု မေးလိုက်လေသည်။ ထိုအခါ အပျိုမှာ မနေသာတော့ဘဲ တိကျသော အဖြေကို အောက်ပါအတိုင်း ပေးလိုက်ရလေသည်။

အပျိုက–"အရှေ့တောင်တာဘက်က၊ ထွက်လာတဲ့ နေစကြာ၊ ပျိုလေးယူမရမိန်းမပို့ပါ။

စပယ်သီး ရွှေရောင်ကြီးကို၊ ယောက်ျားပါ၊ နေစကြာ ယူလို့ရရင်

တောင်းလာတော့လေး "

ဟူ၍ နေစကြာယူလို့ရလျှင် ယောက်ျားမြတ်ဖြစ်၍ အမိအဖ တို့ထံတွင်မိမိကို လာရောက်တောင်းယူနိုင်ပါကြောင်းပညာသားပါပါနှင့်လက်ခံ လိုက်ခြင်းဖြစ်ပေသည်။

တစ်ခါတစ်ရံ ခနေအပျိုအိမ်တစ်အိမ်ထဲသို့နေကာလသားကိုလူပျို သုံးလေးဦး"ဆုံ"ရောက်လာတတ် လေ့ရှိကြသည်။ထိုအခါ ကိုလူပျိုကာလသား အချင်းချင်း တစ်ဦးနှင့်တစ်ဦး နားလည်မှုယူပြီး အချိန် အကန့် အသတ်ဖြင့် အပျိုအား တစ်ဦးတစ်လှည့်စီ ချစ်ရေးဆို ချစ်စကားပြောလေ့ရှိကြသည်။ တစ်ဦးချစ်ရေးဆိုနေစဉ် အခြားတစ်ဦးက အလိုက်သိစွာ ထိုအိမ်မှရှောင် ပေး တတ်ကြသည်။

ရံဖန်ရံခါ စကားကြွယ်ပြီး စာပေကဗျာနှင့် စကားထာ စကားနိုင်း များဖြင့် လှည့်ပတ်ပြောကာ ချစ်ရေး ဆိုတတ် သော ခနေကိုလူပျိုနှင့်တွေ့လျှင် လက်ခံစကားပြောရသူ အိမ်ရှင်အပျိုကလည်း စာပေ ဆန်ဆန်ကဗျာလင်္ကာ စကားတို့ဖြင့် ပြန်လည်တုံ့ပြန် ဖြေကြားကြသည်။

တာတက်ပွဲတော်အတွင်းမှ ရင်းနှီးမှုရသည်ဖြစ်စေ၊ယခင်ကတည်း ကရင်းနှီးမှုရခဲ့သည်ဖြစ်စေ တာတက်ပွဲတော်ပြီးဆုံးပြီးနောက် ကိုလူပျို ကာလ

သားများသည် ညပိုင်းတွင် ပျိုမေများရှိရာအိမ်သို့သွားရောက်၍ လူပျိုလှည့် လေ့ရှိတတ်ကြ၏။ဤသို့ပျိုမေအိမ်သို့လူပျိုများလာရောက်လည်ပတ်ကြသည် ကိုမိဘများကလည်း စိတ်ဆိုးခြင်းမရှိဘဲကြည်ဖြူစွာ ခွင့်ပြုကြ၏။လွတ်လပ်စွာ စကားပြောနိုင်ရန်လည်း တိမ်းရှောင် ပေးလေ့ရှိကြ၏။

ရှမ်းပြည်နယ်ရာသီဥတုမှာ နွေရာသီပင်လျှင် အနည်းငယ်အေး သောကြောင့် မီးဖိုဘေးတွင်ညှိခံပြီး အပျိုလူပျိုဝိုင်း ထိုင်၍ စကားစမြည် ပြောလေ့ရှိကြသည်။လူငယ်တို့ထုံးစံအတိုင်းတစ်ဦးနှင့်တစ်ဦးအပြန်အလှန် လက်တန်းကဗျာတေးသံများဖြင့်မထိခလုတ်၊ထိခလုတ် အချစ်စမ်းလေ့ရှိကြ၏။ အလည်လာ သူကိုလူပျိုက–

"တောင်ပေါ်ရေတွင်း နဂါးပက်ဝက်လူးအင်း
လူအင်းသာလို့ဝက်လာရော–ဝက်လာရော၊
နှမသတင်း မိုးလောက် ရွာလို့ပျာလောက်ခင်း
သတင်းသာလို့ မောင်လာရော– မောင်လာရော"

ဟူ၍ ပျိုမေမှာချောလွန်းလှလွန်း သတင်းကြီး လွန်း၍ အလည်လာရကြောင်း ကဗျာစပ်ဆိုရွတ်ချလိုက်လျှင် ပျိုမေကလည်း –

"တောင်ယာသခွား အဉ္စွေးလို့အစိမ်းစားအအားဖြစ်မယ် ထင်ဘူးလေ။
တကုန်းခွာတရွာသူ တရွာသား အိန်သားဖြစ်မယ် ထင်ဘူးလေ"

ဟူ၍ တစ်ရွာသားကို ရည်းစားမလုပ်ရဲကြောင်း၊ အိမ်သားဖြစ်နိုင်မယ် မထင် ကြောင်း ငြင်းဆိုလိုက်ပြန်၏။ ကိုလူပျို ကလည်း လက်မလျှော့မူ၍ –

"ထနောင်းပင်ပျို မိုးမယို အတူခိုရကောင်းဝူးလော – ကောင်းဝူးလော၊
မယ်လဲအပျို မောင်လူပျို အတူနေရ ကောင်းဝူးလော – ကောင်းဝူးလော"

ဟူ၍ ရဲတင်းစွာ ချစ်ရေးဆိုလိုက်ပြန်ရာ–

"ကနိန်သစ်နှ၊ အရင်းထားလို့အပျားပုံ၊ သစ်နုအိန်တိုင် ခိုင်လေလော၊ ခိုင်လေလော၊ သဘောတူလို့ ယူမယ်ဆိုယင်၊ အိန်ထောင်ပြုမင်းမှုကို ပိန်နိန်လေလော၊ ပိန်လေလော"
ဟု အိမ်ထောင်ထိန်းသိမ်းနိုင်စွမ်းရှိ၊မရှိ ပျိုမေက ခွန်းတုံ့ပြန် လိုက်ပေ၏။

ဤသို့အပျိုလူပျိုအိမ်သို့ရောက်ဝင်ထွက်လည်ပတ်ခြင်းဖြင့်သမီးရည်းစား ဘဝရောက်ရှိချိန်တွင် ချစ်ခင်၍ မဝနိုင်ကြောင်းရှုမဝနိုင်ကြောင်း လက်တန်းကဗျာများဖြင့် ဤသို့စပ်ဆိုခဲ့ကြသည်။

"ပုဆိုးပြူ မန်ကူကျက်နက်စာလည်းခြုံ၊ ညလည်းခြုံ၊ ခြုံနေရက်နဲ့ချမ်းလေခြင်း၊ချမ်းလေခြင်း၊ ပိန့်မောင်မာ နကာစာလည်းဆုံ၊ ညလည်းဆုံ၊ ဆုံနေရက်နဲ့လွမ်းလေခြင်း၊ လွမ်းလေခြင်း"
ဟူ၍ မျက်စိအောက်က အပျောက်မခံနိုင်အောင်ချစ်ပုံကို သီဆိုကြ ပြန်၏။ ခနကိုလူပျိုကပျိုမေကို ကဗျာတေးသံဖြင့် ခွင့်တောင်းသည့်အခါ ပျိုမေက လက်တန်းကဗျာတေးသံဖြင့် ပြန်လည်ဖြေဆို သည်မှာ

" ဆွမ်းပြုချက် ဆွမ်းကျက်ကျောင်းကို လောင်းကြေ့နော၊
သဘောတူမယ်ဆိုယင် မယ်မွေ့လမယ်တို့ဖ အခွင့်တောင်းကြေ့နော"

ဟူ၍မိဘကို လာရောက်အခွင့်တောင်းရန် ဖြေကြားတတ်၏။

ချစ်သူဘဝတွင်ပျော်စရာရွှင်စရာတွေ့ကြုံရသကဲ့သို့ တစ်ဦးနှင့် တစ်ဦး အကျိုးစားလွန်သွား၍ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ၊ပျိုမေမှာ စိတ်ဆိုးဝမ်းနည်းမျက်ရည်ကျလာပါကကိုလူပျိုကာလသားမှာ အောက်ပါကဗျာ သီချင်းဖြင့် လှမ်း၍ချော့လိုက်ပါ၏။

" လက်ပံပင်မဲ ဆိပ္ပူးဆွဲ ဆိပ္ပူးကွဲလား ဆိယိုလာ၊
မွေ့လဲမဆဲ ဖမဆဲ ဇာဝမ်းနဲလား နင်ငိုရာ"

ဟူ၍ဖြစ်၏။ ရံဖန်ရံခါ ကိုလူပျိုလာရောက်လည်ပတ်၍ မိုးချုပ်မှောင်လာပါက ကိုလူပျိုမှာပျိုမေနှင့်ကျောခြင်းကပ်၍ထားချင်ပါသည်၊မှီရမလား၊ ကပ်ထားရမ လားဟူ၍စလိုက်သည်မှာ–

"ပုတီးလုံးနီ အပ်နဲ့ထိုး၊ ပိုးနဲ့သီ မသီရလားသီရလား၊ မတတ်ရလား၊ တတ်ရလား၊ မိတ်ပီမောင်ပီ မိနဲ့မောင်မှာ ကျောချင်းစီ မမှီရလား၊ မှီရလား၊ မကပ်ရလား ကပ်ရလား"

ဟူ၍ဖြစ်၏။

ထိုအခါပျိုမေကခွင့်ပြုသည့်တေးကဗျာမျိုးဖြင့်ပြန်ဖြေသည်လည်းရှိ၏။ ခွင့်မပြုနိုင်သေးဟုပြန်လည် ရွတ်ဆိုသည်လည်းရှိ၏။ ရံဖန်ရံခါ ကိုလူပျိုမှာ ပျိုမေနှင့်ချစ်သူရည်းစားဘဝရောက်နေသော်လည်းအချစ်ကိုသွေးတိုးစမ်းသည့် သဘောဖြင့်

"ကနိန်ကြက်အိုတွန်သံပေးလို့ တေးသံချို ကြက်အိုတွန်ရာကနိန်ကလား မြံကလား။

ပန်းပွူးစ မယ်လပြောရာ သည်းညာကလား ဆာ(လျှာ)ကလား"

ဟူ၍မေပျို၏အချစ်မေတ္တာမှာရင်ထဲအသည်းထဲမှပြောတာလား။ လျှာအရိုးမဲ့ တိုင်းပြောလိုက်တာလားဟူ၍အမေးပုစ္ဆာပြုတတ်ကြသေး၏။ထိုအခါ လုံမေပျို မှာစကားအရာ၌မောင်လောက်ဆန်းဆန်းပြားပြားမပြောတတ်ပါ။ အရိုးခံတိုင်း သာပြောတတ်ပါသည်ဟု ပြန်နှုတ်လိုက်ပုံမှာ–

" ကောင်းကင်ပေါ်မှာ ချေ(ချည်)နေပင်၊ ပိုးမယ်အိန်လို တန်းသေးဝူး၊

ပန်းပွူးစ မယ်လစို့မှာသင်လူဆား(ရှား)လို့ စကားမောင်ထက် ဆန်းသေးဝူး"

ဟူ၍ဖြစ်၏။

ဓနုတိုင်းရင်းသားများ၏ချစ်စရာဤဓလေ့မှာပင်းတယမြို့နယ် တစ်ဝိုက်တွင် ယနေ့တိုင် ရှင်သန် တည်ရှိနေဆဲဖြစ်၏။ ဤသို့ကျေးလက်

ရိုးရာတေးသံများ၊ သံချပ်များဖြင့်မေတ္တာဖွဲ့ စကားပြောကြ သည်များကို ထောက်သော် ဓနုတိုင်းရင်းသား တို့သည် အိမ်ထောင်ရေးအသိဉာဏ်ရှိသူ၊ အရွယ်ရောက်သူသာလျှင် အိမ်ထောင်ပြုလေ့ရှိသည်ကိုတွေ့ရ၏။ ထိုဆိုခဲ့ပြီးသော ဓလေ့ထုံးစံသည် ရှားပါးသောယဉ်ကျေးမှုတစ်ခုပင်ဖြစ်၏။ ထို့ကြောင့် ထိုယဉ်ကျေးမှုဓလေ့ထုံးစံများကိုသမိုင်းစာမျက်နှာပေါ်တွင်သာမကစာတစောင်ပေတဖွဲ့ဖြင့်တာဝန်ရှိသူအားလုံးတို့သည်ဝိုင်းဝန်းထိန်းသိမ်းသင့်ပေသည်။

**မှတ်ချက်။ ။ရိုးရာတေးသံများကို အများအားဖြင့်ဓနုတိုင်းရင်းသားတို့၏အသံနေအသံထားဖြင့်ဖော်ကျူးရေးသားထားသည်။ ဓနုသံစဉ်မူရင်းသာဖြစ်သည်။**

## တာတက်ပွဲတော်နှင့် ခနုလူပျိုများ၏ ချိုးချင်းမောယာ (ကြိုးချင်း)တေးသံသာ

နေစိုးအောင် (တောင်ကြီး

မနုတို့တာတက်ပွဲတော်ဆိုသည်မှာ ဒေသစကားနှင့် ပြောရလျှ အများနှင့်ဆိုင်သောပွဲ၊ မြေလတ် ဒေသ အနောက်ပိုင်းနှင့် အရှေ့ပိုင်းတွ နေထိုင်လျှက်ရှိကြသော တိုင်းရင်းသား မနု၊ တောင်ရိုး၊ ပအိုဝ်း လူမျိုးမျ မိမိတို့ ပတ်ဝန်းကျင် မိမိတို့ကျေးရွာအတွင်းက ဘုရား၊ ပုထိုး၊ စေတီ တေ များနှင့်ဘုန်းတော်ကြီးကျောင်းများသို့သွားရောက်စုပေါင်း လှူဒါန်းကြခြင်း ဖြ သည်။တာတက်ပွဲဟုခေါ်ဆိုသဖြင့်မြေပြန့်အရပ်ဒေသများကဲ့သို့သင်္ကြန်ရေပက် ကြခြင်း မဟုတ်ဘဲ ရိုးရာနှစ်သစ်ကူးပွဲတော် တစ်မျိုးဟု ဆိုရမည်ဖြစ်သည်။

တာတက်ပွဲရက်ကိုတန်ခူးလနှစ်ဟောင်းကုန်ရက် အတာသကြ အတက်နေ့မှစ၍ကဆုန် လပြည့်နေ့ အထိ သတ်မှတ်ထားလျက် တောင်ပေ စေတီဘုရား သို့မဟုတ် ရွာဘုန်းကြီးကျောင်းဝင်းအတွင်း၌ ဈေးဆို များခင်း၍ တစ်ရွာ နှင့်တစ်ရွာ လက်စားချေ၊ လက်စားဆပ်စနစ်ဖြင့် ရှေးအစ အလာမပျက်ရွာစဉ်ဆက်၍ လှည့်လည်ပြုလုပ်ကြခြင်း ဖြစ်သည်။

တာတက်ပွဲကိုဤသို့ကျင်းပလေ့ရှိကြသည်။ သင်္ကြန်အတက်နေ့ ဖြစ်သည့်ပွဲရက်အစ၊နံနက်အစောပိုင်းတွင်ရွာခံမနုတိုင်းရင်းသူ တိုင်းရင်း သာ များသည်ရွာရှိစေတီဘုရားနှင့်ရဟန်း သံဃာ တော်များအား ကျောင်း၌ ဆွမ် ခဲဖွယ် ဘောဇဉ် ချိုချဉ်ရသာမျိုးစုံဖြင့် ဆက်ကပ်နေချိန် နံနက် (၈)နာရီမှ (၉)နာရီခန့်အချိန်လောက်မှစ၍ အနီးအနား ကျေးရွာများမှ ဖိတ်ကြားထား သည့် တိုင်းရင်းသား၊ ယောက်ျား၊ မိန်းမ၊ကလေး၊လူကြီးအားလုံးသည် တံခွန်၊ကုက္ကား၊ လှူဖွယ်ပစ္စည်းများနှင့် ကန်တော့ပွဲများ ကိုင်ဆောင် ကြ၍ လည်းကောင်း နောက်မှ မနုလူပျိုလူရွယ်များက အိုးစည်ဝိုင်းအက အခုန်

များဖြင့်လိုက်ပါကြ၍လည်းကောင်း၊ ရွာကျောင်း ရှိရာသို့ တဖွဲဖွဲလာ ရောက် စုရုံးကြလေသည်။

ဤသို့လက်စားချီလက်စားဆပ်စနစ်ဖြင့် အနီးအနားမှ ဖိတ်ကြား ထားသောရွာများစုံညီစွာရောက် လာသည့်အချိန်တွင် ပွဲကျင်းပရာသို့ဗဟိုပြု၍ လက်ယာရစ်တစ်ပတ်ပတ်လျက် အတီး အမှုတ် အက အခုန် တို့ဖြင့် သူ့အဖွဲ့ကိုယ့်အဖွဲ့၊ သူ့ဝိုင်း ကိုယ့်ဝိုင်း၊ သူ့အုပ်စု ကိုယ့်အုပ်စု အပြိုင်အဆိုင် တီးမှုတ် ကခုန် ကြပြီးနောက် ကျောင်းပေါ်သို့တက်၍ ဘုရားအမှူးပြု ရဟန်း သံဃာတော်များကို ကန်တော့ကြလေသည်။ ပြီးလျှင်ရောက်လာကြသော ရွာအဖွဲ့များကို ဘုန်းတော်ကြီး သို့မဟုတ်လျှင် ရွာခံလူကြီးတို့က ကျောင်းဝင်း အတွင်းရှိ သစ်ပင်ကြီးငယ် အရိပ်အာဝါသများ အောက်၌ဖြစ်စေ၊ အသင့်ပြင်ထားသော မဏ္ဍပ် အတွင်း၌ ဖြစ်စေ၊ နေရာများချထားပေး ပြီးနောက် နေ့ခင်းစာ ထမင်းဟင်းများဖြင့် ကျွေးမွေး၍ လက်ဖက်ရည်ကြမ်း (အခါးရည်)တို့ဖြင့် ဧည့်ခံကြလေသည်။

ထို့နောက်စုပေါင်းရောက်ရှိလာကြသော ရွာအဖွဲ့ဝင်များအားလုံး ပွဲဝင်ကြရလေသည်။ ပွဲဝင်သည် ဆိုခြင်းမှာ ရောက်လာကြသော ရွာအားလုံး စုပေါင်း၍ ဘုရားကို ဒုတိယအကြိမ် လက်ယာရစ်သုံးပတ် ပတ်ကြခြင်း ဖြစ် သည်။ထိုသို့လှည့်ပတ်စဉ် ရှေ့ဆုံးမှ ခနအမျိုးသားက ဘုရားလှူရန် ထီးဖြူ၊ တန်ဆောင်း ပြဿဒ်ထမ်း၍ ခန အမျိုးသမီး ပျိုအိုတို့က လှူဖွယ်ပစ္စည်းများ ဖြစ်ကြသော သင်္ကန်း၊ ဝတ္ထုငွေ၊ ငှက်ပျော၊ အုန်း၊ ဆန်၊ ဖယောင်းတိုင် (အချို့အရပ်တွင် ဆွမ်းတော်အုပ်)စသည် ကိုင်ဆောင်၍ နောက်မှလိုက်ပါသွား ကြရသည်။၎င်းတို့နောက်ကမှခနေလူပျိုလူရွယ်တို့၏ ခနအိုးစည်းဝိုင်းတာတက် ပွဲအကအဖွဲ့ဝင်များက တီးမှုတ်ကခုန်ရင်း လိုက်ပါသွား ကြလေသည်။

"တာတက်ပွဲ"သို့ရောက်လာသူပြည်ထောင်စုဖွား တိုင်းရင်းသားမျ
မည်သူမဆိုလူပျိုများက အပျိုမိန်းကလေးများကို ပေါက်ပေါက်၊ပဲလှော်တို့ဖြ
မနာကျင်အောင်ပစ်ပေါက်ခွင့်ရှိပါသည်။ အပေါက်ခံရသူ မိန်းကလေး မျ
ကလည်းစိတ်ဆိုးခြင်းမရှိသည့်အပြင် အချို့မိန်းကလေးများမှ ကိုလူပျို ကာ
သားများမသိအောင်တိတ်တခိုးပြန်၍ ပစ်ပေါက်တတ်ကြ၏။ အရက်မူး
ရမ်းကားသူများရှိပါက ဤပွဲတော်မျိုး မှာခိုက်ရန်ဖြစ်ပွားတတ်ကြသော်လည်
ပွဲတော်ကိုရပ်ရွာမှလေးစားသမှုပြုထားသည့် ဆရာဘုန်းကြီးကဦးဆောင်ထိန်
သိမ်းပေးခြင်း၊ ပွဲတော်အတွင်းအရက်သေစာများကို လုံးဝပိတ်ပင်တား မြ
ပေးထားခြင်း၊ တိုင်းရင်းသား အချင်းချင်း နားလည်ခွင့်လွှတ်စွာ သည်းခံခြ
တို့ကြောင့် အေးချမ်းသာယာစွာ ပြီးဆုံးသွားသည်သာများ သည်။

တာတက်ပွဲတော်၏ အစည်ကားဆုံးအချိန်(အတာတက်ချိန်)ကို
သတ်မှတ်ထားပြီးငင်းအချိန်ကျရောက်ပါက လူဖျူဖွယ်ဝတ္ထုများခြံရံ၍မနေ အိုးစည်
ဗုံမောင်းဖြင့်ဘုရားကုန်းတော်ပေါ်သို့တက်ရောက်ပြီးလက်ယာရစ် လှည့်ပတ်က
ခုန်ပူဇော်ကြ၏။ဤသို့အတာတက်ချိန်တွင်မနအိုးစည်ဝိုင်းအတွင်းပွဲတော် သို
လာရောက်ကြသူများမည်သူမဆိုဝင်ရောက်ပါဝင်ကခုန်နိုင်ခွင့် ရှိကြလေသည်။
မနတိုင်းရင်းသားလူငယ်များကမူဤသို့အတာတက်ချိန်တွင် ရိုးရာအိုးစည်ဝိုင်
ဖြင့်အသက်ကြီးသူ ဆရာသမားထံမှ သိုင်းပညာအခြေခံကို က,ရင်းသင်
သင်ရင်း,က ဖြင့် ပညာအမွေဆက်လက်ခံယူကြ၏။

အချို့လူငယ်များကလည်း ပွဲတော်တွင်ယခင်က မိမိမျက်စိကျ
ထား သော ပျိုမေကိုလိုက်လံရှာဖွေပြီး ရင်းနှီးမှုရယူခြင်း၊ ရိုးရာကဗျာများ
တေးသံများ၊သံချပ်များဖြင့်စောင်းမြောင်းချိတ်ဆိုခြင်းပြုလုပ်ကြသည်။အချို့မှာ
ရင်းနှီးမှုရရှိပါက နေအိမ်အထိ ပင်သွားရောက် လည်ပတ် ခြင်းပြုနိုင်သေး

သည်။ပျိုမေများကလည်း ဤသို့လာရောက်လည်ပတ်သည်ကို လက်ခံသည့်အပြင် အစားအသောက်များဖြင့်အများဆုံး ကျွေးမွေးညှိခံ လိုက်နိုင်သောပျိုမေသည်ထိုရွာတွင် ပေါ်လွင်ထင်ရှား၍ လူအများအသိ အမှတ်ပြုခြင်း ခံကြရပေသည်။ အချို့လုံးဝရင်းနှီးမှု ချစ်ခင်မှုမရသေးသော လူပျိုကာလသားများကလည်း မိမိတို့နှစ်သက်ရာ ပျိုမေများကို ရိုးရာတေးသံဖြင့်စောင်းချိတ်သီဆိုကြသည်။

ပွဲတက်ပွဲ–ပွဲတက်ခြင်းဆိုသည်မှာပွဲသိမ်းသည့်သဘောဖြစ်သည်။ ဤပွဲတက်ပွဲစတင်ချိန်မှာပင်ဓနု လူပျိုအပျိုများ၊ ရွာပေါင်းစုံမှ ဓနုအိုး စည်ဝိုင်းအဖွဲ့သားများသည်သံချပ်၊စာချိုး၊အမျိုးမျိုးရွတ်ဆိုကြ၍ ကျောင်းဝင်း အတွင်းမှ ဘုရားကိုနောက်ဆုံးတစ်ကြိမ် တစ်ပတ်လှည့်ပတ်၍လက်ကိုမြှောက်ကာ ၊ ခြေကိုကြွကာ၊ကိုယ်ကိုယိမ်းကာ ရှေ့တိုးနောက်ဆုတ်ကခုန် ပျော်ကြပြန် လေသည်။ဤပွဲသိမ်းပွဲတက်ပွဲပြုလုပ်ချိန်မှာပင် လူပျိုက အပျိုအားချိတ်၍ အပျိုက လူပျိုကိုစောင်း၍ စာချိုး အမျိုးမျိုးချိုးလေ့ရှိကြသည်။

" ထင်းရှူးပင်ငှက် အရင်းထားလို့၊ အဖျားခုတ်

အငှက်ထင်းရှူး ဆူလေလော ဆူလေလော – ဆူလေလော–"

" မောင်ကကြိုက်လိုက်လို့လည်ယင် ရပ္ပူးလော – ရပ္ပူးလော"

ဟူ၍ အလည်အပတ်လိုက်လိုကြောင်း နောက်ပြောင် စလေ့ရှိ၏။

အချို့ ဓနုပျိုမေများကလည်း ရဲတင်းစွာပင်

" ကြက်ဥနှံ့သာဆီပူထိုးလို့ အိုးထဲမှာကြောယင်ကြက်ဥကွဲမစိုး၊ ကွဲမစိုး၊

မောင်ကကြိုက်လိုက်လို့လည်ယင်၊ မယ်မွေ့လ မယ်တို့အဖ ဆဲမစိုး ဆဲမစိုး"

ဟူ၍ မိဘမောင်ဘွားများ ဆဲဆိုမှာကြောက်ကြောင်း ပြန်လည်ဖြေကြားကြ၏။ သမီးရည်းစား အဆင့်ရှိပြီး ပျိုမေများကမူ လူပျိုကလှမ်း၍ ချိတ်လိုက်စောင်းလိုက်သောအခါ –

“ ကြက်ဥနံ့သာ ဆိပ္ပူထိုးလို့ အိုးထဲမှာ ကြာယင်ကြက်ဥ ကွဲဝူးလေး၊ကွဲဝူးလေး၊

မောင်ကကြိုက်လိုက်လို့လည်းယင် ၊ မယ်မွေ့လ မယ်တို့အဖ ဆဲဝူးလေး၊ ဆဲဝူးလေး”

ဟူ၍ အိမ်သို့အလည်လိုက်နိုင်ကြောင်း ပြန်လည်ဖြေကြား၏။

“ ဝါးပင်ပေါ်မှာ ငှက်ကြားနား၊ အာကျိုစိမ်းနှင့် ငါ့ရည်းစား၊” (ငါ့ရည်းစားဟေ့၊ ငါ့ရည်းစား)

“ ထမင်းစားလည်း စားပွဲနဲ့၊ မိန်းမယူလည်း နားဆွဲနဲ့” (နားဆွဲနှင့်ဟေ့ နားဆွဲနှင့်)

ဤတာတက်ပွဲ သိမ်းသည့်နေ့မှာပင် အချို့ခနဲ့လူပျိုကာလသားတို့သည် မိမိတို့ ချစ်ခင်နှစ်သက်နေသူ ခနဲ့အပျို မိန်းကလေးရှိရာ ရွာအိမ်အထိ လိုက်ပါသွားပြီး ရက်ရှည်ကြာညောင်းစွာ လူပျိုလှည့်ချစ်ရေးဆို ချစ်ခွင့်တောင်းတတ်ကြလေသည်။ ခနဲ့မိန်းမပျိုကလည်း မိမိအားချစ်ခင်၍ အိမ်အထိလိုက်ပါချစ်ရေးဆိုသောကိုလူပျိုအမျိုးသားကောင်းကို ချစ်သည် မချစ်သည် နောက်ကိစ္စ၊ လောလောဆယ် လက်ခံထားပြီး အစားအသောက် အကျွေးအမွေးတို့ဖြင့် ကြည်ဖြူစွာညှော်ခံ ကျွေးမွေး ထားလေ့ ရှိကြ လေ သည်။

အချို့ ဤတစ်နှစ်၊ ဤတစ်ကြိမ်တည်းနှင့် ချစ်ရေးဆို ချစ်ခွင့်တောင်းမရသေးလျှင် နောက်တစ်နှစ် နောက်တစ်ကြိမ် တာတက် ပွဲကျင်းပသည်အထိ ဖွဲ့နပဲကြီးစွာ စောင့်မျှော်နေတတ်ကြသည့် လူပျိုများလည်း ရှိကြသည်။

## ဓနုကျေးလက် တောင်ယာတေးကဗျာများ

နေစိုးအောင် (တောင်ကြီး)

ရှာငံမြို့နယ်တွင် လယ်ကွင်းထဲ၌ "ပုန်းမကြည်"ခေါ် လယ်နတ်ကိုတင်မြှောက်ပသကြသည့် ရိုးရာ အစဉ်အလာရှိသည်။

မြန်မာအဘိဓာန်အကျဉ်းချုပ်အတွဲ(၃)တွင်"**ပုံးမကျီ–န/ပုန်းမဂျီ ဆိုသည်မှာ ကောက်ပဲ သီးနှံ ဖွံ့ဖြိုးရန်အတွက် ကောက်သစ် ပေါ်ဦး စတွင်တင်မြှောက်ပ,သသည့် လယ်ယာဆိုင်နတ်** " ဟူ၍ဖော်ပြ ထားသည်။

ပုန်းမကြည်ဆိုသည်မှာပုဗ္ဗကြယ်(ပုသျှကြယ်)နှင့်ဆက်စပ်နေသည် ဟူသောအဆိုအမိန့်တစ်ခုလည်း ရှိလေသည်။

အာဒိကပ္ပ ကမ္ဘာဦးကျမ်းကြီးတွင်လည်း "**ပုဗ္ဗကြယ်နတ်သည် လူတို့လုပ်သောအပင်၊အပွင့်အသီးများ ကောင်းမွန်အောင် စောင့်ရှောက်စေ၏**"ဟူ၍ လာလေသည်။

လယ်သမားတို့သည် ကောက်လှိုင်းကြီးကို ပုန်းမကြည်နတ် သဏ္ဍာန်ပန်းပန်၊ဝတ်စုံဆင်ကာကောက်ညှင်းပေါင်း၊အုန်းငှက်ပျော၊ကန်တော့ပွဲ အစုံအလင်၊ မုန့်ဖြူမုန့်နီ၊ ကျောက်ပျဉ်၊ သနပ်ခါး၊ မုန်တို့ကိုပါ လှည်းဦးပေါ် တင်ပြီးလျှင် " **လှည်းဦးပေါ်မှာ၊ သုံးတောင်ကျော်တဲ့ တို့စပါး မထွက်သင့် လား၊ ထွက်သင့်လားဟေ့၊ ထွက်သင့်ပေ၊ ထွက်သင့်ပေ၊ ဟေ့လာ မောင်တို့ဝါး**" ဟု အတိုင်အဖောက်ညီညီ သီဆိုကြလေသည်။ ထို့နောက် လပ်ခုပ်လက်ဝါးတီးကာ စပါးပုံကို ခုနှစ်ပတ်လှည့်ပတ် ပ,သကြ လေ သည် ဟူ၍တွေ့ရသည်။

မြေလတ်နယ် ဓနုတိုင်းရင်းသားတို့ အများစု နေထိုင်ကြသည့် ရှာငံမြို့နယ်ဒေသတွင် တောင်ယာ စပါး နှင့် လယ်စပါးများ ရိတ်သိမ်း ပုတ်ခါသည့် လများအတွင်း၌ "**ဖုန်းတကြယ်**" (အချို့အရပ်ဒေသတွင်

ဖုန်းကြယ်ဟု ခေါ်သည်။ ) လယ်ယာနတ်အား တင်မြှောက်ပသကြသည့် အလေ့အထတစ်ခုရှိလေသည်။

ဓနုအခေါ်ဖြင့်"**ဖုန်းတကြယ်**"နတ်ဆိုသည်မှာကျွန်တော်တို့မြန်မာ လယ်ယာဆိုင်ရာ"ပုန်းမကြည်" (ပုန်းမကျီ)နှင့် အတူတူပင်ဖြစ်သည်။ ဒေသ အလိုက် အခေါ်အဝေါ်ကွဲပြားနေခြင်း ဖြစ်သည်။ တင်မြှောက် ပ,သရ တွင်လည်း မြန်မာနှင့် ဓနုမတူကြသကဲ့သို့ ဓနုအချင်းချင်းလည်း တစ်နေရ နှင့် တစ်နေရာအနည်း ငယ်ကွဲပြားမှုရှိကြသည်ဟု သိခဲ့ရသည်။

တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို တောင်ယာ စပါးရိတ် သိမ်း ကြ သည့်အခါသမယ ဓနုတို့ ဒေသ တွင် အချင်းချင်း အပြန် အလှန် ကူညီ ကြသည့် အစဉ်အလာဖြင့် စပါးများကို စုပေါင်းရိတ်သိမ်းကြသည်။ စုပေါင်း ပုတ်ခါကြသည်။ ပြီးလျှင် စပါးများကို ရွာနေအိမ်သို့ သယ်ဆောင်ယူ သွား ကြသည်။

ထိုသို့ ပုတ်ခါပြီးစပါးများကို ရွာနေအိမ်သို့ သယ်ဆောင်ယူ သွားကြည့်အချိန်တွင် "**ဖုန်းတကြယ်**" ခေါ်လယ်ယာစောင့်နတ် ကို အိမ်သို့ ဖိတ်ခေါ်လေ့ရှိကြသည်။အချို့အရပ်ဒေသတွင် ရိတ်သိမ်းပြီး စပါးပုတ်ခါ ရန် အိမ်သို့သယ်ယူချိန်၌ဖုန်းတကြယ်နတ်ကိုခေါ်ကြရသည်ဟု ဆိုသည်။ ခေါ်ပုံမှာ ယာထဲမှာထွက်သည့်အချိန်မှ စ၍ နေအိမ်ရောက်သည့်အထိ စပါးစေ့များကို လမ်းတစ်လျှောက်လုံး ချထားခဲ့ခြင်းဖြစ်သည်။ထို့နောက် ယာလုပ်လယ် လုပ် သူ မိသားစုအကြီးအကဲတစ်ဦး သို့မဟုတ် သက်ကြီးရွယ်အိုတစ်ဦးဦး က ထမင်း၊ငါးဖြူ၊လက်ဖက်၊ ကြံသကာ၊ မုန့်ပဲ သရေစာများဖြင့် ပြင်ဆင်၍ ဖုန်းတကြယ်နတ်အား ဤသို့ ရွတ်ဆို တင်မြှောက်ပသကြလေသည်။

" ဖြူးလက်လက် ဖြူးလက်လက်၊ စားလေ့ကြ သောက်လေ့ကြ၊ အော့အန်လေ့ကြ အော့အန်ကြ၊ အရှေ့နေထွက် အနောက်နေဝင်၊ ပထဝီမြေပြင် ယာပင်အုပ်စိုး၊ တန်ခိုးကြီးသည့်၊ အမည်နာမ၊ စောပြည့်ဝတို့။

ခေါခြင်းရွှေပင်တောင်ဦး၊ ရှေဦးရှာင်၊ ဆပ်ခြံညောင်ကြပ်၊ မြေလတ်ခေါ်ကြ ပြည့်ဝစပါး၊ ပေါများဆန်ရေ၊ တိုးစေယခု၊ တဲ့လုအင်းထွက် ဝါးရွက်မင်းပလောင်း၊ တောင်စဉ်အုပ်စိုး၊ မြစ်ရိုးတိုးရွာ၊ ပုပ္ပာကြွယ်ဝ မြစ်ငယ်ငါးရာ ဒီကာတခွင် ယခုလာ၍ စားကြပါ၊ သောက်ကြပါ၊ ယခုလူတို့ ဖိတ်ပြုသည်။

အရုပ်လေးမျက်နှာ၊ အရုပ်ရှစ်မျက်နှာ၊ အရုပ်ဆယ်မျက်နှာ ၊ အထက်ကပြာပြာ ပိုးလိုရွာ၊ အောက်က နုံ့နုံ့၊ ပွေးလို့ဖုံ၊ အနားကသဲသဲ၊ များလိုဝဲ၊ ဆည်းလည်းခြူသံ၊ ခေါင်းလောင်းသံမစဲ၊ ခွဲကြီးခွဲငယ် တင်ဝယ်မနည်း။ ပုတ်ကြီး ပုတ်ငယ်၊ ကျိဝယ်တင်းတောင်း၊ သွင်းလည်းမအား၊ စားလည်းမကုန်၊ လှူလည်းမကု၊ သဲသဲညံ့ညံ့၊ တိုက်ပြန်မောင်းထွက်၊ တိုက်တက်နွားကျ၊ မောင်းလာနွားပြောင်၊ နွားကြောင် နွားနီ၊ စံပယ်တူညီတွယ်၍၊ ကွမ်းအစ်သုံးဆင့်၊ တစ်ဆင့်တစ်မျိုး၊ တံစဉ်ကွေးနှင့် ဖြူပွေးထမင်း၊ ကောက်ငြင်း ကြံသကာ နှမ်းရောပါသည်။ စုံလင်ခေဆးတောင်း လူအပေါင်းနှင့် နေ့ကောင်းရက်မှာ စုပေါင်းလာသည်။ သေနတ်တစ်ကမ်း မြားတစ်လှမ်းနှင့် အသာနေ ရှဲရှဲတင်းတင်း အာဇာနည် နတ်မင်း၊ တကာယ်ချက်ချင်း၊ မြန်စွာယနေ့ ယာကိုကြွရောက်တော်မူပါ ဖုန်းတကြွယ်ဖိုမ စောပြည့်ဝတို့ဖျား။"

**ဤဒေသအပါအဝင်ခနေ့လူမျိုးတို့နေထိုင်ကြသော အချို့ကျေးရွာများတွင် စပါးဆန်ရေကိစ္စ၊ တောင်ယာ လုပ်ငန်းကိစ္စ၊ စိုက်ရေးပျိုးရေးကိစ္စ အပါအဝင် နတ်ကိုးကွယ်ခြင်းဖြင့် အသီးအနှံ အထွက် ကောင်းမည်။ အောင်မြင်ပြည့်ဖြိုးမည်၊လှည်းကြီးလှည်းငယ်၊ပုတ်ကြီး ပုတ်ငယ်၊ တိုက်တာ ကျီကျ ပြည့်ဖြိုးဟန် အလျှံပယ်ထွက်မည့်ဟန်ကို တေးကဗျာ ဖွဲ့ဆိုထား ခြင်း ဖြစ်ပေသည်။**

## နောက်ဆက်တွဲ(၁)

## တောင်ရိုး၊ ဓနု၊ အင်းသားတို့၏ ဓလေ့၊ ယဉ်ကျေးမှု၊ စကား၊ စာပေ ရောယှက်ပုံ

**တောင်ကြီးတက္ကသိုလ် မြန်မာစာဌာနမှူကထိကဒေါ်မြင့်မြင့်ခိုင်၏ မဟာသုတေ သနမြန်မာစာဘွဲ့အတွက်တင်သွင်းသောတောင်ရိုး၊ဓနု၊အင်းသားစကားထာများ ကို လေ့လာခြင်းကျမ်းမှ ထုတ်ယူဖော်ပြပါသည်။**

မည်သည့်လူမျိုးမျှတစ်မျိုးတည်းရပ်တည်နေလေ့မရှိပေ။ နီးစပ်ရာတစ်ခြား လူမျိုးနှင့် ပေါင်းသင်းဆက်ဆံနေကြလေ့ရှိ၏။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောရှေ ခေတ်၌ အနီးဆုံးလူမျိုးချင်းသာပိုဆက်ဆံရ၏။ ဆက်သွယ်ရေးကောင်းမွန်လှသော ယခု ခေတ်တွင် နီးရပ်နှင့် မကဝေးရပ်လူမျိုးတို့နှင့် လွယ်ကူစွာဆက်ဆံနိုင်မှု ဖြစ်ပေါ်လာ၏။

တောင်ရိုး၊ဓနု၊ အင်းသား လူမျိုးစုံသုံးစု စလုံးနေထိုင်သော ရှေးနယ် (၁၁) နယ်ရှိ၏။ထိုနယ်များ၌ ကယား(ကရင်နီ)၊ ကယန်း(ပဒေါင်)၊ ဓနော့၊ ဓရဲ ပလောင်၊ ပအိုဝ့် ဗမာ၊ မွန်၊ ရှမ်းတို့လည်းပူးတွဲနေထိုင်ကြ၏။ စကားနှင့် ဓလေ့များရောယှက်မှု ရှိကြ၏။

ပအိုဝ့်စကား၊ ဗမာစကား၊ ရှမ်းစကား အနည်းငယ်စီကို တောင်ရိုး၊ဓနု အင်းသားတို့ကမိမိတို့အသံထွက်တတ်သကဲ့သို့ယူငင်သုံးစွဲတတ်ကြသည်ရှမ်းနှင့်အင်းသား တို့နေထိုင်မှုများသော ညောင်ရွှေမြို့ကဆုန်ညောင်ရေသွန်းပွဲတော်တွင်တောင်ရိုးသံချပ်များ ကိုဆိုတတ်ကြ၏။

'ထမင်းစားလဲ စားပွဲနဲ့ မိန်းမယူလည်း နားဆွဲနဲ့'

'ချစ်ပါရစေ ငါးပြားဖိုးလောက်၊ မီးခြစ်ကျောက် မီးခြစ်ကျောက်'

ရှမ်း၊ အင်းသားတို့၏ပါးစပ်များတွင် တောင်ရိုးသံချပ်ကို နှစ်နှစ်ခြိုက်ခြိုက် အော်ဆိုကြခြင်းသည် နီးရာဓလေ့ကူးစက်မှု ဖြစ်ပေ၏။ တောင်ရိုး၊ ဓနု၊ အင်းသားတို့နှင့် အခြားတိုင်းရင်းသားလူမျိုးများ ပူးတွဲနေထိုင်သောနယ်(၂၇)နယ်ကို ဓလေ့ကူးယှက်မှု သိနိုင်ရန် နောက်ဆက်တွဲတွင်ဖော်ပြထားပါသည်။

တောင်ရိုး၊ ဓနု၊ အင်းသားတို့၏ စကားနှင့်စာပေသည်အမျိုးတော်၏။

ညီအစ်ကိုမောင်နှမတော်သော စကားနှင့်စာပေဟု တင်စား၍ ဆိုနိုင်၏။ မြန်မာမျိုးနွယ်၏ စကားနှင့် စာပေဟုလေ့လာသိရှိရပါသည်။

ယခုအခါဗမာတစ်ဦးက သစ်သားတိုင်တွင် ပစ္စည်းတစ်ခုချိတ်ဆွဲရန် သံချွန်ရိုက်သည်ဆိုပါကခေတ်ဗမာများက သံချွန်ဟု ခေါ်သော်လည်း ရှေးဗမာက'မယ်န' ဟုခေါ်၏။ တောင်ရိုး၊ ဓနု၊ အင်းသားတို့ကလည်း၊ ယခုတိုင်'မယ်န'ဟုခေါ်ကြ၏။ စကားနှင့် စာပေအမျိုးတော်စပ်ပုံကိုသိနိုင်ပါသည်။

တောင်ရိုး၊ ဓနု၊ အင်းသားတို့ကိုရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင်အနောက်ခြမ်းတွင်နေထိုင်ကြသည်ကိုတွေ့ရ၏။ GAZETTEER OF UPPER BURMA (Myanmar) AND THE SHAN STATES ခေါ် မြို့ရွာဖြစ်စဉ်မှတ်တမ်း (အတိုကောက်–ထက်ရှမ်း) တွင်သူတို့နေထိုင်ရာမြို့များ အကြောင်းကိုဖတ်၍သိရ၏။ ထိုထက်ရှမ်းမှတ်တမ်းတွင်လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်က တောင်ရိုး၊ဓနု၊အင်းသားတို့၏ နေရာနယ်များကို ဖော်ပြထား၏။

လွန်ခဲ့သော နှစ်တစ်ရာကျော် ကိုလိုနီခေတ်ဦးက နယ်မြေခွဲခြားသတ်မှတ်ခေါ်ဝေါ်ပုံအတိုင်း တိုင်းရင်းသားလူမျိုးစုတို့ နေထိုင်ရာနယ်များမှာ
၁။ ကလောနယ် ၂။ ကျောက်ဂူငရွာနယ်၃။ ကျောက်ထပ်နယ်၄။ ကျုံးနယ်၅။ စကားနယ်၆။ စကွယ်နယ်၇။ ညောင်ရွှေနယ် ၈။ တီကျစ်နယ်၉။ နောင်မွန်နယ် ၁၀။ နမ့်ခဲနယ် ၁၁။ နမ့်ခုံနယ်၁၂။ ပင်မှိနယ် ၁၃။ ပင်းတယနယ် ၁၄။ ပွေးလှနယ် ၁၅။ ဘော်နယ်(ဘော်ငငရွာနယ်) ၁၆။ ဘော်ဆိုင်းနယ် ၁၇။ ဘော်နင်းနယ် ၁၈။ မိုးဗြဲနယ် ၁၉။ ရပ်စောက်နယ် ၂၀။ ရွာငံနယ် ၂၁။ လဲချားနယ် ၂၂။ လွယ်မောနယ် ၂၃။ လွယ်လုံနယ်(ပင်လောင်း) ၂၄။ လွယ်အဲနယ် ၂၅။ သာမိုင်းခမ်းနယ် ၂၆။ သုံးဆယ်နယ် ၂၇။ ဟိုပုံးနယ်

ထို၂၇နယ်တွင် ယခုရှမ်းပြည်မြောက်ပိုင်းရှိနယ်မှာ သုံးဆယ်နယ်ဖြစ်၏။ ကျန်သော– ၂၆နယ်မှာ ရှမ်းပြည်တောင်ပိုင်းတွင်ရှိ၏။ လွယ်လင်ခရိုင်တွင်ရှိသော

လဲချားနယ် ကလွဲလျှင်ကျန်သော ၂၅နယ်သည် တောင်ကြီးခရိုင်တွင်းရှိနယ်များဖြစ်ကြ၏။ ထိုထက်ရှမ်းမှတ်တမ်းတွင်တောင်ရိုးမတွေ့ရသောနယ်များမှာ– 'စကွယ်၊ နောင်မွန်၊ ဘော်၊ လဲချား၊ သုံးဆယ်' ဖြစ်ကြ သည်။

ဓနုတိုင်းရင်းသားမတွေ့ရသောနယ်များမှာ– 'စကား၊ စကွယ်၊ နောင်မွန်၊ မိုးဗြဲ 'တို့ ဖြစ်ကြသည်။

အင်းသားမတွေ့ရသောနယ်များမှာ– 'ကျောက်ဂူငှရှာ၊ ကျောက်ထပ်၊ကျုံး၊ နမ့်ခုံ၊ ပွေးလှ၊ ဘော်ဆိုင်း၊ ရပ်စောက်၊ ရွာငံ၊ လဲချား၊ သုံးဆယ်၊ ဟိုပုံး ' တို့ ဖြစ်ကြ၏။

တောင်ရိုး၊ ဓနု၊ အင်းသားတိုင်းရင်းသားသုံးမျိုးစလုံးရှိကြောင်း မှတ်တမ်းတွင်တွေ့ရသောနယ်များမှာ– 'ကလော၊ ညောင်ရွှေ၊ တီကျစ်၊ နမ့်ခဲ၊ ပင်မို၊ ပင်းတယ၊ ဘော်နင်း၊ လွယ်မော်၊ လွယ်လုံ၊ လွယ်အဲ၊ သာပိုင်းခမ်းနယ်' တို့ ဖြစ်ကြသည်။ ၁၁နယ်ရှိပြီး ယခုခေတ်တွင်ကလော၊ ညောင်ရွှေ၊ ပင်းတယ၊ ပင်လောင်းမြို့နယ်များတွင်ပါဝင်နေ၏။ တောင်ကြီးခရိုင်တွင်းရှိမြို့နယ်များဖြစ် ပါသည်။

တောင်ရိုး၊ ဓနု၊ အင်းသားတို့သည်မျိုးနွယ်လည်းတူ၊ အနေလည်းနီးစပ်၊ ဗုဒ္ဓဘာသာဝင်ဖြစ်ခြင်းလည်းတူ၊ ရောင်းဝယ်ဖောက်ကားသော ငါးရက်တစ်ဈေးများတွင်လည်းတိုင်းရင်းသား အချင်းချင်းဆုံတွေ့ကြ၊ ဆက်ဆံကြ၏။ ကိုင်းရှိုင်းကျင်းပသော ဘာသာရေးပွဲများတွင်လည်းဆုံကြ၊ တွေ့ကြ၏။ သွေးကြောတစ်ချောင်းတည်း အတွင်းကသွေးကို သွေးဖြူဉ၊ သွေးနီဉဟုအမည် ခေါ်ဝေါ်မှုကွဲပြားသော်လည်း သွေးဟုပင်ခေါ်သည်။ ထို့အတူတစ်ပင်တစ်ခိုင်တည်းမှပွင့်သောပန်းသုံးပွင့်ကဲ့သို့ပင်ဖြစ်ပါသည်။

ညောင်ရွှေမြို့နယ် အင်းလေးကန်အတွင်းတွင် အင်းသား လူမျိုးအများဆုံး နေထိုင်ကြ၏။ အင်းလေးဖောင်တော်ဦးဘုရားပွဲကို နှစ်စဉ်ကျင်းပပါသည်။ တောင်ရိုး၊ ဓနု တို့ နေထိုင်ရာနယ်မြေဖြစ်သော ပင်းတယမြို့တွင်ရွှေဥမင်ဘုရားပွဲ နှစ်စဉ်ကျင်းပလေ့ရှိ

ပါသည်။ ရှေးကအင်းသားတို့သည် တိုက်တေးပြိုင်ဆိုလေ့ရှိခဲ့၏။ တိုက်တေးစာပေထဲတွင် တောင်ရိုး၊ ဓနုတို့နေထိုင်ရာနယ်မြေရှိ ပင်းတယရွှေဥမင်ဂူနှင့် ဘုရားအကြောင်း ပါဝင်ဖွဲ့ ဆိုကြသည်။

ဥပမာ– ပင်းတယတဲ့ရွှေဥမင်၊ နေ့လယ်ကြောင်တောင်ကြီး၊ မီးညှိလို့ဝင်၊ ရွှေဥမင်၊ ဖူးချင်တဲ့မောင်က၊ တို့မောင်မယ်အတူတကွ၊ ဖူးရအောင်ပဲ့။ (အင်းလေးတိုက်တေး)

အင်းသားတိုင်းရင်းသားတို့သည် တောင်ရိုး၊ ဓနုလူမျိုးတို့ နယ်မြေရှိဘုရားပွဲသို့ရောက်ဖူးကြ၏။ ထိုသို့ရောက်ရှိဆက်ဆံကြ ခြင်းကြောင့် ချစ်တေးသီရာ၌ပင် တောင်ရိုး၊ ဓနုတို့နေထိုင်ရာနယ်မြေတွင်းအထိ စိတ်ကူးရောက်ကြခြင်းဖြစ်၏။

တောင်ရိုး၊ ဓနုတိုင်းရင်းသားတို့ကလည်း ပင်းတယ်ရွှေဥမင်၊ ရပ်စောက် ရွှေပိန္နဲ၊ အင်းလေးဖောင်တော်ဦးဘုရားများကို ချစ်သူနှင့်အတူဖူးခဲ့ရကြောင်း အိပ်မက် မက်ပါသည်။ ထိုသို့အိပ်မက်မက်ကြောင်းကိုတေးဖွဲ့ ကြသည်။ နယ်ချင်းနီး၊သွေးချင်းနီးသူတို့ အပြန်အလှန်ရောက်ရှိဆက်ဆံ၊ရင်းနှီးမှုကြောင့်အနုစာပေအလှအပများပွင့်လန်းလျက် ရှိနေပေသည်။

ဥပမာ– အိပ်မက်အိပ်မက် တစ်ညဉ့်တည်းနဲ့သုံးခါမက်၊ ညဉ့် ဦးမက်ခါ ရွှေဥမင်ဘုရားအတူသွားလို့၊ ဘုရားဖူးတယ် မယ်ရတယ် ညဉ့်လယ်ကျခါ အိပ်မက်တာ၊ ရပ်စောက်နယ်ထဲ ရွှေပိန္နဲ၊ ဆွဲလွှဲအတူတီးရတယ်လို့ မက်ရတယ်၊ မိုးသောက်နီးကာ မက်တဲ့ခါ၊ ကြာပွင့်ဖြူပြာမောင်မယ်ခူးလို့ အင်းလေးရွာဖောင်တော်ဦးကို၊ ဖူးရတယ် လှူရတယ်၊ မက်တယ် မက်တယ်၊ အိပ်မက် မက်ပါတယ်
(ရပ်စောက်မြို့နယ် ဓနုကျေးလက်တေး)

တောင်ရိုးလူမျိုးများကိုယ်တိုင်ကသူတို့သည် ပုဂံမင်း၊ အလောင်းစည်သူတိုင်းခန်းလှည့်ရာတွင်အလောင်းစည်သူတိုင်းခန်းလှည့်ရာကွင်လိုက်ပါ လာသည်။ ယခုနေထိုင်သော ဒေသသို့ရောက်သောအခါနေချင်၍ နေခွင့်ပန်လျက် နေခဲ့ သူများဖြစ်သည်ဟု အစဉ်အလာပြောဆိုချက်ရှိပါသည်။ ဗုဒ္ဓဝင် တောထွက်ခန်း တောင်ရိုး

မော်တွင်မဟာမုနိဘုရားသမိုင်းမှ ရခိုင်များရှမ်းပြည်နယ်တောင်ပေါ်ဒေသသို့ ရောက်ရှိ နေထိုင်ရာမှ တောင်ရိုးဟုခေါ်ကြောင်း 'တောင်ရိုး အစရခိုင်က' ဟူ၍ ဆိုထုံးရှိကြောင်း ဦးအောင်သိန်း၏ မဟာဝိဇ္ဇာ(မြန်မာစာ) ဘွဲ့ယူကျမ်းတွင်ဖော်ပြထားသည်။

ဓနုလူမျိုးများသည် အနော်ရထာမင်းလက်ထက်ကပင် ရှမ်းပြည်နယ်နှင့် ဗမာပြည်ကြားရှိ မြေလတ်နယ်တွင်နေထိုင်သူများ ဖြစ်၍ တောင်ပေါ်သားဖခင်နှင့် ဗမာမိခင်တို့မှမွေးဖွားဆင်းသက်လာသော ဗမာကပြားများဖြစ်ကြောင်းကို SIR George Scott ပြုစုသောGrazetteer of Upper Burma and the Shan States အပိုင်း(၁)၊ အတွဲ(၁)၊ စာမျက်နှာ– ၅၆၃ တွင်တွေ့ရသည်။

အင်းသားလူမျိုးတို့ကိုယ်တိုင် ရေးသားပြုစုသော ဟဲယာမော်ကွန်းပေစာတွင် အင်းသားတို့သည် ပုဂံအလောင်းစည်သူမင်း နှင့် ပုဂံမှလိုက်ပါလာသူများဖြစ်ပြီး အင်းလေးဒေသကိုနှစ်သက်၍ပြန်မလိုက်ဘဲကျန်ခဲ့သူများဖြစ်သည်ဟုဆိုပါသည်။ ထိုဟဲယားမော်ကွန်းသည် သက္ကရာဇ်– ၈၂၃၊ ခရစ်နှစ် ၁၅၁၁ တွင်အင်းလေးဒေသကို အုပ်ချုပ်သော ငွေခါန်မှူးရုံးစိုက်နေထိုင်ရာ ဟဲယာရွာမ ရွာတည်သမိုင်းမှတ်တမ်း ဖြစ်ပါသည်။မည်သို့ပင်ဖြစ်စေ တောင်တန်းပေါ်တွင် လာ၍နေသော ဗမာမျိုးနွယ်ရှေးဗမာများ ဖြစ်နေကြောင်းစကားနှင့် စာပေကသက်သေခံနေပေသည်။ တောင်ရိုး၊ ဓနု၊ အင်းသားတို့သည်အချင်းချင်း၊ဓလေ့၊ယဉ်ကျေးမှု၊စကား၊ စာပေပိုမို၍ ရောယှက်ဆက်နွယ်နေပေသည်။

တောင်ရိုးနှင့် ဓနုတို့တွင် အပျိုအိမ်သို့ လူပျိုလှည့်သော စာချိုးနှင့် စကားထာများရှိကြ၏။ အင်းသားတို့၏ တိုက်တေး များသည် အပျိုအိမ်သို့ လူပျိုလှည့်စဉ်တေးမဟုတ်ဘဲအပျိုလူပျို အုပ်စုချင်းအချစ်ပြိုင်သောတေးမျိုးနှင့် စကားထာတေးတစ်ချို့ ပါဝင်နေပေသည်။

## ဓနုတိုင်းရင်းသားတို့၏ကျေးလက်တေးသံများ

တောင်ကြီးတက္ကသိုလ် မြန်မာစာဌာန ဆရာမဒေါ်ခင်မြသင်းစု ဆောင်းရရှိထားသော ကျေးလက်တေးသံများနှင့် ဦးမြင့်သန်း(အောင်ပန်း)ရှာဖွေစုဆောင်းရရှိထားသောတေးသံများကိုမြန်မာစာပါမောက္ခ(ငြိမ်း)ဦးမြမောင်မှကျေးဇူးပြုပါသည်။

### ဓနုကျေးလက်တေးသံ (၁)

ရေအင်ပိလိ ရေချိုးမိ မော်ရိကြောင့်လို့ယားတယ်လား၊
မသိမသိ မယ်ချစ်သူ မယ်လူဦးမှာ မောင်ပြောမိ ပြောမိလိုက်လို့မှားတယ်လား။

### ဓနုကျေးလက်တေးသံ (၂)

အလိုလို-အလိုမယ်လေ၊ တို့မောင်မာစကားတင်လို့၊ အရင်စ၊ ခုနေ့စ၊ ခုညဆုံးလယ်၊
တခွန်ရှေးလဲ မေးကြည့်မယ်။ကြိုက်ရင်ပော၊ မယ်လယ်မာမုန်းရင်ပြော၊ မုန်းရင်မောင်က
လန်လို့ပြန်မယ်ပ။ကြိုက်ရင်မောင်က၊ လက်ဆောင်ပေးလို့ မေးမယ်ပ။
မကြိုက်လဲဘဲ ကြိုက်ယောင်ဆောင်လို့မောန့်လက်ဆောင်ကိုမလမ်းနှင့်၊
မချစ်လဲဘဲချစ်ယောင်ဆောင်လို့၊ ကာကားမောင့်ကိုမအမ်းနှင့်။

### ဓနုကျေးလက်တေးသံ (၃)

အင်းကဆွေထား(ရွှေဒါး)ကျောက်ကောင်းစီလို့ပတ္တမြား၊ သဒ္ဒါးလိုးရင်ပေစေတော့၊
မယ်ကိုထားတခြားဆိုရင် မတ်တာပ်လဲ မဲတဲခုည မယ့်ဆေ့ဦးမှာ သေစေတော့။

### ဓနုကျေးလက်တေးသံ (၄)

မြို့ထဲအောင်း ချောင်းထဲနေ၊ မြေပေါ်အိပ် ငက်ပျင်းရိုး၊
သဘောတူ၊ပျူနဲ့လဲ့ မယ်မိလ မယ်ပပြောတယ် လူပျင်းရိုး။

### ဓနုကျေးလက်တေးသံ (၅)

အလို-ကိုရင်မျက်နာဝိုင်းလဲ ပျိုပန်းပင် ဆင်တိုင်းလဲလသွေးသားညှိနှင့် လူပုံရ၊
မျက်စိမျက်နာ ပျိုစိတ်ဆွေးလဲလွမ်းစိတ်ပါ။ရာဇာမင်းနား မောန့်ကိုမြင်လို့ အထင်မား

မောန့်မှာဆင်လောင်း အပုံကောင်း မောန်ဆောင်းခမောက် နေရောင်ထိုးလဲ ပိုးရောင်တောက်၊ ခမောက်အင်းကို့ သဘော်သားလဲ ကုလားဆိုင်မှာ ထုပ်လို့လာတယ် မင်းလုံးနီ။ အင်းကျိမှာကား၊ ကော်တာပါး၊ ကော်ရုပ်တံနဲ့ ခြေဖနောင့်လဲထိအောင်ဝတ်၊ မောန်လဆွတုံး၊ ပရိတ်သတ် ပွဲပြတ်လယ်မှာ ပုဆိုးကွက် ပွဲတက်ရာမှာ နဖူးမောက်လို့ မျက်ရုပ်ကုန်-ဆွတုံးလေး။

## ခနုကျေးလက်တေးသံ (၆)

မပြုံးအပြင်၊ နွယ်ကိုဖြစ်လို့၊ ရစ်ချင်ချင် မပုန်းအပြင် ပန်းပူးစလို့ မယ်စယ်ကို ပန်းကတိုး မောန်ရုပ်ဆိုးမှာချစ်ချင်ချင်။
ဂနိမ်ရှိုင်းရိုး မပေါက်ပဲ မကျဲဘူးနော မောင်အာပိုင်းရိုး မကြိုက်ဘဲနဲ့ မသွဲဘူးနော။ မယ်လမောန်ကို ကြောက်လာမယ်။

## ခနုကျေးလက်တေးသံ (၇)

ဆင်စွယ်ရိုးပိတ်၊ ငွေချိတ်ထယ် ရင်ကိုခွလဲ အကြွလှန်၊ မောန်ဆောင်းခမောက် နေရောင်ထိုးလို့ပိုးရောင်တောက်ခမောက်ဦးစောင်း၊ ခြေနင်းဦးကောက် မောန်လဝတ်လယ် ဆွကတော့ ကတော့ယုယင် ဆွကုတင် ကုတင်ကတက် မောင်လခိုးလဲပြည်တဖက် ကုတင်ကဆင်း မြင်းကောင်းယင်လို့ ဆင်ကောင်ဆင်း နေမင်းလဲထွက် ငက်ဖြူပျံ ဆံဖြူဝဲ သရဲနယ်မှာမော်ဆုပ်နက်၊ ကြွလို့လာပြီ ဆွထီးငါးဆောင် ဆွရတောင် ညောင်ပင်ငါးခွ ခြွလို့စံပါ သဲလုံးပျော် တောင်ပေါ်ရွာမော်မောန့်အာဆိနင့် မြိမ့်မြိမ့်ပါ။

## ခနုကျေးလက်တေးသံ (၈)

အာလိုမောန်လ ပန်းလိုလန်းလဲပျိုထစ ခုနေ့စလဲ ခုညမကွာ လည်ကိုဖက်လို့နှုတ်ဆက်ပါ။မှာယာစကားမယ်ချိတ်တင်လို့ပြောချင်ငြားနှုတ်ကားမောန်လ စကားလေး နှုတ်လေးသော်လဲ ပျော်ထားကြ။ ငရုံပတူ မယ်ဆဲဦးမှာကန့်ဘလူ စိတ်တူလက်တွယ် ကိုယ်ချဲနောလဲ ပြောပောရယ်။ လူငယ်သဘော စကားစလို့

မောင်လနော။ ဝတ်မယ်လူစုံ ကွမ်းပင်ထက် ကွမ်းဝက်ဝါလဲအတူငုံ ယုံအောင်စကား ရင်ထဲတွေးလို့ ပြောရေးငြား စကားနဲ့ကွယ် ကိုယ်လုံးသွယ် လူငယ်မောန်လဲ အို့ခဲ့မစိုး နှံ့နှင်ခြယ်။

## မနုကျေးလက်တေးသံ (၉)

တော်တော်ပန်းလဲမောန်မပန် တော်တော်လူလဲမယ်မယုံ၊ ချယ်ပန်တဲ့ပန်း မြေပေါ်မပေါက် ကျောက်ပေါ်မနား၊ ဂေါ်သဇင်လို သစ်ပင်ဖျား နားသောသစ်ပင် မိုးတက်စလဲ ဂေါ်သဇင် နားဝင်ပန်းသေး တယောက်ပန်လို့ တကျိတ်မွှေး ပန်းသေးအနံ့ ဆင်ဖြူလကမောင်း ပုဂံချောင်းမာတပြန့်ပြန့်၊ အေးလိုပန်းမ မယ်လဆာလို့ပန်မလား တော်တော်လူလဲ မယ်မရ မောန်ယုံရတဲ့မယ် ထယ်လိုပုံသွန်း ကျွန်လိုဆွေချ မြောက်မာအုပ်စီ ဆွေညောင်ရည် ညောင်ရည်အထဲ ပြည်နန်းခဲ နန်းခဲလွယ်လုံ ဆွေဖြာခင်းလဲအင်းတာတုံ ထမုံသမီး နန်းပေါ်တင် ဆင်ပေါ်စီး သမီးမယ်ဖြူ တစ်ရာပေါက်လဲ တယောက်လူ အဲလိုမောန်မ မယ်လဆာလို့ ရုံမလား။

## မနုကျေးလက်တေးသံ (၁၀)

ရောဟဲ့ခုည ညောင်ဝက်ဝဲ ဆွေပွဲသာလဲ မယ်လွမ်းသူ မောန်ဖြူတကျေးမယ်တကျေး ဝေးသောရပ်က ရေအေးပမာ ခုနေ့စ ခုညဆုံလဲ ကြုံကြိုက်လာ မယ်လာတယ်ကို မကြိုက်လဲဘဲ မျက်နာသို မျက်နာသိုလေ မောန်ပုံစုပ် မောန်ရုပ်ဆိုးဟာ နေလေလေ လွမ်းသူဆွေတုံး ကတိုးပက်လို့ နံ့သာကုန်း ဆွေတုံးလွမ်းသူ ကြည့်လိုက်ပါနှင့် နတ်နတူ တူသူမောန်လ နတ်မပန် ကံမကူဘူး မယူရ၊ ရမယ်လို့ပင် စိတ်ကထင် သေချင်တယ်ပ ရင်ထဲကွဲလဲ သဲထဲနာတယ် ခုနေ့စ။ ကညာမယ်ထွေး ကံကုန်ခမ်းလို့ ကံစမ်းမေး ဆေးလိပ်လဲပါ ဝါသနာ အလသူထက် နံ့သာတုန်းလဲ ဂမုန်းဝက် ဆေးလိပ်သမား၊ စုပ်တံသေးန ရေးလို့ထား လက်သမားလဲ ရှမ်းသားလက်ရာ ပုံနစိလို့မညီပါ ပုံနချလို့ အလမောန်ရောက် ပန်းချီရေး။

## ဓနုကျေးလက်တေးသံ (၁၁)

မြင်းနီမြင်းနက် မယ့်အိမ်ခေါင်းလဲ ပြေးလို့နေတယ်ဥ္စလေးဖက် ဇက်ကလေးလုံးပုခုံးပေါ်ငွေ
ရင်ကဆွဲ ပေါ်ကမိုးကြိုး ရင်းမာပိုး မိုးကြိုးလက်ရာမင်းလုံးနီလဲကတ္တီပါ ပေါ်ကိုကြည့်တက်
အင်းကျိုနက် အောက်ကိုကြည့်ဆင်း ထိုးဖနပ်နီ ပိုးဘောင်းဘီ ကျောက်စီခြေနင်း
တထွာပို တညိုလောက်ဟာ မြေမာခင်း ဖရဲဖရော် ခါးမာစော် ဖရော်ဖရဲ ခါးမာစဲ
တဖက်ငါးမူး မောင်လဝတ်လယ်ဆွဲပေဖူး တဖက်ငါးကျပ် မောန်လဝတ်လယ်ဆွဲနကပ်
မြောက်ကိုကြည့်ဆင်း မြိမ့်ဝေဝေ နတ်လေဟူးလယ် မြေဒူးကျင်း သူမျှားနင့်တူ
ဆောင့်းသေးအုံတယ်ခမောက်ဖြူ ဖဝါးလကျောက်ရှမဖိုး ကြောက်သလား ဖဝါးနု
ကျောက်ဥမဖိုး ကြောက်သလားဖဝါးလ ကျောက်ရှမဖိုး ကြောက်ရင်လဲ သိန်းနီကထုတ်
တရုတ်ကရောင်း ဟဲဟိုးဈေးမှာ ဖနပ်ကောင်း အကြိုးမကြပ် မင်းလုံးနီလဲကတ္တီပါ
အိမ်ကစီးရင်း ပုဆိုးကွက် ပွဲတက်ရာမှာ တွဲဖက်ရောင်း တစောင်းမျော်ရင် ကိုယ်လုံးသွယ်
လှငယ်မဟာ ကြည့်မငြီး။

## ဓနုကျေးလက်တေးသံ (၁၂)

မောင်ပင်ကြိုက်လဲ လိုက်လာလိုက်လာ မောင်ဖို့ထင်ထား နှင်းလုံးဝေ ကိုးကျွဲ့တောင်မှာ
ကုံ့ပလှူလို သစ်ဖြူသား။
မောင်ဖို့လက်ကိုင် အောင်ပန်းခေါးလယ် ခေါးဆိုင်ကျယ်မှာ ကလိုက်ရှားလဲ
ခေါင်းဗွားဆိုင်။
ဦးမှာရွှံ့ ဗွက် ရှိလေရင် မယ်လက်ဝါး ထင်ထားလုပ်လို့ ကူးစေမယ်။
ဦးမှာတောင်ပို့ ရှိလေရင် တို့မဆီး ဖြိုနှင့်မယ်၊ ဦးမှာတောင်တက် ရှိရင်လဲ
တို့မဆီးလို့တူးနှံ့မယ်။
လမ်းနားနေဖက် တောင်နဲ့မြက် သံလျက်ထားငယ် ထားမျက်သွယ်လဲ မယ်ပယ်မယ်။

မောင်ကိုတဖက် မယ်တွယ်တက် အေးခါကျမှ အိမ်ကိုရောက်ရင် မတက်တတ်လဲ
အလယ်လက်ညှိုး လက်သူခိုး လက်ညှိုးသီဒါ ရွှေလက်ဝါ တညာလက်နဲ့
သွယ်တက်မယ်။ ထား(အိး) တို့ဖချစေမယ် ဆေးအိတ်တို့ဖချစေမယ်။
ပဝါမြူနှ လက်မှာခု ချွေးဥတို့မ သုတ်ပေးမယ်၊ မစားတတ်လဲ ပါးကိုမလို့ ဟမေးမယ်၊
မဝပ်တတ်လဲ ခြေကိုချုလို့ ဝပ်ပေးမယ်

**ဓနုကျေးလက်တေးသံ (၁၃)**

မောင်မှန်းကြိုက်လဲ လိုက်လာလိုက်လာ ပဝါနဲ့ထုပ် ရွှေကြုတ်နဲ့လှောင်
(တို့) မယ်မှေ့လ မယ်ဖခေါင်းရင်း ညောင်ရေအိုးလို ပန်းထိုးစင်မှာ ကိုးကွယ်မယ်။

**ဓနုကျေးလက်တေးသံ (၁၄)**

ဂနိုင်ရာသား နွယ်ခေါင်ဆုပ်လို့ နွယ်ပုတ်များ ယာသားဖြစ်မယ် (ထွင်တော်ထွင်လယ်)
ထင်ဘူးလေး တရွာသူနဲ့တရွာသား ချစ်သူထားလဲ ရည်းစားဖြစ်မယ် ထင်ဝူးလေး။

**ဓနုကျေးလက်တေးသံ (၁၅)**

လေးထောင့်ပဝါ မချုပ်သာ ချုပ်ခါများလည်း ကြာတိုင်းအပ်ညှာ ဆွေးပြီရော မောင်လနဲ့ငါ
ကံမကောင်းဘူး ကြောင်းမပါ စကားစ နှုတ်စကြာလို မွေးပြီရော။

**ဓနုကျေးလက်တေးသံ (၁၆)**

ငှက်လစူရေး(ကြက်တူရွေး) မြီးကောင်ကော့န အော်သံပေး ငှက်သေးအော်သံ
သွားလေခြင်းမောင်လယဉ်ကျေး နှုတ်ခွံပါးနဲ့ စကားအေး သူငွေးချစ်သူများလေခြင်း။

**ဓနုကျေးလက်တေးသံ (၁၇)**

ပွင့်ပန်းသေး မြတ်လေးခတန္တာ ကုန်းမှာဆင်း ကျင်းမှာပေါက်တယ် ကြက်မောက်ဝါ
ခတန္တာပင်ရင်း မွေးလေခြင်း ရှေးခါကြောင်းရင်း စပုံနက် ရှင်ထွက်ငယ်နဲ့ ဝေးလေခြင်း။

## ဓနုကျေးလက်တေးသံ (၁၈)

ပဇင်းပဇင်း အခေါင်းကြောင်နဲ့ အတောင်ဝင်း ပဇင်းသုံးကောင် အိုးထဲလှောင် အတောင်စနှယ် ခတ်ရမယ်၊ မယ်နဲ့မောင်လဲ ရကြလေအောင် ကြံပုံစံနှယ် မယ်ပုံစုတ် မယ်ရုပ်ဆိုးလဲထုတ်ရမယ်။

## ဓနုကျေးလက်တေးသံ (၁၉)

ဂနိုင်ထဲလဲ ညှောင်ပင်အို ဝက်စိုမတိုး သစ်ခြောက်လယ် မယ်လဲအမျိုး မောင်အမျိုး သစ္စာဆို မောင်အိုမတိုး မယ်ကြောက်လယ်။

## ဓနုကျေးလက်တေးသံ (၂၀)

ထရူးဝက်ချိတ် ပင်ခြေထားလဲ ပင်ဖျားစိတ် ဝက်ချိတ်ထင်းရှူး နှင်းစိမ့်စို တောင်တိုကျွင်းမှာ ဆူရဲ့လား၊ မယ်မားကြိုက်လဲ လိုက်လို့ပြန်ရင် မယ်မွေ့လ မောင်ဖအစိတ်တူရဲ့လား။

## ဓနုကျေးလက်တေးသံ (၂၁)

သွားပြုကြောင်းခြစ် မျက်တောင်ရစ် ဆံမြစ်နရား တဖက်ရောင်း တစောင်းမြော်ရင် သနပ်ခါး အင်းကာရွှေထား ပလ္လင်ပေါ်မှာ ကျောက်ကောင်းစပ်လဲ ပတ္တမြား သခွားလှိုးရင် ပေစေတော့ မောင်ကိုထား တခြားရှိရင် မတ်တပ်လဲ မဲတဲခုည မောင့်ရှေ့ဦးမှာ သေစေတော့။

## ဓနုကျေးလက်တေးသံ (၂၂)

ဆန်ဘဲဖွပ်လဲ ဆန်ပြုစေ သဲနဲ့ကျော်တယ် မှုန့်လေမွေ့ စဝေမယ်ကိုမထိုးနဲ့ မောင့်မွေ့လ မောင်ဖပေးဘူး မယ်ပုံစုတ် မယ်ရုပ်ဆိုးကိုမခိုးနဲ့။

## ဓနုကျေးလက်တေးသံ (၂၃)

သဖန်းပင်အောက်လှစင်ခေါက် ပေါက်ပင်ခြေရင်းမိုးညိုညိုလို့ရေချိုတွင်း မောင်မင်းခပ်လို့ သောက်ဝူးလေး လမအိမ်တွင်းသရေပုတ်လို့ဖျာစုတ်ခင်း မောင်မင်းမောက်လို့ကြေ့ဝူးလေး။

## ဓနုကျေးလက်တေးသံ (၂၄)

မိုးသားတက်လဲ စနက်မောင်ဟာ တောင်မြော်ငူး ချစ်သားဆုံးလဲ လွမ်းလို့နေလယ်
မောင်လကောင်းကို မယ်မြော်ငူး။

## ဓနုကျေးလက်တေးသံ (၂၅)

မစားရငြား သစ်ခွဆုံ ရုံကာတက်တယ် ကြက်ဟင်းခါး စိတ်တော်ဆန်လို့ မရုံရငြား
မယ်နဲ့မောင်မှာ သတင်းလွှား မစားရငူး ချော်ဖက်လဲ လက်စော်နဲ့ စိတ်တော်ဆန်
မရုံရငူး လူယောင်ဝါး မင်းသားငယ်နဲ့ သတင်းခံ။

## ဓနုကျေးလက်တေးသံ (၂၆)

ညောင်ပင်ထက် ညောင်ဝက်ဝါ ညောင်ညှာမြဲစေ ရွှေညောင်ဝက်လဲ ကြွေခဲစေ သစ္စာမြဲစေ
ကိုယ်လုံးမှန် ရယ်သံသေး ယဉ်ကျေးငယ်ဟာ အိုခဲစေ။

## ဓနုကျေးလက်တေးသံ (၂၇)

သစ်ပင်ကြီးဟာ သစ်မျိုးမြင် ဂနိုင်တောင်မှာ ထိန်းလူရှိငူး စိမ်းနေတယ်
နှမကြီးဟာ သဘောဖြူ ယူလူရှိငူး နှင်းလုံးဝေ ပတော့ရွာမှာ ဟိုင်းနေတယ်။

## ဓနုကျေးလက်တေးသံ (၂၈)

လွမ်းသောမျက်ရည် အေးရွာထဲမှာ ရွှံ့မထားဘူး ငါးမနေ
ကိုးနှစ်ဆက် ဆက်ဂုက်လင်းစေ ကိုးလုံးသွယ် မယ်ငယ်မကို ဖလွမ်းမပြေ။

## ဓနုကျေးလက်တေးသံ (၂၉)

သရက်ပင်လှ တဖက်တောင်မှာ အရိုးလိန်နှ စည်းစိမ်ကျ တနေ့ တကျ မောင့်ပါးထက်
မောင့်မျက်နှာကို မြင်ရငူးရင် မယ်ပုံစုတ် မယ်ရုပ်ဆိုးဟာ စိတ်မချ။

## ဓနုကျေးလက်တေးသံ (၃၀)

ဆူးပုံးရိ(စ်) နတ်ထိပ်တောင်မှာ ကန်ဆည်ယောင်လို့ မိုးခေါင်တယ်
မယ်ကြိုက်မှန်း အစမ်းသိလို့ မယ်ပုံစုတ် ရုပ်ဆိုးအိမ်ကို မောင်ရှောင်တယ်။

## ဓနုကျေးလက်တေးသံ (၃၁)

ဆူးပုံးကို နတ်ထိပ်တောင်မှာ ကန်ဆည်လှဲလဲ ကန်ကွဲလယ်
မယ်ကြိုက်မှန်း အစမ်းသိလို့ မယ်ပုံစုတ် ရုပ်ဆိုးအိမ်ကို မောင်လှဲပယ်။

## ဓနုကျေးလက်တေးသံ (၃၂)

သစ်ပင်လတော် သစ်မျိုးမြိုင် ဂနိုင်တောင်မာ ပန်းကုံကော်
မယ်ပင်လတော် သဲလုံးပျော် တောင်ပေါ်ရွာမာ ရွာမကာဘူး ရုပ်စကျော်။

## ဓနုကျေးလက်တေးသံ (၃၃)

သစ်ပင်လပီ သစ်မျိုးမြိုင် ဂနိုင်တောင်မာ ဝက်မလဲဘူး သစ်ကြိုးကျစ် မယ်ပင်လပီ
ရွာမကာဘူး ရုပ်စသီ။

## ဓနုကျေးလက်တေးသံ (၃၄)

ဂနိုင်ထဲက သစ်ငုတ်တို နွယ်ချိုရစ်လို့ ထစ်ထစ်လယ်
မောင်လှဲနကို မယ်နဂို အပျိုဖြစ်လို့ ကျေးရူးရှင် မိခင်အိမ်မာ စိတ်ညစ်လယ်။

## ဓနုကျေးလက်တေးသံ (၃၅)

ဂနိုင်ထဲမှာ သစ်ငုတ်တို စည်တိုလုပ်လို့ တီးခဲ့ပြီ မယ်နကို အပျိုလုပ်လို့ ကျေးရူးရှင်
မိခင်အိမ်လဲ ငြီးခဲ့ပြီ။

## ဓနုကျေးလက်တေးသံ (၃၆)

အပျိုနေတယ် တော်အေးဝူး ကတုတ်တို အအိုနေဖို့ မယ်စိတ်ကူး။

## ဓနုကျေးလက်တေးသံ (၃၇)

ခေါင်းပေါင်းဖြူစင် မောင်ခေါင်း ရုပ်(စ်)လဲ မောင်ထပ်ပုံမှာ အဝိုင်းတင် မဖြူတာတ်သေး
ကျောက်စက်ရေဦး ဘီလူးရေဝါ ရေသိတာမှာ ပျော်လေတော့ တို့မောင်နဲ့ငါ
ကံမကောင်းဘူး ကြောင်းမပါ။ အိမ်ခြေတရာ ရုပ်နဲ့ရွာလဲ ရှာလေတော့။

## ဓနုကျေးလက်တေးသံ (၃၈)

အချောဆုံးဟာ ပိုးကော်တောင် တင်းဝါးနီး နီးနှမယ်ကို လှာစေမယ် မေးချင်းတင် ရင်ချင်းတိုက် အကြိုက်မယ်မွေ့ ရွေးစေမယ်။

## ဓနုကျေးလက်တေးသံ (၃၉)

ကန့်နံ့ထဲမှာ ကြိမ်နဲ့သွား နတ်ခါများရင် အညှောက်တုန်းလို့ ပြုန်းချင်ချင် လမအိမ်ကို လာခါများရင် ချစ်မို့မထင် မေတ္တာတုန်းလို့ မုန်းချင်ချင်။

## ဓနုကျေးလက်တေးသံ (၄၀)

သစ်ကိုထား ဝါးကိုအိမ်ခြင်မတင်နဲ့ မောင်ကိုထား တခြားမောင်ကို ကိုယ်လုံးသွယ် ငယ်သောမယ်က မကြင်နဲ့။

## ဓနုကျေးလက်တေးသံ (၄၁)

သစ်ကိုထား ဝါးကိုအိမ်တိုင်မထူနဲ့ မောင်ကိုထား တခြားမောင်ကို ကိုယ်လုံးသွယ် ငယ်သောမယ်ဟာ မယူနှင့်။

## ဓနုကျေးလက်တေးသံ (၄၂)

သစ်ကိုထားလို့ ဝါးကိုဆိန်နဲ့ကျော်ပြီလား မောင့်ကိုထား တခြားမောန်နဲ့ ကိုလုံးသွယ် လှငယ်မဟာ ပျော်ပြီလား။

## ဓနုကျေးလက်တေးသံ (၄၃)

သစ်ကိုထားလို့ ဝါးကိုအိမ်တိုင်ထူမို့လား မောင့်ကိုထားလို့ တခြားလူကို ယူမို့လား။

## ဓနုကျေးလက်တေးသံ (၄၄)

သစ်ကိုထားလို့ ဝါးကိုဆိန်နဲ့ကျော်မို့လား မောင့်ကိုထား တခြားလူနဲ့ပျော်မို့လား။

## ခနေ့ကျေးလက်တေးသံ (၄၅)

တံတိုင်းမြို့ ပတ္တူကိုက်ရင် ဒါတယ်လေး မွေ့မကာလို့ မကိုယ်ပိုးရင် မျိုးချင်းတူလယ် မေးယူမှကောင်း တို့မေ့လလို့ တို့ပဒေနောက်ကမှာမယ်လေး။

## ခနေ့ကျေးလက်တေးသံ (၄၆)

မယ့်အိမ်ခေါင်းမှာ ပန်းသစ္စာ သစ္စာပန်းပျိုး နေတော်မူတယ် သူမညီး ပန်းမျိုးအပွင့်စီလနဲ့ တဖက်ရောင်း တစောင်းမျှော်ယင် ကိုယ်လုံးသွယ် မယ်လငယ်ဟာ ညိုလနဲ့။

## ခနေ့ကျေးလက်တေးသံ (၄၇)

လွှမ်းတမျက်ရည် အင်းရပ်ထဲမှာ မြဲမရှားပူး ငါးမနေ ကိုးနှစ်ဆက် ဆယ်ရက်လင်းစေ ကိုယ်လုံးသွယ် မယ်ငယ်မကို လွှမ်းမပြေ။

## ခနေ့ကျေးလက်တေးသံ (၄၈)

မယ့်အိမ်ခေါင်းမှာ တူးပင်ချို မကြီးခင် အရင်စပ်ဟာ ခတ်ထားပြီ ကိုယ်လုံးသွယ် ငယ်သောမယ်မှာ မကြီးခင် အရင်သခင်မှတ်ထားပြီ။

## ခနေ့ကျေးလက်တေးသံ (၄၉)

ပူးလယ့်ပန်းလဲ ပွင့်ခါနီးလို့ ကြီးလာပြီ အပျိုလုပ်လဲ အလုပ်ကြာလို့ တို့မွေ့လ တို့ပဒအိမ်မှာ ညီးလာပြီ။

## ခနေ့ကျေးလက်တေးသံ (၅၀)

ပန်းပဲပွင့်လဲ အပွင့်ကြာ အညှာပြုတ်လို့ ပြိုလာပြီ အပျိုလုပ်လဲ တို့မွေ့လ တို့ပဒအိမ်မှာ အလုပ်ကြာ ကြီးသောမောင်မှာ အိုလာပြီ။

### ဓနုကျေးလက်တေးသံ (၅၁)

ပျိုးကိုတိမ်းလို့ လယ်ယိမ်းလယ် မယ်ကိုချိန်းလို့ မောင်ဟိုင်းလယ် လယ်ကိုတိမ်းလို့ ပျိုးလိုလယ် မယ်ကိုချိန်းလို့ မောင်ဒို့လယ်။

### ဓနုကျေးလက်တေးသံ (၅၂)

ရေတွင်းယက် ရေမထွက် ရေမျက်ဇာမာကွဲလို့လုံး တို့မောင်မေးရက် တခွန်းမယ်မှာ နှုတ်မဆက် ပြောပက်ဇာမှာလွဲလို့လုံး။

### ဓနုကျေးလက်တေးသံ (၅၃)

ထားမသွေးမိုး ချောင်းကိုလျှောက်လို့ ကျောက်ရှာလယ် အရှမေးမို့ ပန်းပွူးစ မယ်လဲနားကို မောင်လာတယ်။

### ဓနုကျေးလက်တေးသံ (၅၄)

ပြောက်ဆိပ်လုံးသွယ် မြင့်မိုဦးမှာ ထွန်းလို့နေလဲ လအရောင်နဲ့ စိန်ပြောင်ကြယ် နေလောက်စ လလောက်အရောင် ထွန်းပူးလော တို့မောင်လူငယ် ရယ်လုံးသေးလဲ ခါးလုံးသွယ် လူငယ်မောင်ဟာ မယ်ပုံစုတ် ရုပ်ဆိုးမလောက်လွှမ်းပူးလော။

### ဓနုကျေးလက်တေးသံ (၅၅)

ပိုက်(ပိတ်)ဘောင်းဘီ မြေနီလူးပါလို့ ရှေ့ဦးကပေါင်ဖြူဖြူ မိန်းမနဲ့တူ တူသာတူ သူလေမိန်းမမှုဟုတ်ဘဲ ပျိုတို့မောင် အကြံနည်းတယ် သုံးလမှ တစ်ပဲ။

### ဓနုကျေးလက်တေးသံ (၅၆)

ကျား - ချစ်ပါဗျ ကြိုက်ပါ

မ - ချစ်ပါမယ်နေပါအုံး ကြိုက်ပါ့မယ်နယ်ပါအုံး သံပုဆိန် ရေချလို့ သံပွလာကြိုက်ပါ့မယ်၊ ကိုရှိန်းမေတာနှာတုံး။ ညောင်ပွင့်စေ စောင့်အုံး။

# ဓနုကျေးလက်တေးကဗျာ ကျူးရင့်သံများ

# ချိုးချင်းမကပက ကဗျာများ (ကြီးချင်းများ)

# မီးဝင်ပွဲနှင့်တာတာကပွဲ ချိုးချင်းမကပက

# ကဗျာများ(ကြီးချင်းများ)

# တောင်ယာကျေးလက်တေးကဗျာများ

# နွားဝန်တင်တေးကဗျာများ

# ဓနုတိုင်းရင်းသားတို့၏သစ္စာထားကဗျာများ

**ဓနုခေတ်ပေါ်ကဗျာများနှင့် ဓနုခေတ်ပေါ်သံချပ်များ**

( ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိပင်းတာယရွှေဥမင်ဘုရားပွဲတော်ကြီး
တွင်မြတ်စွာဘုရားအားဦးခိုက်ရှိခိုးသော ဓမ္မဒါန၊ စာပေဒါနစာစောင်ဖြစ်ပါသည်။)

# ဓနုအိုးစည် ၊ ဓနုပြော
# နှင့်
# ခေတ်သစ် ဓနုတေးသီချင်းများ





ဓနုပြောပိုင်း

နေစိုးအောင် (တောင်ကြီး)
ဒေါက်တာကျော်လွင်ထူး (ရူပ)

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ခနေ့လူမျိုးပေါ်ပေါက်လာပုံ | ၁ |
| ၂။ | ခနေ့တူရိယာများနှင့် ခေတ်သစ်ခနေ့တေးသီချင်းများ | ၁၈ |
| ၃။ | ခနေ့အိုးစည်ပေါ်ပေါက်လာပုံ | ၁၉ |
| ၄။ | ခနေ့အိုးစည်ကျော်ကြားလာပုံ | ၂၁ |
| ၅။ | ခနေ့အိုးစည်ပြုလုပ်ပုံ | ၂၃ |
| ၆။ | ခနေ့ပြော | ၂၇ |
| ၇။ | ခနေ့ရိုးရာတေးသံသာများ | ၃၁ |
| ၈။ | ခေတ်သစ်ခနေ့တေးသီချင်းများ | ၃၄ |
| ၉။ | နိဂုံး | ၇၁ |

# နိဒါန်း

* *

မနုအိုးစည်နှင့် မနုဗျောအကြောင်း စာပေမှတ်တမ်းများ မရှိသေးပါ။ ဤစာအုပ်သည် ဆရာကြီးဦးစိုးအောင် (နေစိုးအောင်၊ တောင်ကြီး) ကြိုးပမ်းပြုစုထားသော ပထမဦးဆုံးသော မနုအိုးစည်နှင့် မနုဗျောအကြောင်း စာပေမှတ်တမ်းဖြစ်ပါလိမ့်မည်။ ချို့ယွင်းချက် အားနည်းချက်များ တွေ့ရှိခဲ့ပါက ဝေဖန်အကြံပြုချက်များကို ဖိတ်ခေါ် ကြိုဆိုပါသည်။ ဝေဖန်အကြံပြုချက်များကို ထပ်မံဖြည့်စွက်ရေးသားခြင်းဖြင့် တချိန်တွင် ပြည့်စုံသော စာပေမှတ်တမ်း တခုဖြစ်လာလိမ့်မည်ဟု ယုံကြည်ပါသည်။ စာပေမှတ်တမ်းမှတ်ရာ အားနည်းသော ကျွန်တော်တို့မနုလူမျိုးများအတွက် နောင်တချိန်တွင် အထောက်အကူဖြစ်လာစေရန် ရည်ရွယ်လျက် ခေတ်ပေါ် မနုသီချင်းများကိုလည်း ဒေါက်တာကျော်လွင်ထူး မှ မူရင်းသီချင်းပိုင်ရှင်များထံ ခွင့်ပန်၍ စုစည်းတင်ပြထားပါသည်။

လွန်ခဲ့သော ၁၉၇၉ ခုနှစ်၊ တောင်ကြီးဒေသကောလိပ် ခေတ်အခါကာလက မနုသီချင်းများ၊ သံချပ်အပေါ် မှီငြမ်းပြု၍ ထုတ်ဝေရန် ကြိုးစားခဲ့ဖူးပါသည်။ သူငယ်ချင်းဖြစ်သူကိုတာမြင့်နှင့် မနုသီချင်းများ နေ့မနားညမနား ရေးစပ်ပြီးရပ်စောက်မှ မနုကျောင်းသားများနှင့် အောင်ပန်း၊ ကလောမြို့မှ မနုကျောင်းသားကျောင်းသူများကို ကျွန်တော်ကိုယ်တိုင် သီချင်းများတိုက်ပေးပြီး အသံသွင်းခဲ့ဖူးပါသည်။ ထိုစဉ်က ကက်ဆက်ခွေခေတ်ဖြစ်ပါသည်။ ကြိုးစားမှုများ မအောင်မြင်ခဲ့ပါ။ နောက်တစ်နှစ်ခန့် အကြာတွင် 'လွမ်းလေခြင်းမနုသီချင်း' ခွေထွက်ရှိလာပါသည်။ ကိုယ်တိုင်ကြိုးစားခဲ့မှု မအောင်မြင်ခဲ့သော်လည်း 'လွမ်းလေခြင်းမနုသီချင်း' ခွေအတွက် လွန်စွာဂုဏ်ယူမိပါသည်။ တေးသံသွင်းမှ ခွေများဝယ်ယူ၍

အသိ မိတ်ဆွေများကို အခမဲ့ဖြန့်ဝေပေးပြီး တောင်ကြီးတက္ကသိုလ် မိတ်ဆုံစားပွဲများတွင်လည်း ယင်းအခွေပါ သီချင်းများကို သီဆိုဖျော်ဖြေစေခဲ့ပါသည်။

အကြောင်းအားလျော်စွာ ပြန်ဆိုတေးများ ခေတ်စားလာချိန်တွင် 'လွမ်းလေခြင်း' ဓနုသီချင်းခွေပါ 'ဓနုရိုးရာတေးလင်္ကာ' သီချင်းကို 'အဖြူရောင်သံစဉ်' အမည်ဖြင့် ဘိုဖြူ ပြန်လည်သီဆိုခဲ့ရာ မြန်မာတစ်နိုင်ငံလုံးသို့ ပြန့်နှံ့သွားပါသည်။ ဓနုလူမျိုးများအတွက် ဂုဏ်ယူစရာ သီချင်းတစ်ပုဒ်ဖြစ်ပါသည်။ ဤဘက်ခေတ်တွင် ဗွီစီဒီခေတ်ဖြစ်သောကြောင့် သီချင်းကို အလွယ်တကူ သိမ်းဆည်းနိုင်သော အနေအထားဖြစ်ပြီး ချယ်ရီ FM မှလည်း ဓနုကဏ္ဍတွင် မကြာခဏ လွှင့်ပေးပါသည်။

ယခုအခါ ကြိုကြားကြိုကြား ဓနုသံချပ်နှင့် ရိုးရာတေးကဗျာများပါဝင်သော ဓနုသီချင်းများ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ထွက်ပေါ်လျက်ရှိရာ လေ့လာလိုသူများ တစုတစည်းတည်း ဖတ်ရှုလေ့လာနိုင်ရန် စုစည်းတင်ပြပေးထားကြောင်းပါ ခင်ဗျား။

ဒေါက်တာကျော်လွင်ထူး (ရှုပ)

(၂.၁၀.၂၀၁၂)

# "ဓနုလူမျိုး ပေါ်ပေါက်လာပုံ"

**ဓနုစိုးအောင် (တောင်ကြီး)**

## ဓနုလူမျိုးအစဘယ်ကလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်း တည်ထောင်ထားသော နိုင်ငံတစ်နိုင်ငံဖြစ်၏။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်း နေထိုင်ကြသော တိုင်းရင်းသားများ၏မူရင်းဒေသကား တရုတ် အနောက်ပိုင်း မွန်ဂိုကုန်းမြင့်ဒေသဖြစ်လေသည်။ မွန်ဂိုကုန်းမြင့်ဒေသတွင် အနေကြာ လာသောအခါ လူဦးရေတဖြည်းဖြည်းတိုးလာပြီး ရေကြည်ရာမြက်နုရာဒေသ များသို့ပြောင်းရွှေ့နေထိုင်ကြရာ သံလွင်မြစ်ကြောင်း၊ မဲခေါင်မြစ်ကြောင်း၊ ဗြဟ္မပုတ္တရ မြစ်ကြောင်းများ မှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိလာခဲ့ကြသည်။

မြန်မာပြည်တွင်းသို့ အုပ်စုသုံးစုခွဲ၍ ဝင်ရောက်လာခဲ့ကြ၏။ယင်းအုပ်စု သုံးစုမှာ – ၁။ မွန်ခမာအုပ်စု

၂။ တိဗက်မြန်မာအုပ်စု

၃။ ထိုင်းတရုတ်အုပ်စု တို့ဖြစ်သည်။

မြန်မာနိုင်ငံရှိ တိုင်းရင်းသားများသည် 'မောင်းဂွတ်' လူမျိုးမှ ဆင်းသက် ပေါက်ဖွားသောလူများဖြစ်သည်ဟုလည်း တွေ့ရသည်။ မည်သို့ဆိုစေကာမူ မြန်မာပြည်ဖွားတိုင်းရင်းသားအားလုံးသည် မွန်ဂိုအနွယ်များဖြစ်၍ မူလလူမျိုးမှာ တစ်မျိုးတည်းသာလျှင်ဖြစ်ပေသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းနေထိုင်ကြသော တိုင်းရင်းသားများ တွင် ဓနုလူမျိုးများလည်း အပါအဝင်ဖြစ်ပါသည်။

## ဓနုလူမျိုးဖြစ်ပေါ်လာပုံနှင့်ပတ်သက်၍ –

စာရေးဆရာ 'မောင်သော်'က ပြည်သူ့ကြယ်ဂျာနယ် စာမျက်နှာ–၂၆တွင်

'မြန်မာနိုင်ငံမှတိုင်းရင်းသားများ' ဆောင်းပါးတွင် ခနလူမျိုးများသည် တိဗက်မြန်မာ အုပ်စု ဝင်ရောက်လာစဉ် ပါဝင်လာခဲ့သည်ဟု ဆိုထားသည်။

မနုဿဗေဒပညာရှင်များက ခနလူမျိုးမှာ တိဗက်မြန်မာအုပ်စုတွင် အကျုံးဝင်သည်ဟု ယူဆကြသည်။

မစ္စတာ'အက်ဖ်အိပ်ချ်ဂျိုင်း'ကမူခနတို့မှာ ဟံသာဝတီတောင်ဘက်မှ လာရောက်နေထိုင်ကြသော မြန်မာအုပ်စုတစ်စုမှ ပေါက်ဖွားလာသူများဟုယူဆသည်။

'ဆာဂျေအေစကော့'ကမူ ခနအများဆုံးနေထိုင်ရာအရပ်မှာ ရှေးအခါက ရှမ်းနှင့်မြန်မာတို့ ကုန်ရောင်းကုန်ဝယ်ပြုကြရာဒေသများဖြစ်သောကြောင့် ခနတို့သည် ရှမ်းနှင့်မြန်မာတို့မှနွယ်၍ ဆင်းသက်လာကြသူများဖြစ်သည်ဟုမှတ်ချက်ချထားသည်။

ခနလူမျိုးများကမူ မိမိတို့မှာ ရှေးဦးမြန်မာကြီးအနွယ်များသာဖြစ်သည်။ ရှမ်းပြည်နယ်တွင် အနေ ကြာသောကြောင့် အချို့ကိစ္စများတွင် ရှမ်းဓလေ့များ ဝင်နေကြောင်း အပြောနှင့်သော်လည်းကောင်း၊ အပြုအမူနှင့်သော်လည်းကောင်း ဖော်ပြကြသည်။ အချို့ခနလူမျိုးများကလည်း မိမိတို့သည် မြန်မာဘုရင်၏ လေးသည်တော် အဆက်အနွယ်များဟုလည်းကောင်း၊ မြန်မာဘုရင်က ရှမ်းပြည် နယ်သို့ ခန့်အပ်စေလွှတ်ထားသော ရွှေခွန်မှူး၊ ငွေခွန်မှူးတို့နှင့်ရှမ်းအမျိုးသားတို့ သွေးစပ်ပြီး ဆင်းသက်လာသော အနွယ်များဟုလည်းကောင်း ပြောကြသည်။

ထို့ပြင် ခနတို့သည်'ပရက်'ဆိုသောအမျိုးအနွယ်မှဆင်းသက်လာပြီး မွန်တို့နှင့်နီးစပ်သည်ဟု ခနလူမျိုးများက ပြောကြသည်။

တိဗက်တိုဘားမင်းအုပ်စုအမျိုးမျိုးတို့သည် မြန်မာနိုင်ငံအတွင်းသို့ အနောက်မြောက်ဘက်မှလည်းကောင်း၊ အရှေ့မြောက်ဘက်မှလည်းကောင်း ဝင်ရောက်လာကြသည်။ အနောက်မြောက်ဘက်မှ ဝင်ရောက်လာကြသူများကို အနောက်တိဗက်တိုဘားမင်းများဟု သတ်မှတ်နိုင်လေသည်။ အရှေ့တိဘက် တိုဘားမင်း လူမျိုးစုတွင် မြန်မာနှင့်အခြားအုပ်စုများရှိပြန်သည်။ ၄င်းတို့သည်

'မွန်'၊ တောင်ရိုး၊ အင်းသား၊ ရခိုင်၊ ထားဝယ်၊ ရဘိန်း၊ ယော–စသည့်လူမျိုး များဖြစ်ကြသည်။



မြန်မာနိုင်ငံတွင်းသို့ လူမျိုးများ ဆင်းသက်လာပုံ

မွန်တို့ပါးစပ်ရာဇဝင်အရ မွန်တို့သည်ရှမ်းပြည်သို့ မြေပြန့်မှတက်လာကြသည်။ တက်လာပုံမှာ အလောင်းဘုရားသည် ယိုးဒယားသို့သွားရောက်တိုက်ခိုက်ပြီး နေပြည်တော်သို့အပြန်ယခုမွန်တို့နေထိုင်ရာအရပ်တွင် ခရီးပန်းသဖြင့် တပ်စခန်းချနေထိုင်ခဲ့သည်။ တပ်မတော်တွင် ဒူးလေးတပ်များ ပါလာခဲ့ရာ တပ်မတော်အပြန်တွင် ဒူးလေးတပ်ကိုလုံခြုံရေးအတွက် ထိုနေရာတွင်တပ်ချနေထိုင်စေခဲ့သည်။ ထိုဒူးလေး၊ လင်းလေးစွဲကိုင်သောလူမျိုးကို ပါဠိဘာသာဖြင့် 'မွန်ဂုဟ'ဟုခေါ်သည်။ ယင်းမှ'မွန်' လူမျိုးဖြစ်ပေါ်လာခဲ့သည်ဟုဆိုသည်။

မွန်လူမျိုးတို့ဖြစ်ပေါ်ရာ မူလအစခန့်မှန်းကြရာ၌–ဇမ္ဗူဒီပဥဆောင်ကျမ်း စာ–၇၁၊ ပုဒ်မ–၁၄၊ မိုင်းကွက် ၉၆၃–ခု ခေါင်းစဉ်အောက်တွင် –

'ရှမ်း၊ ပလွန်း၊ ကွေး၊ တရုတ်၊ တရက်၊ ရခိုင်၊ ပလောင်ကြီး၊ ပလောင်ငယ်၊ ချည်း၊ အင်ကျဉ်၊ 'ခနု'၊လင်၊ဒါးတောင်ကြီးလူမျိုး(၇၅)မျိုးအပါအဝင် လူတို့နေသည့် မြို့ပေါင်း(၅၇)ရွာ'ဟု ဖော်ပြထားရာ သက္ကရာဇ်၅၆၂–ခုနှစ်၊ အနော်ရထာမင်း လက်ထက်ကင်းဦးကင်းလမ်း အစဉ်ထားသည့်အတိုင်း ထောင်၊ ရာ၊ကျိပ် စစ်သည်တို့ကိုပြုစုရာတွင် လူမျိုး ၇၅–မျိုးစလုံးပါဝင်၍ ယင်း ၇၅–မျိုးအနက် ခနုလူတစ်မျိုး အပါအဝင်ဖြစ်ကြောင်း ဖော်ပြထား၏။

အချို့သော ဒေသခံများကမူ ပုဂံခေတ်ဘုရင်များသည် မြေပြန့်ကျောက်ဆည်၊ မြစ်သားမှတစ်ဆင့် ယခု ရှမ်းမြေလတ်ပိုင်းအနောက်ဘက် တောင်တန်းလွင်ပြင်များဆီသို့ တောကစားထွက်လေ့ရှိ၏။ ဘုရင်များ ထိုသို့ တောကစား ထွက်သည့် အခါတိုင်း နောက်တော်ပါးမှလေးမြားကိုင် စစ်သည်တော်များ လိုက်ပါလာကြ၏။ ဘုရင်တောကစားပြီး၍ နေပြည်တော်ပြန်သည့်အခါ စစ်သည်တော်တချို့သည် သားကောင်ပေါသော ဤတောင်တန်းတစ်ခွင်လွင်ပြင်တွင် ဘုရင့်ထံခွင့်ပန်ပြီးချန်ရစ်နေခဲ့ကြသည်။ ထိုစစ်သည်တော်ကိုင်ဆောင်သော 'လေး' နှင့်ယင်းတို့ကျွမ်းကျင်သည့် 'လေးအတတ်ပညာ'မှာ ပါဠိဘာသာအရ 'ခနု'ဟုခေါ်ရာမှ ထိုလေးသည်တော်များ က ဆင်းသက်ပေါက်ဖွား လာသူများကို 'ခနု'ဟုခေါ်ကြောင်း ပြောစမှတ်ရှိကြသည်။ အချို့ကမူ အလောင်းစည်သူ မင်းကြီး တိုင်းခန်းလှည့်လည်စဉ်အချိန်က ဘုရင့်အမှုတော်ထမ်းသည့် လေးသည်တော်များ ဤနယ်မြေအတွင်း ချန်ရစ်နေခဲ့ရာ ၎င်းတို့မှ နွယ်လာသူများကို 'ခနု'ဟုခေါ်ကြောင်း ပြောစမှတ်ပြုကြသည်။

ထို့ပြင် အင်္ဂလိပ်ကိုလိုနီခေတ် မိတ္ထီလာခရိုင်အရာရှိ 'ဆာဂျွန်ဒီပီလ်' ဆိုသူက ခနုတို့အကြောင်း ရေးသားထားပုံကို ပြန်လည်ဖော်ပြသော တောင်ရိုးခနု ကျောင်းသူကျောင်းသား၏ 'တောင်ရိုးခနု ကျေးလက်တေးသံများ' စာအုပ်တွင် အနော်ရထာမင်းသည် လှိုင်းတက်မြို့ကိုတည်ပြီး ရှမ်းပြည်သို့တက်လာ၏။ ထိုသို့

တက်လာစဉ် လမ်းခရီး၌ တောတွင်းသားလူဆန်းတစ်ယောက် လေးမြားကိုင်ဆောင်လျက် တောလိုက် နေသည်ကိုတွေ့ရ၏။ ရှမ်းနှင့်မြန်မာနယ်ခြားဒေသလည်းဖြစ်နေ၏။ အနော်ရထာမင်းက ထိုတောလိုက်မုဆိုးကို မေးမြန်းစုံစမ်းကြည့်သောအခါ တောတွင်းသားမုဆိုးက သူ့အဘိုးအဘီအနွယ်သည် 'လအယ်' လူမျိုးဖြစ်၍ သူ့အဘွားက'ဗမာ'အမျိုးသမီးဖြစ်ကြောင်းလျှောက်တင်လေ၏။ ထို့ကြောင့် အနော်ရထာမင်းက သူ့(ထိုတောလိုက်မုဆိုး)ကို ဓနုဟုခေါ်ရန် အမိန့်ချပေးခဲ့၏ဟု ဖော်ပြထား၏။

တစ်ဖန် ရှေးဦးမြန်မာတို့သည် ကချင်ပြည်နယ်အရှေ့ပိုင်းနှင့်ယူနန်နယ်အနောက်ပိုင်းမှ တောင်ဘက်ရှမ်းပြည်မြောက်ပိုင်း၊ ယင်းမှတစ်ဆင့်ရှမ်းပြည်တောင်ပိုင်း မြေလတ်ဒေသသို့ တစ်ဆင့်ပြီးတစ်ဆင့်ရွှေ့ပြောင်းလာခဲ့ကြောင်း ခန့်မှန်းနိုင်လေသည်။ ထိုမြေလတ်ဒေသမှတစ်ဆင့် မြန်မာပြည်အလယ်ပိုင်း မြေပြန့်ဒေသသို့ ရွှေ့ပြောင်းလာခဲ့ခြင်းဖြစ်သည်ဟုဆိုထား၏။ သို့ဖြစ်၍ မြန်မာပြည်အလယ်ပိုင်းမြေပြန့်ဒေသ သို့ရွှေ့ပြောင်းလာခဲ့စဉ်က လိုက်ပါမလာဘဲ ချန်ရစ်နေခဲ့ကြသူများသည် ဓနုလူမျိုးများဖြစ်သည်ဟု ဆိုထား၏။

ထို့ပြင် 'ဓနု'ဟူသောဝေါဟာရနာမပညတ်သည် မြန်မာဘာသာ၊ မြန်မာစကားမထွန်းကားမီ ပုဂံခေတ်သုံး ပါဠိဝေါဟာရပင်ဖြစ်၏။ ထိုဓနုဟူသောပါဠိဝေါဟာရသည်'လေး'ဟုအဓိပ္ပါယ်ရသည်။ ဓနုလူမျိုးများသည် 'လေး' စသောလက်နက်များကိုကိုင်ဆောင်ကြရမည်သာဖြစ်သည်။ လူတို့၏သဘာဝသည် ဒြပ်(ဝတ္ထု)ကို ကြည့်၍ နာမည်မှည့်ခေါ်ကြသည်မှာ ဓမ္မတာတစ်ခုပင်ဖြစ်သည်။'ဓနု'ဟူသောဝေါဟာရနာမပညတ်သည်လည်း အကြောင်းမဲ့မှည့်ခေါ်ထားသော နာမပညတ်မဟုတ်တန်ရာ၊ ဂုဏ်ဒြပ်ကိုကြည့်၍မှည့်ခေါ်ထားသော နာမပညတ်သာဖြစ်နိုင်ပါသည်။ ထို့ကြောင့် ဓနုဟူသောဝေါဟာရနာမပညတ်ကို ကြည့်၍လည်းကောင်း၊'ဓနုံ ဒဠှံ ဂဏှာတိတိ ဓနု'ဟူသော ဝစနတ္ထကိုကြည့်၍ လည်းကောင်း၊

ပါဠိ (သက္ကတ)ဘာသာစကားထွန်းကားချိန် ပုဂံခေတ်ကတည်းက နေထိုင်နေပြီ ဖြစ်ကြောင်း သမိုင်းမတိုင်မီကာလကပင် ရှမ်းမြေလတ်ဒေသ၌ နေထိုင်ခဲ့ကြကြောင်း ယူဆရမည်သာဖြစ်ပါတော့သည်။

ယနေ့တိုင်ဓနုလူမျိုးစုအများဆုံးနေထိုင်ရာ ရှမ်းပြည်တောင်ပိုင်း၊ရှမ်းမြေလတ် ဒေသ၊ ရွာငံမြို့နယ်အနောက်ဘက် နတ်ထိပ်တောင်တန်းတစ်ကြော၊ ညောင်ကြက် ကျေးရွာအရှေ့မြောက်ဘက် လေးမိုင်ခန့်အကွာတွင် ကျောက်ခေတ်သမိုင်းဝင် 'ပြဒါးလင်းဂူ' ရှိ၏။ ပြဒါးလင်းဂူအမှတ် ၁ တွင် ကျောက်ခေတ်ဆိုင်ရာ နံရံပန်းချီများရှိသည်ဟု ဘူမိဗေဒပညာရှင် တစ်ဦးဖြစ်သူ ဦးခင်မောင်ကျော်က တွေ့ရှိတင်ပြချက်များအရ မြန်မာနိုင်ငံရှေးဟောင်းသုတေသနဌာန၊ သမိုင်း ကော်မီရှင်၊ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ဘူမိဗေဒဌာန၊ မနုဿဗေဒဌာန၊ သတ္တဗေဒဌာန၊ လမ်းစဉ်ပါတီဌာနချုပ် အစရှိသည့် ဌာနအသီးသီးမှ ပုဂ္ဂိုလ်များ သည် ၁၉၆၉–ခုနှစ်၊ ဇန်နဝါရီလ အတွင်းက အဆိုပါဂူစုများသို့ သွားရောက် ကွင်းဆင်းတူးဖော် သုတေသနပြု လေ့လာခဲ့ကြသည်။

ထိုသို့သုတေသပြုချက်အရ တွေ့ရှိတူးဖော်မှုကို ပေါင်းရုံး၍ ကောက်ချက် ပြုရသည်မှာ ပြဒါးလင်းယဉ်ကျေးမှုသည် မြန်မာ့ကျောက်ချောခေတ်အစောပိုင်း ကာလဂူနေလူသားတို့၏ ယဉ်ကျေးမှုဖြစ်ဖွယ်ရှိကြောင်းကို ယေဘုယျအားဖြင့် မှတ်ယူနိုင်ပေသည်။ ဤပြဒါးလင်းဂူရှိ လူ့အသုံးအဆောင်ဆေးရေးပန်းချီတို့ကို ရှုမြင်သုံးသပ်ခြင်းအားဖြင့် လူသားများသည် ရှေးနှစ်ပေါင်း (၁၃၄၀၀) ကပင် ရှိနှင့်ပြီးသောလူမျိုးများဖြစ်ကြောင်း ကောက်ချက်ချနိုင်ပေသည်။

ထိုပြဒါးလင်းဂူအတွင်းရှိ လူတို့အသုံးအဆောင် ကျောက်ခေတ်လက်နက် များနှင့် ဂူနံရံရှိရှေးဟောင်း ပန်းချီလက်ရာများသည် ရှေးနှစ်ပေါင်း(၁၃၄၀၀) တစ်သောင်းသုံးထောင့်လေးရာကျော်ခန့်က အသုံးအဆောင်နှင့်လက်ရာများ ဖြစ်သည်ဟု 'ရှေးဟောင်း သုတေသနအဖွဲ့'က မှတ်ချက်ချခန့်မှန်းကြလေသည်။

ဤအဆိုကိုထောက်ဆသော် ရှမ်းမြေလတ်ဒေသ၌ ရှေးနှစ်ပေါင်းတစ်သောင်း သုံးထောင်လေးရာကျော်လောက်ကပင် လူများနေထိုင်နေကြပြီဖြစ်ကြောင်းသိရ လေသည်။ အထက်ပါပြဒါးလင်းဂူ အထောက်အထားအရ ဓနုလူမျိုးဟု ခေါ်တွင် လာ မည့် လူသားတို့သည် ရှေးနှစ်ပေါင်း ၁၃၄၀၀ ကတည်းကပင် ရှိနှင့်ပြီးသည့် လူမျိုးများဖြစ်သောကြောင့် "ဓနုလူမျိုး အစ ပြဒါးလင်းက" ဟု ကောက်ချက်ချ နိုင်မည်လောဟု တွေးဆစရာပင်ဖြစ်ပေတော့သည်။

ဓနုလူမျိုးတို့သည် ရှမ်းပြည်နယ်နှင့်မြန်မာပြည်မကြီးအကြား ဒေသများ တွင် အများဆုံးနေထိုင်ကြသည်။ အထက်ပိုင်းတွင် မန္တလေးခရိုင်၊ ကျောက်ဆီတွင်း ဒေသ၊ ရှမ်းပြည်နယ်ရှိ မိုင်းလုံ၊ ရပ်စောက်၊ အနောက်ပိုင်းရှမ်းမြေလတ်ဒေသတွင် ပင်းတယ၊ ပွေးလှ၊ ရေငန်(ရွာငံ)နှင့် မောဒေသတို့တွင်အများအပြား နေထိုင်ကြ သည်။ မြို့ကြီးများဖြစ်သော တောင်ကြီး၊အောင်ပန်း၊ကလောမြို့များ တွင်လည်း တွင်ကျယ်စွာနေထိုင်သည်ဟု ဖော်ပြထားသည်ကိုတွေ့ရသည်။

ထို့ပြင် "ဓနုတောင်ရိုး" ခရီးသွားမှတ်တမ်းတွင် ဓနုလူမျိုးများသည် ရှမ်းမြေလတ်ပိုင်းတွင်သာမက မိုးကုတ်၊ မိုးမိတ်၊ မြောက်ပိုင်းရှမ်းပြည်၊ ကျောက်မဲ၊ သီပေါ၊ နောင်ချို၊ ပြင်ဦးလွင်(မေမြို့)အနီးတဝိုက်နှင့် တောင်ပိုင်းရှမ်းပြည်ရပ် စောက်၊ ပင်းတယ၊ ပွေးလှ၊ အောင်ပန်း၊ ပင်မို၊ ဘော်နင်း၊ သာမိုင်းခမ်း၊ ကလော၊ တောင်ကြီး၊ ညောင်ရွှေ၊ ဟဲဟိုး၊ လုံးပိုး၊ တီကျစ်၊ ပင်လောင်းမှစ၍ ပျဉ်းမနား အရှေ့ဘက် ပေါင်းလောင်းမြစ်ရိုးတစ်လျှောက်အထိ ရှည်လျားလှသော ရှမ်းကုန်း ပြင်မြင့်အနောက် ဘက်တောင်တန်းတောင်ကြား ကွင်းပြင်များ၌အနှံ့အပြားနေထိုင် လေ့ရှိကြသည်ဟု ဖော်ပြထားသည်။



**Location map of Padalin prehistoric cave**



**Over view of Padalin Cave**



**Section of Padalin Cave, No-1**



**Fish**



**A herd of deer**



**Setting sun**



**Cow and calves**



**Pig**



**Scrapers**



**Chopper , Unifacially Flake**



**Edge-ground tools and shouldered adze**



**Hammer-stones and pebbles**



**Chopping tools, bifacially flaked**



**Hand axes**



**Entrance view of Padalin Cave no-2**



**Notice Board in front of Cave no-1**



**View of protected area with stones in fromt of Cave no-1**



**View of fencing**



ဝနုအိုးစည်များ



ဝနုအိုးစည်ဝိုင်း



ဓနုသိုင်းကွက် ကစားနေပုံ



ဓနုမယ်များ ဓနုအက ကနေပုံ



တောင်ကြီးမြို့၊ ဒေါက်တာကျော်လွင်ထူး မှ ဓနုအိုးစည် တီးခတ်နေပုံ



တောင်ကြီးမြို့၊ ကန်ရှေ့ရပ်၊ ဦးစိုးငွေမှ ဓနုအိုးစည် တီးခတ်နေပုံ

# ဓ နု တူ ရိ ယာ များ နှင့်
# ခေတ် သစ် ဓ နု တေး သီ ချင်း များ

နေစိုးအောင် (တောင်ကြီး)

ဓနုတိုင်းရင်းသားတို့တွင် အခြားတိုင်းရင်းသားနည်းတူ ကိုယ်ပိုင်ရိုးရာ တူရိယာဂီတများရှိ၏။ ဓနုရိုးရာတူရိယာဂီတများအနက် ဓနုအိုးစည်နှင့်ဓနုဗြော တို့မှာ ထင်ရှားလှသည်။ ဓနုအိုးစည်ကို မတီးဖူးသူသာရှိမည်။ မကြားဖူးသူဟူ၍ မရှိသလောက်ရှား၏။ အဘယ်ကြောင့်ဆိုသော် ၁၉၉၆–ခုနှစ် မြန်မာ့ခရီးသွားနှစ် ဖျော်ဖြေရေး၌ သက်သေပြလျက်ရှိသောကြောင့်ပင်တည်း။ မြန်မာသာမကကမ္ဘာ သိအောင် ကျော်ကြားလှသည့် ဓနုအိုးစည်အကသည် လူကြီး၊လူငယ်မည်သူမဆို တီး၍လည်း လွယ်ကူ၏။ ဓနုအိုးစည်တီးဝိုင်းသည် လူတို့၏စိတ်ကို မြူးကြွစေ၏။ စိတ်ဓာတ်တက်ကြွစေ၏။ စိတ်ပျော်ရွှင်မှုကိုအားပေး၍ သောကကိုပျောက်စေ သော တူရိယာတစ်မျိုးပင်ဖြစ်၏။ ထို့ကြောင့် ဓနုအိုးစည်ကို ဓနုတိုင်းရင်းသားများ သာမက မြန်မာ၊ရှမ်း၊ တောင်ရိုး၊အင်းသား၊ ပအိုဝ်းစသောတိုင်းရင်းသားများလည်း နှစ်သက်ခုံမင်စွာတီးမှုတ်ကြလေသည်။

ဓနုအိုးစည်ကို မိရိုးဖလာပွဲလမ်းသဘင်များဖြစ်သည့် ဝါကျွတ်ပွဲ၊ တာတက်ပွဲ၊ ရှင်ပြုပွဲစသည့် ဘာသာရေးပွဲများတွင် တီးမှုတ်ကြ ၊ ကခုန်ကြသည်။ ဓနုတို့၏ မခေါက်ဗြောကိုကား အလှူပွဲ၊ ရှင်ပြု၊ ရဟန်းခံပွဲ၊ ရှင်လောင်းလှည့်ပွဲ စသည့် ဘာသာရေးပွဲများတွင်သာတီးလေ့ရှိကြသည်။ ထိုမခေါက်ဗြောအတီးသည်

ရှာင်နယ်၊ ရေချမ်း၊ တပ်ကုန်းစသည့်ရွာတို့၌သာ ရှိ၍ ပျောက်ကွယ်လုပြီဖြစ်၏။ ယခုအခါ ဓနုစာပေ၊ယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအသင်းက ပြန်လည်ဖော်ထုတ်လျက်ရှိ၏။ဆက်လက်၍ ခေတ်သစ်ဓနုတေးသီချင်းများလည်း ပေါ်ပေါက်လာသည်ကို တွေ့ရပေသည်။

ဓနုတိုင်းရင်းသားတို့တွင် တူရိယာနှင့်တွဲဖက်ပြီး သီဆိုသော သီချင်းဟူ၍ မရှိသလောက်ပင်ဖြစ်သည်။ သီဆိုသောသီချင်းမှာသီချင်းဟူခေါ်ရငြားသော်လည်း လင်္ကာများ၊ စကားထာများပင်ဖြစ်သည်။ ရှေးအခါက မယ်ဒလင်၊ ဘာဂျာတူရိယာများကို လှူပျိုလှည့်သောအခါမှသာ တီးမှုတ်လေ့ရှိသည်။ ယနေ့ခေတ် အခါတွင်ကား မယ်ဒလင်တူရိယာပြင့် လှူပျိုလှည့်ခြင်းကို မတွေ့ရသလောက်ပင်ဖြစ်သည်။

* * * * * * * * * * * * * *

# ဓ နု အိုး စည်

**ဓနုအိုးစည်ပေါ်ပေါက်လာပုံ**

'လူ'ဟူသော သတ္တဝါသည် ဂီတနှင့်အတူ မွေးဖွားလာကြသူများဖြစ်၏။ ကမ္ဘာနေရာအနှံ့ တိုင်းပြည်အနှံ့ နိုင်ငံအနှံ့ ဒေသအနှံ့ရှိ လူမျိုးအသီးသီးတို့၌လည်း ဂီတသည်ရှိစမြဲဖြစ်သည်။ ဂီတသည် လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ တစ်ပြည်ထောင်နှင့်တစ်ပြည်ထောင်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ သိကျွမ်းရေး၊ ခင်မင်ရေး၊ ချစ်ကြည်ရင်းနှီးရေးနှင့် ငြိမ်းချမ်းစွာအတူတကွ ယှဉ်တွဲနေထိုင်နိုင်ရေးအတွက် ထိရောက်သော အနုပညာတစ်ခုဖြစ်သည်။

ထိုအနုပညာတွင် ဓနုအိုးစည်လည်းအပါအဝင်ဖြစ်၏။ ဓနုအိုးစည်သည် မည်သည့်ခေတ်က စတင်ခဲ့သည်ဟု သမိုင်းအထောက်အထားမတွေ့ရသော်လည်း

ဓနုအိုးစည်တည်ဆောက်ပုံအနေအထားအရ အလွန်ရှေးကျသောလက်ရာဖြစ်သည်။ တီးပုံမှာလည်းရိုးသည်။မည်သည့်တိုင်းရင်းသားမဆို တီးတတ်သည်သာများသည်။ မြန်မာနိုင်ငံအနှံ့နီးပါး၌ တီးလေ့ရှိကြသည်။

ဓနုအိုးစည်သည် ရှေးဦးမြန်မာတူရိယာဟုပင်ဆိုနိုင်သည်။(ပျံ့နှံ့နေသည့်အနေအထားအရဆိုလိုခြင်းဖြစ်သည်။) ဓနုတိုင်းရင်းသားတို့ ခေတ်အဆက်ဆက်သီဆိုလာခဲ့ကြသော သီချင်းများသည် ကဗျာလင်္ကာများပင်ဖြစ်သည်။ ထိုဓနုတိုင်းရင်းသားတို့သီဆိုလေ့ရှိသော သီချင်းများမှာလည်း ဓနုအိုးစည်နှင့်သာလိုက်ဖက်ညီအောင်ဆို၍ရသည်။ ကဗျာ လင်္ကာများသည် အင်းဝခေတ်တွင် ထွန်းကားသောစာပေဖြစ်၏။ ဤယဉ်ကျေးမှုအစဉ်အလာကိုထောက်သော် ဓနုအိုးစည်သည်အင်းဝခေတ်မတိုင်မှီကပင် စတင်ခဲ့သည်ဟု တွေးယူစရာရှိပါ သည်။ အင်းဝခေတ်စာပေသည် နိုင်ငံအနှံ့ထွန်းကားခဲ့သည်။ ထို့အတူ ဓနုအိုးစည်သည်လည်းနိုင်ငံအနှံ့လူသိများ ထွန်းကားခဲ့သည်ဟုဆိုနိုင်ပေသည်။ မည်သို့ဆိုစေ ဓနုအိုးစည်စတင်ခဲ့သည်ကား နှစ်ပရိစ္ဆေဒအားဖြင့် ကြာပြီပင်ဖြစ်နိုင်ပါသည်။

တရုတ်ပြည်၊နန်ချောင်အင်ပါယာ (ရှမ်းလူမျိုးများအင်ပါယာ) သည်စစ်ရှုံးပြီးနန်ချောင်အင်ပါယာပျက်သုဉ်းခဲ့ရသည်။ ထိုအင်ပါယာ ပျက်သုဉ်းခဲ့သဖြင့် နန်ချောင်ရှမ်းလူမျိုးများ(နန်ချိုရှမ်းဟုလည်းခေါ်သည်)သည် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာခဲ့ကြသည်။ ၎င်းတို့သည် သံလွင်မြစ်အရှေ့ဖက်တွင် ပထမဆုံးမိုင်းယန်းမြို့ (ရှမ်းဘာသာ) (ဗျိုင်းမြို့-မြန်မာပြန်)ကို တည်ထောင်ခဲ့သည်။ ၎င်းနောက်အနောက်ဖက်သို့ရောက်ရှိလာပြီး မိုးမိတ်မြို့(ဓါးမြို့)ကို တည်ထောင်ပြန်သည်။ တတိယမြို့အဖြစ် မိုးကောင်း(အိုးစည်)မြို့ ကိုတည်ထောင်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင် ရှေးအကျဆုံးမြို့ဖြစ်သည့် တကောင်းမြို့(ရှမ်းဘာသာ တ-ကောင်း) (အိုးစည်

မျက်နှာပြင်ကဲ့သို့ မြေပြင်ညီသည့် လေ့ဆိပ်မြို့)ကို သာကီမင်းမျိုးနွယ် အဘိရာဇ မင်းသားက တည်ထောင် ခဲ့သည်။ (ဦးဘဖေပြုစုသည့် မြန်မာနိုင်ငံသမိုင်းစာအုပ်တွ သက်လူမျိုးတို့၏ တိုင်းပြည် သင်းတွဲခေါ်တကောင်းမြို့ဟုပါရှိသည်။) ထိုမြို့တည ကတည်းကပင် အိုးစည်တူရိယာသည် ရှိနှင့်ပြီးဖြစ်သည်။ ခနအိုးစည်သည်လည နန်ချောင်ရှမ်းအိုးစည်နှင့် ဆက်နွယ်ဟန်တူပေသည်။ ထိုကြောင့်ခနအိုးစည်သ လွန်ခဲ့သည့် နှစ်ပေါင်း (၈၀၀)ခန့်ကပင် ပေါ်ပေါက်နေပြီး ဖြစ်ဟန်တူသည်။ခနအိုးစ သည်မြန်မာခနတို့နှင့်နီးစပ်သည်။ ကွင်းဆင်းလေ့လာချက်အရ ခနအိုးစ သည် လွန်ခဲ့သည့် နှစ်ပေါင်း(၈၀၀)ခန့်ကပင် ရှမ်းပြည်၌ ပေါ်ပေါက်နှင့်ပြီးဖြစ်ကြောင ယူဆနိုင်ပေသည်။ တရုတ်ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ် စပ်တွ နေထိုင်ကြသည့်နန်ချောင်ရှမ်းလူမျိုးများသည် ခနအိုးစည်နှင့် ပုံသဏ္ဌာန် တူသ အိုးစည်ကို လုံးရေပေါင်းမြောက်မြားစွာ တပြိုင်တည်း တီးမှုတ်လျက်ရှိကြောင ယနေ့တိုင်တွေ့ရှိရပါ သည်။ ၎င်းပြင် ထိုင်းနိုင်ငံနှင့် ရှမ်းပြည်နယ်စပ်တို့တွင်နေထို ကြသည့် အီကောလူမျိုးများနှင့် အခြားလူမျိုးစုများသည်လည်း ခနအိုးစည်နှ ပုံသဏ္ဌာန်တူသည့်အိုးစည်ကို တီးခတ်လျက်ရှိကြောင်း ယနေ့တိုင်တွေ့ရှိရပါသည်။

* * * * * * * * * * * * * *

## ခ န အိုး စည် ကျော် ကြား လာ ပုံ

၁၉၉၈ ခုနှစ်တွင်အမေရိကန်မြောက်ကာရိုလိုင်းနားတက္ကသိုလ်မှ MR. GAVI D. DAUGLAS(ခ)ကိုမိုးမင်းသည် MA(Music)ဘွဲ့အတွက် (မြန်မာဂီတ)အမည ဖြင့် စာတမ်းတင်ရန် တောင်ကြီးမြို့၊ ကန်ရှေ့ရပ်နေ ဦးလှအောင် နှင့် ဦးစိုးငွေတို

ထံသို့ရောက်ရှိလာသည်။ ၎င်းစာတမ်းတွင် ခနတိုင်းရင်းသားရိုးရာတေးသံသာနှင့် ရိုးရာယဉ်ကျေးမှုဂီတကို အသေးစိတ်လေ့လာ၍ အသံသွင်းယူခြင်း၊ မှတ်တမ်း ဓါတ်ပုံရိုက်ခြင်းပြုလုပ်သွားသည်။ ၎င်းနောက် ခနအိုးစည်ဝိုင်းတီးခတ်ပုံ၊ ကပြ နေပုံတို့ကိုလည်း မှတ်တမ်းတင်သွားသည်။ ၁၂–နှစ်ကြာညောင်းပြီးနောက် ၂၄.၆.၂၀၁၀–ခုနှစ်တွင် အမေရိကန် ပြည်ထောင်စု၊ မြောက်ကာရိုလိုင်းနား တက္ကသိုလ်မှလက်ထောက်ပါမောက္ခMR.GAVIN D. DAUGLAS (ခ)ကိုမိုးမင်း သည် **Ethnomusicology** ဘာသာရပ်ပို့ချရန် ခနအိုးစည်တီးခတ်၊ သီဆို၊ ကပြပုံတို့ကို ထပ်မံလေ့လာရန် ရောက်ရှိလာခဲ့သည်။ ၎င်းနှင့်အတူ ရန်ကုန်မြို့ **Art Music Academy** သင်တန်းကျောင်းမှ ကိုဒွေး လည်းပါရှိလာခဲ့သည်။ ကိုဒွေးလည်း သင်တန်းကျောင်းတွင် တီးခတ်ပြသရန်ဖြစ်သည်ဆိုသည်။ ကိုမိုးမင်း သည် လူများစု (ထောင်ပေါင်းများစွာ လူစုလူဝေး)တို့က လိုက်ပြီးသီဆိုကပြ ကြသည့် ဂီတကိုသိရှိလို၍ လိုက်လံလေ့လာရာမှ တောင်ကြီးတန်ဆောင်တိုင် ပွဲတော်တွင် ခနအိုးစည်တီးခတ်ပြီး လူများစုမြူးကြွတက်ကြွစွာ လိုက်လံသီဆိုကကြ သည်ကို တွေ့ရှိခဲ့သည်။ ၎င်းတို့နှစ်ဦးသည် တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက် နေ ဦးစိုးငွေထံသို့ ရောက်ရှိပြီး အကူအညီတောင်းခံလာသည်။ ဦးစိုးငွေနှင့် ဒေါက်တာကျော်လွင်ထူး တို့ ဦးဆောင်ပြီး ဦးစိုးအောင်(နေစိုး) ၊ ဦးအေးဖေ (သီဟ)၊ ကိုဇော်မြတ်သင်း(ပန်းထိမ်)၊ ကိုဖြူ၊ ကိုစံခင်၊ ကိုသန့်ဇင်အဖွဲ့တို့သည် အောင်တော်မူဘုရားကုန်းမြေပေါ်တွင် ခနအိုးစည်တီးခတ်ပုံ အဆင့်ဆင့်ကို တီးပြခဲ့ ကြသည်။ ရန်ကုန်ကိုဒွေးမှ အသံဖမ်းယူခြင်း၊ ဗွီဒီယိုရိုက်ခြင်း ၊ ဓါတ်ပုံရိုက်ခြင်းတို့ကို တာဝန်ယူခဲ့သည်။ ဦးစိုးငွေနှင့် ဒေါက်တာကျော်လွင်ထူးတို့မှ ဦးဆောင်ပြီးပွဲခေါ်တီး၊ ပွဲစံတီး(တာတက်ပွဲတီး)၊ သိုင်းအကတီး (နှေး+မြန်)အောင်ပွဲခံတီး၊ ပွဲသိမ်းတီး

စသည်တို့ကို ရှင်းလင်းပြီး တီးခတ်ပြခဲ့သည်။ ကိုဇော်မြတ်သင်းမှသရုပ်ပြကာ
သည်။ ၎င်းနောက်ဓနုအိုးစည်ပေါ်ပေါက်လာပုံကို ဦးစိုးငွေ ၊ ဦးစိုးအောင် နှ
ဒေါက်တာ ကျော်လွင်ထူးတို့မှ ရှင်းလင်းပြကြသည်။ ဓနုအိုးစည်ဝိုင်းသည် နိုင်
ကျော် သာမကဘဲ ကမ္ဘာ့ဂီတလောကတွင်လည်း ရေပန်းစားလျက်ရှိကြော
တွေ့ရှိရပေသည်။

* * * * * * * * * * * * * *

# ဓ နု အိုး စည် ပြု လုပ် ပုံ

ဓနုအိုးစည်ကို အထူးသဖြင့် ယမနေသား(သို့မဟုတ်) ပိန္နဲသားဖြင့်ပြုလု
ကြသည်။ ထိုသစ်သားဖြင့်ပြုလုပ်လျှင် ပြုလုပ်ရလွယ်ကူပြီး ကွဲအက်ခြင်းမရှိ
အသံလုံ၍ အသံကို ပိုမို ကောင်းမွန်ပြီး ဟိန်းထွက်စေသည်။ အခြားသစ်သားဖြ
ပြုလုပ်၍ ရသော်လည်း ယမနေသား (သို့)ပိန္နဲသားတို့ဖြင့် ပြုလုပ်သည့် ဓနုအိုးစည်
လောက် အသံမကောင်းပါ။ ဓနုအိုးစည်ထိပ်ဝ အချင်း (၁၄)လက်မ (သို့မဟုတ်
(၁၅)လက်မခန့် ပြုလုပ်ကြသည်။ အထက်ပါ အတိုင်းအတာအတိုင်း ပြုလုပ်ပါက
အောက်ခြေအဝအချင်းသည်လည်း(၁၄)လက်မ(သို့) (၁၅)လက်မပြုလုပ်ရသည်။
အိုးစည်အရှည်မှာ (၃၅)လက်မ(သို့)(၃၆)လက်မ ပြုလုပ်ရသည်။ အိုးစည်တစ်လုံး
ပြုလုပ်ခ (ထွင်းခ)သက်သက်သည် ကျပ်ငါးသောင်းမှ ကျပ်ရှစ်သောင်းကြားတွင်
ရှိသည်။ အိုးစည်တစ်လုံးပြုလုပ်(ထွင်း)လျှင် ရက်ပေါင်း (၂၀) မှ တစ်လအထိ
ကြာသည်။ ဓနုအိုးစည်ထိပ်ဝ (၁၄)လက်မ(သို့) (၁၅)လက်မ အနေအထားသည်
အကောင်းဆုံး အနေအထားဖြစ်သည်။ ထိုထက်အဝ ကျယ်သော ရှည်သောအိုး

စည်ပြုလုပ်ပါက တီးခတ်ရာတွင် ခက်ခဲသည်။ ထိုအိုးစည်ကြီးကို ဝါးလုံးလျှို၍ လူနှစ်ယောက်ထမ်းပြီးမှ တီးခတ်ရ၍ လူပိုကုန်သည်။ ကလေးသူငယ်များ တီးခတ်သော အိုးစည်ငယ်များလည်း ပြုလုပ်ကြသည်။

ဓနုအိုးစည် တစ်ဆိုင်းတွင် မောင်းတစ်လုံး၊ လင်းကွင်းတစ်စုံ၊ ဝါးလက်ခုပ် (၃)ခု ပါရသည်။ အိုးစည်ပတ်စာကို ပျားဖယောင်းမဲ(၂)ကျပ်သားဖြင့် အိုးစည်ဝ သားရေအလယ်တွင် ကပ်ရသည်။ အိုးစည်မျက်နှာပြင်ကို ရှမ်းနွားပု(ထီး)သားရေ ဖြင့်ပြုလုပ်ပါက ပိုမိုကောင်းမွန်ပြီး အသံသည် ဟိန်းပြီးမြည်သည်။ အိုးစည် ကိုယ်ထည်ကို ဆေးနီနှင့်ဆေးနက်တို့ဖြင့် သုတ်ကြသည်။ အိုးစည်ခါးလယ်တွင် ဓနုအနုပညာလက်ရာ ကနုတ်ပန်းတို့ဖြင့် တန်ဆာဆင်ကြသည်။

(၁) ဓနုအိုးစည် မျက်နှာပြင် အချင်း (၁၄)(သို့) (၁၅)လက်မတန်ဖိုး - ၁၅၀၀၀ိ/-

(၂) မောင်း(ကြေးပိသာချိန် (၃)ပိဿာ(သို့) (၄)ပိဿာ) - ၁၈၀၀၀ိ/-

(၃) လင်းကွင်း (အချင်း (၁၄)လက်မ)(၁)စုံ ၆၀၀၀ိ/-

(၄) ဝါးလက်ခုပ် အချင်း (၃)လက်မခန့်၊
အရှည် (၃)ပေခန့် (၃)ခု ၁၅၀ိ/-

၂၀၁၂ ခုနှစ်ပေါက်ဈေး ၃၉၁၅၀ိ/-

ဓနုအိုးစည်ပြုလုပ်သည့် ပညာရှင်များ

(၁) ဦးစံခင် ၊ ရတနာသီရိရပ်၊ တောင်ကြီးမြို့။

(၂) ဦးထွန်းတင် ၊ ဟက်ကယ်ရွာ၊ တောင်ကြီးမြို့နယ်။

(၃) ကိုမောင်မှင်၊ ပေါ်ကုန်းရပ်၊ ပင်းတယမြို့။

(၄) ဆရာရွှေ ၊ အင်းပက်လက်ရွာ၊ ပင်းတယမြို့။

(၅) မြေတိုင်းစာရေး၊ ပင်းတယမြို့။

(၆) ဦးကြူး၊ ရတနာသီရိရပ်၊ တောင်ကြီးမြို့။

(၇) ဦးရွှေသာ ၊ ဟဲဟိုးမြို့။

ဓနအိုးစည်တစ်ဆိုင်းလုံး အပြီးအစီးဝယ်ယူလိုသူများသည် အောက်ပါ လိပ်စာအတိုင်း ဝယ်ယူမှာကြားနိုင်ပါသည်။

ဦးစိုးငွေ ( ဖုန်း – ၀၈၁ ၂၂၄၁၈)

မ/၃၆၊ ရောဝတီလမ်း၊ ကန်ရှေ့ရပ်၊ တောင်ကြီးမြို့။

## ဓနအိုးစည်တီးခတ်သည့် ပညာရှင်များ

ဓနအိုးစည်ကို စနစ်တကျ တီးခတ်တတ်သော အတီးပညာရှင်များမှာ ဓနဒေသများ၌ရှိသည်။ ဓနအိုးစည်တီးခတ်နည်းကို သင်ကြားတတ်မြောက်လိုပါက ပင်းတယမြို့နယ်ရှိ ပွေးလှမြို့၊ ရှားပြားရွာ၊ အင်းပက်လက်ရွာ၊ တမဲရွာ၊ သစ်အယ်ပင်ရွာ၊ တောင်ပေါ်ကြီးရွာ၊ ထင်းရှူးကုန်းရွာ၊ မဲနယ်တောင်ရွာတို့တွင် သွားရောက်သင်ကြားနိုင်ပါသည်။ တောင်ကြီးမြို့နယ်တွင် သရက်ပင်လှရွာ၊ တောင်ကြီးမြို့ပေါ်တွင် အောက်ပါပုဂ္ဂိုလ်များထံ သင်ကြားနိုင်ပါသည်။

၁။ ဒေါက်တာကျော်လွင်ထူး (ရှုပ) (ဖုန်း ၀၈၁–၂၀၀၃၀၅)

မ/၃၄၇၊ စံပယ်ဖြူလမ်း၊ ချမ်းသာရပ်၊ ကျောင်းကြီးစုရပ်၊ တောင်ကြီးမြို့။

၂။ ဦးစိုးငွေ (ဖုန်း – ၀၈၁–၂၂၄၁၈)

မ/၃၆၊ ရောဝတီလမ်း၊ ကန်ရှေ့ရပ်၊ တောင်ကြီးမြို့။

၃။ ကိုဖြူ ၊ကျောင်းကြီးစုရပ်၊ တောင်ကြီးမြို့။

၄။ ကိုစံခင် ရတနာသီရိရပ်၊ တောင်ကြီးမြို့။

၅။ ကိုသန့်ဇင် ၊ ရွှေခနအိမ်ဆောက်ပစ္စည်း အရောင်းဆိုင်၊ ဈေးပိုင်းရပ်၊ တောင်ကြီးမြို့။

၆။ ကိုဇော်မြတ်သင်း၊ (ရွှေမင်းသား ရွှေပန်းထိမ်)၊ ညောင်ဖြူစခန်းရပ်၊ တောင်ကြီးမြို့။

၇။ ဦးကျော်မြင့် (မြန်မာ့စီးပွားရေးဘဏ်)၊ ပြည်တော်သာရပ်၊ တောင်ကြီးမြို့။

ခနအိုးစည်ကို စနစ်တကျတီးခတ်လျှင် အိုးစည်စတင်သည့် ပွဲခေါ်တီးအစ၊ အလယ်၊ အဆုံးဟူ၍ ရှိသည်။ ခနအိုးစည်တီးခတ်ရာတွင် -

(၁) တာတက်ပွဲတီး (၂) သိုင်းကတီး (ကြိုးသိုင်း၊ ပန်းဖွားသိုင်း၊ လက်သိုင်း၊ တုတ်သိုင်း၊ မီးတုတ်သိုင်း) (၃) အောင်ပွဲခံတီး (၄) ပွဲစံတီး (၅) မီးဆူခံတီး (၆) မီးလှွတ်ပွဲတီး (၇) ယာပုတ်ပွဲတီး (၈) တောင်ယာသိမ်းတီး (၉) ခြေမြှောက်၊ လက်မြှောက်ပြီးကသည့် လူကြီးလူငယ်၊ ကလေးများသာမက အမျိုးသမီးများပါ မကတတ်သည့် မည်သူမဆိုဝင်ရောက်ကနိုင်သည်။ မြူးမြူးကြွကြွကကြသည့် သာမာန်ကကွက်အတီးများဟူ၍ ရှိပါသည်။

ခနအိုးစည်တီးကွက်မှာလည်း အကနှင့်အလိုက်နှစ်မျိုးရှိသည်။ ပထမတစ်မျိုးမှာ ခနလူကြီးလူငယ်၊ ယောက်ျား၊မိန်းမ'လက်ချိုး'က ကြရသော အကမျိုးတွင် အိုးစည်ကို ခပ်ဆတ်ဆတ် ၊ ခပ်သွက်သွက် အချက်ကျကျတီးပေးရလေသည်။ တစ်ဖန်သိုင်းကွက်ဖြင့် ကကြရသော အကမျိုးတွင် အိုးစည်ကို ဖြေးဖြေးနှင့်မှန်မှန် ညင်သာစွာ တီးရလေသည်။

အကသွက်သွက်သိုင်းကွက်နှင့်တူသောသိုင်းအကကို အိုးစည်ဗိုင်းက အတီးနှင့် စည်းဝါး ထိန်းပေးလေ့ရှိပြီး အကနေးနေး 'လက်ချိုး' 'လက်ကွေး'က ကြရသောအကမျိုးကို အိုးစည်ဗိုင်းက တီးကွက်သွက်သွက်ဆတ်ဆတ်နှင့်လိုက်ဖက် ညီအောင် တနည်းအားဖြင့် အကနှင့်အတီး၊ အတီးနှင့်အက အလှရသပေါ်အောင် ထိန်းပေးသည့် သဘောမျိုးပင်ဖြစ်သည်။

ယင်းလက်ချိုးအကနှင့် သိုင်းကွက် တာတက်ပွဲအကတို့ကို နှစ်စဉ် တာတက်ပွဲရက်များအတွင်း ကခုန်လေ့ရှိ ကြသည်။

* * * * * * * * * * * * * *

## ဓ နု ဗြော

မြန်မာ့ယဉ်ကျေးမှုအဆိုအတီး၊အက၊ ဂီတအနုပညာတို့တွင် ဓနုဗြော သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ဓနုဗြောသည် မြန်မာနိုင်ငံတွင် ကွယ်ပျောက်လုနီးပါး ရှိနေပြီဖြစ်သော ရွှေဘိုအနီးရှိ 'မခေါက်'ရွာမှ မခေါက်ဗြောတီး မှုတ်ဟန်မျိုးကို ဓနုတိုင်းရင်းသားများနေထိုင်ကြသည့် ရှမ်းပြည်နယ်မြေလတ်ပိုင်း ရွာငံမြို့နယ်၊ ရေချမ်းရွာတွင် ယခုတိုင်တီးမှုတ်နေသေး သည်ကိုတွေ့မြင်ရသည်။

ဓနုဗြောဖြစ်ပေါ်လာပုံသမိုင်းကြောင်းကိုဖော်ပြရလျှင် ကုန်းဘောင်ခေတ် နောက်ပိုင်းကာလ ဘော်ရေဦး(ယခုရွာငံမြို့ နယ်) ငွေခွန်မှူးများ အုပ်ချုပ်နေစဉ် အခါသမယတွင် ရေဦးနှင့်နှစ်မိုင်ခန့်ဝေးသည့် ကျောက်ပိစပ်ရွာ၌ တိုက်သူကြီး ဦးညိုအုန်း ဆိုသူရှိ၏။ ယင်းဦးညိုအုန်းသည် ထိုရွာမှနဲ့ဆရာဦးကြာတုတ်၊ နဲ့၊ ဗုံ အစုံရသည့် ဦးကြုတ် ဆိုသူတို့နှင့်အတူ ဒေသအခေါ် စည်ဗြော၊ တစ်နည်း

မင်္ဂလာမြော တီးဝိုင်းတစ်ခု တည်ထောင်၍ ခေါင်းဆောင်တီးမှုတ်ခဲ့လေသည်။ ထိုအချိန်မှစ၍ 'ဓနုမြောအစ ကျောက်ပိစပ်ရွာဦးညိုအုန်းက' ဟု ပြောစမှတ်ရှိလာခဲ့သည်။

ထို့နောက်တိုက်သူကြီး ဦးညိုအုန်းခေါင်းဆောင်သောဓနုမြောအဖွဲ့၏ အဆက်အနွယ်များအဖြစ် ဦးလွှာနှင့်သိမ်ကုန်းရွာ မှ ဦးပေါ်ထွန်းတို့က ဦးညိုအုန်း၏ နည်းနိသသရည်းခံ တပည့်များအဖြစ် ဆက်ခံတီးမှုတ်ခဲ့ကြသည်။၎င်းတို့မှတစ်ဖန် ရေချမ်းပြင်ရွာက မင်းပေါ်မြင့်၊ ကျောက်ပိစပ်ရွာက မင်းရွှေအေးနှင့် သိမ်ကုန်းတိုက်အနောက်ကုန်း(မြကုန်းရွာ)မင်းလွန်ဖေ၊ မင်းမောင်ခင်တို့က ဆက်လက်ထိန်းသိမ်းတီးမှုတ်ခဲ့ကြလေသည်။

ဓနုမြောဆိုသည်မှာ အလျားတစ်တောင်နှင့် လက်လေးသစ်ခန့် ထိပ်ဝအကျယ် တစ်တောင်နှင့် လက်နှစ်သစ်(တောင်ဆုပ်)ခန့်ရှိ အသားထွင်း၍သားရေဖြင့် ကျက်ထားသော မြောလေးလုံး၊ အဝိုင်းတစ်ထွာခန့် မျက်နှာကျက်တစ်ထွာကျော်ထိပ်ကားကားပုံသဏ္ဍာန်ခပ်ဝိုင်းဝိုင်း ပလုပ်တုပ်ပုံတစ်လုံး၊ လင်ကွင်းကြီးတစ်ခု၊ စည်းတစ်ခု၊ နှဲကြီးတစ်လက်တို့ပါရှိလေသည်။

ဓနုမြောတီးပုံမှာ အခြားရေကင်းမြောစသည့်တီးပုံနှင့် မတူဘဲ တီးကွက်ပေါင်း (၁၂)မျိုးခန့်ရှိပေသည်။ ယင်းတို့မှာ–

၁။ ပတ်ပျိုး ၂။ စာတော်တိုက် ၃။ အငြိမ့်ခံ၊ ၄။ နတ်ပင့်
၅။ နတ်ပို့ ၆။ ဘီလူးထွက် ၇။ မျောက်ထွက် ၈။ ဇော်ဂျီထွက်
၉။ နဂါးထွက် ၁၀။ မြင်းထွက် ၁၁။ ဝန်ထွက် ၁၂။ မင်းထွက်

စသည်တို့ဖြစ်ကြသည်။

ယင်း(၁၂)ခန်းထဲမှ နောက်ဆုံးမင်းထွက်ခန်းပြီးလျှင် နှစ်ပါးသွား၍ လိုရာ ဇာတ်ခင်းနိုင်သည်ဟု ပြောကြသည်။

တောင်ပေါ်ဒေသ ဓနုအမျိုးသားတို့၏ ပြော(၁၂)ခန်းကို လေ့လာကြည့်ပါက ရှေးခေတ်မြန်မာနန်းတွင်း၊ နန်းပြင်၊ ပြည်သူများအကြားကပြခဲ့သော ရုပ်သေးသဘင် ဇာတ်သဘင်များထဲမှ ရှေးမြန်မာအက၊ (၁၂)ခန်း၊ အပျိုတော် (၁၂)ခန်း၊ အပျိုတော် (၁၂)ကြိုး၊ (၁၂)ထွေ အခန်းများမှ ဆင်းသက်ဆက်နွယ် လာလေသလောဟု တွေးယူစရာရှိသည်။

ရှေးခေတ်က မြန်မာ့နန်းတွင်း၌ ခင်းကျင်းကပြခဲ့သောရုပ်သေးသဘင်များတွင် အပျိုတော်အကအဖြစ် အပျိုတော်ထွက်၊နတ်ကန်တော့ပြီး မြင်းမိုရ်တောင်နှင့် တကွ တောတောင်ရေမြေတို့ပေါ်လာပြီး ဆင် မြင်း ကျား မျောက် စသည့်သတ္တဝါများ၊ တောတွင်ကျက်စားသည့် ကျေးငှက် ဗျိုင်း သတ္တဝါများအပါအဝင် ကောင်းကင်၌ကျက်စားနိုင်သည့် ဇော်ဂျီ၊ နဂါး၊ ဂဠုန်၊ ဂဠာထ်၊ ယက္ခဘီလူးတို့ဖြင့် သရုပ်ဖော်ကပြခဲ့ကြသည်။

ယင်းကမှ လူကိုယ်တိုင်ကပြသော ဇာတ်သဘင်၊ ခေတ်အရောက်တွင် လည်း ပွဲဦးကအစကပြသည့် အပျိုတော်(၁၂)ခန်းတွင် နတ်အက၊ မြင်းအက၊ မျောက်အက၊ ဘီလူးအက၊ ဇော်ဂျီအက ဝန်အက ၊ ပြောအက၊ အိုးစည်အက၊ ဒိုးပတ်အက၊ ကျွမ်းအက၊ အခုန်အပျံနှင့်ပလို့အကများ ပါဝင်ခဲ့သည်ဟု လေ့လာ သိရှိရသည်။ ဤအစဉ်အလာကို ထောက်ဆ သော် ဓနုပြောသည် ရှေးဦးမြန်မာ ယဉ်ကျေးမှု ဂီတအနုပညာတစ်မျိုးဟု ယူဆရသည်။

ဓနုပြောအဖွဲ့များသည် ဓနုတို့ဓလေ့ထုံးစံအရ ပြုလုပ်သော အလှူပွဲ၊

ဆွမ်းလောင်းပွဲများ၌ ပါဝင်တီးမှုတ်လေ့ရှိ ကြသည်။ အထူးသဖြင့် ရှင်ပြုအလှူပွဲများ၌ အများဆုံးပါဝင်တီးမှုတ်လေ့ရှိကြသည်။

ဓနုဗြောတီးဝိုင်းတစ်ခုသည် ရှင်ပြုအလှူပွဲရှိ၍ ထိုအလှူပွဲတွင် ရှင်လောင်းလှည့်ရာသို့ လိုက်ပါတီးမှုတ်ကြတော့မည် ဆိုလျှင် နဲဆရာက ပထမရှေ့ဆုံးမှနေရာယူသည်။ ၎င်းနောက်မှ ပလုပ်တုတ်တီးသူခေါင်စည်ခေါ် ခေါ်စည်တီးသူ၊ ဗြောတီးသူများ နေရာယူကြရသည်။ ယင်းတို့နောက်မှ လင်ကွင်းကြီးတီးသူ စည်တီးသူစသည်ဖြင့် အစဉ်အတိုင်းနေရာယူကြရသည်။

ဗြောတီးစတော့မည်ဆိုလျှင်လည်း ဗြောတီးစည်းကမ်းအရ ပလုပ်တုတ်တီးသူက သုံးချီသုံးခါ သုံးကြိမ်တီးခေါက်ပြီးမှ ဗြောစတီးရသည်။ အထူးသဖြင့် ဆိုင်းပျိုး၊ နတ်ပင့်၊ နတ်ပို့အတီးများတွင် ပလုပ်တုတ်က ဒေသစကားဖြင့် 'ရိုး'ခေါ်သွားလေ့ရှိသည်။ ပလုပ်တုတ်ကိုးကြိမ်မပြည့်ခင် ဗြောစတင်မတီးရ။ တစ်နည်းဗြောဝင်မစောရချေ။

ဓနုဗြောစတင်တီးပုံမှာလည်း ဤသို့ဖြစ်သည်။ ပထမ ပလုပ်တုတ်တုတ်က 'ပလုပ်တုတ်တုတ်ဖြိုး' ဟု တီးလိုက် သည်နှင့် ကြား၌ဝါးဖြင့် 'တောက်–တောက်–တောက်'ဟု အချက်ပြပေးရသည်။ ဤနည်းဖြင့် 'ပလုပ်တုတ်တုတ်ဖြိုး၊ တောက် – တောက် ' အချက်ပြပြီးမှ ဗြောတီးစရသည်ဟုဆိုသည်။ ဒေသစကား ဖြင့် ပလုပ်တုတ်ကို 'ဗြောအမေ'ဟု ခေါ်လေ့ ရှိသည်။ ယင်းပလုပ်တုတ်ကိုလူတိုင်းဝင်တီး၍မရပေ။ ဗြောကိုသာလူတိုင်းဝင်တီးနိုင်သည်။

ဓနုဗြောဝိုင်းတစ်ခုတွင် ခေါင်းစဉ်အငြိမ့်ခန်း၊ ဇော်ဂျီထွက်၊ မျောက်ထွက်ခန်းစသည့်အတီးများ၌ရှေ့က 'ရိုး' ၌ ဦးခေါင်ခေါ်တီးလေ့ရှိသည်။ ယင်းကဲ့သို့ခေါ်တီးပြီးမှ ခေါင်စည်တီးသူကပင် အငြိမ့် ဇော်ဂျီ၊ မျောက်ထွက်ခန်း သီချင်းများကို

ဆိုပေး၍ ပြောအတီးစဝင်ကြရသည်ဟုဆိုလေသည်။ သီချင်းဆိုရာ၌လည်း များသောအားဖြင့် ခေါင်စည်တီးသူက ရှေ့က တိုင်ပေးလေ့ရှိပြီး ပြောတီးသူ အားလုံးက သံပြိုင်ဝိုင်း ဆိုကြသည်လည်း ရှိပါသည်။ ပြောတီးကွက်တီးဟန်မှ အများအားဖြင့် ညီတူသည်ဟု ပြောကြသည်။

ရှေးခေတ်က ဤနယ်အတွင်းတွင် ပြောအငြိမ့်ခေါ်သော အကာသက်သက် အတီးသက်သက်ကို တီးလေ့ရှိကြသည်။ မြေပိုင်းခေတ်က မြေပိုင်းပုံသဏ္ဍာန် အခင်းအကျင်းမျိုးမြေပေါ်တွင် ဆီမီးတိုင်၊ ရေနံမီးတိုင်များ ထွန်းညှိ၍ ပြောနှင့်တွဲဖက် ကကြခြင်းဖြစ်သည်ဟု ရှေးနေလူကြီးများထံမှသိမှတ်ခဲ့ရသည်။

ဤသို့လျှင် ဓနုပြော၏တီးကွက်တီးဟန်၊ စည်းစနစ်ကျပုံ၊ နန်းဆန်ပုံ၊ ဆန်းပြားပုံစသည်တို့မှာ စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။ ရှေးဦးစဉ်လာ ယဉ်ကျေးမှုကို လေ့လာလိုက်စားသူများ သွားရောက်လေ့လာသင့်ပေသည်။

ယခုအခါခေတ်ကာလအလျောက် ရွှေဘိုနယ် မခေါက်ပြော၊ စစ်ကိုင်း မိုးဇာပြောတီးဟန်မျိုး၊ အချို့ဓနုကျေးရွာများတွင် တီးမှုတ်နေကြသည်ဟု ကြားသိ ခဲ့ရသော်လည်း ဓနုပြော ၁၂ ခန်းကား တိမ်ကောပျောက်သွားခြင်းမရှိစေရန်အရိုး ကို အရွက်မဖုံးစေချင်သော ဓနုအမျိုးသားပြောဆရာကြီးများက ဆက်လက် ထိန်းသိမ်း ၍ အစဉ်အလာမပျက်တီးမှုတ်လျက်ရှိနေကြပေသည်။

* * * * * * * * * * * * * *

# ဓ နု ရိုး ရာ တေး သံ များ

ဓနုရိုးရာသီချင်းသီဆိုသော အလေ့အထသည် တိုင်းရင်းသားတိုင်းတွင် ရှိသော ရှေးကျသည့်ယဉ်ကျေးမှု အစဉ်အလာတစ်ခုဟု ဆိုနိုင်၏။ ရှမ်းမြေလတ် တိုင်းရင်းသားတို့ဖြစ်ကြသော တောင်ရိုး၊ အင်းသား၊ ရှမ်းအစရှိသည့် တိုင်းရင်းသားများတွင် လည်း ရိုးရာတေးသံများရှိကြ၏။ သီဆိုကြသည့်အခါတွင် အမျိုးသားနှင့်အမျိုးသမီးတို့ အပြန်အလှန်သီဆိုကြ၏။ ထိုအထဲတွင် ဓနု တိုင်းရင်းသားလည်း အပါအဝင်ဖြစ်၏။ ဓနုတိုင်းရင်းသားတို့၏ ရိုးရာတေးသံ များသည် မြောက်မြားစွာရှိ၏။ ထိုမြောက်မြားစွာသော ရိုးရာတေးသံများမှ လူပျိုလှည့်သည့်အခါမျိုးတွင် သီဆိုလေ့ရှိသောတေးသံအချို့ကို ဖော်ပြပါမည်။

ရှမ်းမြေလတ်ဒေသရှိ ဓနုတိုင်းရင်းသားတို့၏ ချစ်စရာဓလေ့တစ်ခုမှာ "တာတက်ပွဲ"သို့ ရောက်လာသူပြည်ထောင်စု ဖွား တိုင်းရင်းသားများ မည်သူမဆို လူပျိုများက အပျိုမိန်းကလေးများကို ပေါက်ပေါက်၊ပဲလှော်တို့ဖြင့် မနာကျင်အောင် ပစ်ပေါက်ခွင့်ရှိခြင်းပေတည်း။ အပေါက်ခံရသူမိန်းကလေးများကလည်းစိတ်ဆိုးခြင်း မရှိသည့်အပြင် အချို့မိန်းကလေးများမှ ကိုလူပျို ကာလသားများမသိအောင် တိတ်တခိုးပြန်၍ ပစ်ပေါက်တတ်ကြ၏။ အရက်မူးသူ ရမ်းကားသူများရှိပါက ဤပွဲတော်မျိုးမှာ ခိုက်ရန်ဖြစ်ပွားတတ်ကြသော်လည်း ပွဲတော်ကိုရပ်ရွာမှ လေးစား သမှုပြုထားသည့် ဆရာဘုန်းကြီးက ဦးဆောင်ထိန်းသိမ်းပေးခြင်း၊ ပွဲတော်အတွင်း အရက်သေစာများကို လုံးဝပိတ်ပင်တားမြစ်ပေးထားခြင်း၊ တိုင်းရင်းသားအချင်းချင်း နားလည်ခွင့်လွှတ်စွာ သည်းခံခြင်းတို့ကြောင့် အေးချမ်းသာယာစွာ ပြီးဆုံးသွား သည်သာများသည်။

တာတက်ပွဲတော်၏ အစည်ကားဆုံးအချိန် (အတာတက်ချိန်) ကို သတ်မှတ်ထားပြီး ၎င်းအချိန်ကျရောက်ပါကလှူဖွယ်ဝတ္ထုများ ခြံရံ၍ ဓနုအိုးစည် ဗုံမောင်းဖြင့် ဘုရားကုန်းတော်ပေါ်သို့ တက်ရောက်ပြီးလက်ယာရစ် လှည့်ပတ်ကန်တော့ ပူဇော်ကြ၏။ ဤသို့အတာတက်ချိန်တွင် ဓနုအိုးစည်ဝိုင်းအတွင်း ပွဲတော်သို့ လာရောက်ကြသူများ မည်သူမဆိုဝင်ရောက်ပါဝင်ကခုန်နိုင်ခွင့် ရှိကြလေသည်။ ဓနုတိုင်းရင်းသားလူငယ်များကမူ ဤသို့အတာတက်ချိန်တွင် ရိုးရာအိုးစည်ဝိုင်းဖြင့် အသက်ကြီးသူဆရာ သမားထံမှ သိုင်းပညာအခြေခံကို က,ရင်းသင်၊ သင်ရင်း,က ဖြင့် ပညာအမွေဆက်လက်ခံယူကြ၏။

အချို့လူငယ်များကလည်း ပွဲတော်တွင်ယခင်ကမိမိမျက်စိကျထားသော ပျိုမေကိုလိုက်လံရှာဖွေပြီး ရင်းနှီးမှုရယူခြင်း၊ ရိုးရာကဗျာများ၊ တေးသံများ၊ သံချပ် များဖြင့် စောင်းမြောင်းချိတ်ဆိုခြင်းပြုလုပ်ကြသည်။ အချို့မှာရင်းနှီးမှုရရှိပါက နေအိမ်အထိပင် သွားရောက်လည်ပတ်ခြင်းပြုနိုင်သေးသည်။ ပျိုမေများကလည်း ဤသို့လာရောက် လည်ပတ်သည်ကို လက်ခံသည့် အပြင် အစားအသောက်များ ဖြင့် အများဆုံးကျွေးမွေး ညှိခံလိုက်နိုင်သောပျိုမေသည် ထိုရွာတွင် ပေါ်လွင် ထင်ရှား၍ လူအများအသိ အမှတ်ပြုခြင်းခံကြရပေသည်။ အချို့လုံးဝရင်းနှီးမှု ချစ်ခင်မှုမရသေးသော လူပျိုကာလသား များကလည်း မိမိတို့နှစ်သက်ရာပျိုမေများ ကို ရိုးရာတေးသံဖြင့် သီဆိုပြီး ဓနုပျိုမေတို့ အိမ်သို့အလည်အပတ် သွားကြသည်။

* * * * * * * * * * * * * * *

# ခေတ် သစ် ခ နေ တေး သီ ချင်း များ

ဒေါက်တာကျော်လွင်ထူး (ရှပ)စုစည်းတင်ပြသည်

## ရိုး ရာ ပွဲ

ရေး - ကိုကြာကွေး (တောင်ကြီး)　　ဆို - သားရှုပ်

သံချုပ် - သားရှုပ်

$V_1$ မပေါင်းနွမ်းတဲ့ ရိုးရာပွဲ တို့နွဲပျော် တို့ရဲ့တောင်တန်းဝယ်
မနောဖြူစင်စိတ်တွေရဲ့
တို့ရှမ်းပြည် တို့ခလေ့ပဲ
ချယ်ရီပွင့်ရဲ့အလှတွေရဲ့ တောင်ကြီးသူ စကားသံဝဲ အလည်လာပါ
လှမ်းခဲ့တော့ကွယ်

$V_1$ (ချစ်စရာဟန်)၂ အိုးစည်စလွယ်သိုင်း တီးတဲ့ဟန်
(ချစ်စရာဟန်)၂ ဓါးသိုင်းကနေဟန် လှူဒါန်းပျော်မွေ့ ရိုးရာခလေ့
တို့များပွဲတော်ပေါ့
ဆီမီးပူဇော် ကောင်းကင်ပေါ် မီးပုံပျံတွေ သွားလွှတ်ကြမယ်

$V_1$ မသိုးသက်န်း ယက်လှူပွဲ ဘုံကထိန်ခင်းလို့ ပျော်မြူးမယ်
တန်ခိုးကြီးဘုရားပေါင်းစုံနဲ့ အလှူရေစက်ချတဲ့ပွဲ
နေ့မှာ အရုပ်လှတွေနဲ့ ညမှာ မီးကြီးညပြိုင်တဲ့ပွဲ
ပျော်ရွှင်စရာ ကောင်းလွန်းလှတယ်

သံချုပ်: တို့များရိုးရာ ပွဲတော်လာ အပျိုလည်းပါ အိုလည်းပါ အပျိုနဲ့နဲ့အိုချည်းချည်း
(အိုချည်းချည်း)၂

ငြိမ့်ငြိမ့်သဲသဲတောင်ပေါ်ပွဲ ဆောင်းနှင်းဖြူဖြူ တောင်ပေါ်သူ ချစ်ရင်ခေါ်ထား
တောင်ကြီးသား (တောင်ကြီးသား)၂
မပြင်လည်းလှ ပြင်လည်းလှ ပါးအိုးနီနီ အသားဖြူ (ပင်းတယသူ)၂
စကာဒ်တိုတို အကျီပါး မော်ဒယ်(လ်)ဆိုတာ ဒီလိုလား (အိုနားထား)၂
ယောက်ျားကျတော့ လိုချင်တယ် ထမင်းကျတော ချက်တက်ဘူး
(ဟင်းအိုးတူး)၂
တောင်ကြီးမြို့သူ နှုတ်ခမ်းဆူ ရည်စားများလို့ တို့မယူ (ပန်းဆွဲဖြူ)၂
ပင်စိမ်းသီး နေဆာလောင် ချစ်သူလက်ဆောင်ပေးရအောင်၊
ပင်စိမ်းသီး အညှာခြွေချ ရှာင်သူမရမ်းဆလှ ရမ်းဆလှ ရီး ရမ်းဆလှ
ရေထွက်နဂါး ရပ်စောက်သား တောင်ကြီးသူနဲ့ ရည်းစားထား
(မုန့်လင်မယား)၂
အမေ့ချွေးမလှလှလေး ပွဲခင်းထဲမှာ လျှောက်လို့ငေး (အိကြာကွေး)
စိမ်းလန်းစိုပြေ တို့ဌာနေ ညစဉ်ဘုရားမှာ တောင်းဆုချွေ(ကောင်းမှုတွေ)၂

$V_2$ {..........}

$V_1$ {..........}

$V_2$ {..........}

$V_2$ {..........}

'သံချပ်'

* * * * *

# ချစ် စ ရာ ဓ နု မြေ

ရေး - ဇော်သက်အောင်၊ မိုးဇော်၊ သားရှုပ် ဆို- သားရှုပ်

$V_1$ မိုးထိမြင့်မားတဲ့ တောတောင်အလယ်မှာ ငွေနှင်းမြူပိုင်းဖွဲ့လို့ အလှဆင်တာ
ထင်းရှူးပင်တွေနဲ့ စိမ်းလန်းတဲ့ဓနုမြေ အလည်လာပါ တို့ရဲ့မိတ်ဆွေ

$V_2$ လှမ်းခဲ့ပါ အပြုံးနဲ့ဆီးကြိုနေမှာ ဝဲတဲ့တို့စကားလေးက ချစ်စရာပါ
ဖော်ရွေစိတ်ထားနဲ့ မနောလှတဲ့မြေ အေးချမ်းတဲ့ တို့ဓနုဌာနေ

Pre တောင်ယာစိုက်ခင်းနဲ့ လက်ဖက်သီးနှံတွေ ပေါများလို့ ဝေဆာပွင့်ဖူးနေ
ကြည်ပြာရောင် အဆင်းနဲ့ စမ်းချောင်းလေးတွေ ရှုမငြီးနိုင် သာယာလို့နေ

Cho: တာတက်ပွဲမှာ ပျော်ဖို့လာ မပျော်ဘူးလော့(လား) ပျော်ဘူးလား
(ပျော်တယ်ပော့)၂
ရှာင်သူမ အပျိုကြီး ရည်းစားထားတော့ စပ်ဖြီးဖြီး စပ်ဖြီးဖြီးပော့ စပ်ဖြီးဖြီး
ပင်းတယသူမ ဝတုတ်တုတ် ယောကျ်ားယူဖို့ ဟန်ရေးလုပ် (မှန်လာထုပ်)၂
နုတ်ခမ်းပါးပြီး အသားဖြူ နောင်ချိုသူမ ရအောင်ယူ (I love you)၂
ဟဲပကိုးသူမ ပါးပြင်နု လူပျိုလာရင် ရှက်သွေးစု (အာလူးဥ)၂
တေးပုလွေ ခေါင်းထိုးဝါး လူရှာမည် အောင်ပန်းသား အောင်ပန်းသားပော့
အောင်ပန်းသား
တောင်ကြီးသူမ မိနီငယ် ရည်းစားထားတော့ ငယ်သေးတယ်
ငယ်သေးတယ်ပော့ ငယ်သေးတယ်
ရေပ်သီးစားချင် အပင်စိုက် ခနုမရချင် ငါ့နောက်လိုက် ငါ့နောက်လိုက်ပော့
ငါ့နောက်လိုက်

တစ်နှစ်လာလည်း ပေ(ဒီ)အတိုင်း နှစ်နှစ်လာလည်း ပေ(ဒီ)အတိုင်

ခေနမငယ် အပျိုဟိုင်း အပျိုဟိုင်းပေ့ အပျိုဟိုင်း

မောတို့ဌာနေ ခေနမြေ ခေနမြေက လူပျိုတွေ အပျိုချောနဲ့ ငြားပါစေ

ငြားပါစေပေ့ ငြားပါစေ

$V_3$ ရှေးရိုးရာ မပျက်တဲ့ တို့အစဉ်လာ အိုးစည်ကြီး တီးလို့ မမောနိုင်ပါ

ချွေးနဲ့စာတွေနဲ့

တစ်မူးရလို့ တစ်ပဲလှူ သဒ္ဒါကြည်ဖြူ သွေးချင်းတို့တတွေ

$V_4$ စိမ်းလန်းတဲ့ပန်းများ အမြဲဝေဆာ ရိုင်းပင်းကာ စည်းလုံးလို့ ချစ်ကြည်စွာ

ဘာသာယဉ်ကျေးမှု ထွန်းကားတဲ့မြေ ရိုးသားတဲ့ တို့ခေနဌာနေ

Pre ပျော်စရာဝလေ့များနဲ့ တို့ရိုးရာတွေ သိုင်းကွက်နဲ့က မုံသံ ရှင်မြူးနေ

ရောင်စုံ တောပန်းနဲ့ မြေနီလမ်းတွေ တစ်ခါရောက်ရင် မပြန်ချင်ဘူးလေ

Cho; { ------------------ }

* * * * *

## ခေနရိုးရာတေးလင်္ကာ

(အဖြူရောင်သံစဉ် (မူရင်းသီချင်း)

ရေး - ခွန်ရာဇာ ဆို- ဖိုးအောင်နို

တောင်ပြာရီဝေ မြူနှင်းများနှင့်အုံ့ဆိုင်းနေ၊ တောင်နိုးများကရစ်သိုင်းနေ၊

စိမ်းလန်းလှတဲ့ ခေနမြေ၊ အေးချမ်းလှတဲ့ခေနမြေ သွေးချင်းများတို့ မောရပ်မြေ

လာလည်စေလို၊ သဘောလည်းကောင်းတဲ့ အပြောချို၊ မနောလည်းကောင်းတဲ့

အပြောချို၊ သွေချင်း'ခေန' တို့ရဲ့အလှကိုစာဖွဲ့ဆို၊ ဝဲလွန်းတဲ့ပြောတဲ့စကားတစ်မျို

လေးချစ်စရာ သီချင်းသံများ၊ ရိုးသားလှတဲ့ မောရဲ့သမီးပျိုများ ခလောက်သံနဲ့ ဟီးတဲ့မြေ အိုးစည်ကြီးတီးလို့နေ နှစ်စဉ် မြဲနွဲလို့နေ ရိုးရာဝလေ့မပျက်ခဲ့ပေ၊ တောင်ယာတွေကို ဒို့တတွေ ရိတ်သိမ်းနေ၊ လာလည်ပါ ဆွေဓနုမြေပျော်မဆုံးပေ ××××××။

- × ပင်စိမ်းသီး နေဆာလောင် မိန်းမလက်ဆောင်ပေးရအောင် (ပေးရအောင်ဟော့၊ ပေးရအောင်)
- × ပင်စိမ်းသီးပိုးထိုး၊ ကလောသမရအောင်ပိုး (ရအောင်ပိုးဟော့၊ ရအောင်ပိုး)
- × ထမင်းစားလည်း စားပွဲနှင့် မိန်းမယူလည်း နားဆွဲနှင့် (နားဆွဲနှင့်ဟော့ နားဆွဲနှင့်)
- × အိုးစယ်ဝိုင်းနှင့် လက်သိုင်းက ဓနုအမျိုးသားထုံးစံပ၊ အိုးစယ်ဝိုင်းနှင့် လကွင်းသံ မိုးပြိုလို့ ကြွက်ကြွက်ညံ (ကြွက်ကြွက်ညံဟော့ ကြွက်ကြွက်ညံ)
- × ထမင်းစားပြီး တစ်မျိုးလို၊အိပ်ယာဝင်လည်း တစ်မျိုးလို (ဆေးလိပ်တို၊ဆေးလိပ်တို)
- × ဆေးပလွေခေါင်ထိုးဝါး၊ လူနာမယ်အောင်ပန်းသား၊ (အောင်ပန်းသားဟော့၊ အောင်ပန်းသား)

- ဘယ်ချိန်မခါမဆို ဖြူနှင်းများနှင့် အုံ့ဆိုင်းနေ တောင်ခိုးများကရစ်သိုင်းဝေ၊ စိမ်းလန်းလှတဲ့ဓနုမြေ၊ ငြိမ်းချမ်းလှတဲ့ ဓနုမြေ၊ တောပန်းသမီးတွေ မွှေးရပ်မြေ၊ ကြည်လင် ပြာဝေ စမ်းချောင်းလေးတွေရစ်ခွေ၊ စီးဆင်းလို့လေ အမြဲမသွေ၊ တောပန်းအလှနဲ့ ချစ်စရာ ဒို့ရှမ်းပြေ၊ မောင်းအိုးစည်လကွင်းသံများ၊ မိုးလုံး ထိည် ဘဝက်တိုင်သွား၊ သိုင်းကွက်က ဟန် ရိုးရာထုံးစံများ၊ မိုးနွေဆောင်း

ပြောင်းလဲလေ၊ ဒို့စဉ်ဆက်မပျက်ခဲ့ပေ၊ စိတ်သဒ္ဓါ တိုးဖြိုးလို့ဝေ၊ ပေးလှူရက်
ထုံးမလေ့ပေ၊ ဖေါ်ရွှေစွာလေ ဖိတ်ခေါ်စဉ်မြဲမသွေလာလည်ပါဆွေ ခနမြေ
ပျော်မဆုံးပေ ×××××

× ပင်စိမ်းသီး နေဆာလောင် မိန်းမလက်ဆောင်ပေးရအောင်
(ပေးရအောင်ဟေ့၊ ပေးရအောင်)

× ပင်စိမ်းသီးပိုးထိုး၊ ကလောသမရအောင်ပိုး (ရအောင်ပိုးဟေ့၊ ရအောင်ပိုး)

× ထမင်းစားလည်း စားပွဲနှင့် မိန်းမယူလည်း နားဆွဲနှင့်
(နားဆွဲနှင့်ဟေ့ နားဆွဲနှင့်)

× တောင်ထရံမှာဆီဖူးဆွဲ၊ မြောက်ထရံမှာ ဆီဖူးဆွဲ အောင်နှီမျက်နှာ စပ်ဖြဲဖြဲ
(စပ်ဖြဲဖြဲဟေ့၊ စပ်ဖြဲဖြဲ)

× တောင်ထရံမှာဆီဖူးချုပ်၊ မြောက်ထရံမှာ ဆီဖူးချုပ် မိနှီမျက်နှာ ပြောင်စပ်ပြောင်
(ပြောင်စပ်စပ်ဟေ့၊ ပြောင်စပ်စပ်)

× တောင်ကြီးသမ သုံးပန်လ၊ ယောက်ျားရမ၊ ချမ်းအင်သီး
(ချမ်းအင်သီးဟေ့၊ ချမ်းအင်သီး)

× ပွေးလှသမ ဟန်ရေးလုပ် ယောက်ျားရမ ဝတုတ်တုတ်
(မုန်လာထုပ်ဟေ့၊ မုန်လာထုပ်)

× ဟဲဟိုးသမပါးပြင်နု၊ လူပျိုတွေ့ရင် ရှက်သွေးစု (အာလူးဥဟေ့၊ အာလူးဥ)

× ဆေးပလွေခေါင်းထိုးဝါး၊ လူနာမယ် အောင်ပန်းသား
(အောင်ပန်းသားဟေ့၊ အောင်ပန်းသား)

* * * * *

# ဓ နု မြေ က ကြို နေ မယ်

ရေး - ခွန်ရာဇာ　　　　　　　　　　ဆို- ချိုချိုမြင့်

- မြူငွေနှင်းတို့ ရွှေရည်ဖြာ၊ တောင်ပြာတန်းထက်မှုန်ရည်ကာ
  သာရကာချစ်ငှက်တွန်ကာသာ၊ မောတို့မြေစခန်းသာ
  ခါနွေဦးရဲ့သည်ချိန်ခါ၊ ထာဝစဉ်ချမ်းမြေ့ အလွန်သာယာ
  မောင်မယ်ဆီးလို့ကြိုနေမှာ၊ ဓနုတို့မြေ ပျော်ရွှင်စရာ
  တို့နှစ်ဦးအတူ ဒီသဘောထားခဲ့တာ၊ ရင်ထဲမှာမမေ့ဘူးထူးတစ်သက်တာ
  နွေဦးရက်မှာ ဆုံတွေ့ဘို့ရာ မောင်အပြေးလေးဘဲအရောက်လာပါ
  မေအမြဲပင်စောင့်ကြိုလျက်ပါ
- ရင်မှာလွမ်းလို့မပြေနိုင်ပါ၊ တောင်ပေါ်စခန်းကမျှော်နေရှာ
  မောင်ရေတမ်းတခါခါသာ၊ ဓနုတို့မြေလာပါ
  မြူငွေနှင်းတို့ ရွှေရည်ဖြာ၊ တောင်ပြာတန်းထက် မှုန်ရည်ကာ
  သာရကာချစ်ငှက်တွန်ကာသာ၊ မောတို့မြေစခန်းသာ
  ခါနွေဦးရဲ့သည်ချိန်ခါ၊ ထာဝစဉ်ချမ်းမြေ့ အလွန်သာယာ
  မောင်မယ်ဆီးလို့ကြိုနေမှာ၊ ဓနုတို့မြေ ပျော်ရွှင်စရာ
  ဘို့နှစ်ဦးအတူ ဒီသဘောထားခဲ့တာ၊ ရင်ထဲမှာမမေ့ဘူးထူးတစ်သက်တာ
  နွေဦးရက်မှာ ဆုံတွေ့ဘို့ရာ မောင်အပြေးလေးဘဲအရောက်လာပါ
  မေအမြဲပင်စောင့်ကြိုလျက်ပါ
- ရင်မှာလွမ်းလို့မပြေနိုင်ပါ၊ တောင်ပေါ်စခန်းကမျှော်နေရှာ
  မောင်ရေတမ်းတခါခါသာ၊ ဓနုတို့မြေလာပါ

* * * * *

# အောင် နီ ရေ မိ နီ ရေ

ရေး - ခွန်ရာဇာ　　　　ဆို- ဖိုးအောင်နီ၊ အေးအေးမြင့်

(အေး) တာတက်ပွဲဆို ပွဲတိုင်းလာ၊ ငါမပါတောင်ကြည့်မြောက်ကြည့်
ငါတစ်ယောက်ကိုမှ တွေ့ချင်လို့လား၊ ငါ့တစ်ယောက်ကိုမှ ကြည့်ချင်
နေလို့လား

(နီ) တာတက်ပွဲဆို ပွဲတိုင်းလာ၊ နင်မပါတောင်ကြည့်မြောက်ကြည့်
နင့်တစ်ယောက်ကိုမှ ကြည့်ချင်နေလို့၊ နင့်တစ်ယောက်ကိုမှ ကြည့်ချင်
နေလို့

(အေး) ပုဝါပါးကို ကြက်သားထုပ်တော့ စွန်းတတ်တယ်တဲ့၊ တစ်ရွာသားကို
ရည်းစားလုပ်တော့ လွမ်းတတ်တယ်တဲ့။ လွမ်းလို့နေမစိုး
ဒို့နောက် လိုက်မလာနဲ့

(နီ) ပုဝါပါးကို ကြက်သားထုပ်တော့ စားရတယ်တဲ့၊ တစ်ရွာသားကို
ရည်းစားလုပ်တော့ ငြားတတ်တယ်တဲ့၊ စိုးလို့မနေနဲ့ ဒို့နောက်လိုက်ပြန်ခဲ့

**(အေး+နီ)အောင်နီရေ – မိနီရေ ဒို့နှစ်ယောက်မခွဲဘူး သွားကြမယ်ဟေ့။**

အေး) တာတက်ပွဲဆို ပွဲတိုင်းလာ၊ ငါမပါတောင်ကြည့်မြောက်ကြည့်
ငါတစ်ယောက်ကိုမှ တွေ့ချင်လို့လား၊ ငါ့တစ်ယောက်ကိုမှ
ကြည့်ချင်နေလို့လား

(နီ) တာတက်ပွဲဆို ပွဲတိုင်းလာ၊ နင်မပါတောင်ကြည့်မြောက်ကြည့်
နင့်တစ်ယောက်ကိုမှ ကြည့်ချင်နေလို့၊ နင့်တစ်ယောက်ကိုမှ
ကြည့်ချင်နေလို့

(အေး) ပုဝါပါးကို ကြက်သားထုပ်တော့ စွန်းတတ်တယ်တဲ့၊ တစ်ရွာသားကို ရည်းစားလုပ်တော့ လွမ်းတတ်တယ်တဲ့။ လွမ်းလို့နေမစိုး ဒို့နောက်လိုက်မလာနဲ့

(နီ) ပုဝါပါးကို ကြက်သားထုပ်တော့ စားရတယ်တဲ့၊ တစ်ရွာသားကို ရည်းစားလုပ် တော့ငြားတတ်တယ်တဲ့၊ စိုးလို့မနေနဲ့ ဒို့နောက်လိုက်ပြန်ခဲ့

(အေး+နီ)အောင်နီရေ – မိနီရေ ဒို့နှစ်ယောက်မခွဲဘူး သွားကြမယ်ဟေ့။

* * * * *

# ဓ နု တို့ ပျော် ရာ မြေ

ရေး - ခွန်ရာဇာ ဆို - အေးအေးမြင့်

ချယ်ရီတွေဖူး သဇင်ဦး ပန်းမြတ်မောတို့မြေ ၊ ရှုမဆုံးလှပသည့်ဌာနေ

ပျော်ရွာသူလေ အစဉ်သတိရလို့ တမ်းတနေ

အလည်တစ်ခေါက်အရောက်တော့ လာမယ်လေ၊ ကိုယ်အလွမ်းရယ်မပြေ

တောင်တန်းများက လှပချယ်ရီမြေ

တောင်တန်းပြာကြီးတွေ၊ ရစ်သိုင်းလို့ဖြင့် ညှို့မှိုင်းဝေ၊ တို့နှစ်ဦးတူမခွဲပေ

အတူတွဲလို့ဖြင့် ပျော်မဆုံးပေ၊ ကြင်နာစွာချစ်တဲ့ အချစ်တွေ

ချိုမြိုင်တဲ့အပြုံးပန်းလေးတွေ၊ ရင်မှာမမေ့နိုင်ပေ၊ တောင်တန်းကြားက ဓနပျော်ရာမြေ

(ပင်းတယတောင်ပြာ ကန်သာဦးမလေ၊

ဖော်မွန်ချစ်သော အချစ်ရေ အတူသွားလာခဲ့ကြပေ

ဆုပန်ကာ မြတ်စိန္တေဦးလဲမသွေ ရည်စူးကာဒို့ အတူပင်ဖူးခဲ့ပေတော့

ယနေ့တိုင်အောင် မမေ့နိုင်အောင်လေ၊ အမြဲစဉ်လွမ်းနေ
တောင်တန်းထက်က မနုတို့ ပျော်ရာမြေ)[၂]
တောင်တန်းပြာကြီးတွေ၊ ရစ်သိုင်းလို့ဖြင့် ညှိုမှိုင်းဝေ၊ တို့နှစ်ဦးတူမခွဲပေ
အတူတွဲလို့ဖြင့် ပျော်မဆုံးပေ၊ ကြင်နာစွာချစ်တဲ့ အချစ်တွေ
ချိုမြိုင်တဲ့အပြုံးပန်းလေးတွေ၊ ရင်မှာမမေ့နိုင်ပေ၊ တောင်တန်းကြားက မနုပျော်ရာမြေ
(ပင်းတယတောင်ပြာ ကန်သာဦးမလေ၊
ဖော်မွန်ချစ်သော အချစ်ရေ အတူသွားလာခဲ့ကြပေ
ဆုပန်ကာ မြတ်စိန္တေဦးလဲမသွေ ရည်ရွယ်ကာဒို့ အတူပင်ဖူးခဲ့ပေတော့
ယနေ့တိုင်အောင် မမေ့နိုင်အောင်လေ၊ အမြဲစဉ်လွမ်းနေ
တောင်တန်းထက်က မနုတို့ ပျော်ရာမြေ)[၂]

* * * * *

## တောင် ယာ သိမ်း ပွဲ ဒို့ ဆင် နွှဲ

တေးရေး- ခွန်ရာဇာ                    တေးဆို-ဖိုးအောင်နီ+ချိုချိုမြင့်

(နီ) နေ့တစ်နေ့စချိန်မှ ကျေးငှက်သီချင်းသံသာ ပြန့်လွင့်ထွက်ပေါ်လာ
အာရုံမိုးသောက်မှာ နီးကြားသက်ဝင်လာ ဒို့ရဲ့မနုမြေမှာ
(နီ+ချို) တေးဖွဲ့ဟစ်ခေါ်ကာတောင်ယာသိမ်းပွဲမှာ (ဒို့ရဲ့မနုမြေမှာ)[၃]
(ချို) ရောင်နီတွေသန်းတဲ့အရှေ့မှာဆင်ပါ၊ ဖန်ဝါနေမင်းကြီးထွက်ပေါ်လာ
သာရကာကျေးငှက်တေးဖွဲ့သီရှာ၊ ဒီအာရုံဦးမှာလန်းဆန်းကြ။
(နီ) တောင်ပြာတွေမှိုင်းလို့ မနုမြေပျော်စရာ မောင်မယ်တွေပေါင်းစုအမြဲညီညာ၊
သံပြိုင်သီချင်းတွေ တေးဖွဲ့သီကာ၊တောင်ယာတွေရိတ်ကာသိမ်းကြတာ။

(ချို) မိုးဆန်းပန်းပမာလန်းဆန်းအမြဲသာ လမ်းလည်းမခွဲပါမောင်မယ်တွေ ညီညာပျော်ရွှင်စွာ

(နီ) ထုံးဓလေ့အမြဲမကွာ ဓနုတို့ရိုးရာကောက်ရိတ်သိမ်းမှာ တောင်ယာတွေ ပုတ်တဲ့ဒီပွဲမှာ၊

(နီ+ချို) တောင်ပေါ်နေ ဓနုတို့အမြဲပျော်ရွှင်စွာ တောင်ယာတွေသိမ်းတဲ့ပွဲတော်မှာ အိမ်တက် သီချင်းတွေ တေးဖွဲ့သီကာ ထာဝစဉ်သာ ရိုးရာမပျက်ခဲ့ပါ။

(ချို) ရောင်နီတွေသန်းတဲ့အရှေ့မှာဆင်ပါ၊ ဖန်ဝါနေမင်းကြီးထွက်ပေါ်လာ သာရကာ ကျေးငှက်တေးဖွဲ့သီရှာ၊ ဒီအာရုံဦးမှာလန်းဆန်းကြ။

(နီ) တောင်ပြာတွေမှိုင်းလို့ ဓနုမြေပျော်စရာမောင်မယ်တွေပေါင်းစုအမြဲညီညာ၊ သံပြိုင်သီချင်းတွေတေးဖွဲ့သီကာ တောင်ယာတွေရိတ်ကာသိမ်းကြတာ။

(ချို) မိုးဆန်းပန်းပမာလန်းဆန်းအမြဲသာ လမ်းလည်းမခွဲပါမောင်မယ်တွေ ညီညာပျော်ရွှင်စွာ

(နီ) ထုံးဓလေ့အမြဲမကွာ ဓနုတို့ရိုးရာကောက်ရိတ်သိမ်းမှာ တောင်ယာတွေ ပုတ်တဲ့ဒီပွဲမှာ၊

(နီ+ချို) တောင်ပေါ်နေ ဓနုတို့အမြဲပျော်ရွှင်စွာ တောင်ယာတွေသိမ်းတဲ့ပွဲတော်မှာ အိမ်တက်သီချင်းတွေ တေးဖွဲ့သီကာထာဝစဉ်သာ ရိုးရာမပျက်ခဲ့ပါ။

* * * * *

# ပန်း အ လှ ချယ် ရီ မြေ

တေးရေး- ခွန်ရာဇာ                                                    တေးဆို-အေးအေးမြင့်

မြူခြေဆိုင်းလို့မှိုင်းဝေ ရှမ်းရိုးမမောတို့သည်ဌာနေ ချယ်ရီဦးတို့ပွင့်ဖူးကြတဲ့ မြေ တောင်ပေါ်မြေရဲ့ တောမြို့သာယာနေ တောင်ယာကိုင်းနှင့်သိုင်းဖွဲ့နေ ရှမ်းပအိုဝ်း နှင့်ဓနုတို့စုံလင်ပေ၊ ပလောင်မလေးများ ပျော်မြူးကြတဲ့မြေ တောင်ပေါ်မြေရဲ့တောမြို့ သာယာပေ၊ ထင်းရှူးရနံ့ပြန့်မွှေးသင်းကြိုင်နေ၊ ကလောမြို့ရဲ့ရှုခင်းအလှစုံပေ၊ ရိုးရာစဉ် ထိမ်း၊ တို့ပျော်ရွှင်နေ၊ လာခဲ့ဖိတ်ပါရစေ ရွှေစင်မေနန်းပန်းအလှချယ်ရီမြေ။

မြူခြေဆိုင်းလို့မှိုင်းဝေ ရှမ်းရိုးမမောတို့သည်ဌာနေ ချယ်ရီဦးတို့ပွင့်ဖူးကြတဲ့ မြေ တောင်ပေါ်မြေရဲ့ တောမြို့သာယာနေ တောင်ယာကိုင်းနှင့်သိုင်းဖွဲ့နေ ရှမ်းပအိုဝ်း နှင့်ဓနုတို့စုံလင်ပေ၊ ပလောင်မလေးများပျော်မြူး ကြတဲ့မြေ တောင်ပေါ် မြေရဲ့တောမြို့ သာယာပေ၊ ထင်းရှူးရနံ့ပြန့်မွှေးသင်းကြိုင်နေ၊ ကလောမြို့ရဲ့ ရှုခင်းအလှစုံပေ၊ ရိုးရာစဉ် ထိမ်း၊ တို့ပျော်ရွှင်နေ၊ လာခဲ့ဖိတ်ပါရစေ ရွှေစင်မေ နန်းပန်းအလှချယ်ရီမြေ။

* * * * *

# ဓ နု မြေ က ဖိတ် ခေါ် တယ်

တေးရေး- ခွန်ရာဇာ                                                    တေးဆို-ဗိုးစိုးမြင့်

ဝေးတမြေစီမှာ ဓနုတို့တောင်တန်းပြာ ဖေါ်ရွှေစွာ အစဉ်အမြဲတမ်းသာ လာလည်ပါ အချစ်ဦးလေးရာ ဖိတ်လို့ခေါ်တယ်ကိုယ်တို့မြို့ကိုလာ–ဟို– ရှင်တော် မပဟာကြီးမြတ်မြဘုရားမှာ တူနှစ်ကိုယ်အတူဖူးဖို့ရာ သည်နွေမှာ လာခဲ့အချစ်ရာ

စောင့်လို့ကြိုမယ် မြေပြန့်ချစ်သူရာ– ဖေါ်ရွှေတယ်အပြုံးနှင့် ခင်မင်စွာနှုတ်ဆက် ကြင်နာစွာချစ် ခဲ့ကြတာ၊ ဟန်ဆောင်မှုကင်းတဲ့ တောင်ပေါ်မြေကတိနှင့် ထာဝစဉ် မောင်ပန်းလေးနှင့်သာ မိန်းကလေးလာရင် ချစ်သမျှကိုလေပြောပြချင်တယ် ချစ်သူရေ ကိုယ်လေအချစ်စစ်တစ်ခုသာ ရင်မှာထားရှိခဲ့တာ၊ ရင်မှာအချစ်စစ် တစ်ခုသာ ရင်မှာ ထားရှိခဲ့တာ၊ ရင်မှာအချစ်စစ်တစ်ခုသာ ကိုယ်လေထားရှိခဲ့တာ၊ ဓနုတို့မြေကိုလှမ်းလို့လာပါ ကမ်းလင့်နေမှာအချစ်ဦးရာ––(ဝေးတမြေစီမှာ ဓနုတို့တောင်တန်းပြာ ဖေါ်ရွှေစွာ အစဉ်အမြဲတမ်းသာ လာလည်ပါ အချစ်ဦးလေးရာ ဖိတ်လို့ခေါ်တယ်အောင်ပန်းမြို့/ ကိုယ်တို့မြို့ကိုလာ)၂

–ဟို–ရှင်တော်မဟာကြီးမြတ်မြဘုရားမှာ တူနှစ်ကိုယ်အတူဖူးဖို့ရာ သည်နွေမှာ လာခဲ့အချစ်ရာ စောင့်လို့ကြိုမယ် မြေပြန့်ချစ်သူရာ– ဖေါ်ရွှေတယ် အပြုံးနှင့် ခင်မင်စွာနှုတ်ဆက် ကြင်နာစွာချစ် ခဲ့ကြတာ၊ ဟန်ဆောင်မှုကင်းတဲ့ တောင်ပေါ်မြေကတိနှင့် ထာဝစဉ်မောင်ပန်းလေးနှင့်သာ မိန်းကလေးလာရင် ချစ်သမျှကိုလေပြောပြချင်တယ် ချစ်သူရေ ကိုယ်လေအချစ်စစ်တစ်ခုသာ ရင်မှာထားရှိခဲ့တာ၊ ရင်မှာအချစ်စစ်တစ်ခုသာ ရင်မှာထားရှိခဲ့တာ၊ ရင်မှာအချစ် စစ်တစ်ခုသာ ကိုယ်လေထားရှိခဲ့တာ၊ ဓနုတို့မြေကိုလှမ်းလို့လာပါ ကမ်းလင့်နေမှာ အချစ်ဦးရာ––ဝေးတမြေစီမှာ ဓနုတို့တောင်တန်းပြာ ဖေါ်ရွှေစွာ အစဉ်အမြဲတမ်းသာ လာလည်ပါ အချစ်ဦးလေးရာ ဖိတ်လို့ခေါ်တယ်အောင်ပန်းမြို့လာ××××××

* * * * *

# လွမ်း လေ ခြင်း

တေးရေး- ခွန်ရာဇာ　　　　　　　　　　　　　တေးဆို-ဗိုးအောင်နီ

ပုဆိုးဖြူမှန်ကူကွက်မနက်လည်းခြုညလည်းခြု၊ ခြုနေရက်နှင့်ချမ်းလေခြင်း၊ မိနှင့်မောင်မာမနက်လည်း ဆုံညလည်းဆုံ–ဆုံနေရက်နှင့် လွမ်းလေခြင်း၊ ချိုးဖြူ ညောင်ပင်ထက်မနက်လည်းကူနေ့လည်းကူ၊ ကူနေရက်နှင့် မဝလေခြင်း၊ မိနှင့် မောင် မာမနက်လည်းယူနေ့လည်းယူ၊ ယူနေရက်နှင့်မရလေခြင်း၊ ဝါဆိုဦးမှာ လိုက်လာမယ်ဆို၊ ဒီနွေမရောက်ခင်လိုက်ပြန်မယ်ဆို၊ ရာသီဆောင်းမှာ ပြောင်းလာ မယ်ဆို၊ ချိန်ခါမိုး မှာလိုက်ပြန်မယ်ဆို၊ မပြောချင် မလိမ်ပါနှင့်မကြိုက်လည်းဆို ကြိုက်လည်းဆို၊ ဆိုချင်ရက်နှင့်အောင့်လေခြင်း၊ ချစ်တဲ့သူကိုတနေ့လည်းကြိုနှစ်နေ့ လည်းကြို၊ ကြိုနေရက်နှင့်ရောက်မလာခြင်း။

ပုဆိုးဖြူမှန်ကူကွက်မနက်လည်းခြုညလည်းခြု၊ ခြုနေရက်နှင့်ချမ်းလေခြင်း၊ မိနှင့်မောင် မာမနက်လည်း ဆုံညလည်းဆုံ–ဆုံနေရက်နှင့် လွမ်းလေခြင်း၊ ချိုးဖြူ ညောင်ပင် ထက်မနက်လည်းကူနေ့လည်းကူ၊ ကူနေရက်နှင့် မဝလေခြင်း၊ မိနှင့် မောင် မာမနက်လည်းယူနေ့လည်းယူ၊ ယူနေရက်နှင့်မရလေခြင်း၊ ဝါဆိုဦးမှာ လိုက်လာမယ် ဆို၊ ဒီနွေမရောက်ခင်လိုက်ပြန်မယ်ဆို၊ ရာသီဆောင်းမှာပြောင်းလာ မယ်ဆို၊ ချိန်ခါမိုးမှာလိုက်ပြန်မယ်ဆို၊ မပြောချင် မလိမ်ပါနှင့်မကြိုက်လည်းဆို ကြိုက်လည်းဆို၊ ဆိုချင်ရက်နှင့်အောင့်လေခြင်း၊ ချစ်တဲ့သူကိုတနေ့လည်းကြိုနှစ်နေ့ လည်းကြို၊ ကြိုနေရက်နှင့်ရောက်မလာခြင်း။ ပုဆိုးဖြူမှန်ကူကွတ်မနက်လည်း ခြုညလည်းခြု၊ ခြုနေရက် နှင့်ချမ်းလေခြင်း၊ မိနှင့်မောင်မာမနက်လည်းဆုံ ညလည်း ဆုံ–ဆုံနေရက်နှင့် လွမ်းလေခြင်း။

* * * * *

# အပျို လဲ လို၊ အို လဲ လို

တေးရေး- ခွန်ရာဇာ တေးဆို-ဗိုးအောင်နီ၊ချိုချိုမြင့်၊အေးအေးမြင့်

(အပျိုလည်းလို၊အိုလည်းလို၊အပျိုလိုလိုအိုလိုလို)၊ (အပျိုလိုလိုအိုလိုလို)
တနှစ်လာလဲလူပျိုသိုး၊ နေနှစ်လာလဲလူပျိုသိုး၊ မယ်တို့ရွာတောင်ညောင်ပင်ရင်း
မှာ မင်းထုတ်နှင့်လူပျိုသိုး (လူပျိုသိုးပေါ့လူပျိုသိုး)

(ချို+အေး) တနှစ်လာလဲမဖြစ်တတ်၊ နေနှစ်လာလဲမဖြစ်တတ်၊ မောင်တို့ရွာမှာ
အပျိုရှားတယ်တခုလပ် (တခုလပ်ရီး တခုလပ်)

(နီ) ခမောက်ပြုဆိုးနှင်းရေတင်၊ လူပုံစုပ်လူရုပ်ဆိုးလို့အိုနိုးထင်
(အိုနိုးထင်ပေါ့အိုနိုးထင်)

(ချို+အေး) ခမောက်မဆိုးနှင့်ရေနပ်၊ အပျိုမြင်ရင်ဟတ်ဟတ်တွားတယ်၊
တခုလပ် (တခုလပ်ရီး တခုလပ်)

(နီ) အဝသားကျယ်အလယ်ပု၊ အပုလဲတို အသံအို၊ မယ်တို့အိမ်မှာ
အပိုင်ထားမယ် အိုးစယ်တို အိုးစယ်တို။

(ချို+အေး) ရတဲ့အမွေစုခွက်ဆွဲ၊ ယောင်ပေစုနှင့်အသံပဲ၊ မယ်တို့အိမ်မှာ
မောင်ငယ်များတယ် လင်းခွင်းကွဲ၊ လင်းခွင်းကွဲ။

(နီ) ဆေးပလွေခေါင်ထိုးဝါး၊ အိမ်ခေါင်းမိုးမှာပန်းဆွဲထား၊
အောင်ပန်းသား၊ အောင်ပန်းသား။

(ချို+အေး) နင့်ပလွေအဖျားခုပ်၊ ခြံစောင်ရင်းမှာ တိုင်ငုတ်လုပ်အောင်ပန်းသား
ဟာ မဖြစ်စုပ်၊ မဖြစ်စုပ်ပေါ့ မဖြစ်စုပ်။

(နီ) (အပျိုလည်းလို၊အိုလည်းလို၊အပျိုလိုလိုအိုလိုလို)၊

(အပျိုလိုလိုအိုလိုလို)

တနှစ်လာလဲလှူပျိုသိုး၊ နေနှစ်လာလဲလှူပျိုသိုး၊ မယ်တို့ရွာတောင်

ညောင်ပင်ရင်းမှာ ထမင်းထုတ်နှင့်လှူပျိုသိုး

(လှူပျိုသိုးဟော့လှူပျိုသိုး)

(နို) (အပျိုလည်းလို၊အိုလည်းလို၊အပျိုလိုလို အိုလိုလို)[၂]

(အပျိုလိုလို အိုလိုလို)

တနှစ်လာလဲလှူပျိုသိုး၊ နေနှစ်လာလဲလှူပျိုသိုး၊

မယ်တို့ရွာတောင် ညောင်ပင်ရင်းမှာ ထမင်းထုတ် နှင့်လှူပျိုသိုး

(လှူပျိုသိုးဟော့လှူပျိုသိုး)

(ချို+အေး) တနှစ်လာလဲမဖြစ်တတ်၊ နေနှစ်လာလဲမဖြစ်တတ်၊

မောင်တို့ရွာမှာ အပျိုရှားတယ်တခုလပ်

(တခုလပ်ရီး တခုလပ်)

(နို) ခမောက်ပြုံဆိုးနှင်းရေတင်၊ လှူပုံစုပ်လှူရှုပ်ဆိုးလို့ အိုနီးထင်

(အိုနီးထင်ဟော့ အိုနီးထင်)

(ချို+အေး) ခမောက်မဆိုးနင့်ရေနပ်၊ အပျိုမြင်ရင်ဟတ်ဟတ်တွားတယ်၊

တခုလတ်(တခုလပ်ရီး တခုလပ်)

(နို) အဝသားကျယ်အလယ်ပု၊ အပုလဲတို အသံအို၊ မယ်တို့

အိမ်မှာ အပိုင်ထားမယ် အိုးစယ်တို အိုးစယ်တို။

(ချို+အေး) ရတဲ့အမွေစုခွက်ဆွဲ၊ ယောင်ပေစုနှင့်အသံပဲ၊ မယ်တို့အိမ်မှာ

မောင်ငယ်များတယ် လင်းခွင်းကွဲ၊ လင်းခွင်းကွဲ။

(နို) ဆေးပလွေခေါင်ထိုးဝါး၊အိမ်ခေါင်းမိုးမာပန်းဆွဲထား၊
အောင်ပန်းသား၊ အောင်ပန်းသား။

(ချို+အေး) နင့်ပလွေအဖျားခုပ်၊ခြံစောင်ရင်းမာ တိုင်ငုတ်လုပ်
အောင်ပန်းသားဟာ မဖြစ်စုပ်၊ မဖြစ်စုပ်ဟေ့ မဖြစ်စုပ်။

(နို) (အပျိုလည်းလို၊အိုလည်းလို၊အပျိုလိုလို အိုလိုလို)[၂]
(အပျိုလိုလို အိုလိုလို)
တနှစ်လာလဲလူပျိုသိုး၊ နေနှစ်လာလဲလူပျိုသိုး၊
မယ်တို့ရွာတောင် ညောင်ပင်ရင်းမာ ထမင်းထုတ်နှင့်
လူပျိုသိုး (လူပျိုသိုးဟေ့လူပျိုသိုး)

(နို) အပျိုလည်းလို၊အိုလည်းလို၊အပျိုလိုလို အိုလိုလို)[၂]
(အပျိုလိုလို အိုလိုလို)[၂]

* * * * *

## ဓ နု မြေ သို့ လွမ်း ဓတေး တစ် ပုဒ်

တေးရေး- ခွန်ရာဇာ တေးဆို-ချိုချိုမြင့်

မြူမှုန်ရီပြာတောင်တန်းမှာ အခုချိန်ခါ၊ တနယ်တမြေစီမှာ၊ တို့ဝေးကွာ ဆွေးမပြေပါ၊ ဓနုတို့မြေကတေးသီချင်း ဆန်းလေးတွေ မောင်းအိုးစည်တွေ၊ တီးမှုတ်ကြခု၊ ခုနေခါ၊ ပြန်လည်လို့ သတိရနေ ဓနုတို့မြေ၊ မမေ့နိုင်ဘူး၊ မေ့မောင် ရေ၊ ရင်ထဲကအမြဲလွမ်းနေရှာ–ကိုယ်–ကြင်သူရေ၊ရင်ထဲမှာ ဆွေးမပြေတာ၊ ကိုယ် တနယ်စီကွာ၊ဟိုအဝေးမှာ အသည်းကြွေရှာ၊ဓနုတို့မြေကအလွမ်းတေးသီချင်းတွေ၊ အလွမ်းတေးကဗျာတွေ၊ မှန်းဆလို့တေးဖွဲ့သီရှာ၊ အလကာ်ရှာ အဝေးရပ်ကမ္ဘာ၊

ကျောင်းတုန်းဆီ ရောက်နေလည်း ခနမြေကို အစဉ်သတိရလို့လွမ်းနေရှာ၊ ပြန်လည်လို့ သတိရနေ ခနတို့မြေ၊ မမေ့နိုင်ဘူး၊ မေ့မောင်ရေ၊ ရင်ထဲကအမြဲလွမ်းနေရှာ–ကိုယ်–ကြင်သူရေ၊ရင်ထဲမှာ ဆွေးမပြေတာ၊ ကိုယ်တနယ်စီကွာ၊ဟိုအဝေးမှာ အသည်းကြွေရှာ၊ ခနတို့မြေက အလွမ်းတေးသီချင်းတွေ၊ အလွမ်းတေးကဗျာတွေ၊ မှန်းဆလို့တေးဖွဲ့သီရှာ၊ အလက်ာရှာ အဝေးရပ်ကမ္ဘာ၊ ကျောင်းတုန်းဆီ ရောက်နေလည်းခနမြေကို သတိရလို့လွမ်းနေရှာ (မြို့–မှုန်ရိပြာ တောင်တန်းမှာ အခုချိန်ခါ)

* * * * *

# မိ ဖြူ ရေ

တေးရေး- ခွန်ရာဇာ တေးဆို-ဖိုးစိုးမြင့်

ဘော်ငွေရောင်ဖြာလင်းတဲ့ညဆိုဒို့နှစ်ယောက် မေစပါယ်ရုံမှာ ချိန်းတွေ့ကြတယ်လေ ကြင်နာတာတွေချစ်တဲ့ အကြောင်းတွေပြောလို့ အချိန်အတော်ကြာအောင်တွေ့ခဲ့ကြတယ် အချစ်ရေငွေစပါယ်ဖြူလိုမိန်းခလေးအလှကို ကြည့်လို့ ရင်တွေခုန်အောင်ချစ်ခဲ့မိသူရေ သန်းခေါင်ယံကျော်ချိန်ခွဲကြရပြီအချစ်ရေ ချိုမြိုင်ရင်မှာအနမ်းလေးတစ်ခု နှင့်နှုတ်ဆက် ပြန်တော့မယ်အချစ်ရေ ပြန်တော့အချစ်ရေ၊ လာခဲ့မယ်အချစ်ရေ၊ လာအုန်းမယ်အချစ်၊ ဒီလိုအချိန်မှာ မခွဲခွါရအောင် မင်းလေးတယောက်နှင့် အမြဲတမ်းတွေ့ဖို့ ဒီတခါပြန်လည် ချိန်းတွေ့ကြရင် ဒို့နှစ်ယောက် နှစ်ကိုယ်တူ ထာဝစဉ်မခွဲဘူးမိဖြူရေ အိမ်ကိုယ်ပါအောင်မင်း တစ်ယောက်လက်ကိုတွဲလို့ ကိုယ်ခေါ်ပြန်မယ်လိုက်ခဲ့တော့ကွယ် အချစ်ရေ။

ဘော်ငွေရောင်ဖြာလင်းတဲ့ညဆိုဒို့နှစ်ယောက် မေစပါယ်ရုံမှာချိန်းတွေ့

ကြတယ်လေ ကြင်နာတာတွေချစ်တဲ့ အကြောင်းတွေပြောလို့ အချိန်အတော်ကြာအောင် တွေ့ခဲ့ကြတယ် အချစ်ရေငွေစပါယ်ဖြူလိုမိန်းခလေးအလှကို ကြည့်လို့ ရင်တွေခုန်အောင်ချစ်ခဲ့မိသူရေ သန်းခေါင်ယံကျော်ချိန်ခွဲကြရပြီအချစ်ရေ ချို့မြိုင်ရင်မှာအနမ်းလေးတစ်ခုနှင့်နှုတ်ဆက် ပြန်တော့မယ်အချစ်ရေ ပြန်တော့အချစ်ရေ၊ လာခဲ့မယ်အချစ်ရေ၊ လာအုန်းမယ်အချစ်၊ ဒီလိုအချိန်မှာမခွဲခွါရအောင် မင်းလေးတယောက်နှင့် အမြဲတမ်းတွေ့ဖို့ ဒီတခါပြန်လည်ချိန်းတွေ့ကြရင်ဒို့နှစ်ယောက်နှစ်ကိုယ်တူ ထာဝစဉ်မခွဲဘူးမိဖြူရေ အိမ်ကိုယ်ပါအောင်မင်းတစ်ယောက် လက်ကိုတွဲလို့ ကိုယ်ခေါ်ပြန်မယ်လိုက်ခဲ့တော့ကွယ် အချစ်ရေ။

* * * * *

## အံ ယား တတ် တယ်၊ မယ် စား မယ်

တေးရေး- ခွန်ရာဇာ

တေးဆို-အေးအေးမြင့်

(စပါးပြာမောင်မပြာနှင့် လက်ညှောင်းတတ်တယ် မယ်ပြာမယ်၊ စပါးထောင်း မောင်မထောင်း နှင့်လက်ညှောင်းတတ် တယ်မယ်ထောင်းမယ်၊ ထမင်းစားမောင်မစား နှင့် အံ့ယားတတ်တယ်မယ်စားမယ်)၂

ချစ်စရာကောင်းတဲ့ခေနထုံးစံ ရိုးရာကဗျာလေးတွေ ချစ်သူမောင်အားသတိရစေ ဘဝအသိရှိနေစေ၊စပါးပြာရင်မောင်လည်းပြာ၊ စပါးထောင်းရင်မောင်လည်း ထောင်းရမယ်၊ ရင်းမယ့်လေဒို့နှစ်ဦးဘဝအတွက်ပေ၊ သီးပါမျှင်ပြာရှုတ်၊ ဒို့သွားစို့လေ ၊ တောင်ယာမြေ စပါးတလင်းဒို့ရှင်းလို့စပါးပုတ်မယ် ကောက်ညှွန့်သယ် ဒို့နှစ်ယောက်အတူတွဲလို့ဘဝခရီးကြမ်းကို လျှောက်လှမ်းမယ်

(စပါးပြာမောင်မပြာနှင့် လက်ညှောင်းတတ်တယ် မယ်ပြာမယ်၊ စပါးထောင်း မောင်မထောင်းနှင့်လက်ညှောင်းတတ်တယ် မယ်ထောင်းမယ်၊ ထမင်းစား မောင်မစားနှင့် အံယားတတ်တယ်မယ်စားမယ်)[၂]

ချစ်စရာကောင်းတဲ့ဝနေထုံးစံ ရိုးရာကဗျာလေးတွေ ချစ်သူမောင်အား သတိရစေ ဘဝအသိရှိနေစေ၊စပါးပြာရင်မောင်လည်းပြာ၊ စပါးထောင်းရင်မောင်လည်းထောင်း ရမယ်၊ ရင်းမယ့်လေဒို့နှစ်ဦးဘဝအတွက်ပေ၊ သီးပါမှုင်ပြာရှုတ်၊ ဒို့သွားစို့လေ တောင်ယာမြေ စပါးတလင်း ဒို့ရှင်းလို့စပါးပုတ်မယ် ကောက်ညှန့်သယ် ဒို့နှစ်ယောက် အတူတွဲလို့ဘဝခရီးကြမ်းကိုလျှောက်လှမ်းမယ်

(စပါးပြာမောင်မပြာနှင့် လက်ညှောင်းတတ်တယ် မယ်ပြာမယ်၊ စပါးထောင်း မောင်မထောင်းနှင့်လက်ညှောင်းတတ် တယ်မယ်ထောင်းမယ်၊ ထမင်းစားမောင်မစား နှင့် အံယားတတ်တယ်မယ်စားမယ်)[၂]

* * * * *

## တာ တက် ပွဲ အာ လွမ်း ပြေ

တေးရေး- ခွန်ရာဇာ                                   တေးဆို-ဖိုးအောင်နီ

ဒီလိုအချိန်ခါမျိုး ဒို့ရှမ်းရိုးမရဲ့မြေ တာတက်ပွဲရက်တွေ ပျော်ရွှင်ခဲ့တဲ့ရက်တွေပျော်မဆုံးနိုင်ပေ၊ တမ်းတလို့ အလွမ်းရယ်မပြေ၊ ကြင်သူဖေါ်ကွာဝေး၊ တနယ်တကျေးသို့ အဝေးရောက်နေ၊ကြင်သူနှင့်အမြဲမသွေ၊အတူပျော်ခဲ့တဲ့ရက်တွေ၊ တကာယ်မမေ့နိုင်ပေ၊မှန်းဆလို့၊လွမ်းမျက်ရည်ဝေ၊ (တာတက်ပွဲ)[၃]

ရင်မှာလေသတိရတမ်းတနေ၊ကြင်သူ့ရေ အခုတော့ဝေးရပ်မြေ၊ပျော်ရွှင်စရာ မောင်းသံပုံသံတွေ၊ပြန်လည်ကာကြားယောင်နေတယ်လေ၊ သာယာဖူးတဲ့ ရှမ်းခနုဒို့မြေတာတက်ပွဲရဲ့ရက်မြတ်နေ့တွေ၊ တူစုံတွဲလို့၊ ကခဲ့ကြပြီ၊ ရင်မှာ အလွမ်း နှင့်တမ်းတမိပြီ၊မမေ့နိုင်ပေချစ်သူ့ရေ၊ ရှမ်းဌာနေ၊ဒို့နှစ်ယောက်ဖြင့် လွမ်းမျက်ရည်ဝေ။

* * * * *

# တောင် ပို့ လု လင် ဟင်း ချို ပင်

တေးရေး- ခွန်ရာဇာ                                        တေးဆို-ဖိုးအောင်နီ

တောင်ပို့လုလင်ဟင်းချိုပင်၊ တပင်တရွက်ချူးလို့ချက်၊ အိုးပဲ့နဲ့ချက်၊ ခွက်ပဲ့နဲ့ချူး၊(ဒို့လင်မယားစားလောက်ပူး)[၆]။

ရိုးသားတဲ့စိတ်အစဉ်ပြုံးပျော်မွေ့၊ ကြိုးစားတဲ့အလုပ်တွေရိုးရာခလေ့ ဆင်းရဲလည်း ဒို့အတူ အပြုံးမပျက်ဘူး၊နေပူမိုးလည်းကြီးပါစေ၊တောင်ယာ အလုပ်မပျက်ခဲ့ပေ၊ တောင်ယာအလုပ်မပျက်ခဲ့ပေ–နေပူမိုးလည်းကြီးပါစေ၊ နဂိုတူအမြဲမကွာပျော်နေတယ်။

တောင်ပို့လုလင်ဟင်းချိုပင်၊ တပင်တရွက်ချူးလို့ချက်၊ အိုးပဲ့နဲ့ချက်၊ ခွက်ပဲ့နဲ့ချူး၊(ဒို့လင်မယားစားလောက်ပူး)[၆]

တောင်ပို့လုလင်ဟင်းချိုပင်၊ တပင်တရွက်ချူးလို့ချက်၊ အိုးပဲ့နဲ့ချက်၊ ခွက်ပဲ့နဲ့ချူး၊(ဒို့လင်မယားစားလောက်ပူး)[၆]

ရိုးသားတဲ့စိတ်အစဉ်ပြုံးပျော်မွေ့ကြိုးစားတဲ့ အလုပ်တွေရိုးရာခလေ့ ဆင်းရဲလည်း ဒို့အတူအပြုံးမပျက်ဘူး၊ နေပူမိုးလည်းကြီးပါစေ၊တောင်ယာ

အလုပ်မပျက်ခဲ့ပေ၊ တောင်ယာအလုပ်မပျက်ခဲ့ပေ– နေပူမိုးလည်းကြီးပါစေ၊ နဂိုတူအမြဲမကွာ ပျော်နေတယ် တောင်ပို့လှင်ဟင်းချိုပင်၊တပင်တရွက်ခူးလို့ ချက်၊ အိုးပဲ့နဲ့ချက်၊ ခွက်ပဲ့နဲ့ခူး၊ (ဒို့လင်မယားစားလောက်ပူး)[၆]။

* * * * *

## ဆုံ စည်း ရာ နေ့

ရေး-နေမျိုးဦး

တေးဆို-သင်ငတွား

V1: မိုင်းညို့တောင်စခန်း ရှမ်းဒ္ဓာနေ ချယ်ရီမြေမှ တို့ဓနုတွေ
သာယာရှုမငြီးဟဲ့ တောင်တန်းလေးပေါ်မှာ ခင်မင်စရာကောင်းတဲ့ တို့ဓနုတွေ
ပွေးလှ အောင်ပန်း ကလော ဟဲဟိုး ရွာင် ပင်းတယ ရပ်စောက်နောင်ချို ပါမကျန်
မျိုးဆက်သစ်တို့ ဆုံစည်းဖို့ရာ လတပေါင်းရဲ့ အဖိတ်နေ့ကိုလာ...

Cho: (သာယာစုစည်းလို့ ညီညီညာညာနော်
သဲပုံစေတီတော် ရည်မျှော်ကာပူဇော်
သဘာဝသမိုင်းဘုရားနဲ့ ရွှေဥမင်ဂူတော်
ပူဇော်ရှစ်ခိုးလို့ သာဓုတွေရယ်ခေါ်
လတပေါင်းရဲ့ အဖိတ်နေ့မှာ တို့ဓနုတွေ ဆုံစည်းကြမယ်လေ)

V2: ဝေးရပ်မြေမှ သွေးချင်းတွေ တစ်နှစ်တစ်ခေါက်တော့ ပြန်လာလေ
နွေတပေါင်းလရဲ့ အဖိတ်နေ့မှာ တို့ဓနုရဲ့ ရှေးအစဉ်လာ
ရောက်အောင်လှမ်းခဲ့ ဆီးလို့ကြိုမယ် ဆုံစည်းရာနေ့မှာ အတူတူပျော်မယ်

မျိုးဆက်သစ်တို့ ဆုံစည်းဖို့ရာ လတပေါင်းရဲ့ အဖိတ်နေ့ကိုလာ...

Cho: (လက်ဆုံကာစားဖို့ မှန်မှန်ပြန်လာနော်
တပေါင်းပွဲတော်မှာဆို ပြုံးရွှင်ကြည်နူးပျော်
ရှေးဟောင်းသမိုင်းဘုရားနှင့် ပင့်ဖိတ်သံဃာတော်
ဆွမ်းဆန်တွေလောင်းလို့ သာဓုတွေရယ်ခေါ်
လတပေါင်းရဲ့ အဖိတ်နေ့မှာ တို့ခနတွေ ဆုံစည်းကြမယ်လေ)

* * * * *

## တို့ ခ နု

ရေး-ကိုဇော်မင်း ဆို-စုပေါင်း

V1: မောရှမ်းမြေ နောက်ဖက်တောင်တန်းလေးဝယ် အစဉ်ပင် ငြိမ်းအေး သာယာတည်
တို့ခနုသည် ပြည်ထောင်စုအတွက်ဖြင့် စိုက်ပျိုးကြခင်း ထွက်ကုန်မှီ...
ရှမ်းမျိုးနွယ် ပြောဆိုဟန်လေးဝဲလို့ တကယ်ပင် ရိုးသားဖြူစင်သည်
ကိုးကွယ်ရာ ဘာသာဝန်များထမ်းခဲ့ ရှင်ဇာနည် မွေးထုတ်နိုင်ခဲ့ပြီ...

Cho: (လူငယ်တံခွန် လူရည်မွန် မျိုးရိုးဂုဏ်ကို စောင့်ရှောက်မည်
ဖြူစင်တဲ့ခနု ပီပီ အမိမြေကို အလုပ်အကျွေးပြုသည်...
အောင်လံတံခွန် လူရည်မွန် တိုင်းပြည်တာဝန် ထမ်းရွက်မည်
ရိုးသားတဲ့ခနု ပီပီ အမိမြေကို ငြိမ်းချမ်းရပ်တည်...) ၂ ခေါက်

V2: တို့ခနုမြေ ထင်းရှူးပင်များကြားဝယ် အစဉ်ပင် စိမ်းလန်းစိုပြေတည်
တို့ခနုသည် တောင်ယာ/လဖက်ခင်းနဲ့ သက်မွေးကြရင်း ထုတ်ကုန်မှီ...

အိုးစည်သံ သိုင်းကဟန်လေးနှောလို့ အမှန်ပင် လိုက်ဖက်ညီပေသည်

ရှေးစဉ်လာ ရိုးရာမွေများထိန်းခဲ့ ချီလာပြီ ခေတ်အနာဂတ်ဆီ...

Cho: (လူငယ်တံခွန် လူရည်မွန် မျိုးရိုးဂုဏ်ကို စောင့်ရှောက်မည်

ဖြူစင်တဲ့ဓနု ပီပီ အမိမြေကို အလုပ်အကျွေးပြုသည်...

အောင်လံတံခွန် လူရည်မွန် တိုင်းပြည်တာဝန် ထမ်းရွက်မည်

ရိုးသားတဲ့ဓနု ပီပီ အမိမြေကို ငြိမ်းချမ်းရပ်တည်...)၂

* * * * *

## ဓ နု ရဲ့ ဓ လေ့

ရေး-ကိုနေမျိုးဦး

ဆို- ကမ္ဘာ

အမေဟာ ဆွမ်းဟင်းအတွက် စောစောထလို့ချက်

တုံးခေါက်ချိန်မှာ တစ်ရေးနိုး မီးစတင်ပျိုး

ဂျုံးမြစ်သပ်သပ် ပဲစေ့နုပ် ဆီကရွဲရွဲ ဆွမ်းဟင်းပွဲ ရွာဦးကျောင်းကိုဘဲ

တို့ဖဟာလေ သံသရာအတွက် ဥပုဒ် နှစ်ရက်ဆက်

အောင်နိကတော့ တစ်မျိုးဆိုး ရွာနီးစပ်လိုက်ပိုး

ကပ်သီးကပ်သပ် ပေါင်းစုစပ် ပျော်စရာဆင်နွဲ ကထိန်ပွဲ တို့ရွာသားပျော်ပွဲ

တို့မေဟာလေ ကျွန်တော်အတွက် မနက်စာပဲပုတ်ချက်

ညနေကြတော့ တစ်မျိုးတိုး ဝါးမျှစ်ကိုချိုး

စပ်သီးစပ်စပ် မျှစ်ချဉ်ဖတ် ဆီမပါတဲ့ ထမင်းပွဲ မိသားစုဆင်နွဲ

မိနီငယ်လေး အဝတ်အစားအတွက် ရိုးရာဂျက်ခုတ်သက်

ပွဲတော်အတွက် အဆင်တစ်မျိုး ဆေးရောင်ချယ်ဆိုး

အနားမသတ်တတ် ရှုပ်ရှက်ခတ် တူညီစုံတဲ့ တာတက်ပွဲ ပြုံးလို့ဆင်နွဲ

သံချပ်...... တစ်ရာဖိုးသုံးထည် မိနီယက်တဲ့ဘောင်းဘီငယ်

တလင်းပွန်မှဝယ်လို့ရ လူပဲ့မျက်နှာ (ရှုံ့တွတွ–ရှုံ့တွတွ)

တစ်နေ့လာလဲ ပဲပုတ်ဟင်း နေနေ့လာလဲ ပဲပုတ်ဟင်း

အောင်နီမျက်နှာ (ခပ်တင်းတင်း–ခပ်တင်းတင်း)

ဂျူးမျှစ်ရောစပ်မြေပဲဖတ် ထည့်လည်းသုံးလို့ ဟင်းချက်ထပ်

မိနီမျက်နှာ(ပြောင်စပ်စပ်– ပြောင်စပ်စပ်)

ဟင်းပျယ်ပျယ် မပျယ်ပျယ် အမေချက်ဖို့ တို့ဖဝယ်

အိမ်သားစားဖို့ခြံထဲမယ်(ခူးစားမယ်–ခူးစားမယ်)

ဂျယ်မောက်ထောင်လို့ရွာထဲလည် မော်ဒယ်လေးမှ သူကြိုက်တယ်

တစ်ကိုယ်လုံးမှာ တက်တူးထိုး(လူပျိုသိုး–လူပျိုသိုး)

အောင်ငဲနီဆံပင်ဆေးရောင်ဆိုး ရွာထဲနွားသိုး လိုက်ဖေ့တိုး

ဂျင်းဘောင်းဘီ အလယ်ပြတ် တို့ဖတွေ့တော့ အမြင်ကပ်

မစီးတတ် စီးတတ် ဒေါက်ဖိနပ် မိနီမျက်နှာနေကာတပ်

နှုတ်ခမ်းနီရဲ ပါးနီရဲ တေတိုင်းဝတ်တော့ တစ်ဘက်ကွဲ

ကထိန်ပွဲကြီးနီးလာလျှင် ဆံပင်ကောက်ဖို့ မိနီပြင်

ရှေ့ကွဲနောက်ကွဲဝတ်လို့ကဲ ဖိုးအောင်နီတို့ မျက်နှာလွှဲ

စတိုင်ကျကျ ကုသိုလ်ရှာ ဝတ်စုံပြည့်နဲ့ပွဲတော်လာ

အိမ်အပြန် အရက်မူး မိန်းမမျက်နှာ(ပြောပြဘူး ပြောပြဘူး)

* * * * *

# ဓ နု နေ တဲ့ ဓ နု မြေ

ရေး-ကိုနေမျိုးဦး	ဆို-အတူး

V1: စိမ့်စမ်းရေ တသွင်သွင်စီးဆင်း သဘာဝရှုခင်းအလှ တုနှိုင်းမရပေ
ထင်းရှူးရနံ့ သင်းပျံ့လေပြေ ချယ်ရီပွင့်တဲ့ တို့ဓနုနယ်မြေ

V2: တောတောင်တွေ အထပ်ထပ် ကာခင်း ကျေးငှက်တို့ ပျံ့သန်းကြ
တော်ဝင် သစ်ခွတွေ အမြဲအုံ့ဆိုင်း မောတို့တိုင်းဌာန
လှိုဏ်မြောင်ချိုင့်ဝှမ်း ဂူတောတန်းတွေ

Cho: ရေမြေအနေအထားလှပ စိုက်ပျိုးရေးနဲ့ အသက်မွေးကြတို့တတွေ
သစ်တော အာလူး ဂျူးဖူးတို့စိုက်ပျိုးရာမြေ
မှုလာထုပ် ပဲပုတ် လိမ္မော် သနပ်ဖက် တောင်ယာ ဂျုံခင်း
ဆက်စပ်နေ ရိုးရာမပျက် တာတက်ပွဲ ပြုံးလို့ပျော်ကာတူဆင်နွဲ
ဓနုနေတဲ့ တို့ဓနုမြေထဲ

V3: မြူခိုးဝေ ပိုးတဝါးမြင်ကွင်း အလေ့ကျ အရိုင်းပန်းအလှ
မြင်တိုင်းထူးဆန်းနေ လှဏ်ခင်းတို့ မှိုင်းညို့တောင်ခြေ
အကွေ့အကောက် ရှည်လျား တောင်တက်သွားလမ်းတွေ

V4: ငြိမ်းအေးတဲ့ ထုံးဖြူဖွေးဖွေးလေး ဗုဒ္ဓ ဓမ္မစိတ်ချမ်းမြေ့လောက
အေးရိပ်လေး တစ်မူးရလို့ တစ်ပဲလှူနေ အလှူအတန်းကြွယ်ဝ
တို့ဓနုဒေသလေ

Cho: {————}
အမြဲစိမ်းလန်း အမြဲအေးချမ်း မောရှမ်းမြေရဲ့တောင်ဖက်ခြမ်း

* * * * *

# ရိုး ရာ ရဲ့ အ မေ

ရေး-ကိုနေမျိုးဦး ဆို-ထွန်းထွန်း

V1: တစ်နေကုန် နေပူထဲ မိုးလင်းမိုးချုပ် တောခလေ့အလုပ်မို့
အမေ ပင်ပန်းမဲ့အစား ပြုံးရွှင်မျက်နှာထားနဲ့
သားသမီးများကို အကောင်းဆုံးပြုစုနိုင်ခဲ့

V2: ပညာစာမတတ်လဲဘဲ ကြိုးစားအားထုတ် လောကအရှုပ်ကို
အမေ ဖြေရှင်းလို့ပေး မနစ်နာ မေတ္တာ စွမ်းအား
အတိုင်းအဆ မရှိပါ အန္တိုင်းမဲ့ အမေ့မေတ္တာ

Cho: သားသမီးဇောမာန်နဲ့ လောကဓံကို ရင်ဆိုင်ကာအံတု
မတုန်လှုပ် နောက်မဆုတ် အလုပ်ကို ဆက်လုပ်ခဲ့အမေ
တောနေတောင်ကြား မရပ်မနားရှာဖွေ မြို့ကျောင်းထားပေးတဲ့အမေ
ဘယ်လောက်ပင် အခြေအနေဆိုးလည်း မငြိုးလျော့သွားခဲ့ပေ
(အပြုံးတစ်ချက်မပျက်ပါ အမေ့ရဲ့မျက်နှာ ကြည်သာရွှင်ပြအေး)၂

V3: နေခြည်ဖြာလေနုအေး တိုက်ခတ်ပေးသလို အမြဲအေးငြိမ်းစေ
အမေ့ရဲ့မေတ္တာများ သားသမီးတွေအတွက်အား
စိတ်ချမ်းမြေ့စရာ ညီညွတ်တဲ့ တို့မိသား

V4: မငိုခင် လိုအင်အရင်ဖြည့် သမီးကြီးသားငယ် လောကလူ့အလယ်
အနယ်ထိုင် အခြေကျပြီမို့ အတုန့်အလှည့် တာဝန်အား
တရားဓမ္မရိပ်မှာ အေးရိပ်ရှာတော့ အမေ

Cho : {------} V3 + V4

* * * * *

# သို့ ချယ် ရီ မေ

ရေး-ကိုနေမျိုးဦး ဆို- ကမ္ဘာ

V1: အမြဲစိမ်းလန်း အေးဆေးနေတဲ့ တို့တောင်ပေါ်ကရွာကလေး
လွှက်ချူးသွားမဲ့ မိနိုင်ယ်ကို ခြံအသွားလမ်းမှာ ထိုင်ကာငေး
သက်ဆိုင်သူလေးနားဆင်ဖို့အတွက် FM ရေဒီယိုဆီ သီချင်းတောင်းပေး
sunday မပါရင် Monday လာမဲ့ စောင့်မျှော်နားဆင် ချစ်သူလေး
သိပ်ချစ်မိတဲ့အကြောင်း ရွာဆော်မောင်းလေးလို ခဏခဏလွှင့်ပေး
ရေဒီယိုလေးရေ

V2: သီတင်းကျွတ်ပြီးရင် တန်ဆောင်မုန်းလို့ သူကကျွန်တော့်ကို အဖြေအမြဲပေး
တစ်နှစ်ပြီး တစ်နှစ်စောင့်ရနှစ်တွေ လူပျိုကြီးဖြစ်ဖို့ မြင်ရောင်သေး
စုဆောင်းထားသမျှ လွှက်ခြောက်များကို အမြန်ရောင်းပြီးတော့ တင်တောင်း
ပေး ခေါင်းငြိမ့်ပြမလား ခေါင်းခါငြင်းမလား ကျွန်တော့်ရဲ့စိတ်တွေ
တစ်ကယ်ကိုလေး အဒေါ်ရေပိုက်ဆံချေး အမေကခြံအမွေပေး အေးဆေး
နွေးထွေး ချစ်သူလေးရေ

Cho: ဝါကျွတ်ပြီးရင် ရက်သတ်မှတ် မိနိုင်ယ်ကို အမြန်လက်ထပ်
ခုနေခါကျတော့ လူပျိုသိုး နောက်နှစ်ကျတော့ ကလေးချီပိုး/မယ်ပော့
ဖြစ်ချင်တာတွေ အများကြီး မိနိကတော့ စပ်ဖြီးဖြီး
ရှိစုမဲ့စု ပေါင်နှံ့ထု လူပျိုဘဝက ကျွတ်ချင်ပြီအခု

(V1: + V2:+ Cho)$^2$

* * * * *

# မိုး လွတ် တဲ့ လှော်

ရေး-ကိုနေမျိုးဦး

ဆို- ကမ္ဘာ

လှော်ခြောက်လျော် ရနံ့သင်းတဲ့ အခါးရည်ခပ်ပြင်းပြင်းတစ်ခွက်
မောပန်းစဉ် သစ်ပင်ရိပ်ခို ရေငတ်ပြေသောက်ဖို့ကို
စိမ့်စမ်းရေ ကြိုချက်ပေး ရွှေဖီမိုးလွတ်လေး
ရင်ထဲပူဆင်းအေး သောက်စို့ အခါးရေလေး

ဆောင်းဦးမြူမှုံဆင်းတော့ နှင်းရေသောက် လှော်ခင်း
ခါးသက်သက်နဲ့ လှော်စို ထူးခြားလို့အရသာပို
ညှော်သည်လာရင် ကျွေးမွေး မြိတွက်ရွက်ပျိုလေး
အိမ်အပြန်တော့ လက်ဆောင်ပေး လှော်ရိုးရာလေး

တောင်ပေါ်မြေမှာ တည်ခင်းစားစရာ လှော်သုတ်နဲ့အခါးရေအမြဲပါ
နေညိုချိန်ဆိုပေါင်းစုကာ ပျော်စရာပြော ရီမောဖို့ရာ
ငယ်သူငယ်ချင်းများ လူပျိုပိုင်းစကား ကြင်ဖော်ရှာဝလေ့ထုံးစံအား
ငယ်သူငယ်ချင်းတစ်စု အခါးရည်ဝိုင်းပြုညီညာတဲ့ဓလေ့ ထုံးစံတစ်ခု

* * * * *

# နာ ရေး ကူ ညီ အ သင်း

ရေး-ကိုနေမျိုးဦး　　　　　　　　　　　　ဆို-စုပေါင်း

V1: မြင့်မြတ်တဲ့ မေတ္တာတရား အတူအညီမှုထားရှိလို့လေ
ရေမြေဒေသမရွေး ဝိုင်းဝန်းအကူအညီပေးကျစို့လေ
ခနုရဲ့နာရေးကူညီအသင်း အားလုံးလက်တွဲရင်းနဲ့
စေတနာ သဒ္ဓါရှင်းသန့်လို့ ကူညီမယ် လူအချင်းချင်း

V2: လူငယ်တွေစုစည်းကာထား အရေးကြုံရင် အမြဲအဆင်သင့်ရှိနေ
အချိန်ခါနေရာမရွေး အားငယ်သူအတွက် ဆေးတစ်ခွက်ဖြစ်စေ
ခနုရဲ့ လူမှုကူညီအသင်းဖြူစင်စိတ်ထားရှင်း
စာနာညှာတာ စိတ်ဓာတ်အရင်းနဲ့ အများကျိုးပြု ရန့်သင်း
မိဘပြည်သူများ သဒ္ဓါတရား ထက်သန်အလှူ
လူငယ်မောင်မယ်တို့ စိတ်ထားခြင်းထပ်တူ
အေးတူပူအမျှ အကောင်းအဆိုးမျှယူ/ငြိမ်းအေးလှပ
နာရေးအကူအညီအသင်းက လူသားအားလုံးအတွက်အထောက်ကူ

* * * * *

# မ တီး လဲ က တီး လဲ က

ရေး-ကိုနေမျိုးဦး

ဆို-ချစ်ပိုင်ဇော်

(မတီးလဲက တီးလဲက မကလဲတီး ကလဲတီး)၂ မယ်လေ

**V1:** အိုးစည်ဝိုင်းဖွဲ့ညံ့ တီးခတ်လိုက်တဲ့အသံ
သွေးကြောထဲပျံ့နှံ့ စည်းချက်ရင်ခုန်မြန်/ အသွေးအသားထဲထိ
စီးမျှောရင်ခုန်မြန်
ရိုးရာဝလေ့မို့ အမြဲပျော်မွေ့ အားမာန်အပြည့်နဲ့
ကလို့ခုန်မယ် တောင်တန်း ပွဲတော်နေ့

**V2:** မောင်းမှုံမောင်းတီးသံ မြူးကြွစိတ်ထဲကျန်
ဝါးလက်ခုပ်နဲ့ လင်းခွင်းသံ တညံ့ညံ့
ဓနုမှန်သမျှတော့ အကုန်ကခုန်ကြ ဇာတိမာန်တက်ကြွလို့
အဖွားတွေတောင် မြေးပိုးလို့ ပျော်နိုင်သေး

**Cho:** ညီအကို မောင်နှမ အချင်းချင်း နောက်ပြောင်ကြည်ဖယ်ကြရင်းနဲ့
ရှေးရိုးရာ အမွေ ကျေးလက်တေးကဗျာတွေ
အပြန်အလှန် သံချပ်ပေးလို့ နောက်ပြောင်ရီမောနေ
နှင်းမြူတွေဖုံး တောင်တန်း တပြင်လုံး တုန်ကာချမ်းအေးအုန်း
မမောတန်းဘဲ ကမယ်လေ/ တီးကြ ကမယ်လေ

* * * * *

# ခ န ရဲ့ ဣ ထိန်

ရေး-ကိုနေမျိုးဦး

ဆို-ချစ်ဝိုင်းဇော်

V1: ဝါသနာအထုံပါလာတော့ တစ်ရာသီ ပြန်ရောက်လာပြီပေါ့
အလှူပေးချင်တဲ့အစွဲ မခန်းနားလဲလေ
တစ်စွမ်းအားသ၍ ပေါင်းစုဘုံကထိန်ပွဲ
အတူလက်တွဲ ညီညာမြဲ/ တစ်စိတ်တစ်ဝမ်းတည်း
စည်းလုံးခြင်းရဲ့ပြယုဒ်တစ်ခုပါ ဝိုင်းဝန်းလှူတဲ့ပွဲ
ဆင်းရဲချမ်းသာမရွေး တစ်နိုင်တစ်ပိုင် အလှူတွေပေးလို့
တို့ခနများရဲ့ ပေါင်းစည်းစုတဲ့ တန်ဆောင်တိုင် အလှူဘုံကထိန်ပွဲ

V2: တောင်တန်းခွင် တစ်ပြင်လုံး ဖေထုံ အိုးစည်သံညံမဆုံး
ဆီမီးထွန်းညှိ ပူဇော်ပွဲ စီတန်းလှည့်လည် ဘုရားသွား ကျောင်းလမ်း
အလင်းတန်းဖြာဝေမြဲ
ရည်မျော်မှန်း သံသရာလမ်း
ညီညွတ်ခြင်းတို့ရဲ့ အားအဖြစ်နဲ့ ပြင်ဆင်, ပဒေသာပင်, ချိတ်ဆွဲ
အယုတ်အလတ်အမြတ်မရွေး မတွန့်မဆုတ် အလှူတွေပေးလို့
တို့ခနများရဲ့ ပေါင်းစည်းစုတဲ့ တန်ဆောင်တိုင် အလှူဘုံကထိန်ပွဲ

V1: + V2:

Cho: နေ့ရဲ့အလှ ကထိန်ခံ ညကြတော့ စိန်နားပန် မီးကြီးမီးပုံးပျံလွှတ်မြဲ
မရှင်တော် ဗုဒ္ဓကို ပူဇော်ကန်တော့ကြတဲ့ ကထိန်ရာသီ
တန်ဆောင်တိုင် ဘုံကထိန်ပွဲ

* * * * *

# ယာ ပုတ် ချိန်

ရေး-ကိုဇော်မင်း ဆို-ကမ္ဘာ

သီတင်းဝါကျွတ် မိုးရယ်လွတ်ရင်
နီကြောင်ထမင်း ဆန္ဒင်းဝင်းသည့်
ငါးပိကောင်ကြော် ဂျူးမှုစ်အဖော်နဲ့
ပဲပုတ်မှုန့်ထောင်း စပ်သီးလောင်း၍
ပဲလုံးကိုပြုတ် ဟင်းရည်လုပ်ကာ
တောင်ယာတလင်း ဓနုဟင်းဖြင့်
စုပေါင်းသယ်ထုတ် စပါးပုတ်ရင်း
တူလက်ဆုံနဲ့ စားကြမယ်
ယာပုတ်ချိန်ခါ လာခဲ့ပါ

* * * * *

# ချစ် သော ဌာ နေ

ရေး-သားငယ် ဆို-သားငယ်

➤ (ပြန်ချင်ပြီ ဌာနေဓနုမြေ ကိုယ်လေလွမ်းနေ သတိရနေ
အဝေးရပ်မြေ ကိုယ်လေသွား သွားခဲ့တာ
နှစ်ပေါင်းများစွာ ဝမ်းစာရေး)

**Cho:** ဓနုရဲ့အလေ့ ပန်းကော်ဖီ မစားခဲ့ရတာ သိပ်ကိုကြာ
ဓနုတို့ရဲ့ အလေ့ အိုးစည်သံ မကြားခဲ့ရတာ သိပ်ကိုကြာ

>> သာယာတဲ့ ချယ်ရီတောတောင် မြင်ရောင်ဆဲပါ
အဝေးမှလေ ရှိုင်းပင်းကာ ကူညီတဲ့ စိတ်ဓာတ်ဟာ
လူမျိုးတိုင်းမှာ ရှိတယ်လေ

>>> တကယ်ဆိုရင် တောင်ပေါ်ခနမြေ ဟန်ဆောင်မှုတွေ
ကင်းမဲ့နေ ထူးခြားကာ ဖြူစင်တဲ့ စိတ်ဓာတ်ဟာ
တို့နှလုံးသားမှာ မြဲတည်စေ

**Cho:** ခနတို့ရဲ့အလေ့ မြင့်မြတ်သော စိတ်ဓာတ်တခုကို
ချစ်နေမယ် အဆင်းလှပတဲ့ လက်ဖက်တောင်တန်း
မရောက်ဖြစ်ခဲ့တာ သိပ်ကိုကြာ

* * * * *

## ပင်း တ ယ

ရေး-ပြည့်ပိုင်မှူးအိမ် ဆို-ပြည့်ပိုင်မှူးအိမ်

အဝေးရောက်ချိန်မှာ ကြားမိခနအိုးစည်သံ
ရင်ခွင်ကိုအပ်နဲ့ဆွသလို ငါလွမ်းတယ်
ဘယ်အချိန်ပြန်လာမယ် ရေရေရာရာရယ် ငါမပြောနိုင်
ငါမပိုင်တော့တဲ့ ငါ့အချိန်နဲ့

ရှင်ပျော်မြူးခဲ့ ခနအကအလှရယ်
သီဆိုကြူးတဲ့ ခနသံချပ်များရယ်
ရင်မှာ အထပ်ထပ် ငါ့နားထဲကြားယောင်ဆဲ

စေတီပုထိုးနဲ့ တောင်တန်းများဆီ
အမေနေထိုင်ရာ ငါ့မြို့လေးဆီ
ချယ်ရီပန်းနဲ့ သူငယ်ချင်းများဆီ
ကန်ရေပြင်ရယ် ညောင်ပင်တန်းများဆီ
ငါတကယ်လွမ်းလွန်းလို့ ပြန်ချင်ပြီ

* * * * *

## ဓ နု တာ တက် ပွဲ သီ ချင်း

**ရေး-ဂီတဆရာတစ်ဦး** **ဆို- xxxxxxx**

– ထုံးမလေ့မြဲမသွေ တာတက်ပွဲတော် မလေ ...
ဒို့တတွေ နွဲပျော်ဖို့ရာ ဆိုတီးကခုန်နေ
အပေါင်းအသင်းမိတ်ဆွေ လာကြစမ်းပါဟေ ....
ဒို့တာတက်ပွဲ နွဲပျော်ဖို့ရာ ဒို့များဖိတ်ခေါ်နေ ....

– ကြည်ကြည်ရွှင်ရွှင် စိတ်ပျော်မွေ့စရာ ဓနုမောင်မယ်တွေ
အိုးစည်သံရယ် တီးတောင်သံရယ် မောင်းသံရယ် လကွင်းသံရယ်
တီးသံပိုင်ပိုင် ကခုန်မြိုင်မြိုင် ယှဉ်ပြိုင်တွဲလျက် ကချက်ညီစို့လေ

– ပျော်စေရွှင်စေ မိတ်ပေါင်းသဟာဆွေ
ဒို့တတွေပေါင်းစု ကခုန်မြူလို့ စေတီထူးမှာ ဦးခိုက်စို့လေ
လာလေ သဟာဆွေ(ကုသိုလ်)[၃] ထွေထွေမျှညီတူတူ ရယူနိုင်ဖို့လေ

(စ–ဆုံး ၊ တစ်ခေါက်ပြန်ကျော့)

* * * * *

# အာ ဖြူ ရောင် သံ စဉ်

ရေး - သက်နိုင်ဦး ဆို- ဘိုဖြူ

'ထင်းရှူးတောတန်း၊ တောင်တန်းကြီးတွေနဲ့ ဝိုင်းလို့ကာဆီးထားတဲ့ မောမြေအမြင့်မှာ၊ မြူနှင်းများနှင့် ရီဝေကာအုံ့ဆိုင်းလို့နေတဲ့၊ တောင်ကုန်းများက ဘော်ငွေရောင်ပမာ ရစ်သိုင်းလို့နေတယ်၊ ဖြူစင်စိတ်ထားနဲ့သဘော အလွန်ကောင်းတယ်၊ သွေးချင်းတို့မြေတို့ရဲ့ 'ခနု' ဌာနေ၊ ဝဲတဲ့စကားသံ တစ်မျိုးလေး ချစ်စရာလေ ခလောက်သံညည်းတဲ့မြေ အိုးစည်ကြီးတီးလိုပျော်နေ နှစ်စဉ်နှစ်တိုင်း နွှဲလို့ပျော်မည် ဒို့များရိုးရာပွဲ ရိုးရာအမွေကိုထိန်းလို့ပျော်မည် ကောက်ရိတ်သိမ်းတဲ့ပွဲ ဒို့ခလေ့ကိုတွေ့ရအောင် လှမ်းခဲ့ပါ ဖိတ်လို့ခေါ် ပျော်စရာကောင်းလွန်းလို့နော်'

× ⌘ ×(ပင်စိမ်းသီးပိုးထိုး၊ တောင်ကြီးသူမရအောင်ပိုး

(ရအောင်ပိုးဟေ့၊ ရအောင်ပိုး)

ပင်စိမ်းသီး နေဆာလောင် မိန်းမလက်ဆောင်ပေးရအောင်

(ပေးရအောင်ဟေ့၊ ပေးရအောင်)

ဘိလပ်ရည် အမြှုပ်ထ ငါယူမှာက ခနုမ

(ခနုမ ဟေ့ ၊ ခနုမ)

ဘိလပ်ရည် ချိုချိုလေး ၊ ငါယူမှာက အပျိုလေး

(အပျိုလေးဟေ့၊ အပျိုလေး)

သပြေပန်း ဘုရားမှာလှူ၊ တောင်ကြီးသူမ ရအောင်ယူ

(I Love You ... I Love You)

ငယ်ခါဒို့ဖပိုး ကျောကုန်းပူအောင် ဒို့ဖပိုး

(ဒို့ဖပိုးဟော့၊ ဒိုဖ ပိုး )

ကြီးလာခါ သူမျှားပိုး နန်းပေးသူငယ် ရည်းစားထားတယ်

(သူမျှားပိုးဟော့၊ သူမျှားပိုး)

တောင်ကြီးသူမဟန်ရေးလုပ် ယောကျ်ားရမှ ဝတုတ်တုတ်

(မုန်လာထုပ်၊ မုန်လာထုပ်)

ထမင်းစားပြီးတစ်မျိုးလို ၊ အိပ်ယာဝင်လည်း တစ်မျိုးလို

(ဆေးလိပ်တို၊ ဆေးလိပ်တို)

ပင်စိမ်းသီး အညာချွေချ၊ တောင်ကြီးသူမ ငါနဲ့ရ

(ငါနဲ့ရ ဟော့ ငါနဲ့ရ)

'ရိုးသားမှုနဲ့ ဖြူစင်တဲ့မနောတွေက ဒို့ဓလေ့မှာ အမြဲရှင်သန် ဦးထိပ်ထားတယ်၊ အမုန်းများကင်းတဲ့ ဒို့ကမ္ဘာဆီလေ ငြိမ်းချမ်းတဲ့အရပ်ဘဲ စမ်းချောင်းများကကြည်လင်စွာ စီးဆင်းလို့နေတယ် တောင်ယာစိုက်ခြင်းနဲ့ အသက်ကိုမွေးတယ်၊ သွေးချင်းတို့မြေ ဒို့ရဲ့ 'ခနု 'ဌာနေ သိုင်းကွက်အကဟန် တစ်မျိုးလေးချစ်စရာလေ၊ မိုးနွေ ဆောင်း ပြောင်းခဲ့ပေ ဒို့အစဉ်အဆက် မပျက်ခဲ့ပါလေ အိုးစည်ပုံမောင်း လင်းဂွင်း တီးသံတွေ မိုးလုံးထိသံကြား စိတ်သဒ္ဒါဝေစည် တိုးလို့သာလေ ဘုရားသွား ကျောင်းတက်မလား ဒို့ခနုမြေ လိုက်ခဲ့လေ လှမ်းခဲ့ပါ ဖိတ်လို့ခေါ် ပျော်စရာ ကောင်းလွန်းလို့နော် ..'

* * * * *

# နိဂုံး

ခနေ့စာပေယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအသင်းကြီး၏ ကြိုးပမ်းမှုဖြင့် တစ်နေ့တချိန်တွင် ရုံးအဆောက်အဦးများ၊ မြို့နယ်အသီးသီးတွင် ဖြစ်ပေါ်လာလိမ့်မည်ဟု ယုံကြည်ပါသည်။ ပင်းတယမြို့နယ်အနေဖြင့်မူ ထိုကဲ့သို့ ရုံးအဆောက်အဦးဖွင့်လှစ်ထားနိုင်ပြီဖြစ်ပါသည်။ နောင်လာမည့်မျိုးဆက်သစ်များ အတွက် စာပေမှတ်တမ်းများ ဖော်ထုတ်ထိန်းသိမ်း မှတ်တမ်းပြုလျက် ရုံးအဆောက် အဦးများ၊ စာကြည့်တိုက်များတွင် စာပေယဉ်ကျေးမှုမှတ်တမ်းများကို ထားရစ် ပေးခဲ့ရန် ခနေ့စာပေယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအသင်းကြီး၏ တာဝန် ဟုယုံကြည်ပါသည်။ ထိုသို့ ယုံကြည်သည့်အလျောက် ခနေ့အိုးစည်များအကြောင်း၊ ခနေ့ပျော့များအကြောင်းနှင့် ခေတ်သစ်ခနေ့တေးသီချင်းများကို စုစည်းတင်ပြပေး ထားခဲ့ပါသည်။ ထပ်မံ၍ ပေးပို့လာသောသီချင်းများ အကြံပြုချက်များရှိပါက ဖြည့်စွက်ချက်များဖြင့် ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါသည်။ ခနေ့တိုင်းရင်းသား များအားလုံး ခနေ့စာပေယဉ်ကျေးမှုနှင့်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတက်စွမ်း သည့်ဖက်မှ တတတ်တအား ပါဝင်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက်။

* * * * * * * * * *



ခနေအိုးစည်ဝိုင်း



ခနေရှိုးရာအက









# ရှမ်းပြည်နယ်

## ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
## မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

# ပင်းတယမြို့နယ်
# ဒေသဆိုင်ရာအချက်အလက်များ

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ(၃၀)ရက်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက် နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | မြေပုံ | | |
| | **အခန်း(၁)**<br>**နိဒါန်း နှင့် ဒေသသမိုင်း** | | |
| ၁။ | နိဒါန်း | ၁ | |
| ၂။ | ဒေသသမိုင်းအကျဉ်း | ၁ | ၂ |
| | **အခန်း(၂)**<br>**ပထဝီဝင်အနေအထား** | | |
| ၃။ | တည်နေရာနှင့် အကျယ်အဝန်း | ၂ | |
| ၄။ | နယ်နိမိတ် | ၂ | |
| ၅။ | မြေမျက်နှာသွင်ပြင် | ၂ | |
| ၆။ | ရေဆင်း | ၃ | |
| ၇။ | ပင်လယ်ရေမျက်နှာပြင်အထက်အမြင့် | ၃ | |
| | **အခန်း(၃)**<br>**ရာသီဥတုနှင့်သဘာဝပတ်ဝန်းကျင်** | | |
| ၈။ | ရာသီဥတု | ၃ | |
| ၉။ | သဘာဝပေါက်ပင် | ၃ | |
| ၁၀။ | တောရိုင်းတိရစ္ဆာန်များ | ၃ | |
| ၁၁။ | သဘာဝပတ်ဝန်းကျင်လက်ရှိအခြေအနေ | ၃ | ၄ |
| ၁၂။ | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ | ၄ | |
| ၁၃။ | သဘာဝဘေးအန္တရာယ် ကျရောက်မှု | ၄ | |
| | **အခန်း(၄)**<br>**လူဦးရေဆိုင်ရာအချက်အလက်များ** | | |
| ၁၄။ | နေထိုင်သည့်တိုင်းရင်းသားလူမျိုးစုများ | ၅ | |
| ၁၅။ | အိမ်ခြေ ၊ အိမ်ထောင်စုနှင့်လူဦးရေ<br>(က)အိမ်ခြေ/အိမ်ထောင်စု<br>(ခ)လူဦးရေ | <br>၆<br>၆ | |
| ၁၆။ | လူဦးရေတိုးနှုန်းနှင့် ကျား/မ အချိုး<br>(က)လူဦးရေတိုးနှုန်းနှင့်ကျား/မ အချိုး<br>(ခ)မွေးဖွား၊သေဆုံး၊ပြောင်းဝင်၊ပြောင်းထွက်လူဦးရေ | <br>၇<br>၇ | |

| စဉ် | အကြောင်းအရာ | စာမျက် နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁၇။ | ကိုးကွယ်သည့်ဘာသာ | ၇ | |
| ၁၈။ | နိုင်ငံခြားသားများနေထိုင်မှု | ၈ | |
| | **အခန်း(၅)**<br>**အုပ်ချုပ်ရေးဆိုင်ရာအချက်အလက်များ** | | |
| ၁၉။ | အုပ်ချုပ်ရေးနယ်မြေ ဖွဲ့စည်းမှု | ၈ | |
| ၂၀။ | **ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များ**<br>(က)မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်စာရင်း<br>(ခ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ<br>(ဂ) နိုင်ငံရေးပါတီများ<br>(ဃ)ရွေးချယ်ခံရသောလွှတ်တော်ကိုယ်စားလှယ်များ | <br>၉<br>၉<br>၁၀<br>၁၀ | |
| | **အခန်း(၆)**<br>**စီးပွားရေးဆိုင်ရာ အချက်အလက်များ** | | |
| ၂၁။ | စီးပွားရေးဆိုင်ရာ ခြုံငုံသုံးသပ်ချက် | ၁၀ | |
| ၂၂။ | မြေအသုံးချမှု | ၁၁ | |
| ၂၃။ | **ဆည်မြောင်းတာတမံများနှင့်ဆည်ရေသောက်ဧရိယာ**<br>(က) ကိုယ့်အားကိုယ်ကိုးဆည်များ<br>(ခ) မြစ်ရေတင်စီမံကိန်းများ<br>(ဂ) တာတမံများ/ရေထိန်းတံခါးများ | <br>၁၁<br>၁၂<br>၁၂ | |
| ၂၄။ | **စိုက်ပျိုးရေးလုပ်ငန်း**<br>(က) အဓိကသီးနှံ(၁၀)မျိုး စိုက်ပျိုးထုတ်လုပ်မှု<br>(ခ) နှစ်ရှည်သီးနှံစိုက်ပျိုးမှုအခြေအနေ<br>(ဂ) အခြားဈေးကွက်ဝင်သီးနှံများစိုက်ပျိုးထုတ်လုပ်မှု<br>(ဃ) လယ်ယာသုံးစက်ကိရိယာ သုံးစွဲမှုအခြေအနေ<br>(င)လယ်ယာသုံးထယ်၊ထွန်နှင့်ကျွဲ၊နွားကောင်ရေ<br>(စ) ဒေသတွင်းဆန်ဖူလုံမှုရာခိုင်နှုန်း<br>(ဆ) ဒေသတွင်းဆီဖူလုံမှုရာခိုင်နှုန်း | <br>၁၂<br>၁၃<br>၁၃<br>၁၄<br>၁၄<br>၁၅<br>၁၅ | |
| ၂၅။ | **မွေးမြူရေးလုပ်ငန်း**<br>(က) မွေးမြူရေးဇုန်များ<br>(ခ) မြို့နယ်မွေးမြူရေး(ကောင်ရေ)<br>(ဂ) မြို့နယ်အသားထုတ်လုပ်မှု(ပိဿာ)<br>(ဃ) မြို့နယ်ကြက်/ဘဲ/ငုံးဥထုတ်လုပ်မှု(လုံး) | <br>၁၆<br>၁၆<br>၁၆<br>၁၆ | |

| စဉ် | အကြောင်းအရာ | စာမျက် နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | (င) နို့ထွက်ပစ္စည်းထုတ်လုပ်မှု | ၁၆ | |
| | (စ) မြို့နယ်ငါးပုစွန်မွေးမြူမှုအခြေအနေ | ၁၆ | |
| | (ဆ) ရေချို၊ ရေငန်ငါးဖမ်းလုပ်ငန်းမှ အသားထုတ်လုပ်မှု | ၁၇ | |
| ၂၆။ | **စက်မှုလက်မှုလုပ်ငန်း** | | |
| | (က) စက်မှုဇုန်များ | ၁၇ | |
| | (ခ) မြို့နယ်ရှိစက်ရုံများ | ၁၇ | |
| | (ဂ) မြို့နယ်ရှိအလုပ်ရုံများ | ၁၇ | |
| | (ဃ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ | ၁၇ | |
| ၂၇။ | **သစ်တောလုပ်ငန်းဆောင်ရွက်မှုအခြေအနေ** | | |
| | (က) သစ်တောများ | ၁၈ | |
| | (ခ) စီးပွားဖြစ်သစ်တောစိုက်ခင်း | ၁၈ | |
| | (ဂ) သစ်ထုတ်လုပ်မှု | ၁၈ | |
| | (ဃ) သစ်တောထွက်ပစ္စည်းများ | ၁၈ | |
| ၂၈။ | **တွင်းထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း** | | |
| | (က) ဓာတ်သတ္တုတူးဖော်ထုတ်လုပ်မှု | ၁၉ | |
| | (ခ) ကျောက်မျက်တူးဖော်ထုတ်လုပ်မှု | ၁၉ | |
| ၂၉။ | **စွမ်းအင်နှင့်လျှပ်စစ်ကဏ္ဍ** | | |
| | (က) ဓာတ်ဆီ/ဒီဇယ် အရောင်းဆိုင်များ | ၁၉ | |
| | (ခ) သဘာဝဓါတ်ငွေ့အရောင်းဆိုင်များ | ၁၉ | |
| ၃၀။ | **ပို့ဆောင်ရေးနှင့်လမ်းပန်းဆက်သွယ်ရေးလုပ်ငန်း** | | |
| | (က) လေကြောင်းလမ်း | ၂၀ | |
| | (ခ) ရေကြောင်းလမ်း | ၂၀ | |
| | (ဂ) ရထားလမ်းနှင့်ဘူတာရုံများ | ၂၀ | |
| | (ဃ) ကားဂိတ်များ | ၂၀ | |
| ၃၁။ | **လမ်းဦးစီးဌာနမှ လုပ်ငန်းများ** | | |
| | (က)ကားလမ်းများ | ၂၁ | |
| | (ခ) မြို့နယ်ချင်းဆက်လမ်းများ | ၂၁ | |
| | (ဂ) တံတားများ | ၂၁ | |
| | (ဃ) လမ်း၊တံတားသုံးစက်ကိရိယာများ | ၂၂ | |
| | (င) လမ်း၊တံတားအသုံးပြုခကောက်ခံသည့်လုပ်ငန်း | ၂၂ | |

| စဉ် | အကြောင်းအရာ | စာမျက် နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၃၂။ | **ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း** | | |
| | (က) ဟိုတယ်၊မိုတယ်၊အင်း၊ တည်းခိုခန်း | ၂၂ | |
| | ( ခ ) ကမ်းခြေ/ အပန်းဖြေနေရာ | ၂၂ | |
| ၃၃။ | သမဝါယမအသင်းများ | ၂၃ | |
| ၃၄။ | **စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အဦများ** | | |
| | (က) ကုမ္ပဏီ၊ ကုန်စည်ဒိုင်၊ပွဲရုံ၊ဈေးနှင့်ကုန်တိုက်များ | ၂၃ | |
| | ( ခ ) ဘဏ်များ | ၂၄ | |
| | ( ဂ ) စတိုးဆိုင်နှင့်အရောင်းဆိုင်များ | ၂၄ | |
| ၃၅။ | **စည်ပင်သာယာရေးလုပ်ငန်းများ** | | |
| | (က)ဈေးလုပ်ငန်း | ၂၅ | |
| | ( ခ )သောက်သုံးရေရရှိရေးလုပ်ငန်း | ၂၅ | |
| | ( ဂ )သန့်ရှင်းရေးလုပ်ငန်း | ၂၅ | |
| | (ဃ )လမ်း၊တံတားလုပ်ငန်း | ၂၅ | ၂၆ |
| ၃၆။ | **ပုံနှိပ်လုပ်ငန်းနှင့် မီဒီယာလုပ်ငန်းများ** | | |
| | (က) ပုံနှိပ်လုပ်ငန်းနှင့် တေးသံသွင်း၊ ဗွီဒီယို | ၂၆ | |
| | (ခ) မီဒီယာလုပ်ငန်းများ | ၂၆ | |
| ၃၇။ | **ပြည်တွင်း အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု တန်ဘိုး** | ၂၇ | |
| ၃၈။ | **လူတစ်ဦးချင်းဝင်ငွေ** | ၂၇ | |
| ၃၉။ | **အသက်မွေးဝမ်းကြောင်းလုပ်ငန်းအလိုက် အလုပ်လုပ် သူဦးရေ** | ၂၇ | |
| ၄၀။ | **အလုပ်လုပ်နိုင်သူဦးရေနှင့် အလုပ်လက်မဲ့ဦးရေ** | ၂၈ | |
| | **အခန်း(၇)**<br>**လူမှုရေးဆိုင်ရာ အချက်အလက်များ** | | |
| ၄၁။ | **ပညာရေးကဏ္ဍ** | | |
| | (က) အဆင့်မြင့်ပညာ | ၂၈ | |
| | ( ခ) အခြေခံပညာ | ၂၈ | ၃၀ |
| | (ဂ) မူလတန်းကြိုကျောင်း | ၃၁ | |
| | (ဃ) ဘုန်းတော်ကြီးသင်ပညာရေးကျောင်း | ၃၁ | |
| | (င) ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံမှု | ၃၁ | |
| | (စ) တက္ကသိုလ်ဝင်တန်းအောင်မြင်မှု | ၃၁ | |
| | (ဆ) စာတတ်မြောက်မှု ရာခိုင်နှုန်း | ၃၂ | |
| | (ဇ) သင်ကြားမှု သင်ယူမှုအထောက်အကူပြုစာသင် | ၃၂ | |

| စဉ် | အကြောင်းအရာ | စာမျက် နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | ခန်းများဖွင့်လှစ်နိုင်မှု<br>(ဈ) စာကြည့်တိုက်များဖွင့်လှစ်နိုင်မှု<br>(ည) ပညာရေးအတွက် အစိုးရအသုံးစရိတ် | ၃၂ | |
| ၄၂။ | **ကျန်းမာရေးကဏ္ဍ** | | |
| | ( က) ဆေးရုံများ | ၃၃ | |
| | ( ခ) ဆေးပေးခန်းများ | ၃၃ | |
| | (ဂ) ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲ | ၃၃ | |
| | (ဃ) ကျန်းမာရေးစောင့်ရှောက်မှု | ၃၄ | |
| | (င) ဒေသတွင်း အများဆုံးဖြစ်တတ်သောရောဂါများ | ၃၄ | |
| | ( စ) HIV/ AIDS-ရောဂါ ဖြစ်ပွား/ သေဆုံးဦးရေ | ၃၅ | |
| | ( ဆ) ကျန်းမာရေးဆိုင်ရာ အညွှန်းကိန်းများ | ၃၅ | |
| ၄၃။ | **လူမှုရေးအသင်းအဖွဲ့များ** | | |
| | (က) INGO | ၃၅ | |
| | (ခ) NGO (ဦးရေ) | ၃၅ | |
| | (ဂ) အသင်းအဖွဲ့များ | ၃၅ | |
| ၄၄။ | **အားကစားနှင့်ဖျော်ဖြေရေးလုပ်ငန်းများ** | ၃၆ | |
| | **အခန်း(၈)**<br>**ဘာသာရေးဆိုင်ရာအချက်အလက်များ** | | |
| ၄၅။ | **ဗုဒ္ဓဘာသာဆိုင်ရာအဆောက်အဦများနှင့်သာသနာ၀င်ပုဂ္ဂိုလ်များ** | | |
| | (က) သာသနိကအဆောက်အဦများ | ၃၆ | |
| | (ခ) ရဟန်းသံဃာနှင့်သီလရှင်များ | ၃၆ | |
| | (ဂ) ထင်ရှားသည့်ဘုရား၊စေတီ၊ပုထိုးများ | ၃၆ | |
| | (ဃ) ထင်ရှားသည့်ဘုန်းတော်ကြီးကျောင်းများ | ၃၇ | |
| ၄၆။ | အခြားဘာသာရေးအဆောက်အဦများ | ၃၇ | |
| ၄၇။ | **သမိုင်း၀င်ထင်ရှားသောအဆောက်အဦနှင့်နေရာများ** | ၃၇ | |
| | **အခန်း(၉)**<br>**ဒေသဖွံ့ဖြိုးရေးဆိုင်ရာအချက်အလက်များ** | | |

| စဉ် | အကြောင်းအရာ | စာမျက် နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၄၈။ | ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်မှုအခြေအနေ<br>(က) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သည့်လုပ်ငန်းများ<br>(ခ) အစိုးရနှင့်ပြည်သူဆောင်ရွက်သည့်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ | ၃၈<br><br>၄၀ | ၃၉<br><br>၄၃ |
| ၄၉။ | မြို့ပြစီမံကိန်း(TownPlan)နှစ်(၃၀)အတွက်မြေအသုံးချမှု | ၄၄ | |
| | **အခန်း(၁၀)**<br>**အထွေထွေ** | | |
| ၅၀။ | **အခြားတင်ပြလိုသောအချက်များ** | ၄၄ | |
| ၅၁။ | နိဂုံး | ၄၄ | |

# ပင်းတယမြို့မြေပုံ


N
ပင်းတယမြို့
စကေး ၁း၂၉၀၀ပေ
ရေဖြူကျေးရွာအုပ်စု
ကျောက်စုကျေးရွာအုပ်စု
တောင်ပေါ်ကြီးကျေးရွာအုပ်စု
ထွက်ချိုင်းကျေးရွာအုပ်စု
သစ်အယ်ပင်ကျေးရွာအုပ်စု
သရက်ကုန်းကျေးရွာအုပ်စု
မင်းကုန်းရပ်ကွက်
ပေါက်တောရပ်ကွက်
အနောက်ရပ်ကွက်
ဈေးတန်းရပ်ကွက်
ရွှမ်းရပ်ကွက်
ရွာသစ်ရပ်ကွက်
ရွှေဗိုက်ကုန်းရပ်ကွက်
ရွာငယ်ရပ်ကွက်
ဆင်ခေါင်းရပ်ကွက်
အော်ယောရပ်ကွက်
မြည်တော်သာရပ်ကွက်
ငှက်ပျောတောရပ်ကွက်
ညွှန်းချက်
မြို့ဧရိယာနယ်နိမိတ်
ရပ်ကွက်ခြား
အဓိကလမ်းမ
စာသင်ကျောင်း


N
ပင်းတယမြို့နယ်
စကေး = ၁" - ၈ မိုင်
ရပ်စောက်မြို့နယ်
ကလောမြို့နယ်
ရွာငံမြို့နယ်
သာစည်မြို့နယ်
ပင်းတယ
အင်းငယ်
မိုင်းလီ
ညောင်ဝန်း
ညောင်ကောက်
သိမ်ကုန်း
တောင်ရှည်
မဲနယ်တောင်
ပန်းစစ်
ရွှေပုထိုး
ပင်ပျော်
ရေဖြူ
ကျောက်စု
တောင်ပေါ်ကြီး
ထယ်သုန်း
ထွက်နီ
သစ်အယ်ပင်
သရက်ကုန်း
ကူးကော်
တမဲ
ရှားပြား
ပွေးလှ
မြင်းမူး
မြေခြားမြောက်
ကျားကုန်း
ကျုံးမြို့မ
နန်းကုန်း
မြေခြားချိုင့်
ရည်ညွှန်းချက်
မြို့နယ်နယ်နိမိတ်
ကျေးရွာအုပ်စုနယ်နိမိတ်
ကားလမ်း
မြို့နယ်/ရဲစခန်း
ကျုံးရဲစခန်း
ကျေးရွာအုပ်စု
ကျေးရွာ

# ပင်းတယမြို့နယ်ဒေသဆိုင်ရာအချက်အလက်များ

## အခန်း(၁)

## နိဒါန်းနှင့်ဒေသသမိုင်း

**နိဒါန်း**

၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန အောက်ရှိ ဌာနဖြစ်ပြီး တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ နိုင်ငံတော်အစိုးရ၏ မူဝါဒများ အကောင်အထည်ဖော်ရေး၊ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ဖော်ဆောင်ရေးနှင့် ပြည်သူဗဟိုပြု ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်များကို အောင်မြင် အောင်ဆောင်ရွက် လျှက်ရှိပါသည်။အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင် ကြသည့် အဆင့်ဆင့် သော အရာထမ်း၊ အမှုထမ်းများသည် ရုံးချုပ်အဆင့်မှ အောက်ခြေ ရပ်ကွက်/ ကျေးရွာအုပ်စု အဆင့်အထိ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးအသီးသီးတွင်တာဝန်ထမ်းဆောင် ကြရပြီး နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားချောမွေ့စွာ လည်ပတ်ရေးတွင်ပါဝင်ဆောင်ရွက်ခြင်း၊ ဝန်ကြီး ဌာန၏ ရည်မှန်းချက် တာဝန်များ၊ အခြားဝန်ကြီးဌာနမှ ပေးအပ်သော တာဝန်များနှင့် ဒေသဆိုင်ရာ အစိုးရ အဖွဲ့များမှ ပေးအပ်သောလုပ်ငန်း တာဝန်များ ကိုကျေပွန်စွာထမ်းဆောင်နေကြရသည်ဖြစ်ရာ ဒေသ ဆိုင်ရာ အချက်အလက်များပြုစုထားရှိခြင်းသည်များစွာအရေးပါလာပါသည်။ ဒေသဆိုင်ရာ အချက်အလက်များ ပြုစုခြင်းဖြင့်မိမိတို့၏ လုပ်ငန်းဆောင်ရွက်ရာတွင် အထောက်အကူပြုသကဲ့သို့ အကြီးအကဲများနယ်မြေသို့ကွင်းဆင်းရာတွင် နယ်မြေ၏အချက်အလက်များ ကိုလွယ်ကူစွာ သိရှိနိုင်မည် ဖြစ်ပါသည်။ဒေသဆိုင်ရာအချက်အလက်များ(၂၀၁၉ခုနှစ်၊စက်တင်ဘာလကုန်အထိအခြေအနေ)ကိုသက် ဆိုင်ရာဌာနအသီးသီးမှ ပေးပို့သောကိန်းဂဏန်းများနှင့်အညီ ပြုစု တင်ပြထားခြင်းဖြစ်ပါသည်။

**ဒေသသမိုင်းအကျဉ်း**

၂။ ပင်းတယမြို့နယ်အား မည်သည့်နှစ်တွင် တည်သည်ကို အထောက် အထားရှာဖွေ၍ မတွေ့ရှိသေးပေ။ ပင်းတယမြို့နယ်အတွင်းရှိပွေးလှ ကျေးရွာကိုမူ (ဥဩဇီ–ပွေးလှတည်)ဆိုသည့် မှတ်တမ်းအရ ကောဇာ သက္ကရာဇ် (၁၁၁၃)ခုနှစ်တွင်တည်ခဲ့ရာ မြို့သက်တမ်း(၂၆၀) နှစ်ရှိခဲ့ပြီး မန္တလေးမြို့ထက်ပင်မြို့ဝါအားဖြင့် (၁၀၈)နှစ်ကြီးကြောင်း တွေ့ရှိရ ပေသည်။ ခေတ်အဆက်ဆက် နှစ်အဆက်ဆက် ပင်းတယသည် ပွေးလှထက် သာလွန်သည်ချည်းဖြစ်ရာ ပင်းတယမြို့ တည်နှစ်သည် လည်း ပွေးလှမြို့ တည်သည်ထက်စောဖွယ်ရာသာရှိပေသည်။ ပင်းတယမြို့အား မည်သည့် နှစ်တွင်တည်ခဲ့သည်ကို အထောက်အထား ရှာဖွေ၍ မရရှိသေး သည့် နည်းတူမည်သည့်အတွက် ပင်းတယ ဟူ၍ခေါ်ဝေါ်သမုတ် ခဲ့သည် ကိုလည်း ခိုင်လုံသည့် အထောက်အထား ရှာဖွေ၍ မတွေ့ရှိခဲ့ရသေးပေ။ သက်ကြီး စကား သက်ငယ်ကြားဖြင့် အဆင့်ဆင့် ပြောကြားလာခဲ့သည့် ပါးစပ်ရာဇဝင် မှာလည်း ပုံပြင်ဆန်လွန်းလှသည်။ ထိုသူတို့ ပြောစမှတ် ပြုကြသည်မှာ ပင်းတယမြို့နယ်ရှိ ပုန်းတလုတ်ရေကန်တွင် နတ်ကိန္နရီ ညီအမ(၇)ဖော်တို့ လာရောက် ရေကစားကြစဉ် လေကြီးမိုးကြီးကျသဖြင့် ၄င်းတို့ဒေသ ငွေတောင်ပြည်သို့ မပြန်နိုင်ဘဲ ပင်းတယမြို့အနီးရှိ လိုဏ်ဂူ (ယခုရွှေဥမင်ဂူ)အတွင်းတွင် လေမိုးအန္တရာယ်ကို ကာကွယ်နိုင်ရန် ခိုအောင်း နေခဲ့ကြရသည်။ ထိုစဉ်အလွန်ကြီးမားသော ပင့်ကူကြီး တစ်ကောင်က ကိန္နရီများကို အစာအလို့ငှာ ဖမ်းဆီးလိုသည့်အတွက် ဂူပေါက်ကို ၄င်း၏အမျှင်များဖြင့် ပိတ်ဆို့ယှက်သန်း ထားသဖြင့် ကိန္နရီများ က အကူအညီ ရစိမ့်ကြောင်းငှာ အော်ခေါ်တောင်းဆိုရာ သုဓနုကုမ္မာရ

အမည်ရှိ မင်းသား တစ်ပါး လာရောက်၍ ပင့်ကူကြီးကိုမြားနှင့် ခွင်းသတ် သည့်အတွက် ပင့်ကူသေသည်။ ထိုပင့်ကူကို ရခြင်းကြောင့် (ပင့်ကူရ)၊ ထိုမှတစ်ဖန် ကာလရွေ့လျား၍ ပင်းတယဖြစ်လာသည် ဟုဆိုသည်။ ဤပါးစပ်ရာဇဝင်မှာ ဒဏ္ဍာရီဆန်လွန်းလှသဖြင့် လက်ခံနိုင်ရန် ခက်ခဲလှသော်လည်း 'ပုန်းတလုတ် ရေကန်' 'ရွှေဥမင်လိုဏ်ဂူ' တို့ကိုမူ အထောက်အထား အဖြစ် တွေ့ရှိ နေရပေသည်။ ၁၉၅၉ခုနှစ်တွင် စော်ဘွားများ အာဏာစွန့်ပြီးနောက် ပင်းတယမြို့နယ်အား ရှမ်းပြည်နယ်မင်းကြီး လက်အောက်ခံမြို့ပိုင်မှ အုပ်ချုပ်ခဲ့ပါသည်။ ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ (၁.၇.၁၉၇၂)ရက်စွဲပါ စာအမှတ် ၁၃၀/၂၈/စိတ်-၁ဖြင့် အမိန့်ကြော်ငြာစာအရ တောင်ကြီးခရိုင် ပင်းတယမြို့ရှိ ပင်းတယမြို့ နယ်အား ရပ်ကွက်(၁၂)ရပ်ကွက် ပါဝင်သော မြို့အဖြစ်သတ်မှတ်ခဲ့ပါသည်။ ၁၉၇၈ခုနှစ်နောက်ပိုင်း ကာလတွင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မှ သီးခြား အုပ်ချုပ်ရေးမှူး ခန့်ထားခဲ့ပြီး တာဝန်ယူ ဆောင်ရွက်စေခဲ့ပါသည်။

## အခန်း(၂)
## ပထဝီဝင် အနေအထား

### တည်နေရာနှင့်အကျယ်အဝန်း

၃။ ပင်းတယမြို့နယ်သည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီး ခရိုင်အတွင်းတွင် တည်ရှိပါသည်။ ပင်းတယမြို့နယ်သည် မြောက် လတ္တီတွဒ် ၂၀ ဒီဂရီ ၄၁မိနစ်နှင့် ၂၁ ဒီဂရီ ၁၃မိနစ်ကြား အရှေ့ လောင်ဂျီတွဒ် ၉၆ဒီဂရီ ၂၅မိနစ် နှင့် ၉၆ဒီဂရီ ၃၇မိနစ် အကြားတွင် တည်ရှိပါသည်။ ပင်းတယမြို့နယ်၏ ဧရိယာအကျယ်အဝန်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | မြို့နယ်/ မြို့ | မြို့ဧရိယာ စတုရန်းမိုင် | ကျေးရွာအုပ်စု ဧရိယာစတုရန်းမိုင် | မြို့နယ်ဧရိယာ စတုရန်းမိုင် |
|---|---|---|---|---|
| ၁ | **မြို့မ(၁၂)ရပ်ကွက်** | ၄.၉၅ | | ၄.၉၅ |
| ၂ | ကျေးရွာအုပ်စု(၂၇)အုပ်စု | - | ၂၄၉.၉၄ | ၂၄၉.၉၄ |
| | စုစုပေါင်း | ၄.၉၅ | ၂၄၉.၉၄ | ၂၅၄.၈၉ |

### နယ်နိမိတ်

၄။ ပင်းတယမြို့နယ်၏ မြောက်ဘက်တွင် ရပ်စောက်မြို့နယ်၊ အနောက်ဘက်တွင် ရွာငံမြို့နယ်၊ အရှေ့ဘက်နှင့် တောင်ဘက်တွင် ကလောမြို့နယ်နှင့်နယ်နိမိတ် ထိစပ်လျက်ရှိပါသည်။

### မြေမျက်နှာသွင်ပြင်

၅။ ပင်းတယမြို့နယ်၏ မြေမျက်နှာပြင်မှာ သက်ရင့်ကုန်းပြင်မြင့်၏ အနောက်ဘက်စွန်းတွင် တည်ရှိပြီး ညီညာပြန့်ပြူးခြင်းမရှိပါ။ မြို့၏ အနောက်ဘက်စွန်းရှိ တောင်နှင့်မြောက် သွယ်တန်း လျက်ရှိသော တောင်တန်းများသည် ရွာငံမြို့နှင့် နယ်နိမိတ်ချင်း ပိုင်းခြားထား သကဲ့သို့ရှိပါသည်။ ယေဘူယျအားဖြင့် မြို့နယ်၏ အနောက်ဘက် ပိုင်းတွင် မြင့်ပြီး အရှေ့ဘက် ပိုင်းတွင် ဆင်ခြေလျော အတိုင်း နိမ့်ဆင်း လာသည်ကို တွေ့ရှိရပါသည်။ မြို့နယ်၏ အနောက်မြောက်ဘက် တွင်ရှိသော အရှေ့မြင် အနောက်မြင်တောင်မှာ ထင်ရှားပြီး အမြင့်ပေ(၇၇၅၂)ရှိပါသည်။ အခြား ထင်ရှားသည့် တောင်တန်းများမှာ ပွေးတောင်နှင့် မြသိန်းတန်တောင်တန်း ဖြစ်ပြီး မြို့၏အနောက်ဘက် တွင် တည်ရှိပါသည်။

**ရေဆင်း**

၆။ ပင်းတယမြို့နယ်တွင် ထင်ရှားသော ပုန်းတလုတ်ရေကန် မှာ မြို့လယ်ခေါင်တွင်တည်ရှိပြီး ဧရိယာဧကေ(၈၃.၁၂၃)ဧကေကျယ်ဝန်းကာ သုံးရေ အတွက်မှီခိုအားထားရသောကန်ဖြစ်ပါသည်။ မြစ်ချောင်းများ အနေဖြင့် ဇော်ဂျီမြစ်၏ ဖျားခံရာဇော်ဂျီချောင်းမှာ တောင်မှ မြောက်သို့ သွယ်တန်း လျှက်ရှိကာမြို့နယ်မြောက်ဘက်ခြမ်း၏ စိုက်ပျိုးရေး အတွက် များစွာ အထောက်အကူပြုသော ချောင်း တစ်ချောင်း ဖြစ်ပါသည်။

**ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်**

၇။ ပင်းတယမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် (၃၈၈၀)ပေအထက် တွင် တည်ရှိပါသည်။

**အခန်း(၃)**

**ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်**

**ရာသီဥတု**

၈။ ပင်းတယမြို့နယ်သည် မျှတသော ရာသီဥတုရှိပြီး၊ အမြင့်ဆုံး အပူချိန်(၃၄)ဒီဂရီC နှင့် အနိမ့်ဆုံးအပူချိန်မှာ (၁)ဒီဂရီC ဖြစ်ပါသည်။ နှစ်အလိုက် ဖြစ်ပေါ်ခဲ့သော မိုးရေချိန်နှင့် အပူချိန်မှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

| စဉ် | ခုနှစ် | မိုးရေချိန် | | အပူချိန် | |
|---|---|---|---|---|---|
| | | မိုးရွာရက် | စုစုပေါင်း မိုးရေချိန် (လက်မ) | နွေရာသီ (.C) အမြင့်ဆုံး | ဆောင်းရာသီ (.C) အနိမ့်ဆုံး |
| ၁ | ၂၀၁၆ | ၈၂ | ၃၈.၂၂ | ၃၄ | ၉ |
| ၂ | ၂၀၁၇ | ၁၁၉ | ၅၆.၅၀ | ၃၀ | ၁၁ |
| ၃ | ၂၀၁၈ | ၁၁၆ | ၅၁.၈၁ | ၂၇ | ၁၃ |
| ၄ | ၂၀၁၉ | ၆၇ | ၃၁.၁၃ | ၃၁ | ၂၀ |

**သဘာဝပေါက်ပင်များ**

၉။ ပင်းတယမြို့နယ်အတွင်း အပင်များပေါက်ရောက်မှုမှာ ပိတောက်၊ ထင်းရှူး၊ ကျွန်း၊ အင်ကြင်း၊ အင်၊ သစ်အယ်၊ ချယ်ရီ၊ ဝါးပင် ဖြစ်ပါသည်။

**တောရိုင်းတိရစ္ဆာန်များ**

၁၀။ ပင်းတယမြို့နယ်အတွင်း တွေ့ရှိရသော တောရိုင်းတိရိစ္ဆာန် များမှာ မြွေ၊ ချေ၊ ဒရယ်၊ ယုန်၊ ငုံး၊ ခါ၊ ဂျိုး၊ ဆက်ရက် တို့ဖြစ်ပါသည်။

**သဘာဝပတ်ဝန်းကျင်လက်ရှိအခြေနေ**

၁၁။ ပင်းတယမြို့နယ်တွင်သစ်တောကြိုးဝိုင်း ကာကွယ်တောများ အနေဖြင့် ဇော်ဂျီကြိုးဝိုင်း (၇၇၀၉)ဧကေ၊ ပေါနဆည် ကြိုးဝိုင်း (၂၀၁၁) ဧကေ နှင့် ကြိုးပြင်ကာကွယ်တောအဖြစ် ရွှေဥမင်

ကြိုးပြင် ကာကွယ်တော (၉၀၄)ကေတို့ တည်ရှိပြီး ကြိုးပြင်ကာကွယ် တောများအား ထိန်းသိမ်းရေးနှင့်ပတ်သက်၍ မြို့နယ်ကြီးကြပ်မှုကော်မတီ၊ မြေပြင်ကွင်းဆင်း စစ်ဆေးရေးအဖွဲ့များ တာဝန်ပေးအပ်၍ ကွင်းဆင်းစစ်ဆေး ဆောင်ရွက် လျက်ရှိပါသည်။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ**

၁၂။ ပင်းတယမြို့နယ်အတွင်းရှိ သောက်သုံးရေရရှိရေး အတွက်အဓိက အားထားရသော ရေထွက်များနှင့်ပတ်ဝန်းကျင် စိမ်းလန်းစိုပြေရေးအတွက် ၂၀၁၉ခုနှစ်၊ဇူလိုင်လကုန်အထိ ပျိုးပင် (၃၈၀၀၀)ပင်အား စိုက်ပျိုးဆောင် ရွက်ပြီးဖြစ်ပါသည်။

**သဘာဝဘေးအန္တရာယ်ကျရောက်မှု**

၁၃။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ စ၍ စက်တင်ဘာလ အထိ ပင်းတယ မြို့နယ်တွင် သဘာဝဘေးအန္တရာယ် ကျရောက်မှုမှာအောက်ပါအတိုင်း ဖြစ် ပါသည်-

| စဉ် | အမျိုး အစား | ဖြစ်ပွါး ကြိမ် | သေ/ ပျောက် ဦးရေ | အဆောက် အဦး ပျက်စီးမှု | ဆုံးရှုံးမှုတန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|---|
| ၁ | **မုန်တိုင်းဘေး** | - | - | - | - |
| ၂ | **လေဘေး** | ၃ | - | ၃ | ၂၂၂၀၀၀ |
| ၃ | **မိုးကြိုးဘေး** | ၁ | ၁ | - | - |
| ၄ | **မီးဘေး** | ၁ | - | - | ၁၀၀၀၀ |
| **ပေါင်း** | | ၅ | ၁ | ၃ | ၂၃၂၀၀၀ |

## အခန်း(၄)
## လူဦးရေဆိုင်ရာအချက်အလက်များ

**နေထိုင်သည့်တိုင်းရင်းသားလူမျိုးစုများ**

၁၄။ ပင်းတယမြို့နယ်တွင် နေထိုင်ကြသောတိုင်းရင်းသားလူမျိုးစုများမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

| စဉ် | လူမျိုး | နေထိုင်သည့် လူဦးရေ | မြို့နယ် လူဦးရေ | မြို့နယ်လူဦးရေ၏ ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | ကချင် | ၃ | ၈၃၆၇၇ | ၀.၀၀၄ |
| ၂ | ကရင် | ၇ | ၈၃၆၇၇ | ၀.၀၀၈ |
| ၃ | ချင်း | ၈ | ၈၃၆၇၇ | ၀.၀၁၀ |
| ၄ | မွန် | ၂၂ | ၈၃၆၇၇ | ၀.၀၃ |
| ၅ | ဗမာ | ၂၅၂၂ | ၈၃၆၇၇ | ၃.၀၁ |
| ၆ | ရခိုင် | ၁ | ၈၃၆၇၇ | ၀.၀၀၁ |
| ၇ | ရှမ်း | ၅၄၇ | ၈၃၆၇၇ | ၀.၆၅ |
| ၈ | ပလောင် | ၆၅၇ | ၈၃၆၇၇ | ၀.၇၉ |
| ၉ | ပအိုဝ်း | ၈၅၄၄ | ၈၃၆၇၇ | ၁၀.၂၁ |
| ၁၀ | ဓနု | ၆၀၁၃၇ | ၈၃၆၇၇ | ၇၁.၈၇ |
| ၁၁ | တောင်ရိုး | ၁၀၆၉၁ | ၈၃၆၇၇ | ၁၂.၇၈ |
| ၁၂ | အင်းသား | ၃၄ | ၈၃၆၇၇ | ၀.၀၄% |
| ၁၃ | ကယန်း | ၂ | ၈၃၆၇၇ | ၀.၀၀၂% |
| **၁၄** | **အခြား** | **၅၀၂** | ၈၃၆၇၇ | ၁၀၀% |
| | **မြို့နယ်ချုပ်** | **၈၃၆၇၇** | | ၁၀၀% |

**အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေ**

